
www.burmeseclassic.com



# ငါတို့ဗိုလ်ချုပ်

သတင်းစာဆရာ

ဦးပုကလေး

တတိယအကြိမ်

2010.GRAPHIC DESIGN : KYAW MINN MOUNG

www.burmeseclassic.com

www.burmeseclassic.com

အတွင်းစာသားခွင့်ပြုချက်အမှတ်
၃၁၀၁ ၂၀၁၀၁၀
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၃၁၀၁၁၆၁၀၁၀
ထုတ်ဝေသည့်အကြိမ်
တတိယအကြိမ်
၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ
၅၀၀
အဖုံးပန်းချီ
ကိုကျော်မင်းအောင်
ဖလင်
ကိုလှဝင်း
စာအုပ်ချုပ်
ပညာရွှေတောင်
ထုတ်ဝေသူ
ဦးအောင်မြတ်
ပညာရွှေတောင်စာအုပ်တိုက်
(မြ - ၀၃၉၄၅)
မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရာနှာအော့ဖ်ဆက်
မြ(၀၅၁၃၁)
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။
တန်ဖိုး
၂၀၀၀ - ကျပ်

နိုင်ငံတာဝန်သုံးရပ်

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | နိုင်ငံရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | နိုင်ငံရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | နိုင်ငံရေး |

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်"

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

ပညာရွှေတောင်

ထုတ်ဝေသည့်စာအုပ်ကတ်တာလောက်အညွှန်း (CIP)

၉၂၃.၂

ပုကလေး ဦး၊ သတင်းစာဆရာ

ငါတို့ဗိုလ်ချုပ်/သတင်းစာဆရာဦးပုကလေး ။ - ရန်ကုန်၊
ပညာရွှေတောင်စာအုပ်တိုက်၊ ၂၀၁၀ ။ ၁၀၈ - စာ ၊
၂၀.၅ စင်တီ x ၁၂. ၅ စင်တီ

(၁) ငါတို့ဗိုလ်ချုပ်

## မိတ်ဆက်အစီရင်ခံစာ

ဤ 'ငါတို့ဗိုလ်ချုပ် ဘာလုပ်ခဲ့သလဲ' စာအုပ်ကို သတင်းစာဆရာ ဦးပုကလေး ရေးသားခဲ့ပါသည်။ ဤသတင်းစာဆရာ ဦးပုကလေး၏ ငါတို့ဗိုလ်ချုပ် ဘာလုပ်ခဲ့သလဲ ထွက်ပြီးသည့်နောက်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အကြောင်းနှင့် ပတ်သက်၍ စာရေးဆရာအတော်များများ ရေးသားခဲ့ကြပါသည်။ ဗိုလ်ချုပ်၏ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ နိုင်ငံရေးကြိုးပမ်းမှုသဘောစရိုက်၊ သတ္တိဗျတ္တိနှင့် စွန့်စွန့်စားစား တိုက်ပွဲဝင်ခဲ့ပုံ ဘဝအစုံကို ကုံကုံလုံလုံပင် ဖော်ပြခဲ့ကြပါသည်။ ဗိုလ်ချုပ်ပြတိုက် ထိန်းသိမ်းရေးကော်မတီမှအစ ဗိုလ်ချုပ်၏ အစ်ကို၊ ဗိုလ်ချုပ်၏ အတွင်းဝန်၊ ဗိုလ်ချုပ်၏ တပည့်တပန်းများပါမကျန် ရေးသားခဲ့ကြပါသည်။

သို့ရာတွင် သူတို့သူတို့သည် ဗိုလ်ချုပ်ကို တွယ်တာ၍၊ ခင်မင်၍၊ ကြောက်ချစ်ရိုသေ၍၊ လေးစား၍ စသည် စသည်ဖြင့် အကြောင်းအမျိုးမျိုးကြောင့် ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ၊ အဂတိ လေးပါး မကင်းနိုင်ဘဲ ရေးခြယ်ပြသခဲ့ကြပေသည်။ သူတို့အရေးအသားများတွင် ထူးချွန်ထက်မြက်သည့်ပုဂ္ဂိုလ်ကြီး၊ နိုင်ငံ့အကျိုးဆောင်ပုဂ္ဂိုလ်ကြီး၊ သူရဲကောင်းပုဂ္ဂိုလ်ကြီးအဖြစ် အထိုက်အလျောက် ပေါ်လွင်လျက်ရှိသော်လည်း ဗိုလ်ချုပ်၏ပြကတေ့ဘဝနှင့် ခံယူချက်အပိုင်း၊ ယုံကြည်ချက်အပိုင်း၊ လှုပ်ရှားလုပ်ဆောင်မှုအပိုင်း၊ နည်းပရိယာယ်၊ သေနင်္ဂဗျူဟာအပိုင်း၊ နက်နဲသော တွေးခေါ်မှုအပိုင်း စသည်ဖြင့် လွယ်ကူစွာ တစေ့တစောင်း ရှုမြင်နိုင်သည့် ရုပ်လုံးထွင်းထုရာတွင်ကား ကြည်ကြည်လင်လင် ပီပီပြင်ပြင် မတင်ပြနိုင်ခဲ့ပေ။ မှိုင်းမှိုင်းအုပ်ဖုံးလျက် ရှိပါသည်။ အားနည်းကြပါသည်။ အနုစိတ်၍ တိတိကျကျစေ့စေ့ရေရေ ထိုးဖောက်၍ မကြည့်နိုင်ခဲ့သည်နှင့်အမျှ ရေလည်း မရေးပြနိုင်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com

ဤသတင်းစာဆရာ ဦးပုကလေးမှာမူ သတင်းစာဆရာဆိုသည့် အတိုင်း ကြည့်ရာ လေ့လာရာ မြင်ရာထင်ရာတွင် ကိုယ်ပိုင်အခွင့်အရေးရှိသည် နှင့်အမျှ ပုဂ္ဂလဓိဋ္ဌာန်လည်း မဖက်သောကြောင့် ဗိုလ်ချုပ်၏ အဆောင်အရွက်၊ အလှုပ် အရှား၊ အရန်းအကန်၊ အတိုက်အခိုက်၊ အခံအစံ စသော ပြကတေ့ဘာဝ ရုပ်လုံးကို အပိုအလိုမရှိ အနီးကပ် လက်ပွန်းတတီး ကြည့်၍ ရေးခြယ်စွမ်းခဲ့ ပေသည်။

ဦးပုကလေးသည် ပြည်တွင်း၊ ပြည်ပ ဗိုလ်ချုပ်သွားလေရာ ထက်ကြပ်မကွာ တာဝန်အရလိုက်ပါ၍ အမြင်ကိုအမြင်အတိုင်း အရှိသဘော အတိုင်း မှတ်တမ်းတင် ရေးပြခဲ့ပေသည်။ ဦးပုကလေးသည် အင်္ဂလန်သို့ 'အောင်ဆန်း အက်တလီစာချုပ်' ချုပ်ရန် သွားလေရာအစ ပင်လုံကွန်ဖရင့် တက်ရောက်ရာ အလယ်၊ ပြည်တွင်းတရားပွဲများ ဟောပြော၍ သွားရာအဆုံး အားလုံးလိုလို နေရာများသို့ သွားလေတိုင်း ဦးပုကလေး ပါခဲ့သည်ချည်း ဖြစ်ပေသည်။

ဤအတွေး၊ ဤအမြင်၊ ဤလေ့လာချက်၊ ဤသုံးသပ်ချက်နှင့် ထိုအခြေ အနေ၊ ထိုကာလ၊ ထိုသူ၏စရိုက်၊ ထိုသူ၏ အမူအကျင့်၊ ထိုသူ၏ စွမ်းရည်နှင့် အားမာန်တိုက်ပွဲခန်းတို့ကို ကနဦးဆုံး မှတ်တမ်းတင်၍ ဖော်ကျူးခဲ့လေသည်။

ထို့ကြောင့် ဦးပုကလေးစာအုပ်သည် ဗိုလ်ချုပ်နှင့် ပတ်သက်၍ ပထမဦးဆုံး ထွက်ပေါ်ခဲ့သည့်အပြင် နိုင်လုံတီကျလှ၍ နောက်ပိုင်း မြန်မာ နယ်ချဲ့ဆန့်ကျင်ရေးစာအုပ်၊ အမျိုးသားလွတ်မြောက်ရေးစာအုပ်၊ မြန်မာ့ တော်လှန်ရေး စာအုပ်တိုင်းလိုလိုပင် ဦးပုကလေးစာအုပ်ကို အားကိုးတကြီး အလေးအနက် တန်ဖိုးထား၍ ကိုးကားခဲ့ကြရခြင်း ဖြစ်ပေသည်။

(ထွက်ခဲ့သမျှစာအုပ်များ၏ကိုးကားစာရင်းကို ပြန်ကြည့်ပါရန်။)

သို့ရာတွင် ဦးပုကလေး၏ ဤ ငါတို့ဗိုလ်ချုပ် ဘာလုပ်ခဲ့သလဲ စာအုပ် ထုတ်ဝေခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်၍ ရှားပါးတိမ်မြုပ်လျက် ရှိပါသည်။ အဖိုးတန် မဏိဇောတ ပြည်တန်မြကဲ့သို့သော ရတနာ တစ်သွယ်ကို ပြန်လည်၍ ပြည်သူ့လက်သို့ ဖော်ထုတ်ပေးသင့်သည်ဟု ရိုးသားစွာ ယုံကြည်သည့်အပြင် 'ဗိုလ်ချုပ်ဘာလုပ်ခဲ့သည်' ဆိုသော အဖြေ ကိုပါ အမျိုးသား ခေါင်းဆောင်ကြီး၏ တကယ့်အစစ်အမှန် လုပ်ရပ် အထွေထွေကို မချွတ်မယွင်း မှန်မှန်ကန်ကန် ယထာဘူတဉာဏ်ဖြင့် သုံးသပ် လေ့လာနိုင်ရန် ရိုက်နှိပ်လိုက်ခြင်း ဖြစ်ပါသည်။

☆☆☆



## ကျေးဇူးစကား

ဤစာအုပ်ကို တိုတောင်းလှသည့် ရက်ပိုင်းကလေးအတွင်းမှာပင် ရုပ်လုံးပေါ်လာသည်ကို မြင်ချင်လှသည့် ကျွန်တော့်ဆန္ဒကို မငြိုမငြင် လိုလိုချင်ချင် လက်တွေ့ ကူညီကြသော ချိုးဖြူ-ဦးတင်သန်း၊ ရဲဘော်ကြီး ကိုခင်ထွန်း၊ ဦးလှဆောင်၊ မောင်ကြည်ခိုင် (သံတွဲ) တို့အား ကျေးဇူးတင် ရှိပါသည်။

ဦးပုကလေး

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်

သူ့အတွေး၊ သူ့အမြင်၊ သူ့လေ့လာချက်၊ သူ့သုံးသပ်ချက်နှင့် ထိုအခြေအနေ၊ ထိုကာလ၊ ထိုသူ၏စရိုက်၊ ထိုသူ၏ အမူအကျင့်၊ ထိုသူ၏ စွမ်းရည် နှင့် အားမာန်တိုက်ပွဲခန်းတို့ကို ကနဦးဆုံး မှတ်တမ်းတင် ဖော်ကျူးထားချက်။

ဗိုလ်ချုပ်၏ ပြကတေ့ဘဝနှင့် ခံယူချက်အပိုင်း၊ ယုံကြည်ချက်အပိုင်း၊ လှုပ်ရှားလုပ်ဆောင်မှုအပိုင်း၊ နည်းပရိယာယ် သေနင်္ဗျူဟာအပိုင်း၊ နက်နဲသည့် တွေးခေါ်မှုအပိုင်း စသည်ဖြင့် ရုပ်လုံးထွင်းဖောထားရာတွင် ပီပြင်ကြည်လင်သည်နှင့်အမျှ စေ့ရေတိကျစွာ အနုစိတ် ခြယ်မှုန်းရာ၌လည်း ●ထားအပ်သည်ဟုဆိုလျှင်…





(၁)

မြန်မာပြည်တွင် သတင်းစာဆရာဘဝ နှစ်ပေါင်း(၃၀)မျှ ဝါရင့်လာခဲ့သူ 'သူရိယဦးပုကလေး' အမည်တွင်ခဲ့၍ ယခု အစိုးရ ပြည်သူ့ဆက်ဆံရေးဌာန သတင်းစာဘက်ဆိုင်ရာတွင် အမှုထမ်းလျက်ရှိသော ဦးပုကလေး ရေးသားသည့် 'ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ' စာအုပ်မှာ ဗိုလ်ချုပ်အောင်ဆန်းကို ခေါင်းဆောင်ကြီးတစ်ယောက်အဖြစ်ဖြင့် လည်းကောင်း၊ သာမန်လူတစ်ယောက်အဖြစ်ဖြင့် လည်းကောင်း လူကို လေ့လာခြင်း အချက်အလက်ကလေးများ ပါဝင်၍ စိတ်ဝင်စားဖွယ်ကောင်းလေသည်။

ဤသို့ စိတ်ဝင်စားဖွယ် အချက်အလက်ကလေးများကို ရေးသားနိုင်ခြင်းမှာလည်း ၁၉၄၆ ခု၊ နိုဝင်ဘာလမှသည် ၁၉၄၇ ခု၊ ဧပြီလကုန်အထိ ဗိုလ်ချုပ်အောင်ဆန်း ဒလကြမ်း ခရီးပြင်းထွက်သမျှ၌ ထက်ကြပ်မကွာ လိုက်ပါနိုင်သည့်အတွက်ပင် ဖြစ်လေသည်။

ကျွန်ုပ် မှတ်မိသေးသည်။ လွန်ခဲ့သော နိုဝင်ဘာလက ကျွန်ုပ်တို့သည် တောင်ငူမှ ပျဉ်းမနားသို့ ခရီးသွားလျက်ရှိနေစဉ် ကားပေါ်တွင် ဖုန်ကထူ၊ နေကပြင်း၍ လူတိုင်းပင် ငိုက်မျဉ်းလျက်ရှိရာ ကျွန်ုပ်က 'ဦးပုကလေး၊ ခင်ဗျားခေါင်းက ဆံပင်တွေ အကုန်ဖြူနေပါကလားဗျာ' ဟု လှမ်း၍နောက်လိုက်ရာ ဦးပုကလေးက ခပ်တည်တည်နှင့် 'ဟာ…ဒါ ဆံဖြူတာ မဟုတ်ဘူး၊ ဆံပွင့်တယ်လို့ ခေါ်တယ်' ဟု ပြန်ချေပလိုက်သဖြင့် ကျွန်ုပ်တို့တစ်တွေတွင် ဝါးခနဲကျသွားလျက် အနီးရှိ ဗိုလ်ချုပ်သည်လည်း မရယ်ဘဲမနေနိုင်တော့ချေ။

တစ်ခါသော်…

'ဦးပုကလေးရဲ့၊ ခု မြန်မာပြည်သတင်းစာဆရာတွေ ရေးသားနေ



www.burmeseclassic.com

www.burmeseclassic.com

[illegible] သူတို့စိတ်ထဲမှာ တကယ် စွဲမြဲ ယုံကြည်ချက် (Conviction) နဲ့ ရေးသားမှ ဟုတ်တဲ့သဘော' ဟု ဗိုလ်ချုပ်က သူ၏စိတ်ထဲ၌ သံသယရှိတိုင်း [illegible] 'ဟာ---ဒီလို ကွန်ဗစ်ရှင်းတွေ ဘာတွေညာတွေရှိသူ နည်းပါတယ်။ ကိုယ်ရေးချင်တာကျရင် ဘာကွန်ဗစ်ရှင်းမှမရှိဘဲ ရေးချလိုက်တာက များတာပဲ' စသဖြင့် ရယ်ကာမောကာနှင့် ပြောခဲ့သေးသည်။

ဟာသဖြင့် လည်းကောင်း၊ သတင်းစာဆရာတို့၏ အတွေ့အကြုံ ဗဟုသုတတို့ဖြင့် လည်းကောင်း၊ လောကကြီးတွင် အလွန်ပျင်းရိငြီးငွေ့နေဟန်ရှိသော ဗိုလ်ချုပ်အား ဦးပုကလေးက ခရီးသွားရင်း စိတ်ရွှင်လန်းမှု၊ စိတ်ဝင်စားမှုများကို ဖန်တီးပေးခဲ့လေသည်။

ယခင်က ဦးပုကလေးသည် ဗိုလ်ချုပ်အောင်ဆန်းကို တွေ့ဖူး၊ မြင်ဖူးသော်လည်း နီးနီးကပ်ကပ် ရင်းနှီးစွာ တွေ့ကြုံဆက်ဆံခွင့်မရခဲ့ရာ ဗိုလ်ချုပ်နှင့် အနီးကပ်ဆုံးနေရာတွင် ခြောက်လမျှနေရသဖြင့် ပထမဆုံး ကမ္ဘာက စိုက်ကြည့်နေရသော ဗမာ့လူထုခေါင်းဆောင်ကြီးအား နီးကပ်စွာ ဆက်ဆံရေးသားခွင့်ရရာမှ ဤစာအုပ်ငယ် ဖြစ်ပေါ်လာခဲ့တော့သည်။

နန်းစွန့် ဒွေးဂ်ဘုရင် ဝေလမင်းသားဘဝနှင့် မြန်မာပြည်သို့ လာစဉ်က သတင်းစာဆရာတစ်ဦး ကလောင်သရမ်းမိ၍ တောင်အကြမ်းကျ ပုံအခန်းမှာ အထူး စိတ်ဝင်စားဖွယ်ကောင်းလေသည်။

ဗိုလ်ချုပ်နှင့်အတူ နတ်မောက်မြို့သို့ရောက်စဉ်က ဗိုလ်ချုပ်၏မျိုးရိုးအစဉ်အဆက်နှင့်တကွ နတ်မောက်မြို့ ရာဇဝင်အချက်အလက်ကလေးများကို စုဆောင်း ရှာဖွေ၍ ရေးသားထားခြင်းမှာလည်း မှတ်သားဖွယ်ရာပင် ဖြစ်သည်။

ဦးပုကလေး၏ စာအုပ်ငယ်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ ပင်ကိုသဘာဝစိတ်ဓာတ်နှင့် အနေအထိုင် အပြောအဆိုတို့ကို အမှန်အတိုင်း ရှင်းလင်း ပြတ်သားစွာ ဓာတ်ပုံရိုက်ထားခြင်းတစ်ခုဖြစ်လေရာ စိတ်ဝင်စားစွာ ဖတ်ရှုသင့်သောစာအုပ် ဖြစ်သတည်း။

ဗိုလ်ထွန်းလှ

၁၉၄၇ ခု၊ ဇူလိုင်လ ၄ ရက်။



## မိတ်ဆက်နိဒါန်း

ဦးပုကလေး ရေးသား စီရင်သော 'ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ' ဟူသော စာအုပ်များသည် တတိယတွဲပင် ပုံနှိပ်ပြီးစီးခဲ့လေပြီ။ ထိုစာအုပ်များမှာ စာအုပ်မည်ကာမဟုတ်ဘဲ အကြောင်းအခွင့်သင့်တိုင်း ပြန်လည် ဖတ်ရှုရမည့် ထာဝရကျမ်းကြီးများ ဖြစ်ကြပေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့ခေါင်းဆောင်မျှသာမက၊ အာရှခေါင်းဆောင်မျှသာမက ကမ္ဘာ့ထိပ်သီးခေါင်းဆောင်ကြီးတစ်ဦး ဖြစ်သည်ဟု နိုင်ငံတိုင်းကပင် အသိအမှတ်ပြုလျက် ရှိပေသည်။ ထိုပုဂ္ဂိုလ်မျိုး၏ အတွင်းရေးကိစ္စများ၊ စိတ်နေသဘောထားများ၊ ဆောင်ရွက်မှုများကို အစွန့်ရှည်စွာ ရေးသားထားအပ်သည်မှာ အထူးပြောဖွယ်မလိုပေ။ အေဘရာဟင်လင်ကွန်း၏ အတွင်းရေးကိစ္စများ၊ စိတ်နေသဘောထားများ၊ ဆောင်ရွက်မှုများကို အမေရိကန်အမျိုးသားများသာလျှင်မက ကမ္ဘာတစ်ဝန်းလုံးကပင် လေးလေးစားစား သိလိုကြ၍ ဖတ်ရှုကြရသည်။ အင်္ဂလန်ပြည်တွင် နယ်လ်ဆင်တို့၊ ဂလက်စတုံတို့၊ ရုရှားပြည်တွင် လီနင်တို့၊ စတာလင်တို့၊ ပြင်သစ်ပြည်တွင် နပိုလီယံတို့၊ မာရှယ်ဖော့(ရှ)တို့ အစရှိသော အာဇာနည်ကြီးများကိုလည်း ထိုနည်းအတိုင်းပင် ကမ္ဘာက လေ့လာခဲ့သည်။ လေ့လာလျက်ရှိသည်။

မြန်မာ့အာဇာနည်ကြီးတစ်ဆူဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းကိုလည်း မြန်မာကသာမက ကမ္ဘာကပင် သိလိုမြင်လိုပေမည်။ ထို့ကြောင့် ဦးပုကလေး၏ 'ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ' မည်သော ကျမ်းများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသင့်လှပေသည်။

ဦးပုကလေး၏စာအုပ်ကို ဖတ်ရခြင်းသည် အတ္ထုပ္ပတ္တိကိုဖတ်ရသလိုလို၊ ဝတ္ထုကိုဖတ်ရသလိုလို၊ သတင်းစာကိုဖတ်ရသလိုလို အရသာစုံလှသည်။ ထိုစာအုပ်ကို ဘယ်သူသည် ဗိုလ်ချုပ်၏ အတွင်းသဘောကို ဖောက်ထွင်း၍ မြင်နိုင်၏။ ဗိုလ်ချုပ်၏ သူမတူသော ဉာဉ်ကလေးတစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com

ကို ချစ်လာ၏။ ဗိုလ်ချုပ်ကို ပို၍ ကြည်ညိုစိတ်ပွားလာ၏။ ဤအကျိုးများကို စာဖတ်သူများ ခံစားရရှိပါလျှင် ဦးပုကလေး၏ ရေးရသော အာသီသသည် ပြည့်ဝပေမည်ဟု ကျွန်ုပ် ယူဆ၏။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလအဖွဲ့ကြီး၏ လုပ်ငန်းများ မည်မျှကြီးကျယ်ပုံကို အခြားနိုင်ငံများနှင့် စံတင်မှသာလျှင် ပိုမို ထင်ရှားပေမည်။ မြန်မာပြည်နှင့် တစ်ပြိုင်နက် လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲခဲ့ကြသော ဗီယက်နမ်နှင့် အင်ဒိုနီးရှားပြည်သူတို့သည် မျှော်မှန်းသော ပန်းတိုင်သို့ ယခုထက်တိုင် မရောက်ကြသေး။ တိုက်ပွဲကို ဆင်နွှဲလျက်ပင် ရှိကြသေး၏။ မြန်မာပြည်မှာမူကား မျှော်မှန်းခဲ့သော ပန်းတိုင်သို့ ထိုပြည်များထက် စောစွာ ဆိုက်ရောက်ခဲ့ရပေသည်။ ဤသည်လျှင် ဗိုလ်ချုပ်အောင်ဆန်း၏လုပ်ငန်းရပ်သည် မည်မျှ ထုထည်ကြီးမားကြောင်းကို ထင်ရှားစွာ ဖော်ပြခြင်း ဖြစ်ပေ၏။

၄-၃-၄၈

မောင်သန့်(ပန်းတနော်)

**ကုလသမဂ္ဂ**

အတွင်းရေးမှူးချုပ်ဟောင်း

**နယူးယောက်**

**၁၉၇၂။**



## နိဒါန်း

'ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ' စာအုပ် ပထမတွဲကို ဖတ်ပြီးသူများအဖို့ ဤဒုတိယတွဲအကြောင်း အထူးပြောနေစရာလိုတော့မည် မဟုတ်ပေ။

ပစ္စုပ္ပန်ခေတ် ဗမာပြည်နိုင်ငံရေးသမိုင်းကို စာတင်၍ ရေးသားသည်ရှိသော် 'ဗမာပြည်ဖွား တိုင်းရင်းသားလူမျိုးအချင်းချင်း သွေးစည်းပြီး ညီညွတ်မှုချစ်ကြည်ရေးအတွက် အဘယ်နိုင်ငံရေးခေါင်းဆောင်သည် အချိန်အနည်းဆုံးတွင် အများဆုံး လုပ်ဆောင်ခဲ့လေသနည်း' ဟူသော မေးခွန်းတစ်ရပ်သည်လည်း ဖြစ်ပေါ်လာလိမ့်မည်။ ထိုမေးခွန်းကို အထူး စဉ်းစား၍မနေဘဲ မဆိုင်းမတွ ကျွန်ုပ် ဖြေကြားလိုပေသည်။

ကျွန်ုပ်၏အဖြေကား 'ဗမာ၊ ရှမ်း၊ ကရင်၊ ချင်း၊ ကိုန်ဖော့ စသော တိုင်းရင်းသားအချင်းချင်း သွေးစည်းမိအောင် ချစ်ကြည်ရေးကို အများဆုံး စွမ်းဆောင် ကြိုးပမ်းခဲ့သူမှာ မကြာမီက ရေတိမ်နစ်ခဲ့ရှာသော ကျွန်ုပ်တို့၏ဆရာ ဗိုလ်ချုပ်အောင်ဆန်းပင် ဖြစ်သည်' ဟူသတည်း။

အကြောင်းသင့်၍ ဗိုလ်ချုပ်၏အကြောင်းကိုပါ အနည်းငယ် ရေးရပေဦးမည်။ ဗိုလ်ချုပ်တွင် ထူးခြားသော အရည်အချင်းတစ်ခု ရှိ၏။ ၎င်းကား သူ၏ နာမည်ကြားရုံနှင့် ချစ်ခင်ကြည်ညိုမိသူပေါ်သလောက် မမြင်ဘူးသူများသည် မြင်မြင်ချင်းပင် သူ့အား ချစ်ခင်လေးစားပြီး ကြည်ညို အားကိုးလိုစိတ် တစ်ပြိုင်နက် ဖြစ်ပေါ်လာစေနိုင်သော သတ္တိထူးပင်တည်း။

ထို့ကြောင့်ပင် အိန္ဒိယပြည်ထုတ် 'ဖိုရမ်း' (Forum) အမည်ရှိ ရုပ်စုံမဂ္ဂဇင်းတစ်စောင်တွင် (General Uaung San, of Burma.) **'ဗမာပြည်က ဗိုလ်ချုပ်ကြီး ဦးအောင်ဆန်း'** ဟူသော ခေါင်းစဉ်ဖြင့် သူ၏အကြောင်း ရေးသားရာ၌...

'ဂန္ဒီကြီးကဲ့သို့လည်း ဘာသာရေးကြောင့် ကြည်ညိုခံရသူ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်၊ နေရှုးကဲ့သို့လည်း နိုင်ငံရေးမျက်စိ အလွန်အမြင်ကျယ်ကာ ဗဟုသုတစွယ်စုံပြောက်သူလည်း မဟုတ်၊ ဆာဒါပတေးကဲ့သို့လည်း စည်းရုံးရေးလုပ်ငန်း၌ ထူးချွန်စွာ စွမ်းဆောင်နိုင်သူလည်း မဟုတ်။ သို့သော် ဂျင်နရယ်အောင်ဆန်းသည် ဗမာလူထု၏ ချစ်ကြည်ညီမှု၊ ယုံကြည်ကိုးစားမှုကိုခံယူရာ၌ ဂန္ဒီ၊ နေရှူး၊ ဆာဒါပတေး သုံးယောက်ပေါင်းထားသည်နှင့် ညီမျှလေသည်။ (ဗမာ့လွတ်လပ်ရေးနှင့် စည်းရုံးညီညွတ်မှု တည်ဆောက်ရေးဗိသုကာကျော် ရဲဘော်အောင်ဆန်း ကျဆုံးခြင်းကြောင့် ဗမာပြည်အတွက် လည်းကောင်း၊ အာရှတိုက်တစ်ခုလုံးအတွက် လည်းကောင်း ကျွန်ုပ် ဝမ်းနည်းကြေကွဲပြီး နှမြောတသ၍ မဆုံးနိုင်ပါ)' ဟု အချစ်ဆုံး အဖော်သူငယ်ချင်းနှင့် ကွဲရသောကလေးငယ်ပမာ ငိုကြွေးခဲ့သော ပဏ္ဍိတ်နေရှုးသည် အောင်ဆန်း၊ ရှာရီယား၊ ဟိုချီမင်း စသော ရဲဘော်ခေါင်းဆောင်များ၏ အကူအညီဖြင့် ငြိမ်းချမ်းသော ကမ္ဘာတွင် သာယာဝပြောသော အရှေ့အာရှနိုင်ငံသစ်ကြီးကို သူ၏စိတ်ကူးတွင် တည်ဆောက်ထားခဲ့ပြီး ဖြစ်လေသည်။

ဟူ၍ အရှေ့အာရှ စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရာ၌ ထူးခြားစွာ စွမ်းဆောင်လတ္တံ့သော ဗိသုကာကျော်တစ်ဦး ကျဆုံးခဲ့ပုံ နှမြောတသလျက် ရေးသားခဲ့လေသည်။

ဗမာပြည်တွင် နယ်ချဲ့စနစ်၏ အကြီးဆုံးသော အမွေအနှစ်တစ်ခုကား နိုင်ငံတွင်းရှိ တိုင်းရင်းသားလူနည်းစု အချင်းချင်းသော်လည်းကောင်း၊ လူနည်းစုများနှင့် ဗမာပြည်မနေ လူထုနှင့်သော်လည်းကောင်း စိတ်ဝမ်းကွဲပြားကာ မသင့်မတင့် မညီညွတ်မှု၊ တစ်ဦးပေါ်တစ်ဦး ယုံကြည်ခြင်းကင်းမဲ့မှုများ အလိုလို ပေါ်ပေါက်လာခြင်းပင်ဖြစ်လေရာ ထိုသို့ ဗမာလူမျိုးနှင့် တိုင်းရင်းသားများ စိတ်ဝမ်းကွဲပြားမှုတွင် ကရင်-ဗမာအရေးသည် အောက်ဗမာပြည်တွင် အဓိက ဖြစ်ပေါ်လျက် ရှိလေသည်။

ဖက်ဆစ်တော်လှန်မှု အရေးတော်ပုံကြီး စစ်ဆင်သော ၁၉၄၅ ခုနှစ် နွေဦးပေါက်သောအခါ ဗိုလ်ချုပ်အောင်ဆန်း၏ ကရင်-ဗမာ သွေးစည်းရေးလုပ်ငန်းကြီးသည် အဆုံးသတ် ခြယ်လှယ်ခြင်း ပြီးဆုံးခဲ့လေသည်။

ထိုမျှမကသေး၊ ဖက်စစ်ဂျပန်တို့အား စစ်မျက်နှာအရပ်ရပ်၌ ကရင်-ဗမာ ရဲဘော်များသည် ပခုံးချင်းယှဉ်ကာ သေအတူယှဉ်မကွဲ တညီတညွတ်တည်း တိုက်ခိုက်လျက်ရှိစဉ် ဗိုလ်ချုပ်ကိုယ်တိုင် ဦးစီးသော ရှေ့တန်းစစ်ဌာနချုပ် နယ်ပယ်ဖြစ်သော သရက်ခရိုင်စစ်ကြောင်းတွင် ရှုပ်ရှုပ် ချွံ့ချွံ့ တိုက်ခိုက်လျက်ရှိသော ချင်းအမျိုးသား ရဲဘော်များကိုပါ ထူးခြားစွာ တွေ့ရလေသည်။

သူတို့လည်း ကရင်-ဗမာ ရဲဘော်များနှင့်အတူ ဖက်ဆစ်ဂျပန်အား ဝိုင်းကူ၍ တွန်းလှန်တိုက်ခိုက်နေကြသည်။ ဘာကြောင့် ဤမျှ သူတို့ ညီညွတ်သွေးစည်းမိကြလေသနည်း။

ဖက်ဆစ်တော်လှန်ရေးစစ်ပွဲကို ခေါင်းဆောင်နေသော သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာပြည်ဖွား တိုင်းရင်းသားအားလုံးအပေါ် ညီရင်းအစ်ကို သွေးမျိုးဉာတိအစစ်ကဲ့သို့ ယူဆထားလျက် တိုင်းရင်းသားများ၏ အခွင့်အရေးကို မည်သည့်ဘက်မျှ မငဲ့ညှာဘဲ အဂတိတရား ကင်းရှင်းစွာ ထာဝစဉ် စောင့်ရှောက် ကာကွယ်ပေးလိမ့်မည် ဟူသော အသိဉာဏ်သည် တိုင်းရင်းသားလူနည်းစုများ၏ ဦးနှောက်တွင် စွဲမြဲလျက်ရှိလေပြီဖြစ်ရကား 'ဗိုလ်ချုပ်တစ်ယောက် ရှိသမျှကာလပတ်လုံး ငါတို့ တိုင်းရင်းသားလူနည်းစုတွေ ဘာမှစိုးရိမ်စရာမရှိ' ဟူသော တွေးတောချက်ကလည်း သူတို့တစ်တွေအား နှစ်သိမ့်စေကာ ဗမာများနှင့် ရဲရဲကြီး လက်တွဲကာ လုပ်ငန်းအရပ်ရပ်ကို စိတ်အားထက်သန်စွာ ဆောင်ရွက်ခဲ့ကြခြင်းပင် ဖြစ်လေသည်။

ထို့ကြောင့်ပင် ဒုတိယကမ္ဘာစစ်ကြီးပြီး၍ (ဖဆပလ)အဖွဲ့ချုပ်ကို ဗိုလ်ချုပ်ပင် သဘာပတိပြုလျက် အထင်အရှား တည်ထောင်လိုက်သောအခါ ကရင်၊ ဗမာ၊ မွန်၊ ရခိုင်၊ မွတ်စလင် စသော လူမျိုးရေးအဖွဲ့အစည်းများ၊ လူငယ်အစည်းအရုံး၊ အလုပ်သမား၊ လယ်သမားသမဂ္ဂအစည်းအရုံး၊ အမျိုးသမီးအဖွဲ့၊ မီးသတ်အဖွဲ့ စသော လူထုအသင်းအပင်းများတို့သည် တစ်ခဲနက် ဝင်ရောက် စုရုံး၍ (ဖဆပလ) အလံတော်အောက်သို့ ခိုလှုံရန် လာခဲ့ကြပေသည်။

အောက်မြို့ကျေးရွာမှ တိုင်းရင်းသား လူထုအကျိုးကို မားမားမတ်မတ် သည်ပိုးဆောင်ရွက်လျက်ရှိသော ဗိုလ်ချုပ်အောင်ဆန်းအမည်ရှိ ပုဂ္ဂိုလ်ထူးတစ်ယောက်၏ ကျော်စောသော နာမည်ဂုဏ်သတင်းသည် ဗမာပြည် အရှေ့မြောက်ဖျားရှိ မြင့်မားညို့မှိုင်း၍နေသော ကချင်တောင်ကြီးများဆီသို့လည်း ပဲ့တင်ရိုက်၍ လာပြန်လေရကား ၄င်းတောင်ကြီးများ တစ်ဝန်းရှိ ကချင် (ဂျိန်ဖော့) အမျိုးသားတို့သည်လည်း မြန်မာခေါင်းဆောင် ဗိုလ်ချုပ်အား တွေ့ချင်၊ မြင်ချင်၊ အားကိုးချင်သည့်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လျက် ၁၉၄၆ ခုနှစ်ဦးတွင် မြစ်ကြီးနား၌ပြုလုပ်သော ကချင် (မနောပွဲ)

www.burmeseclassic.com

www.burmeseclassic.com

ကြီးသို့ပင် ဗိုလ်ချုပ်အား ဖိတ်မန္တကပြုခဲ့လေသည်။ သို့သော် ရန်ကုန်တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံကြီးနှင့် တိုက်ဆိုင်နေ၍ ဗိုလ်ချုပ်မှာ မသွားနိုင်ခဲ့ရှာပေ။

တစ်ဖန် ၁၉၄၆ ခုနှစ်၊ မတ်လတွင် ကမ္ဘောဇတိုင်း လဲချားနယ်၌ ကျင်းပသော (ပင်လုံကွန်ဖရင့်) ၌လည်း တိုင်းရင်းသားအပေါင်းတို့သည် ဗိုလ်ချုပ်အား အထူး တောင့်တခဲ့ကြသေး၏။ ဤတွင်လည်း ဗိုလ်ချုပ်မှာ ရခိုင်ပြည်၌ ခရီးလွန်နေ၍ အချိန်မီ မတက်ရောက်နိုင်ခဲ့ပေ။

သို့ရာတွင် တိုင်းရင်းသားလူနည်းစုတို့ နေထိုင်ရာ နယ်ပယ်များ၌ ဗိုလ်ချုပ်သည် မည်မျှ စိတ်ပါဝင်စားသည်ကိုကား သူ အစိုးရအဖွဲ့ထဲ ဝင်ပြီးသည့်အချိန်မှသည် နောက်ဆုံး သူ ရေတိမ်နစ်ခဲ့သည်အထိ ဗမာပြည် တောင်တန်းဒေသ နယ်စွန်နယ်ဖျားဟူသမျှကို အလွန် ဆင်းရဲပင်ပန်းခံကာ တရကြမ်း ခရီးထွက်ခဲ့ခြင်းဖြင့် ထင်ရှားစေခဲ့လေသည်။

ယခု ဗိုလ်ချုပ်ခမျာမှာ သူကိုယ်တိုင် စတင် အုတ်မြစ်ချကာတည် ဆောက်ခဲ့သော လွတ်လပ်ရေးဗိမာန်ကြီးသို့ ရောက်လုနီးမှ ကျဆုံးသွားရ ရှာလေရာတွင် နိုင်ငံရေးခေါင်းဆောင်များ၊ လူထုဆင်းရဲသားများ၊ ရဲဘော် များက ဝမ်းနည်းကြေကွဲသလောက် ကရင်၊ မွန်၊ ချင်း၊ ကိုန်ဖော့ စသော တိုင်းရင်းသား လူနည်းစုတို့ပင်လည်း သူတို့အဖို့ အကြီးဆုံးသော ဆုံးရှုံး ခြင်းတစ်ရပ်သည် ဖြစ်ပေါ်လာခဲ့လေပြီဟု နှမြောတသ ယူကျုံးမရဖြစ်ခဲ့ကြ ရရှာလေသည်။

ဗိုလ်ချုပ်ကျဆုံးပြီးသည့် နောက်တစ်နေ့ (၂၀-၇-၄၇) နေ့တွင် ဒူဝါကြီးဆမားဆင်ဝါနောင်သည် တာဝါလိန်းအိမ်ရှိ ဗိုလ်ချုပ်ရုပ်ကလာပ် ကို မြင်ရသောအခါ ကြန္တေမဆည်နိုင်တော့ဘဲ မျက်ရည်ပေါက်ကြီးများ ကျရှာလေတော့သည်။ ဤသို့လျှင် စစ်မက်တိုက်ခိုက်မှုကို ဝါသနာပါ၍ ခက်ထန်သော စိတ်ကြမ်းရှိသည်ဟုဆိုကြသော ဒူဝါကြီးပင်လျှင် မျက်ရည် ကျလောက်အောင် ယူကျုံးမရဖြစ်ခဲ့ရလေသည်။

ဗမာပြည်မမှလူထုနှင့် တိုင်းရင်းသားလူနည်းစုတို့၏ သွေးစည်းမှု ပန်းချီကားကြီးကို တပင်တပန်း အကြိမ်ကြိမ် မွမ်းမံရေးဆွဲခဲ့သော ဗိုလ်ချုပ် သည် ၁၉၄၇ ခုနှစ် ပင်လုံကွန်ဖရင့်တွင် ၎င်းပန်းချီကားကြီး၏ အဆုံးသတ် ခြယ်လှယ်ခြင်းများ ပြီးမြောက်ခဲ့လေသည်။

ထိုသို့ ဗိုလ်ချုပ်သည် မြန်မာတိုင်းရင်းသားအပေါင်းတို့ သွေးစည်း ရေးလုပ်ငန်းကို ဆောင်ရွက်ရာ၌ သူ ကြိုးစားပမ်းစားသွားခဲ့ရသော ခရီးစဉ်



ကို အသေးစိတ် ဖော်ပြထားသည့်မှတ်တမ်းကိုညွှန်ရလျှင် ဤဦးပုကလေး ၏ စာအုပ်ကိုပင် ပြရပေလိမ့်မည်။

မြိတ်မှအစ မြစ်ကြီးနားအဆုံး (ရခိုင်နှင့် ကရင်နီနယ်ပါမကျန်) ဗမာတစ်ပြည်လုံး ဗိုလ်ချုပ်ခရီးသွားခဲ့သမျှ အတူလိုက်ပါရသော ဦးပု ကလေးသည် ဤမှတ်တမ်းစာအုပ်ငယ်ကို ရေးသားခြင်းဖြင့် ဗိုလ်ချုပ်အား အလေးပြုလိုက်ခြင်းတစ်ရပ်လည်း ဖြစ်ပေသတည်း။

ဗိုလ်ထွန်းလှ

၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်။



www.burmeseclassic.com

www.burmeseclassic.com

## ပထမအကြောင်းပြ

ဗမာပြည်လွတ်လပ်ရေးရမှုကား လူထုညီညွတ်မှု၊ တိုင်းရင်းသားအချင်းချင်းညီညွတ်မှုသာ ပဓာနဖြစ်သည့်အတိုင်း ဗိုလ်ချုပ်သည် ၁၉၄၆ခု၊ နိုဝင်ဘာလ (၁၄) ရက်နေ့မှ စတင်လျက် ခရီးပြင်းထွက်ကာ ညီညွတ်ရေးအင်အားကြီးမားရန်အတွက် ဆောင်ရွက်ကြိုးပမ်းခဲ့ရာ တစ်တိုင်းပြည်လုံးအုန်းအုန်းကျွက်ကျွက် အုံကြွလျက်လာခဲ့၏။

တောင်တန်းနယ်များမပါသော ဗမာပြည်လွတ်လပ်ရေးမှာလည်း အရေးပါအရာရောက်သော လွတ်လပ်ရေးမျိုး မဟုတ်နိုင်ပြီဟု ယူဆပြီးဖြစ်သော ဗိုလ်ချုပ်သည် ဗမာပြည်မနှင့် တောင်တန်းနယ်များ ပူးပေါင်းရေးတိုက်ပွဲကို ဆင်နွှဲတိုက်ခိုက်ခဲ့ရာ ဗြိုတိကရက် နယ်ချဲ့သမားတို့က တောင်တန်း နယ်သားတို့အား နှစ်ပေါင်း(၆၀)ကျော် တုပ်နှောင်ထားသော ကြိုးများကိုလည်း ဖြတ်တောက်ခဲ့၏။ သူတို့၏လှည့်ပတ်ရာ ဝဲသြဃအတွင်း သက်ဆင်းကျရောက်နေသော တောင်တန်းနယ်သားတို့အား ကယ်တင်ခဲ့၏။ ဗမာများနှင့် တောင်တန်းနယ်သားတို့ တစ်ဦးနှင့်တစ်ဦး အထင်မှားအမြင်မှားဖြစ်အောင် ကြံဆောင် သွေးခွဲမှုများကိုလည်း ပယ်ဖျက် ရှင်းလင်းခဲ့၏။

တောင်တန်းနယ်တိုက်ပွဲကြီး၌ ဗိုလ်ချုပ်နှင့်အတူ ထက်ကြပ်မကွာလိုက်ပါဆောင်ရွက်ခဲ့ရသော ကျွန်ုပ်အား ဗိုလ်ချုပ် ပြောစကား ဟောတရားနှင့် သဘောထားတို့ကို ဆက်လက် ရေးသားရန် မိတ်ဆွေအများ၏ တိုက်တွန်းချက်အရ ဗိုလ်ချုပ်အား လေးစားစွာနှင့် ဤစာအုပ် ဒုတိယတွဲကို ဆက်လက် ရေးသားရပေသတည်း။

ဦးပုကလေး

၁၃၀၉ ခု၊ သီတင်းကျွတ်လဆန်း ၉ ရက်။

www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယအကြောင်းပြ

ကျွန်ုပ်တို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာပြည်လွတ်လပ်ရေးအတွက် ဗမာတစ်ပြည်လုံး ခရီးကြမ်းထွက်ကာ လူထုညီညွတ်မှုနှင့် လူမျိုးရေးညီညွတ်မှု နိုင်ငံရေးတရားများ ဟောကြားရာ၌ 'ဗိုလ်ချုပ်၏ အပါးတော်မြဲ သတင်းထောက်' အဖြစ်နှင့် ထက်ကြပ်မကွာ လိုက်ပါခဲ့ရသော ကျွန်ုပ်သည် ဗိုလ်ချုပ်၏သဘောထား၊ သူ၏ပြောစကားနှင့် သူ့သဘောတရားတို့ကို ရေးသားကာ 'ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ' အမည်တပ်ဆင်လျက် 'ပထမစာစောင်' နှင့် 'ဒုတိယစာစောင်' တို့ကို ရေးသား ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်သော်လည်း ကြွင်းကျန်ရှိနေသေးသော မှတ်သားဖွယ်အချက်တို့ကို ဆက်လက် ရေးသားရန် မိတ်ဆွေအများ၏ တိုက်တွန်းချက်အရ ဤ 'တတိယစာစောင်' ကို ရေးသားရပြန်ပါ၏။

ဗိုလ်ချုပ် ဘိလပ်သွားခါနီး အပါးတော်မြဲ ဗိုလ်ထွန်းလှ လိုက်ပါရန် သေချာသောအခါ ကျွန်ုပ်က 'ဗိုလ်ထွန်းလှ၊ ဗိုလ်ချုပ်၏ ဆောင်ရွက်လုပ်ကိုင်ချက်မှန်သမျှကို နောင်လာနောင်သားတို့အတွက် မှတ်တမ်းတင်ရန်မှာ ကျုပ်ဝတ္တရားဖြစ်တယ်။ ဒါကြောင့် 'ဗိုလ်ချုပ်၏ လန်ဒန်သွားမှတ်တမ်းကို မှတ်ဖြစ်အောင်မှတ်၊ ရေးဖြစ်အောင်ရေးခဲ့ပါ' ဟု အပူကပ်လိုက်သောအခါ 'အာမဘန္တေ' ဟု ပြန်၍ ရွတ်လိုက်သေး၏။

ဗိုလ်ချုပ် ဘိလပ်မှပြန်ရောက်လာသောအခါ ဗိုလ်ထွန်းလှက ရဲဘော်တို့ခေါ်လေ့ရှိသောအမည်ဖြင့် 'ကိုင်း…အဘ၊ ရော့…' (ကူဋ္ဌိတံ ပဋ္ဌိတံ တုယှံ ခပ္ပမေဝ သမဇ္ဈတု) ဟု ဆုနှင်းကာ ဗိုလ်ချုပ်အမှူးပြုသော ကိုယ်စားလှယ်တော်များ၏ လန်ဒန်သွားမှတ်တမ်းကို ကျွန်ုပ်အား ပေးအပ်လေ၏။

ငှင်းမှတ်တမ်းကို ရရှိသောအခါ ကျွန်ုပ် အထူး ဝမ်းသာမိ၏။

ဗိုလ်ထွန်းလှအပေါ် အထူးကျေးဇူးတင်မိ၏။ သူကား ဝတ္တရား



www.burmeseclassic.com

www.burmeseclassic.com

ကျေပါပေသည်ဟု ချီးကျူးမိ၏။ သူရေးသားသော 'လန်ဒန်သွားမှတ်တမ်း' မှာ ကြည်နူးလွမ်းဆွတ်ဖွယ်၊ မှတ်သားဖွယ်၊ ရယ်ရွှင်ဖွယ်များနှင့်တကွ ဗဟုသုတဖြစ်ဖွယ်အမျိုးမျိုးတို့ ပါရှိသဖြင့် အထူး စိတ်ဝင်စားဖွယ်ကောင်းလှ၏။ ထို့ကြောင့်လည်း ဗိုလ်ထွန်းလှသည် 'တက္ကသိုလ်နေဝင်း' အမည်နှင့် စာနယ်ဇင်းလောကကြီး၌ ဆောင်းပါးအမျိုးမျိုး ရေးသားခဲ့ပေတာပဲဟု မှတ်ချက်ချမိ၏။

တက္ကသိုလ်နေဝင်းကား တက္ကသိုလ်စာပေ ဝါသနာပါသူများထဲတွင် စစ်တိုက်ခြင်းကဲ့သို့သော စွန့်စားမှုမျိုး၌ ဝါသနာပါလှ၍ စစ်မြေပြင်ရောက် စစ်သားများထဲတွင် စာပေဝါသနာအပါဆုံး စိတ်ကူးအယဉ်ဆုံး 'ဝါ' The most soldeirs-like of university literateurs and the most literary of PBF soldiers ဟု ဆိုလျှင် သူ၏ လူပုံသဏ္ဌာန်ကို အနီးဆုံး ဖော်ပြရာရောက်ပေမည်။ ထို့ကြောင့်လည်း အလွန်တရာ တောတောင်ထူထပ်သည့် အင်ဖာတိုက်ပွဲကြီးတွင် ကိုယ်တိုင် ပါဝင်တိုက်ခိုက်ခဲ့ရသော စွန့်စားခန်း၊ လွမ်းခန်း၊ ဆွေးခန်း၊ ပျော်ရွှင်ခန်းတို့ဖြင့် ရောပြွမ်းလျက်ရှိသော **အင်ဖာတိုက်ပွဲဝတ္ထုကြီး** ရေးခဲ့သည်ကို တွေ့လိုက်ရသေး၏။

ကျွန်ုပ် သိရသလောက်မှာ သူသည် ငယ်စဉ်က ဗမာစာသင်ကျောင်း၌ပင် ကျနစွာမနေခဲ့ရ။ အင်္ဂလိပ်ဘာသာသင် စာသင်ကျောင်းမှာသာနေခဲ့ရပြီး ဗမာစာကို ကောင်းစွာမသင်ခဲ့ရ၊ ခေတ်စမ်းပုံပြင်ကဲ့သို့သော စာအုပ်မျိုးကိုသာ သင်ကြားကာ (၁၀) တန်းအောင်ခဲ့သူတစ်ဦး ဖြစ်သည်ဟု သိရ၏။ သို့သော် သူ ရန်ကုန်တက္ကသိုလ်သို့ ရောက်သောအခါ မြန်မာစာတွင် အခြား (ဗိုလ်ကျောင်းထွက်) များကဲ့သို့ ညံ့ဖျင်းခြင်းမရှိရုံသာမက တက္ကသိုလ် ဗမာအသင်းကြီးမှ ကျင်းပသည့် ဗမာစာပေပြိုင်ပွဲတစ်ခု၌ပင် ပထမဆု ဆွတ်ယူခဲ့သည်ကို ထောက်ခြင်းအားဖြင့် ကျောင်း၌ သူ ကောင်းစွာ မသင်ခဲ့ရသော မြန်မာစာကို သူ့ဘာသာသူ ကြိုးစားလေ့လာခဲ့ကြောင်း ထင်ရှား၏။

မြန်မာဘုရင်မင်းမြတ် လက်ထက်တော်အခါက ကင်းဝန်မင်းကြီးကြီးမှူးသော ဘုရင်မင်းမြတ်၏ ကိုယ်စားလှယ်တော် သံကြီး၊ တမန်ကြီးတို့ ဘိလပ်သို့သွားရောက်ရာတွင် 'ကင်းဝန်မင်းကြီး လန်ဒန်သွားမှတ်တမ်း' ကို ရေးသားထားခဲ့သည့်အတွက် နောက်သားနောက်လာ အဆက်ဆက်တို့ ကျေးဇူးများခဲ့ရ၏။ ယခုလည်း တကယ့် လူထုခေါင်းဆောင်ကြီး (ဗမာများနှင့်တကွ တိုင်းရင်းသားအားလုံးတို့၏ အကြည်ညိုအခံရဆုံး၊ အလေး



စားအခံရဆုံးသော ခေါင်းဆောင်ကြီး) ဗိုလ်ချုပ်အောင်ဆန်း ကြီးမှူးသည့် ကိုယ်စားလှယ်တော်ဝန်ကြီးများသည် ဗမာနိုင်ငံတော် လွတ်လပ်ရေးအတွက် ဘိလပ်သို့ ထွက်သွားရာ၌လည်း 'ဗိုလ်ချုပ်၏ လန်ဒန်သွားမှတ်တမ်း' ကို နောက်လာနောက်သားတို့၏အကျိုးကို မျှော်ကိုးလျက် 'ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ' ဤ တတိယစာစောင်တွင် ထည့်သွင်းထုတ်ဝေလိုက်ရပေသတည်း။

ဦးပုကလေး



www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်ဘာတွေလုပ်ခဲ့သလဲ

'ငါတို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း
ချမှတ်ထားခဲ့သော လမ်းစဉ်အတိုင်း လွတ်လပ်ရေးစခန်းသို့
တက်လှမ်းနိုင်ကြပါစေသတည်း'

### ဗိုလ်ချုပ်အိမ်တွင် စ,ရောက်စဉ်

၁၉၄၆ ခု၊ နိုဝင်ဘာလ (၁၄) ရက်နေ့ နံနက် 'ဗိုလ်ချုပ်အောင်ဆန်း အထက်ဗမာပြည်သို့ ခရီးထွက်ရာတွင် ဦးပုကလေး အတူလိုက်ပါရမည်' ဟု (၁၃) ရက်နေ့တွင် အမိန့်ရသဖြင့် ဗိုလ်ချုပ်၏ အပါးတော်မြဲ ဗိုလ်ထွန်းလှထံသို့ သွားရောက် တွေ့ဆုံသောအခါ ဗိုလ်ချုပ် နက်ဖြန်နံနက် စောစောကြီး (၄) နာရီခွဲ ထွက်လိမ့်မည်။ တာဝါလိန်းရှိ ဗိုလ်ချုပ်၏အိမ်သို့ လာရောက်အိပ်မှဖြစ်မည်။ အဝတ်အစားနှင့် အိပ်ရာ ကျဉ်းနိုင်သမျှကျဉ်း၍ ယူခဲ့ပါဟု ညွှန်ကြားချက်အတိုင်း ဗိုလ်ချုပ်၏အိမ်သို့ သွားရောက်သောအခါ ဗိုလ်မင်းလွင်က ဗိုလ်ချုပ် ည(၈)နာရီလောက်မှ အိမ်ပြန်ရောက်မည် ပြောသဖြင့် စကားစမြည်ပြောရင်း စောင့်နေရ၏။

ဗိုလ်ချုပ်ပြန်ရောက်လာ၍ မြင်လျှင်မြင်ချင်း 'ဦးပုကလေး ရောက်နေပလား' ဟု စတင်နှုတ်ဆက်ပြီးလျှင် ဧည့်ခန်းတွင် ခေတ္တစကားပြောနေခိုက် ဗိုလ်တထောင်ဓနိတောမှ အလုပ်သမားကိုယ်စားလှယ်တစ်ယောက် ဝင်လာပြီးလျှင်-

"ကျွန်တော်တို့ အလုပ်သမားများ သပိတ်မှောက်တော့မလို ဖြစ်နေပါတယ်။ ဗိုလ်ချုပ်ရဲ့အမိန့်ကို ခံယူလိုသဖြင့် လာရောက်ရခြင်း ဖြစ်ပါတယ်"

ဟု အရေးဆိုလေသည်။

"ခင်ဗျားတို့ သိပ်ခက်တာပဲ။ တစ်ဆိတ်ရှိရင် ကျုပ်ဆီကိုချည်း



www.burmeseclassic.com

www.burmeseclassic.com

လာကြတာပဲ၊ ကျုပ်တစ်ယောက်တည်း အကုန်လုပ်မပေးနိုင်ဘူး။ သွားဗျာ၊ သွားသွား''

ဟု လက်ကိုယမ်းပြီး ဒေါပါပါနှင့်ပြော၏။

အပြောခံရသူကား မသွား။ ပေတေ၍နေ၏။ သည်လူတော့ ချောက်ကျတာပဲဟု ကျွန်ုပ် ထင်မိ၏။ ထိုသူ၏အစား ပူပင်မိလေ၏။

''နက်ဖြန်မနက်စောစောကြီး ခရီးထွက်စရာရှိတယ်။ ဖဆပလ ကိုသွားပါလား။ ကျုပ်တစ်ယောက်တည်း အစစအရာရာ ဘယ်လိုလုပ်ပေးနိုင်မလဲ။ သွားဗျာ၊ သွားသွား''

ဟု ဗိုလ်ချုပ်က ထပ်၍ နှင်ပြန်၏။

ထိုသူကား မသွား။ ပေ၍နေပြီးလျှင်–

''ကျွန်တော် ဒီလိုနဲ့ပြန်လို့မဖြစ်ဘူး။ ဗိုလ်ချုပ်ရဲ့ စကားတစ်ခုခုကို ရမှ ပြန်လာခဲ့ရမယ်၊ မရရင် မလာခဲ့ရဘူးလို့ မှာလိုက်ပါတယ်''

ဟု ပြော၏။

''သိပ်ခက်တာပဲ''

ဟု ပြောပြီး ခေါင်းကိုပွတ်ရင်း–

''ကဲဗျာ– သပိတ်မှောက်တာ၊ မမှောက်တာ ကျုပ်မပြောလိုဘူး။ ဗမာတွေနစ်နာအောင်တော့ မလုပ်ကြနဲ့။ နက်ဖြန် ဖဆပလ သခင်နုဆီ သွားပါ''

ဟု ပြောလိုက်သောအခါ အလုပ်သမားကိုယ်စားလှယ်သည် ဝမ်းသာအားရနှင့် ပြန်သွားတော့၏။

ကျွန်ုပ်လည်း ဗိုလ်ထွန်းလှ၏ အစီအစဉ်အတိုင်း ရဲဘော်များနှင့် အတူ အိပ်ခန်းသို့ဝင်လိုက်၏။ ဗိုလ်ချုပ်ကား ပြည်သူ့ရဲဘော်ဌာနချုပ် ခေါင်းဆောင်များနှင့် လည်းကောင်း၊ ဖဆပလဌာနချုပ် ခေါင်းဆောင်များနှင့် လည်းကောင်း တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဆွေးနွေးလျက်ရှိသည်ကား ညဉ့်သန်းခေါင်ကျော် နှစ်ချက်တီးချိန်လောက်မှ ပြီးတော့၏။

## ခရီးစထွက် ထိုနံနက်

နံနက် (၄) နာရီခွဲအချိန်တွင် ကျွန်ုပ်တို့ အိပ်မောကျနေခိုက် ဗိုလ်ချုပ်က လက်ခုပ်တီးပြီးလျှင်–

''ဟေ့…ဗိုလ်ထွန်းလှ၊ ထထ''

ဟု နှိုးသံကြားရ၏။ ဥဩဓာနသမ္မဒါနှင့် ပြည့်စုံမှုပင်တည်း။ ဗိုလ်ထွန်းလှနှင့်တကွ ကျွန်ုပ်တို့သည် ကပျာကသီ ထကြပြီးလျှင် ကားပေါ်တွင်





ပစ္စည်းများတင်ကာ အသင့်စောင့်နေကြ၏။ ဗိုလ်ချုပ်ကတော်လည်း လက်ဖက်ရည် အသင့်ဖြစ်စေပြီးလျှင် လိုက်ပါမည့်သူများကို တိုက်၏။

ဗိုလ်ချုပ်သည် (၅) နာရီတိတိအချိန်လောက် စထွက်လိုသော်လည်း (၅) နာရီခွဲလောက်မှ ထွက်ရသဖြင့် ကျေနပ်ပုံမရ။ ကားထွက်ခါနီး ရေဘူးကျန်နေသည့်အတွက် ခေတ္တစောင့်နေစဉ်–

''မပြီးသေးဘူးလား သွားသွား''

ဟု ခိုင်းသဖြင့် ထွက်ရတော့၏။ ကားမှာ ခြောက်ယောက်စီး ကားကြီးဖြစ်၍ ရှေ့တန်းမှ ဗိုလ်မင်းလွင်နှင့် ဒရိုင်ဘာအလယ်မှ ဗိုလ်ချုပ်နှင့် ဗိုလ်ထွန်းလှ၊ နောက်တန်းမှ ကျွန်ုပ်နှင့် ရဲဘော်ကျော်စိန်တို့ လိုက်ပါကြ၏။ ဗိုလ်ချုပ်ကားတွင်မောင်းသော ဒရိုင်ဘာကား ဘုရင်ခံ ဒရိုင်ဘာဟောင်း မောင်ခင်မောင် ဖြစ်၏။ ကားမောင်း ကျွမ်းကျင်လိမ္မာသူဖြစ်၍ စိတ်ချရ၏။ လက်နက်ကိုင် ပုလိပ်ကားတစ်စီးလည်း အသင့်လိုက်ပါ၏။

ထောက်ကြံ့သို့ရောက်သောအခါ ဗမာနိုင်ငံစစ်ဗိုလ်ချုပ် 'ဂျင်နရယ်သောမတ်(စ်)'က အသင့်စောင့်၍ ဗိုလ်ချုပ်အား နှုတ်ဆက်ပြီးလျှင် ကားရှေ့နောက် အစီအစဉ်ကိုပြော၍ ရှေ့ဆုံးမှ လက်နက်ကိုင် ပုလိပ်ကား၊ ၎င်းနောက်မှ ဂျင်နရယ်သောမတ်(စ်)ကား၊ ၎င်းနောက်မှ ဗိုလ်ချုပ်ကား၊ ၎င်းနောက်မှ ကရင်ဘားမားရိုင်ဖယ်တပ်မှ ကိုယ်ရံတော်စစ်ကားတို့ လိုက်ပါကြ၏။ (ဂျင်နရယ်သောမတ်စ် လိုက်ပါရခြင်းမှာ စစ်သားများစစ်ဆေးရန် ကိစ္စနှင့် ပတ်သက်၍ လိုက်ပါရခြင်း ဖြစ်သည်။)

မြန်မာ့အလင်းသတင်းထောက် ဦးချစ်ဦးနှင့် စီးပွားရေးသတင်းထောက် ဦးအေးဖေတို့သည် အသံချဲ့စက်ကားနှင့် အတူလိုက်ပါကြရာ မိတ္ထီလာအထိ လိုက်ကြပြီးနောက် ပြန်ကြသည်။

## ခရီးစဉ်ချုပ်ပြသရုပ်

၁၉၄၆ ခု၊ နိုဝင်ဘာလ (၁၄)ရက်နေ့မှ နိုဝင်ဘာလ (၃၀)ရက်နေ့အထိ အထက်ဗမာပြည်သို့ ဗိုလ်ချုပ်ခရီးထွက်ရာတွင် တောင်ငူ၊ ပျဉ်းမနား၊ မိတ္ထီလာ၊ မေမြို့၊ မြစ်ကြီးနားရှိ တိုင်းရင်းသား စစ်တပ်များကို စစ်ဆေးပြီးလျှင် တိုင်းရင်းသား စစ်ဗိုလ်နှင့် စစ်သားတို့အား လိုအပ်သော ဆိုင်ရာတရားများကို ဟောပြောခဲ့၏။ ဖဆပလအဖွဲ့ချုပ်မှ ကွန်မြူနစ်တို့အား မည်သည့်အတွက် ထုတ်ပယ်လိုက်ရသည့်အကြောင်း ရှင်းလင်းမှုနှင့် လူထုညီညွတ်မှုတရားများကို ဟောကြားခဲ့၏။ အထူးအားဖြင့် မြစ်ကြီးနားတွင် 'ကချင်–ဗမာချစ်ကြည်ရေး' ကောင်းစွာ ထမြောက်အောင်မြင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

၁၉၄၆ ခု၊ ဒီဇင်ဘာလ (၁၈) ရက်နေ့မှစ၍ ဒီဇင်ဘာလ (၂၆) ရက်နေ့အထိ သံဖြူဇရပ်၊ မုဒုံ၊ မော်လမြိုင်မှစ၍ ဘားအံ၊ လှိုင်ဘွဲ့၊ ကပ္ပလီနှင့် သထုံမြို့များသို့ လည်းကောင်း၊ ကရင်နီနယ် လွိုင်ကော်သို့ လည်းကောင်း၊ တောင်ကြီး၊ ကလော၊ ညောင်ရွှေမြို့များသို့ လည်းကောင်း သွားရောက်ပြီးလျှင် တိုင်းရင်းသားချင်းချင်း ညီညွတ်မှုနှင့် လူထုညီညွတ်မှု တရားများကို ဟောပြောရာတွင် အထူးခရီးရောက်ခဲ့၏။

၄င်းအကြိမ်တွင် ၁၉၄၇ ခု၊ ဇန်နဝါရီလ (၃၁) ရက်နေ့အတွင်း ဗမာပြည်ကို လွတ်လပ်ရေးပေးမည်ဟု ဗြိတိသျှအစိုးရက မကြေညာလျှင် ဖဆပလအစိုးရ နုတ်ထွက်မည့်အကြောင်း အတိအလင်း ကြေညာလျက် ပြင်းပြင်းထန်ထန် ဟောပြော၏။ ဗိုလ်ချုပ်၏ ပြတ်ပြတ်တောက်တောက် တင်းတင်းမာမာကြီး ဟောပြော ပြင်ဆင်မှုများကြောင့် ဘိလပ်အစိုးရ နန်းရင်းဝန်ကြီး 'မစ္စတာ အက်တလီ' က 'ဗမာပြည်သည် ဗြိတိသျှ အင်ပိုင်ယာအတွင်း နေလိုကနေနိုင်သည်။ မနေလိုက ထွက်နိုင်သည်' ဟူသော အချက်ပါရှိသည့် မိန့်ခွန်းတစ်ရပ်ကို ကြေညာပြီးလျှင် ဗမာပြည် အရေး ဆွေးနွေးပွဲအတွက် ဗိုလ်ချုပ်အား ဖိတ်ကြားသဖြင့် ၁၉၄၇ ခု၊ ဇန်နဝါရီလ (၂) ရက်နေ့တွင် ဘိလပ်သို့ ထွက်သွားရ၏။ ဘိလပ်တွင် အရေး ဆို၍ 'အောင်ဆန်း-အက်တလီချုပ်' ဖြစ်မြောက်အောင်မြင်ပြီးသည့်နောက် ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် ရန်ကုန်သို့ ပြန်ရောက်၏။

ဗိုလ်ချုပ် ဘိလပ်မှပြန်ရောက်ပြီးသည့်နောက် (၆) ရက်နေ့ပြီးလျှင် ဖေဖော်ဝါရီ (၈) ရက်နေ့မှာပင် ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့သို့အရောက် သွား၍ ရှမ်း၊ ကချင်၊ ချင်း၊ တောင်တန်းနယ်များနှင့် ဗမာပြည်ပူးပေါင်းရေး အစည်းအဝေးကြီး ကျင်းပပြီးလျှင် ဖေဖော်ဝါရီလ (၁၂) ရက်နေ့ နံနက် (၁၀) နာရီအချိန်တွင် တောင်တန်းနယ်များနှင့် ဗမာပြည်ပူးပေါင်းရေး စာချုပ်ကြီးကို လက်မှတ်ရေးထိုးကြ၏။ လူမျိုးရေးညီညွတ်မှုကြီးသည်လည်း တိုးတက် ခိုင်မြဲလာ၏။

၁၉၄၇ ခု၊ မတ်လ (၄၊ ၅၊ ၆) ရက်နေ့များတွင် ကျင်းပသော ဘီလင်းမြို့ 'ချင်း-ဗမာချစ်ကြည်ရေး' အစည်းအဝေးကြီးသို့ ဗိုလ်ချုပ်က ဝန်ကြီး ဦးဘချိုအား ကိုယ်စားစေလွှတ်ရာ၌လည်း အထူး ထမြောက် အောင်မြင်ခဲ့၏။

၁၉၄၇ ခု၊ မတ်လ (၁၅) ရက်နေ့မှ (၁၈) ရက်နေ့အထိ လေကြောင်းခရီးဖြင့် မြိတ်၊ ထားဝယ်နှင့် မော်လမြိုင်မြို့များသို့ လည်းကောင်း၊





မတ်လ (၂၀) ရက်နေ့မှ ဧပြီလ (၈) ရက်နေ့အထိ အထက်ဗမာပြည် တစ်လျှောက် မြို့ရွာများသို့လည်းကောင်း တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကြီးအတွက် အထူး တရားဟောထွက်ကာ ကြိုးစားခဲ့၏။ ကြိုးစားသည့်အတိုင်းလည်း ရွေးကောက်ပွဲကြီး ဖဆပလ အမှတ်အများဆုံးရ၍ အပြတ်အသတ်ကြီးနိုင်ခဲ့၍ (၉၅) ရာခိုင်နှုန်း အနိုင်ရ၏။

(ထိုမှ ဗိုလ်ချုပ်အောင်ဆန်း ခရီးထွက်ရာတွင် ကျွန်ုပ် အမြဲလိုက်ပါရပြီးလျှင် ဟောပြောချက်များကို ရေးမှတ်၍လည်းကောင်း၊ အတွေ့အကြုံ ဓာတ်ပုံများ ရိုက်ကူး၍လည်းကောင်း ပြည်သူ့ဆက်ဆံရေးဌာနမှတစ်ဆင့် သတင်းစာတိုက်များသို့ သတင်းဖြန့်ချိရေးဝတ္တရားများကို ဆောင်ရွက်ခဲ့ရ၏။

## အချိန်ကိုင်ငဲ့ ဓာမချဲ့

ဗိုလ်ချုပ်သည် နိုင်ငံရေးတရားပွဲကျင်းပရာ၌ ဓာချဲ့ကာ အချိန်ဖြုန်းတီးမှုကို မကြိုက်ချေ။ ဥပမာ မိမိရောက်သည်နှင့် တစ်ပြိုင်နက်၊ တရားဟောစင်ပေါ်သို့ တက်ဟောပြီးသည်နှင့် တစ်ပြိုင်နက် ရှေ့သို့ ဆက်ထွက်ပြီး ချိန်းထားသော အစီအစဉ်အတိုင်း အမီရောက်အောင်သွားပြီး ဟောလေ့ရှိ၏။ လွန်လေပြီးသော ခေတ်ဟောင်းကကဲ့သို့ အငြိမ့်စည်တော်ဖြင့် အချိန်ကုန်စေမှုများကို အလိုမရှိ။

မော်တော်ကားမောင်းရာ၌ တစ်နာရီလျှင် မိုင် (၂၅၊ ၃၀) လောက် မောင်းသည်ကို မကြိုက်။ မိုင် (၄၀၊ ၅၀) လောက်မောင်းမှ ကျေနပ်၏။ ကားမောင်းဝိဇ္ဇာဖြစ်သော ဒရိုင်ဘာ မောင်ခင်မောင်ကလည်း ဗိုလ်ချုပ်၏ အလိုအတိုင်း မိုင် (၅၀၊ ၆၀) ထိအောင် မောင်းနှင်လျက် ဘေးရန်မခဘဲ ကျင်လည်စွာ မောင်းနှင်ပေးခဲ့၏။ အပါးတော်မြဲ ဗိုလ်ထွန်းလှကား ဗိုလ်ချုပ်၏ အလိုသိကာ အလိုကျ အံကိုက်ဖြစ်အောင် အသင့်စီစဉ်ထား၍ တရားတစ်ပွဲပြီးလျှင် ရှေ့ဘာရှိသလဲဟု မေးလေ့ရှိ၏။ ဘယ်မြို့ရောက်မည်၊ အချိန်ဘယ်နှမိနစ်ဟောရမည် စသဖြင့် စီစဉ်ချက်ကို ပြောပြရ၏။ ဗိုလ်ချုပ်လက်ထဲသို့ စာများကို တိုက်ရိုက် ဝင်ရောက်ပေးကြသော်လည်း ဖွင့်၍မဖတ်။ ဗိုလ်ထွန်းလှကိုသာ ပေးလေ့ရှိ၏။ အရေးကြီးလျှင်ကြီးသလို၊ မကြီးလျှင် မကြီးသလို တင်ပြရ၏။

နေရာပေါင်းများစွာတွင် ဗိုလ်ချုပ် တရားဟောပြီးလျှင် ချက်ချင်း မသွားစေဘဲ ညှိခံကျွေးမွေးလိုသဖြင့် ဆိုင်းငံ့ရန် တောင်းပန်ကြ၏၊ ဗိုလ်ချုပ်က-

"စားတာသောက်တာတွေက အရေးမကြီးပါဘူး။ အလုပ်လုပ်


www.burmeseclassic.com

www.burmeseclassic.com

စရာတွေက အရေးကြီးပါတယ်၊ ကိုင်း- သွားကြမယ်''

ဆိုကာ ခရီးထွက်သွားလေ့ရှိ၏။ အချို့နေရာများတွင် 'စားစေချင်ရင် ကားပေါ်တင်ပေးလိုက်တာပေါ့'

ဟု ပြောသဖြင့် ငှက်ပျောသီး၊ လိမ္မော်သီး စသည်တို့ကို ကားပေါ်သို့ တင်ပေးလိုက်ကြ၏။

(နိုင်ငံရေးဆောင်ရွက်ရာ၌ ကျွေးမွေးဧည့်ခံသူတို့၏ စေတနာကိုမငဲ့၊ အချိန်နှင့် အလုပ်ဝတ္တရားကိုသာ ငဲ့မှုပင်တည်း။)

## ဟိတ်လည်းမရှိ၊ ဟန်လည်းမရှိ

ဗိုလ်ချုပ်သည် ဟန်မရှိ၊ ဟိတ်ဟန်မလုပ်တတ်။ ဥပမာ မရယ်ချင်ဘဲနှင့် ရယ်ချင်လေဟန်၊ မသိဘဲလျက်နှင့် သိလေဟန်၊ နှုတ်မဆက်ချင်ဘဲလျက်နှင့် နှုတ်ဆက်ချင်လေဟန် လောကွတ်ပျူငှာလုပ်လေ့မရှိ။ ရွေးကောက်ပွဲတွင် မဲလိုသဖြင့် မည်သည့် ဆရာတော် သံဃာတော်ကိုမျှ ကပ်လေ့ကပ်ထမရှိ။ သို့ကြောင့်လည်း ၁၉၄၇ ခု၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့က ရန်ကုန်မြို့ မြို့တော်ခန်းမကြီး၌ကျင်းပသော ပထမပြန် စာမေးပွဲအောင်ပုဂ္ဂိုလ်များအား ဆက်ကပ်လှူဒါန်းသော ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဗိုလ်ချုပ်က ဆရာတော် သံဃာတော်များအား အောက်ပါအတိုင်း ရှင်းရှင်းကြီး လျှောက်ထားခဲ့လေသည်။

''ယခု ဗမာပြည်ရွေးကောက်ပွဲ နီးကပ်လာတာနဲ့ အချို့ နိုင်ငံရေးသမားတွေဟာ ဘုန်းတော်ကြီးများ၏အနားကို ကပ်ချင်ကြတယ်။ တပည့်တော်ကတော့ မကပ်ဘူး ရှင်းရှင်းပဲ။ နိုင်ငံခြားသွားခါနီးတဲ့အခါ ရွှေတိဂုံဘုရားကြီးဖူးပြ၊ နိုင်ငံခြားကပြန်လာတဲ့အခါကျပြန်တော့လည်း ဘုန်းတော်ကြီးများကို ဖူးပြ၊ လူကြားကောင်းအောင် သက်သတ်လွတ်စားရန်ဆိုပြီး သတင်းစာထဲကနေပြီး ဖိတ်ခေါ်၊ ဒီလို ဟန်ပြအလုပ်မျိုးတွေကို နိုင်ငံရေးသမားများ လုပ်တတ်ကြပါတယ်။ တပည့်တော်ကတော့ ဒီလို ဟန်ပြအလုပ်မျိုးတွေကို မလုပ်တတ်ဘူး။ ရိုးရိုးနေတဲ့အခါမှာ ဘုရားတရားမအောက်မေ့ဘဲ ဒုက္ခရောက်နေတဲ့အခါ၊ မကျန်းမာနေတဲ့အခါ၊ ချမ်းသာသုခလိုတဲ့အခါ အောက်မေ့လေ့ရှိကြတာလို နိုင်ငံရေးသမားတွေလည်း ရွေးကောက်ပွဲနီးကပ်လာတဲ့အတွက် ဘုန်းတော်ကြီးများကို သတိရလာပြီ''

ဟိတ်ဟန်မရှိ လောကွတ်ပျူငှာ မလုပ်သည်ကို အကြောင်းပြုပြီး ဟန်ကြီးပန်ကြီးနိုင်သည်ဟု အထင်လွဲမခံရလေအောင်၊ လောကဝတ္တရားကျေပွန်သည့်အနေမျိုးဖြစ်လေအောင် ဤသူကို ခေါ်မှတော်၊ ဤသူကို





ကျွေးမှတော်မည် စသည်ဖြင့် အကြံပေးသလို အချက်များကိုကား လက်ခံသဘောမတူလုပ်လေ့ရှိ၏။

## ရန်သူမကြောက် ရဲရဲတောက်

၁၉၄၆ ခု၊ နိုဝင်ဘာလ (၁၄) ရက်နေ့၊ (၁၅) ရက်နေ့များတွင် တောင်ငူမြို့၌ ကွန်မြူနစ်များအား ဖဆပလမှ မည်သည့်အတွက် ထုတ်ပစ်ရသည့် ပြဿနာရပ်တို့ကို ဟောပြောပြီး၍ ခရီးထွက်ခါနီးတွင် ကိုယ်ရံတော် ဗိုလ်မင်းလွင်က 'ပျဉ်းမနားနယ်ဘက်တွင် ဗိုလ်တာရာ ကွင်းထဲဆင်းပြီး အလုပ်လုပ်နေပြီဖြစ်၍ သတိနှင့်သွားရန်လိုကြောင်း' ပြောသောအခါ ဗိုလ်ချုပ်က-

''တာရာ့အကြောင်း ငါသိပါတယ်။ ဒီအကောင် ဘာမှသတ္တိရှိတာ မဟုတ်ဘူး။ ဒါလောက်လည်း အထင်ကြီးမနေပါနဲ့၊ သွားမှာသွားပါ။ ဒီလက်နက်ကိုင် ဒီပုလိပ်တွေတောင် မလိုပါ''

ဟု ပြောပြီးလျှင်-

''ကဲ…ကဲ…သွား''

ဟု အမောင်းနိုင်းသဖြင့် ဆက်လက် မောင်းရတော့၏။ ကျွန်ုပ်သည် ဗိုလ်ချုပ်နှင့် နီးကပ်စွာ လိုက်ပါရသူဖြစ်၍-

''အင်း- ဒီတစ်ခါ တစ်ပွဲတစ်လမ်းတော့ တွေ့ကြတော့မှာပဲ''

ဟု အနည်းငယ် စိုးရိမ်ပူပင်မိသေး၏။ သို့ရာတွင် ခေါင်းဆောင်ဖြစ်သူ ဗိုလ်ချုပ်နှင့်တကွ ဗိုလ်ထွန်းလှ၊ ဗိုလ်မင်းလွင်တို့တောင်မှ သွားရဲသေးလျှင် ငါ ဘာကြောင့် မသွားရဲဘဲရှိရမှာလဲဟု စိတ်ကို ပြောင်းလဲတင်းမာကာ ကြောက်စိတ်ကို ဖြေဖျောက်ရ၏။

ရေတာရှည်မြို့မှ ခရီးဆက်လက်ထွက်ကြသောအခါ နိုင်ငံရေးနှင့်စကားစပ်မိပြီးလျှင်-

''ဦးပုကလေး၊ လူများဟာ သွေးပူနေတုန်း သေရဲပေမယ့် သွေးအေးနေတဲ့အခါ မသေရဲကြဘူး။ ကျွန်တော်တို့တော့ဖြင့် သွေးပူနေတဲ့အခါလည်း သေရဲတယ်။ သွေးအေးနေတဲ့အခါလည်း သေရဲတယ်။ သွေးအေးနေတဲ့အခါ သေရဲအောင် အတော်ကျင့်ခဲ့ရတယ်။ နိုင်ငံရေးနယ်ထဲ မဝင်ရောက်မီ နှစ်နှစ်လုံးလုံးကျင့်ပြီး နိုင်ငံရေးနယ်ထဲ ဝင်ခဲ့တာပဲ''

ဗိုလ်ချုပ်က ပြောပြ၏။

၁၉၄၂ ခုနှစ် ဗမာပြည်မှ အင်္ဂလိပ်များထွက်ပြေးကာ ဗိုလ်ချုပ်အောင်ဆန်း မေမြို့သို့ ရောက်ရှိလာသဖြင့် ကျွန်ုပ် သွားရောက်တွေ့ဆုံ



www.burmeseclassic.com

www.burmeseclassic.com



အခါက-

"လူအများဟာ သူတစ်ပါးကို သတ်ဖို့တော့ ရဲတယ်၊ ကိုယ်သေဖို့ကျတော့ မသေရဲကြဘူး။ သတ်ရဲရင် သေရဲဖို့ အရေးကြီးတယ်"

ဟု ပြောသောစကားကိုလည်း ပြန်၍ သတိရမိ၏။

(ဤကား အာဇာနည်သူရဲကောင်းတို့၏ သူရသတ္တိဂုဏ်ပြည့်ဝမှုပင်တည်း။)

## စကားမပြော တုဏှိဘော

'ဗိုလ်ချုပ်အောင်ဆန်းဟာ တစ်ခါတစ်ရံ စကားမပြော အတန်ကြာအောင် ငိုင်နေတတ်တယ်။ တစ်ခါတစ်ရံ စိုက်မိစိုက်ရာ တွေဝေနေတတ်တယ်။ ဘယ်လိုဖြစ်တာလဲ၊ စိတ်များ နောက်နေလေရော့သလား မသိဘူး'

ဟု နိုင်ငံရေးသမားတို့၏ပြောသံကို ယခင်က တစ်ကြိမ်၊ နှစ်ကြိမ် ကြားခဲ့ရဖူး၏။ ဗိုလ်ချုပ်နှင့် နီးနီးကပ်ကပ် လိုက်ပါသွားရသောအခါ၌ စကားမပြော တုဏှိဘောနေသည်ကို မကြာခဏ တွေ့ရသဖြင့် မူလ ကြားဖူးသောစကားကို သတိရပြီး အထူး အကဲခတ်ကာကြည့်နေရာ မြစ်ကြီးနားသို့ရောက်တော့မှ ထိုသဘောကိုဖမ်းမိတော့၏။

မြစ်ကြီးနားသို့ရောက်သောအခါ ကချင်စစ်တပ်တွင် တည်းခိုကြရ၏။ ရွက်ထည်ရုံကလေးတစ်ရုံတွင် ကျွန်ုပ်တို့ နေကြရ၏။ တစ်နေ့လုံး တရားဟောပြောခြင်း၊ စစ်တပ်များကို လှည့်လည် စစ်ဆေး ကြည့်ရှုခြင်းတို့ဖြင့် အတော်မောပန်း၍ ညစာစားပြီး ရွက်ထည်ရုံသို့ ပြန်ရောက်ကြသောအခါ ဗိုလ်ထွန်းလှက-

"အန်ကယ်၊ ကျွန်တော် စာနည်းနည်းရေးစရာ ရှိနေပါတယ်။ ဗိုလ်ချုပ်ထံ ခဏလောက်သွားပြီး စကားစမြည်ပြောပါဦး၊ ပျင်းနေလိမ့်မယ် ထင်တယ်"

ဟု ပြောသဖြင့် ကျွန်ုပ် သွားရောက်သောအခါ ဗိုလ်ချုပ်သည် ကုလားထိုင်တွင်ထိုင်ကာ မလှုပ်မရှား တစ်စုံတစ်ရာကို စဉ်းစား အာရုံစူးစိုက်သည်ကို တွေ့ရ၏။

ကျွန်ုပ်လည်း ၎င်း၏အနီးရှိ ကုလားထိုင်တွင် ထိုင်ကာ အကဲခတ်လေတော့၏။ အတန်ကြာအောင်ပင် ဘာစကားတစ်ခွန်းမှမပြောဘဲ စိုက်နေ၏။ အကဲမပေါ်သေး၊ အတန်ကြာပြီးသည့်နောက် 'အင်း' ဟု အသံထွက်ကာ သက်ပြင်းကြီးချပြီးလျှင်-





"ဒီအကောင်တွေဟာ တော်လည်းတော်တဲ့ အကောင်တွေပဲ"

ဟု စကားတစ်ခွန်းထွက်လာ၏။

"ဘာများ စဉ်းစားနေပါသလဲ"

ဟု မေးလိုက်သောအခါ-

"အင်္ဂလိပ်တွေလုပ်ထားပုံကို စဉ်းစားနေတာပါပဲ။ ဗမာ၊ ကရင်၊ ကချင် တိုင်းရင်းသား စစ်တပ်တွေကို ထားတဲ့နေရာမှာ မတူတာတွေကို တွေ့ရတယ်။ ဗမာစစ်တပ်ကျတော့ တစ်မျိုး၊ ကရင်စစ်တပ်ကျတော့တစ်မျိုး မြှင့်ထားတယ်။ ကချင်စစ်တပ်ကျပြန်တော့ ပိုပြီးကောင်းအောင်ထားပြန်တယ်။ သိုးကာသီကာ မြှင့်တင်ထားပုံများကို တွေ့ရတယ်"

စသဖြင့် ပြောပြ၏။

ဤတွေ့မြင်ရပုံကို ကြည့်ရခြင်းအားဖြင့် ဗိုလ်ချုပ် စိုက်မိစိုက်ရာ အာရုံစူးစိုက်နေတတ်ခြင်းသည် အကြောင်းမဲ့ တွေတွေဝေဝေ စကားမပြော တုဏှိဘောနေခြင်းမဟုတ်၊ အရေးကြီးသော 'ဗမာ့လွတ်လပ်ရေး' လုပ်ငန်းဧည့်ကြီးများကို စဉ်းစားနေခြင်းပင်ဖြစ်ကြောင်း သိရတော့၏။

(ဤကား ရှုစမ်းဆင်ခြင်တတ်သည့် စီမံသနုဉာဏ်ကြီးမှုပင်တည်း။)

အရေးကြီးသည့် စိတ်ဝင်စားဖွယ်များကို စဉ်းစားခြင်း မရှိသည့် အခါမျိုးတွင် ဗိုလ်ချုပ်နှင့် စကားပြောရသည်မှာ အလွန် ကောင်း၏။ တစ်ခါတစ်ရံ ရယ်စရာစကားများကိုပြောသည်မှာ ရွှန်းရွှန်းဝေနေတော့၏။

## နေမကောင်းလျက် ခရီးထွက်

၁၉၄၆ ခု၊ ဒီဇင်ဘာလ (၂၃) ရက်နေ့ ကရင်နီနယ် လွိုင်ကော်မြို့တွင် ကျင်းပမည့် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်သို့ ဗိုလ်ချုပ် ကြွရောက်ရန် ကရင်အမျိုးသားခေါင်းဆောင်များ၏ ဖိတ်ကြားချက်ကို လက်ခံပြီးဖြစ်သည်ကို မဖျက်လိုသဖြင့် နေကလည်းမကောင်း၊ ချောင်းကလည်း ဆိုးလျက်ပင် ခရီးထွက်ဖြစ်အောင်ထွက်သွား၏။ နေမကောင်းသည်ကို ပြုစုရန်အတွက် ဗိုလ်ချုပ်ကတော် (ဒေါ်ခင်ကြည်) ကိုပါ ခေါ်သွား၏။ ကလေးငယ် သုံးယောက်ကိုကား အိမ်တွင်ထားခဲ့၏။

ထိုခရီးတွင် ဗိုလ်ထွန်းလှ၊ ဗိုလ်မင်းလွင်နှင့် ကျွန်ုပ်အပြင် ဖဆပလ ဌာနချုပ် အလုပ်အမှုဆောင် တောင်တန်းနယ်ဆိုင်ရာ အတွင်းရေးမှူး ဦး ခင် (ယခု ပါကစ္စတန် မဟာမင်းကြီးလည်း) ပါ၏။ တောင်တက်၊ တောင်ဆင်းလမ်းခရီးတွင် ရန်ကုန်မှ ဒရိုင်ဘာများကို စိတ်မချဘူးဆိုပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



ထိုခရီးလမ်းတွင် ကားမောင်း အထူးကျွမ်းကျင်သော ဦးဖေခင် ကိုယ်တိုင် ဗိုလ်ချုပ်ကားကို မောင်း၏။ ဒီဇင်ဘာလ (၂၃) ရက်နေ့ နံနက် (၁၀) နာရီအချိန်လောက် မိတ္ထီလာလေယာဉ်ပျံကွင်းမှ လွိုင်ကော်သို့ နေ့ချင်းပေါက် ရောက်လိုသည်။ ဗိုလ်ချုပ်ကပြောသဖြင့် ဦးဖေခင်သည် တစ်နာရီ မိုင် (၄၀၊ ၅၀) နှင့် တွင်တွင်ကြီးနှင်လေ၏။ ကလောမှ လူထုက ဆီးတားသဖြင့် (၁၅) မိနစ်မျှ ရပ်တန့်ကာ အနည်းငယ် ဟောပြော၍ တောင်ကြီးသို့ ဆက်လက်သွားရာ လူထု (၁၀၀၀၀) ကျော်တို့ ကြိုဆိုလျက်ရှိသည်ကို တွေ့နေရပြန်၏။ တောင်ကြီးတွင် နေ့လယ်အချိန် နံနက်စာစားပြီးနောက် ဆက်လက်ထွက်ကြရာ လမ်းမကောင်းသော်လည်း တွင်တွင်ကြီးနှင်သဖြင့် ည (၇) နာရီခွဲအချိန် လွိုင်ကော်မြို့သို့ ဆိုက်ရောက်ကြ၏။ အစောင့်လိုက်သော ပုလိပ်ကားမှာ နောက်တွင် ခရီးအတော်ကွာ ကျန်ရစ်ခဲ့ပြီးလျှင် အတော်ညဉ့်နက်မှ လွိုင်ကော်သို့ ဆိုက်ရောက်လာကြ၏။

ကျွန်ုပ်မှာ ဗိုလ်ချုပ်ကားတွင် နောက်ပိုင်းမှ စီးလိုက်ရသဖြင့် လမ်းမကောင်း၍ ကသောင်းကနင်း ကသိကအောက်နှင့် တဆောင့်တည်းဆောင့်ကာ လိုက်ရတော့၏။ အမိုးနှင့် ခေါင်းဆောင့်မိသည့်အခါတွင် ဗိုလ်ထွန်းလှက နောက်ကို လှည့်ကြည့်ပြီး ရယ်သေး၏။

## ဗိုလ်ချုပ်ကတော် အော့အန်သော်

လွိုင်ကော်ခရီးတွင် တောင်ကြီးသို့မရောက်မီ အကွေ့အကောက်များသော တောင်အတက်တွင် ဒေါ်ခင်ကြည်မှာ မော်တော်ကားတောက်ပြီး မူးဝေအော့အန်လေ၏။ ထိုအခါ နေမကောင်းလျက်ရှိသော ဗိုလ်ချုပ်သည် ဒေါ်ခင်ကြည်၏ကျောကို နှိပ်ပေးပြီးလျှင်-

"ကိုယ် နေမကောင်းလို့ ပြုစုဖို့ခေါ်လာမှ ကိုယ်က သူ့ကို ပြန်ပြုစုနေရပြီ"

ဆိုပြီး ဟက်ဟက်ပက်ပက် ရယ်မောကာ ပြော၏။ ဗိုလ်ချုပ်သည် အသွားတွင် နေမကောင်းလျက်ရှိနေသော်လည်း လွိုင်ကော်မြို့တွင် ကရင်နီခေါင်းဆောင်များ၊ စော်ဘွားများနှင့် ကောင်းစွာ ဆွေးနွေးရသည့်ပြင် ဈေးအနီး မမ္ဘာရုံကြီး၌လည်း လူထုတရားပွဲ ဟောခဲ့ရသေး၏။ လမ်းခရီးတွင် မော်တော်ကား ခေတ္တရပ်နားစဉ် ဗိုလ်မင်းလွင်က 'မည်သူဟာ မည်သူနဲ့ လက်ထပ်သွားပြီ၊ ပိုးနေတာတော့ ကြာလှပြီ' ဟု စကားစပ်ပြီး ပြောလိုက်သောအခါ ဗိုလ်ချုပ်က-

"ကြာကြာကြီးပိုးနေစရာ မလိုပါဘူး၊ နည်းရှိပါတယ်။ ကျုပ်တို့တော်ကြာကြာပိုးမနေပါဘူး"

ဟု ပြောလိုက်ရာ ဆိုလိုက်သဖြင့် ကျွန်ုပ်တို့ ဝိုင်း၍ ရယ်ကြရသေး၏။

(ဗိုလ်ချုပ်သည် လူထုအကျိုး သယ်ပိုးဆောင်ရွက်ရာ၌ ဒေါ်ခင်ကြည်သည်လည်း ကလေးများကို ညီမ၊ မမကြီးနှင့်ထားခဲ့ကာ ဤသို့လိုက်လာရခြင်းသည်လည်း ပါရမီကို ကူညီဆောင်ရွက်မှုပင်တည်း။)

## ဗိုလ်ချုပ်ပျော်မြူး တေးသံကျူး

ဗိုလ်ချုပ်သည် ၁၉၄၆ ခု၊ ဒီဇင်ဘာလ (၁၈) ရက်နေ့ သံဖြူဇရပ် သရဏဂုံတင်ပွဲ အခမ်းအနားမှအပြန် မုဒုံသို့ ဝင်ရောက် တရားဟောပြီးသည့်နောက် ၄င်းညမှာပင် မော်လမြိုင်သို့ ခရီးဆက်လက်သွားကြရာ ကားပေါ်၌ ပျော်ပျော်ရွှင်ရွှင် စကားစပ်မိစပ်ရာ ပြောကြရင်း ဗိုလ်ချုပ်က အောက်ပါသီချင်းကို သူ၏တူရိယာမဆန်သော အသံကြီးဖြင့် ညည်းသေး၏။

ခိုင်ရွှေညာတန်×××စိမ်းလဲ့လဲ့နှင့်×××မာလာဝတ်မှုန်ရီ×××ခင်ခင်ပျိုမဒီ×××ထိန်းသိမ်းခဲ့လို့×××စီရီပွင့်ချပ်ညီ×××မြင်ရသူတိုင်း×××လိုချင်စက်မောသည်×××။

မည်သူမဆို မိမိဆောင်ရွက်မှုကိစ္စ နေရာတကျရှိရန် အခွင့်အလမ်း ပေါ်ပေါက်လာသောအခါ ရွှင်လန်းဝမ်းသာစမြဲ ဖြစ်သည့်အတိုင်း ဗိုလ်ချုပ်သည် ဘိလပ်အစိုးရ နန်းရင်းဝန်ကြီး မစ္စတာအက်တလီ၏ ထုတ်ပြန်ချက်နှင့် ပတ်သက်၍ သံဖြူဇရပ်အသွား ဘုရင်ခံထံမှ ကြိုတင်ကြားနှင့်ခြင်းကြောင့် ယခုကဲ့သို့ ရွှင်လန်းဝမ်းမြောက်သည့် အမူအရာဖြစ်လိမ့်မည်ဟုသာ သတင်းစာဆရာ၏ သဘောတရားဖြင့် အကဲခတ်ရလေသည်။

ဗိုလ်ချုပ် ခရီးထွက်ရာတွင် အမြဲလိုက်ပါနေရသော အပါးတော်မြဲ ဗိုလ်ထွန်းလှ၊ ကိုယ်ရံတော် ဗိုလ်မင်းလွင်နှင့် ကျွန်ုပ်ပါ သုံးယောက်သားတို့သည် မပြတ်ပင် ပျော်ပျော်ရွှင်ရွှင်နေခဲ့ကြ၏။ မည်သည့်အခါမျှ ပျင်းရိတွေဝေ တိတ်ဆိတ်မနေကြ။ ခရီးပန်း၍ ညိုနွမ်းနေကြသည်၍လည်း မရှိ။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သုံးယောက်သား မရယ်ဘဲမနေနိုင်ဖြစ်သည်လည်း ရှိ၏။

ကျွန်ုပ် ကောင်းစွာ မှတ်မိသေးသည်။ ရွေးကောက်ပွဲအတွက် ဗိုလ်ချုပ်တို့လူသိုက်သည် အထက်ဗမာပြည်သို့ ခရီးထွက်လျက်ရှိစဉ် ပျော်ဘွယ်မြို့တွင် ခေတ္တနားနေသော တစ်ညနေ၌ ဗိုလ်ထွန်းလှသည် ရေချိုးသွားမည်အပြု မျက်နှာသုတ်ပဝါ ခေါင်းပတ်ပြီး စုတ်ပြဲလျက်ရှိသော







www.burmeseclassic.com

www.burmeseclassic.com

စွပ်ကျယ်အင်္ကျီကိုဝတ်ထားရင်း မှန်ကို ကြည့်လိုက်သောအခါ ရုပ်တစ်မျိုး ပေါ်နေသဖြင့် အနီးရှိ လက်ခတ်စည်းကိုယူပြီးလျှင် စာကြည့်နေသော ကျွန်ုပ်၏ရှေ့တည့်တည့်သို့ လာရောက်ကာ သူတောင်းစားပမာ ဆောင့်ကြောင့်ထိုင်လျက် 'စုံဆယ်ဖြာ-ပန်ထွာဦးတင်' ယိုးဒယားသီချင်းကို စည်းတီးရင်း သံနေသံထားနှင့်ဆိုသဖြင့် ကျွန်ုပ်တို့အချင်းချင်း အားရပါးရ ရယ်မောနေကြသည်ကို ခပ်လှမ်းလှမ်းမှမြင်ရသော ဗိုလ်ချုပ်လည်း မရယ်ဘဲမနေနိုင်တော့ချေ။

ခရီးထွက်စဉ်အခါ တစ်မြို့ပြီးတစ်မြို့ တရားပွဲများ ဆက်ကာဆက်ကာ ဟောရ၍ ပင်ပန်းသည်ကလည်း တစ်ကြောင်း၊ အမျိုးမျိုးသော အမှုကိစ္စများ တိုင်ကြတောကြကို ကြားရလွန်းများသည်က တစ်ကြောင်း စိတ်ရှုပ်လာသောဗိုလ်ချုပ်သည် စိတ်ပြေလက်ပျောက်ရှိစေရန်သဘောနှင့် 'ဟော့…ဗိုလ်ထွန်းလှ သီချင်းတစ်ပုဒ်ဆိုပြီး တီးစမ်းကွာ' ဟု ခိုင်းသဖြင့် ဗိုလ်ထွန်းလှလည်း အနားတွင်ရှိသော စန္ဒရားဖြင့် ဗိုလ်ချုပ် အသည်းစွဲဖြစ်သော ဘိလပ်ပြန်သန်း၏ 'မြပန်းခွေ' တေးချင်းကိုဆိုရင်း တီးပြရလေသည်။

ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း) ကား စာပေ၊ ကဗျာ၊ အနုပညာ၌ အထူး ဝါသနာထုံ၏။ ဂီတကို ချစ်၏။ အတီးကောင်း၊ အဆိုကောင်း တစ်ယောက်လည်း ဖြစ်၏။ ထို့ကြောင့် ရောက်လေရာရာ တည်းခိုသည့် နေအိမ်များတွင် စန္ဒရား၊ တယော စသည်တို့ကိုတွေ့လျှင် သူ၏လက်နှင့် ကင်းလွတ်ရသည် မရှိချေ။ ဗိုလ်ချုပ်နှင့်အတူ ခရီးသွားခြင်းကို အခြေပြု၍ 'တက္ကသိုလ်နေဝင်း' အမည်ဖြင့် သူရေးသော ဒေသန္တရဆောင်းပါးများကို စာနယ်ဇင်းများတွင် စိတ်ဝင်စားဖွယ် မကြာခဏ ဖတ်ရသည်။

မေမြို့တွင် ဗိုလ်ချုပ် ခေတ္တအနားယူနေစဉ်အခါ ဗိုလ်ထွန်းလှသည် ဂီတာကျော် ဗိုလ်အုန်းမောင်ကိုပါ ခေါ်ခဲ့၏။ မေဘီအာရ်စီ စစ်တပ်မှ လက်ဖတင်နင် ဗိုလ်သန်းဝင်းတို့ တွေ့ဆုံမိသောအခါ တီးဝိုင်းတစ်ခုဖြစ်သွား၍ ဗိုလ်ချုပ်တည်းခိုသော (ဘရွမ်းဟီးလ်) နေအိမ်ကို တူရိယာသံ၊ ဂီတသံ၊ တေးဆိုသံဖြင့် မြိုင်ဆိုင်သာယာစေခဲ့သည်။ ၎င်းတို့သုံးဦးသားသည် တစ်ခါက ဗမာ့တပ်မတော်ကြီးတွင် တော်လှန်ရေးဗိုလ်များ ဖြစ်ခဲ့၏။ အနုပညာကိုမြတ်နိုးသည့် စစ်သားတစ်ဦးဖြစ်သော ဗိုလ်ထွန်းလှသည် သူ၏ချစ်ဇနီး (ခင်ဆွေဝင်း)၊ မိတ်ဆွေ ဒဂုန်တာရာ၊ ဗိုလ်အုန်းမောင်တို့ပါဝင်သော 'တက္ကသိုလ်နေဝင်း' အပျော်တမ်းအဖွဲ့ဖြင့် ရန်ကုန် အသံလွှင့်ဌာနမှ မကြာခဏ အသံလွှင့်လျက် ရှိလေသည်။





## ဘုကိုဟောကြား ဘောက်တရား

၁၉၄၆ ခု၊ နိုဝင်ဘာလအတွင်းက မေမြို့သို့ ဗိုလ်ချုပ်ရောက်ရှိရာ မေမြို့ရှိ ဖဆပလလူကြီးများနှင့်တကွ လူမျိုးပေါင်းစုံက မွတ်စလင်စာသင်ကျောင်းတွင် ဗိုလ်ချုပ်အား ဧည့်ခံပွဲသဘင် ကျင်းပကြ၏။ များသောအားဖြင့် အထက်တန်းစား လူကြီးလူကောင်းတို့ ကြွရောက်ကြ၏။ ထုံးစံအတိုင်း ဩဘာစာ ဖတ်ကြား၏။ ဗိုလ်ချုပ်သည် မည်သည့်မြို့တွင်မျှ မဟောကြားသေးသော ဘုကျကျတရားကို ဟောလေ၏။ ဗိုလ်ချုပ်က-

"ထုံးစံအတိုင်းဆိုရင်တော့ ယခုလို ဧည့်ခံကျွေးမွေးကြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်လို့ ပြောရုံရှိတာပဲ။ ကျွန်တော်က ဒီလို ဝတ်ကျေတန်းကျေ စကားမျိုးလောက် မပြောလိုဘူး။ တစ်နေ့တော့ ဘောက်တရားဟောရမှာပဲ"

ဟု စကားအစချီပြီးလျှင်-

"ဝန်ကြီးတစ်ယောက်လာရင် ဝိုင်းပြီး ဧည့်ခံကျွေးမွေးလိုက်ကြ၊ ဒီဝန်ကြီးထံကပ်ပြီး နှုးလိုက်နှပ်လိုက်ကြ၊ ကိုယ်ကျိုးရှိရာကို ဆွယ်လိုက်ကြ ဆိုတဲ့ အလုပ်တွေကို လုပ်တတ်ကြတယ်၊ ရှေးခေတ်ဝန်ကြီးများကိုသာ လုပ်လို့ရမယ်၊ ကျွန်တော့်ကိုတော့ လုပ်လို့မရဘူး။ ရှင်းရှင်းပဲ။ ခင်ဗျားတို့ဟာ ကျွန်တော့်ကို ယုံကြည်တယ်ဆိုရင်၊ ဖဆပလကို အားထားတယ်ဆိုရင် ကျွန်တော် ဆောင်ရွက်နေတဲ့ လွတ်လပ်ရေးရန်ပုံငွေထဲ ငွေများများထည့်ကြပါ။ ဖဆပလရဲ့ ညွှန်ကြားချက်လုပ်နေ်းစဉ်အတိုင်း ဆောင်ရွက်ကြပါလို့ တိုက်တွန်းလိုပါတယ်" စသဖြင့် ပြောပြီးလျှင် "ဆင်းရဲသားများခေါင်းပေါ်နင်းပြီး စီးပွားရှာသူများကိုလည်း ကျွန်တော်တို့က လျစ်လျူရှုမယ် မဟုတ်ဘူး။ တရားသဖြင့် မျှတစွာ စီးပွားရှာမှုကို လိုလားပါတယ်" ဟု ရှင်းရှင်းကြီး ဖွင့်ချလိုက်၏။

ပရိသတ်က မကြားစဖူး ထူးကဲစွာ ကြားကြသဖြင့် အံ့ဩခြင်းဖြစ်ကြ၏။ နှစ်သက်ကြ၏။ 'ဗိုလ်ချုပ်က တယ်ဆော်ပါကလား' ဟူ၍လည်းကောင်း၊ 'ဒါမှကြိုက်တယ် ရှင်းရှင်းပဲ' ဟူ၍ လည်းကောင်း အချင်းချင်း တီးတိုးစကားပြောသံများကိုလည်း ကြားရ၏။

## စော်ဘွားများအား ဟောတရား

ကရင်နီနယ် လွိုင်ကော်မြို့မှအပြန် ဒီဇင်ဘာလ (၂၄) ရက်နေ့နံက်တွင် တောင်ကြီးမြို့ ညောင်ရွှေဟိုတယ်၌ စော်ဘွားများနှင့် ဗိုလ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



ပထမအကြိမ် တွေ့ဆုံဆွေးနွေးကြရာ ညောင်ရွှေ၊ မိုင်းပွန်၊ သာမခန်းစသော စော်ဘွားကြီးများနှင့် ကိုယ်စားလှယ်များ အတော် စုံစုံလင်လင် ရောက်ရှိကြ၏။

ဗိုလ်ချုပ်က -

“ကျွန်တော်တို့ ဗမာပြည်လွတ်လပ်ရေးအတွက် အားတိုက်အင်တိုက် ဆောင်ရွက်ကြပါတယ်။ ကမ္ဘာ့အခြေအနေကို လည်းကောင်း၊ ဗမာပြည်ရဲ့ အခြေအနေကို လည်းကောင်း ဗမာပြည်လွတ်လပ်ရေးစခန်းမှာ နီးကပ်လျက်ရှိနေပါတယ်။ ကျွန်တော်တို့ ဗမာပြည်လွတ်လပ်တဲ့အခါမှ ရှမ်းပြည်ဟာ ဗမာပြည်နဲ့အတူ လွတ်လပ်စေလိုပါတယ်။ ဗမာနဲ့ပူးပေါင်းတဲ့နေရာလည်း ရှမ်းပြည် ပြည်တွင်းရေးကိစ္စများကိုတော့ ရှမ်းလူမျိုးများရဲ့ သဘောအတိုင်း ဖြစ်စေမှာပဲ။ ဗမာပြည်တစ်ဝန်းလုံးနှင့် သက်ဆိုင်တာတွေကိုတော့ ရှမ်းဝန်ကြီးများပါဝင်သော အစိုးရအဖွဲ့က စဉ်းစားဆုံးဖြတ်နိုင်ခွင့် ရှိပါလိမ့်မယ်။ ထိုအခါမှာ ဘယ်အင်္ဂလိပ်တစ်စုံတစ်ယောက်မှ စော်ဘွားများအပေါ် ခြယ်လှယ်နိုင်ခွင့်ရှိမှာ မဟုတ်ပါ။ ဥပမာ စတီဗင်ဆင်လိုလူက စော်ဘွားများအပေါ်မှာ ခြယ်လှယ်နေတယ်။ ထိုအခါကျရင် သူလိုလူမျိုးကို စော်ဘွားများက ပြန်လည် စေခိုင်းခြယ်လှယ်နိုင်ခွင့် ရှိလာမယ်။ ဘိလပ်အစိုးရက ဗမာပြည်ရေးကိစ္စဆွေးနွေးရန် ကျွန်တော်တို့ကို ဖိတ်ကြားလို့ ဇန်နဝါရီလ (၂) ရက်နေ့မှာ ဘိလပ်သွားရပါလိမ့်မယ်။

ဒီအခါမှာ ရှမ်းပြည်နဲ့ ဗမာပြည် ပူးပေါင်းရေး ပြောရပါလိမ့်မယ်။ ဒါကြောင့် စော်ဘွားများရဲ့ သဘောတူညီချက်ကို အလိုရှိပါတယ်။ အကြမ်းမူကို ရေးဆွဲပေးခဲ့ပါမယ်။ လက်မှတ်ထိုးပြီး တစ်ပါတည်းယူသွားနိုင်ပါက သာ၍ကောင်းပါမယ်။ ယခုလို ကျွန်တော် အကြံပေးသည်ကိုမှ သဘောမတူဘဲ အင်္ဂလိပ်လက်အောက်မှာပဲ နေချင်သေးတယ်၊ သူတို့ပြုသမျှပဲ ခံချင်သေးတယ်ဆိုရင်တော့ ခင်ဗျားတို့ရဲ့သဘောအတိုင်းပဲ။ သို့သော် နောင်ကို ကျွန်တော့်ကို အဆိုးမဆိုပါနှင့်။ ကျွန်တော်တို့က နယ်ချဲ့သမားများကို အပြင်းအထန်ချရတော့မှာဖြစ်လို့ နယ်ချဲ့သမားနဲ့ ပူးနေတဲ့သူများကိုလည်း ချမှာပဲ” ဟု ရှင်းရှင်းပြောပြ၏။

ထိုအခါ စော်ဘွားများကလည်း သိလိုသောအချက်များကို မေးမြန်းပြီးလျှင် ဒီဇင်ဘာလ (၂၅) ရက်နေ့ညတွင် ညောင်ရွှေမြို့၌ ထပ်မံ၍ ဆွေးနွေးရန် ချိန်းဆိုလိုက်၏။ ထိုညတွင် ညောင်ရွှေမြို့သို့ သွားရောက်ပြီး ဆက်လက် ဆွေးနွေးကြပြန်သည်။ သဘောပေါက်အောင် ဗိုလ်ချုပ်က ထပ်မံရှင်းလင်းပြသည်။ ထိုညမှာ သဘောတူ လက်မှတ်ထိုးချက်မရသော်လည်း ကျေနပ်ဖွယ်သော နှုတ်ကတိအခြေကို ရရှိလိုက်လေသည်။

နောက်တစ်နေ့နံနက်တွင် ညောင်ရွှေစော်ဘွားကြီးက ၎င်း၏ဟော်ပေါ်ရှိ ရာဇပလ္လင်နှင့်တကွ နန်းသုံးပစ္စည်းအမျိုးမျိုးတို့ကို ဗိုလ်ချုပ်အား လိုက်၍ပြ၏။ ရှေးကျသော ရွှေဘိုမင်းသလွန်တော်ကို တွေ့ခဲ့ရ၏။ ထိုနံနက်မှာပင် တရားတစ်ပွဲဟောပြီး မိတ္ထီလာလေယာဉ်ပျံကွင်းသို့ ပြန်ကြ၏။

## တောင်တန်းကချင် ဗိုလ်ချုပ်ခင်

ဗိုလ်ချုပ်သည် နိုဝင်ဘာလ (၂၈) ရက်နေ့က မြစ်ကြီးနားရှိ တိုင်းရင်းသား ကချင်စစ်တပ်ကို စစ်ဆေးရန် သွားရောက်သောအချိန်တွင် မြစ်ကြီးနားမြို့ ကချင်ခေါင်းဆောင်လူကြီးများ စိတ်မချမ်းမြေ့ဖွယ်ရာကိစ္စတစ်ခု လောလောဆယ် တွေ့ကြုံနေရသဖြင့် ဗိုလ်ချုပ်အောင်ဆန်းကို မျှော်လင့်နေသော အချိန်အခါဖြစ်နေ၏။ ဗိုလ်ချုပ်ရောက်သည့်နေ့ ညနေ (၅) နာရီအချိန်တွင် ကချင်ခေါင်းဆောင်များ၏ ဖိတ်ကြားချက်အရ သွားရောက်ရာ ဒူဝါစော်ဘွားများ၊ စစ်ဗိုလ်ဟောင်းများနှင့်တကွ ကချင်အမျိုးသားခေါင်းဆောင် (၃၀) ခန့်တို့နှင့် ဆွေးနွေးရ၏။ ထိုအစည်းအဝေးမှာ ပထမဆုံးအကြိမ်ဖြစ်သည့်ပြင် အရေးပါအရာရောက်ဆုံးလည်း ဖြစ်၏။ ဗိုလ်ချုပ်ရောက်လျှင်ရောက်ချင်း ဩဂုတ်ရာတွင် ဘီအိုင်အေလက်ထက်က ဗမာများက ကချင်များအပေါ်၌ မုန်းတီးရက်စက်ကြပုံအကြောင်းများ၊ မြစ်ကြီးနားမြို့ ဆေးရုံဟောင်းနေရာကို ကချင်လူမျိုးများ သဘောရှိ အသုံးပြုရန် အင်္ဂလိပ်ကပေးသဖြင့် သမဝါယမကုန်စုံဆိုင် အဆောက်အအုံပြုလုပ်ရောင်းချနေသောအခါမှ အရေးပိုင်က အတင်းနှင်နေပုံအကြောင်းများ၊ အင်္ဂလိပ်များပေးသည့် ကတိကို စုပုံထားမည်ဆိုလျှင် အိမ်တစ်ဆောင်လောက်ရှိမည်။ သို့ရာတွင် ဘာတစ်ခုမှ ကတိမတည်သည့်အကြောင်းများ ပါရှိ၏။

ထိုနေ့ ဗိုလ်ချုပ်က-

“ဂျပန်ခေတ်တွင် ဘီအိုင်အေစစ်တပ်တွင် ဗိုလ်လုပ်သူတစ်ယောက်က ကချင်အမျိုးသားအပေါ်၌ မတရားပြုလုပ်သည်ကို ကျွန်တော်ဝမ်းနည်းပါတယ်။ ထိုအခါက ဒီအကြောင်းကို ကျွန်တော် ကြားလျှင်ကြားချင်း ဒီစစ်ဗိုလ်ကို ခေါ်ယူပြီးလျှင် ကျွန်တော်ကိုယ်တိုင် ကွပ်မျက်လိုက်ပါတယ်။ နောင်ကို ယခုလို မဖြစ်စေရပါဘူး။ ယခု လောလောဆယ်







www.burmeseclassic.com

www.burmeseclassic.com

အရေးပိုင်က နှင်နေတယ်ဆိုတဲ့မြေဟာ ဘယ်သူပိုင်တဲ့မြေလဲ''

ဟု မေးရာ 'အစိုးရပိုင်မြေ ဖြစ်ပါတယ်' ဟု ဖြေကြ၏။

''အစိုးရ ပိုင်မြေဖြစ်ကြောင်း သေချာရဲ့လား''

ဟု ထပ်၍မေးရာ သေချာကြောင်း ထပ်၍ဖြေကြ၏။

''အစိုးရမြေဖြစ်ကြောင်း သေချာရင် မပြောင်းပါနဲ့။ ယခု ကျွန်တော်တို့ အစိုးရဖြစ်တယ်။ ဒီကိစ္စရပ်ထားဖို့ အရေးပိုင်ကို တားခဲ့ပါ့မယ်။ ရန်ကုန်ပြန်ရောက်မှ အစိုးရအဖွဲ့နဲ့တိုင်ပင်ပြီး အမိန့်ချပေးပါ့မယ်''

ဟု ပြောလိုက်သောအခါ ကချင်ခေါင်းဆောင်များ အထူး နှစ်သက် ဝမ်းမြောက်ကြ၏။ ဗိုလ်ချုပ် ရှင်းလင်းပြတ်သားစွာ ပြောပုံများကိုလည်း သဘောကျ အားရကြ၏။

ထိုအစည်းအဝေးမှာပင် ဗိုလ်ချုပ်က ဆက်လက်၍-

''ဗမာပြည်ကို လွတ်လပ်တဲ့တိုင်းပြည်ဖြစ်အောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်။ လွတ်လပ်တော့မှာတော့ အနေးနှင့်အမြန်ပဲ သေချာနေပါတယ်။ ကချင်အမျိုးသားများဟာလည်း ကျွန်တော်တို့ရဲ့ သွေးရင်းသားရင်းများ ဖြစ်သည့်အတွက် ဗမာများနဲ့ ဆိုးတူကောင်းဖက် ပူးပေါင်းဆောင်ရွက်သွားကြစေချင်ပါတယ်။ ဒါမှလည်း ခေတ်ကြီးပြောင်းလဲနေသည့်အလျောက် ကချင်အမျိုးသားများလည်း တိုးတက်နိုင်ပါမယ်။ ကချင်များဟာ ရိုင်းသေးတယ်ဆိုပြီး ခွဲခြားထားတာဟာ နှစ်ပေါင်း (၆၀) ကျော်သော်လည်း ဘာများ တိုးတက်ခြင်း ရှိပါသေးသလဲ။ ဗမာပြည်နှင့် ပူးပေါင်းလိုက်ရင် ဗမာများနှင့်အတူ ရင်ဘောင်တန်းလိုက်နိုင်ကြမယ်။ ဗမာပြည်နဲ့ ပေါင်းလိုက်ရင် ခင်ဗျားတို့အပေါ်မှာ အင်္ဂလိပ်များ မအုပ်ချုပ်ရတော့ဘူး။ ခင်ဗျားတို့နယ်ကို ခင်ဗျားတို့ပဲ အုပ်ချုပ်ရမယ်။ ဥပမာ စတီဗင်ဆင်လို အင်္ဂလိပ်အရာရှိက ယခု ခင်ဗျားတို့ကို အုပ်ချုပ်ခိုင်းနေတယ်။ ဟိုအခါကျရင် သူ့လိုလူကို ခင်ဗျားက အုပ်ချုပ်ခိုင်းနိုင်တယ်။ သို့ရာတွင် တစ်ပြည်လုံးနဲ့သက်ဆိုင်တဲ့ ဘဏ္ဍာရေး၊ ကာကွယ်ရေး၊ စီးပွားရေး စသည်တို့ကိုတော့ ကချင်ဝန်ကြီးများပါဝင်သော အစိုးရအဖွဲ့က တိုင်ပင် ဆောင်ရွက်သွားမှာပဲ။ ဘာသာရေးဆိုတာမှာလည်း လွတ်လပ်စွာ ကိုယ်ကိုးကွယ်ချင်တာကို ကိုးကွယ်နိုင်တာပဲ''

စသဖြင့် ရှင်းလင်းပြောပြသည်ကို အထူး နှစ်သက်သဘောကျကြ၏။

ကချင်ခေါင်းဆောင်ကြီးတစ်ဦးက-





''ဗိုလ်ချုပ်ကို ကျွန်တော် ကတိတစ်ခုပေးလိုပါတယ်။ ကျွန်တော်တို့အပေါ်မှာ အင်္ဂလိပ်က ကတိမတည်တာတွေကို စုထားလျှင် အိမ်တစ်ဆောင်လောက်ပင် ရှိမယ်။ တကယ်လို့ ချစရာရှိရင် ခေါ်ပါ။ ကျွန်တော်တို့ ချဖို့အသင့်ပဲ''

ဟု စိတ်လိုက်မာန်ပါ ထ၍ပြောသဖြင့်-

''အခုလည်း ချဖို့မလိုသေးပါဘူး၊ အချိန်မရောက်သေးပါဘူး''

ဟု ပြန်ပြောရ၏။

ဗိုလ်ချုပ်နှင့် ကချင်ခေါင်းဆောင်တို့ တစ်နာရီခွဲအချိန်ကလေးမျှ ဆွေးနွေးလိုက်ရခြင်းသည် အထူး အဖိုးထိုက်တန်လှ၏။ ဗိုလ်ချုပ်အပေါ်၌ ကချင်ခေါင်းဆောင်တို့ ယုံကြည်မှု ပန္နက်သဲရိုက်မိလေ၏။ ဗိုလ်ချုပ်မပြန်မီ တစ်ရက် နံနက်တွင် မြစ်ကြီးနားနှင့် (၅) မိုင်ဝေးသော မန်ခင်ရွာ စာသင်ကျောင်းဝင်းအတွင်း မဏ္ဍပ်ကြီး၌ အထူး ယုံကြည်အားထားသော မိတ်ဆွေစစ်ဖြစ်ကြောင်း အထိမ်းအမှတ်အဖြစ်နှင့် ကချင်အမျိုးသားတို့၏ထုံးစံအတိုင်း ဗိုလ်ချုပ်အား ထမင်းစားပွဲကြီး တည်ခင်းကျွေးမွေးကြ၏။ ဝါးကျည်တောက်နှင့် ခေါင်ရည်ကိုတိုက်ခြင်း၊ ဖက်နှင့် ထမင်းကျွေးခြင်း၊ ဓားလွယ်ဆက်ခြင်း၊ ကောင်းချီးသြဘာပေးခြင်း စသဖြင့် ရင်းနှီးချစ်ခင်မှု ထုံးစံအတိုင်း စီမံဆောင်ရွက်ကြ၏။

ထိုထမင်းစားပွဲ၌ ဂျင်နရယ်သောမတ်(စ်)လည်းပါရှိရာ ထမင်းကိုလက်နှင့်စားရသည်တွင် မစားတတ်သဖြင့် ထမင်းကိုလုံး၍ ပါးစပ်ကိုအပေါ်သို့ မော့ပြီးလျှင် တစ်လုံးစီချကာ စားသည်ကို တွေ့ရ၏။ ထမင်းစားပြီးနောက် ရင်းနှီးချစ်ခင်စွာနှင့် ဓာတ်ပုံများ ရိုက်ကူးကြ၏။ ကချင်အမျိုးသမီးများနှင့် တွဲ၍ရိုက်သောအခါ အနီးရှိ ကချင်အမျိုးသားတစ်ဦးက-

''ဗိုလ်ချုပ် ကချင်မကလေးတွေနဲ့ တွဲရိုက်တဲ့ဓာတ်ပုံကို ဗိုလ်ချုပ်ကတော်မြင်ရင် စိတ်ဆိုးနေလိမ့်မယ်''

ဟု ပြောသဖြင့် ရယ်မောကြရာ ဗိုလ်ချုပ်ရယ်မောနေသည့်မျက်နှာ ပါလာတော့၏။ အမြဲ ရှုတည်တည်နှင့် နေလေ့ရှိသော ဗိုလ်ချုပ်ရယ်နေသည့်ပုံကို မြင်ကြရသူများမှာ အဆန်းဖြစ်နေကြ၏။

''ခင်ဗျား ဘယ့်နှယ်လုပ်ပြီး ရယ်အောင်လုပ်သလဲ''

ဟုပင် မေးကြသေး၏။ ထမင်းစားပွဲမှပြန်ပြီး ခေတ္တနားနေခိုက်တွင်-

''မြစ်ကြီးနားကို တစ်ခေါက်တည်းလာရရုံနဲ့ လာရကျိုးနပ်ပါ

www.burmeseclassic.com

www.burmeseclassic.com

တယ်”

ဟု ရှင်လန်းအားရစွာနှင့် ဗိုလ်ချုပ်က ကျွန်ုပ်အား ပြောပြ၏။

## စစ်တပ်တွင်းဝယ် ဟောပုံနှယ်

တောင်ငူ၊ ပျဉ်းမနား၊ မိတ္ထီလာ၊ မေမြို့နှင့် မြစ်ကြီးနားရှိ တိုင်းရင်းသားစစ်တပ်များကို ဗိုလ်ချုပ် သွားရောက်စစ်ဆေးသောအခါ ဂျင်နရယ်သောမတ်(စ်)လည်း လိုက်ပါ၏။ စစ်တပ်များသို့ရောက်သောအခါ ဂျင်နရယ်သောမတ်(စ်)နှင့်တကွ အင်္ဂလိပ်စစ်ဗိုလ်ကြီး၊ ငယ်တို့က ဗိုလ်ချုပ်အား အရိုအသေပြုကာ လေးလေးစားစားရှိပုံကို တိုင်းရင်းသားစစ်တပ်တို့၏ အမြင်အားဖြင့် ထူးခြားလျက်ရှိ၏။ ဗမာလူမျိုးတစ်ဦးတစ်ယောက်သည် ယခုကဲ့သို့သော ရာထူးကြီးမျိုးဖြင့် စစ်တပ်များအား လိုက်လံ စစ်ဆေးဖူးသည်ကို မမြင်ဘူးသည့်ပြင် အင်္ဂလိပ်စစ်ဗိုလ်များက လေးစားပုံကိုလည်း မတွေ့ဘူးကြခြင်းကြောင့် ကရင်၊ ကချင်၊ ချင်း စစ်သားတို့အဖို့မှာ သာ၍ ထူးခြားလျက် ရှိကြ၏။

စစ်သားရဲဘော်တို့အား ဗိုလ်ချုပ်က တရားဟောရာ၌ ခပ်ရှင်းရှင်း ပင် ဤသို့ ဟောကြား၏။

“ရဲဘော်တို့၊ ကမ္ဘာကြီးဟာ ပြောင်းလဲလျက်ရှိနေတယ်။ ဗမာပြည်ဟာလည်း ပြောင်းလဲလျက်ရှိနေတယ်။ ဗမာပြည်ဟာလည်း လွတ်လပ်ရေးရတော့မယ် အနေးနဲ့အမြန်ပဲ။ ဘာကြောင့် ဗမာပြည်ကာကွယ်ဖို့ တာဝန်သည် ရဲဘော်တို့အပေါ်သို့ ကျရောက်လာပြီး မိမိတို့ကိုယ်ကို ကြေးစားသဘောမျိုး မထားကြနဲ့တော့။ ဗမာပြည်တွင် တိုင်းရင်းသားစစ်တပ်နှင့် တိုင်းရင်းသားစစ်ဗိုလ်များ ဖြစ်ရမည်ဟု အရှေ့အာရှတောင်ပိုင်း စစ်ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်နှင့် ငါတို့ ကန္ဒီမှာ စာချုပ်ခဲ့ပြီး ဖြစ်တယ်။

ယခု သင်တို့အပေါ်မှ အင်္ဂလိပ်စစ်ဗိုလ်များ ရှိကြသော်လည်း ခေတ္တခဏမျှသာ ဖြစ်တယ်။ မကြာမီ သူတို့သွားကြရတော့မည်။ ဒါကြောင့် ရဲဘော်တို့ဟာ စစ်အတတ်ပညာကို အမြန်ဆုံး တတ်မြောက်အောင် ကြိုးစားကြပါ”

ဤသို့ ဟောပြောသည်ကို စကားပြန်နှင့် သေချာစွာ ပြန်ပြောရ၏။ ကြားနာကြရသော ရဲဘော်တို့၏စိတ်တွင် ‘သြော်-၊ သည်လိုဖြစ်လာပြီကိုး’ ဟု နားလည်လာကြတော့၏။





## ရာဇဝင်ပြောင်းလဲ ပင်လုံပွဲ

၁၉၄၇ ခု၊ ဖေဖော်ဝါရီလအတွင်းက ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့တွင် ကျင်းပသော ဗမာပြည်နှင့် ရှမ်းပြည် စသော တောင်တန်းနယ်များ ပူးပေါင်းရေး အစည်းအဝေးကြီးသို့ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြု၍ ဝန်ကြီးများဖြစ်ကြသော ဆာမောင်ကြီး ဦးတင်ထွန်း၊ ဦးအောင်ဇံဝေ တို့သည် လည်းကောင်း၊ သခင်ဝတင်၊ ဦးဖေခင် စသော ဖဆပလ လူကြီးများသည် လည်းကောင်း၊ ဗိုလ်မှူးအောင်၊ ဗိုလ်ထွန်းလှ၊ ဗိုလ်မင်းလွင်၊ ဗိုလ်သိန်းဆွေ စသော ရဲဘော်များသည် လည်းကောင်း တက်ရောက်ကြသည့်ပြင် ဘိလပ်အစိုးရ ဒိုမီနီယန် အတွင်းဝန်ကလေး မစ္စတာ ဘိုတွန်မလီ အမှူးရှိသော ဥရောပတိုက်သားအရာရှိကြီးများ၊ ရှမ်းပြည်နယ်တွင် စော်ဘွားစုံလင်စွာနှင့် ကချင်တောင်တန်းကိုယ်စားလှယ်များ၊ တောင်တန်းကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ကြ၏။

ဗိုလ်ချုပ်နှင့် မစ္စတာ ဘိုတွန်မလီတို့ မရောက်မီ ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် ရှမ်း၊ ကချင်၊ ချင်း တောင်တန်းကိုယ်စားလှယ်များက ဗမာပြည်နှင့် တောင်တန်းနယ်များ ပူးပေါင်းရေးကို လိုလားကြောင်း ဆုံးဖြတ်ကြပြီးလျှင် (၇) ရက်နေ့တွင် ရှမ်းပြည်စော်ဘွားများ ကောင်စီအမှုဆောင် ဥက္ကဋ္ဌအမည်နှင့် ဗမာပြည်အသံလွှင့်ဌာနသို့ ကြေးနန်းသတင်း ပေးပို့လိုက်ရာ ၄င်းနေ့ညမှာပင် ထိုသတင်းကို အသံလွှင့်လိုက်၏။ ထိုသတင်းကို ကြားကြရသော ရန်ကုန်မြို့ နယ်ချဲ့သမားတို့၏ နယ်ပယ်တွင် အတော်ပင် ဂယက်ရိုက် ချောက်ချားသွား၏။ ‘ဒီသတင်းဟာ ဟုတ်မယ်မထင်ဘူး။ အထင်မှားကုန်အောင် တစ်စုံတစ်ယောက်က တမင်လုပ်ကြံရိုက်ကြားတဲ့ကြေးနန်း ဖြစ်လိမ့်မည်’ ဟု ယုန်ထင်ကြောင်ထင်ဖြစ်ကြ၏။ ပြည်သူ့ဆက်ဆံရေးဌာန ဒုတိယဒါရိုက်တာ မစ္စတာဘင်တန်သည် မယုံသင်္ကာဖြစ်သဖြင့် အသံလွှင့်ဌာနသို့ရောက်ရှိသော ကြေးနန်းကို စုံစမ်းရုံမက ပင်လုံတွင်ရှိသော ကွန်ဖရင့်အတွက် အထူးစီမံထားသော ဝိုင်ယာလက်ကြေးနန်းရုံးသို့လည်း မေးမြန်းစုံစမ်းသေး၏။ ဟုတ်မှန်ကြောင်း သိရသောအခါမှသာ အံ့ဩကာ ငြိမ်ချက်သားကောင်းသွားလေသည်။

ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် ဗိုလ်ချုပ် ပင်လုံသို့ ဆိုက်ရောက်လာ၏။ (၉) ရက်နေ့နံနက်တွင် ကိုယ်စားလှယ်စုံညီအစည်းအဝေး၌ ဗမာပြည်နှင့် တောင်တန်းနယ်များ ပူးပေါင်းရေး အခြေခံသဘောတရားများကို ဗိုလ်ချုပ်က ရှင်းပြပြီးလျှင် ၄င်းသဘောရေးသားချက်မှုကို ကိုယ်

www.burmeseclassic.com

www.burmeseclassic.com

စားလှယ်များအား ဝေငှ၏။ (၁၀) ရက်နေ့တွင် တောင်တန်းကိုယ်စားလှယ်များချည်းသက်သက် စည်းဝေး ဆွေးနွေးကြပြီးသည့်နောက် (၁၁) ရက်နေ့နံနက်တွင် မစ္စတာဘိုတွန်မလီသည် ဗိုလ်ချုပ်၏တဲသို့ လာရောက်ပြီးလျှင် တောင်တန်းကိုယ်စားလှယ်များ လိုလားချက် စာတမ်းတစ်စောင်ကိုပေး၏။ ထိုအခါတွင် ဗိုလ်ချုပ်၏အနားၡ် ဖဆပလဌာနချုပ် အလုပ်အမှုဆောင်နှင့် တောင်တန်းဆိုင်ရာ အတွင်းရေးမှူး ဦးဖေခင်လည်းရှိ၏။ ထိုစာပါအချက်အလက်များနှင့် ပတ်သက်၍ မူအားဖြင့် ခြားနားချက်များ မရှိသော်လည်း တိုင်းရင်းသားအချင်းချင်း ရင်းနှီးစွာ တိုက်ရိုက် ဆက်သွယ်သည့်သဘောမရှိဘဲ အင်္ဂလိပ်မှတစ်ဆင့် ထိုစာကိုရသည့်အတွက် ဗိုလ်ချုပ်စိတ်ပျက်၍ ဒေါပွ၏။

ထိုနေ့ရက်အတွင်းမှာပင် အစည်းအဝေးပျက်စေရန် ခြေထိုးသူများလည်း ပိုမို ရှုပ်ထွေးလာ၏။

''ဗမာတွေက ခင်ဗျားတို့ကို လိုက်လျှောလုချည်းကလား။ ဒါ လောက်လွယ်တာဟာ အကြောင်းတစ်ခုခုတော့ ရှိမယ်။ အရမ်းမလုပ်ဘဲ စဉ်းစဉ်းစားစားလုပ်ကြရင် ကောင်းမယ်''

ဟူသော လေသံမျိုးလည်း ထွက်လာ၏။

''ဗိုလ်ချုပ်ရုပ်ကို ကြည့်ပါလား။ ဂျပန်စိတ် မပျောက်သေးဘူး။ တော်တော်ကြာရင် ခင်ဗျားတို့ဟာ ဖက်ဆစ်လက်အောက် ရောက်သွားမှာပဲ''

ဟူသော လေသံများသည်လည်း တောင်တန်းကိုယ်စားလှယ်များဘက်၌ ပြန့်လွင့်လျက်ရှိ၏။

ထိုအချိန်တွင် တောင်တန်းကိုယ်စားလှယ်များဘက်မှ အခြေအနေမှာ နေ့ကွေးလေးလံ အုံ့မှိုင်းလျက်ရှိနေသည့်အတွက် ဗိုလ်ချုပ် စိတ်ပျက်ဒေါပွပြီးလျှင် -

''ကျုပ်က စိတ်ကောင်းစေတနာကောင်းနဲ့ လောလောဆယ် သပိတ်ကိစ္စကြီးတွေကို ပစ်ထားခဲ့ပြီး အများကောင်းဖို့ သူတို့ပြဿနာတွေ ရှင်းဖို့လာခဲ့တာ။ သူတို့က ဂရုမစိုက်ကြဘူး။ စောစပ်ဖို့လည်း မလိုတော့ပါဘူး ပြန်မယ်။ လေယာဉ်ပျံအသင့်ဖြစ်ဖို့ ကြေးနန်းရိုက်''

ဟုပင် ပြော၏။

တောင်တန်းကိုယ်စားလှယ်များထံမှ ပြန်စာမှာလည်း ညနေ (၃) နာရီလောက်မှ ဗိုလ်ချုပ်ထံသို့ရောက်လာရာ 'ဒီစာထဲမှာ ဘာရေးထားတယ်ဆိုတာ ကျုပ်သိပါတယ်' ဆိုပြီး မဖတ်ဘဲ ပစ်ချထားလိုက်၏။ ထိုစာမှာ နံနက်က မစ္စတာဘိုတွန်မလီ ယူခဲ့သည့်စာအတိုင်း ဖြစ်သည်။





ဦးတင်ထွတ်လည်း ဗိုလ်ချုပ်၏ပြောသံကို ကြားရသဖြင့် စိတ်ပျက်ပြီးလျှင် တဲထဲသို့ပြန်သွားလေ၏။ ကျွန်ုပ်လည်း ထိုအဖြစ်အပျက်များကို သိရှိရသောအခါ အစည်းအဝေးတော့ ပျက်တော့မှာပဲဟု စိတ်ပူပြီးလျှင် အခြေအနေကို အထူး နားစွင့်လျက် ရှိနေရ၏။ တောင်တန်းဆိုင်ရာ ဦးဖေခင်သည်လည်း စိတ်အပျက်ကြီးပျက်ပြီးလျှင် -

''သည်လိုဆိုရင် ခက်ချည်ရဲ့။ ကျွန်တော်တို့ ခဲလေသမျှ သဲရေကျဖြစ်ရတော့မယ်။ ဗိုလ်ချုပ်ကိုလည်း အကျိုးသင့်အကြောင်းသင့် စိတ်ပြေရာပြေကြောင်း ဖျောင်းဖျောင်းဖျဖျ ပြောသေးတာပေါ့။ ဦးတင်ထွတ်နဲ့လည်း ထပ်ပြီး တိုင်ပင်ပါဦး။ တောင်တန်းကိုယ်စားလှယ်များကိုလည်း ဗိုလ်ချုပ်ရဲ့သဘောနဲ့ အလိုကို နားလည်အောင်ရှင်းပြပြီး အစည်းအဝေးအမြန်ဖြစ်အောင် ကြိုးစားရင် ကောင်းမယ်''

ဟု အကြံပေး၏။

ဦးဖေခင်ကလည်း သည်အခြေရောက်မှဖြင့် အပျက်မခံနိုင်ဘူးဆိုပြီးလျှင် ဗိုလ်ချုပ်ထံသို့ ဝင်ရောက်ကာ တောင်ပေါ်သားများသည် စိတ်သဘောထား ရိုးသား ဖြောင့်မတ်သည့်အကြောင်း၊ ယခုကဲ့သို့ ဗိုလ်ချုပ်နှင့် နီးနီးကပ်ကပ်မရှိခြင်း၊ ခဏခဏ မလာဘဲနေကြခြင်းမှာလည်း ဂရုမစိုက်သည့်သဘောမဟုတ်။ ဗိုလ်ချုပ် လွတ်လွတ်လပ်လပ် အေးအေးဆေးဆေးနေနိုင်ရန်အတွက်ဖြစ်ကြောင်း၊ အကျိုးသင့်အကြောင်းသင့် ပြောပြပါက နားပေါက်လွယ် လိုက်လျောလွယ်သော သဘောရှိကြောင်း၊ ညနေပိုင်းတွင် အစည်းအဝေးဖြစ်ပါလိမ့်မည်၊ ဗိုလ်ချုပ်တက်ရောက်ပါက တစ်ခါတည်း ကိစ္စပြီးသွားမည် ဖြစ်ကြောင်းများကို တောင်းပန်ပြောကြားပြီးလျှင် ဦးတင်ထွတ်ထံသို့ လည်းကောင်း၊ စော်ဘွားများထံသို့ လည်းကောင်း၊ လူထုကိုယ်စားလှယ်များထံသို့ လည်းကောင်း သွားရောက် ညှိနှိုင်း တိုင်ပင်ပြီးလျှင် (၂) နာရီအတွင်းမှာ ကိုယ်စားလှယ်ပေါင်းစုံ အစည်းအဝေးကျင်းပဖြစ်သွား၏။ ဦးဖေခင် ထင်မြင်သည့်အတိုင်းလည်း ထိုအစည်းအဝေးမှာပင် နောက်ဆုံး သဘောတူညီချက် ရရှိသွားလေသည်။

ထိုညမှာပင် သဘောတူညီချက်ရရှိ၍ ဝမ်းမြောက်သည့် အထိမ်းအမှတ်အဖြစ်နှင့် ရှမ်းစော်ဘွားများက (စတိတ်ဒင်နာ) ညစာ ထမင်းစားပွဲကြီး ကျင်းပ၏။ ထိုထမင်းစားပွဲကြီးတွင် တောင်ပိုင်းစော်ဘွားကြီးက -



www.burmeseclassic.com

www.burmeseclassic.com

''ကျုပ်တို့ တောင်တန်းကိုယ်စားလှယ်တွေကို ခြေထိုးသူတွေ ရှိနေတယ်။ သတိထားကြပါ။ နားမယောင်ကြပါနဲ့။ ကျုပ်တို့ လိုလားချက်ကို အဖျက်မခံနိုင်ဘူး။ အသက်ပေးပြီး ကာကွယ်စောင့်ရှောက်မယ်''

ဟု ဗြောင်ရှင်းရှင်းကြီး ဖွင့်ချ၏။ ဗိုလ်ချုပ်အောင်ဆန်း၊ မစ္စတာဘိုတွန်မလီ၊ ဆမားဒူဝါဆင်ဝါးနော်၊ ဦးဝမ်ကိုဟော၊ ညောင်ရွှေစော်ဘွား၊ ဆာမောင်ကြီး၊ ဦးလှဖေ (ကရင်) တို့ကလည်း အသီးသီး စကားပြောကြသေး၏။

ထမင်းစားပွဲကြီးပြီးသောအခါ ဦးဖေခင်က စိတ်ရွှင်လန်းလျက်ရှိသော ဗိုလ်ချုပ်အား ဇာတ်ပွဲကြည့်ရန်ခေါ်သောအခါ 'အကောင်းသားပဲ' ပြောသဖြင့် ယိမ်းအကကို စီစဉ်ပြရသေး၏။ ၎င်းနောက် လေးကောင်ဂျင်ဝိုင်း ကြည့်လိုသည်ပြောသဖြင့် တိုးဝှေ့ပြီး ဝင်ကြည့်ကြ၏။ ဦးဖေခင်က လက်တွေ့ တစ်လက်၊ နှစ်လက် ထိုးပြ၍ (၁၀၀) လောက် နိုင်လိုက်၏။ နောက်တစ်ကြိမ် ကြက်နှင့်ငါးရှဉ့် အနိုင်ကြိုးသဘောကျသည်ဟု ဗိုလ်ချုပ်က ပြောသဖြင့် ရှိသမျှအားလုံး အနိုင်ကြိုးကို ချထိုးလိုက်ရာ ဖားထပ်ထွက်လာသဖြင့် မြတ်ထားသော ငွေများအပြင် အရင်းငွေ (၂၀၀) ပါ ပါသွားသောအခါ ဗိုလ်ချုပ်က 'ဟာ- မနိုင်ဘူးဗျို့၊ ပြန်ကြစို့' ဆိုပြီး တဲသို့ပြန်၏။

ဖေဖော်ဝါရီ (၁၂) ရက်နေ့ နံနက် (၁၀) နာရီအချိန်တွင် အောက်ဖော်ပြရာပါ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွသော တာဝန်ခံပုဂ္ဂိုလ် (၂၂) ဦးတို့သည် ဗမာပြည်နှင့် တောင်တန်းနယ်များ ပူးပေါင်းရေး ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးကြ၏။

၁။ ဗိုလ်ချုပ်အောင်ဆန်း-ဗမာပြည်ခေါင်းဆောင်
၂။ စဝ်ခွန်ပန်းဆိုင်-တောင်ပိုင်းစော်ဘွား
၃။ စဝ်ရွှေသိုက်-ညောင်ရွှေစော်ဘွား
၄။ စဝ်ဟုန်ဖ-မြောက်ပိုင်းသိန္နီစော်ဘွား
၅။ စဝ်နွံ-လဲချားစော်ဘွား
၆။ စဝ်ထွန်းအေး-သာမိုင်းခမ်းစော်ဘွား
၇။ ဦးခွန်ဖုန်း-လူထုကိုယ်စားလှယ် မြောက်ပိုင်းသိန္နီ
၈။ ဦးတင်ဧ-လူထုကိုယ်စားလှယ်တော်ကြီး
၉။ ဦးကြာပု-လူထုကိုယ်စားလှယ် သီပေါ
၁၀။ စောယစ်ဖ-လူထုကိုယ်စားလှယ် သီပေါ





၁၁။ ဆမားဒူဝါဆင်ဝါးနော်-ကချင်ကိုယ်စားလှယ် မြစ်ကြီးနား
၁၂။ ဒူဝါဇော်ရစ်-ကချင်ကိုယ်စားလှယ် မြစ်ကြီးနား
၁၃။ ဦးခွန်ထီး-လူထုကိုယ်စားလှယ် ပင်လုံ
၁၄။ ဦးထွန်းမြင့်-လူထုကိုယ်စားလှယ် မောက်မယ်
၁၅။ ဦးခွန်စော-လူထုကိုယ်စားလှယ် ပင်းတယ
၁၆။ ဦးဖြူ-ကျိုင်းတုံစော်ဘွားကိုယ်စား
၁၇။ တန်ရဒေါင်-ကချင်ကိုယ်စားလှယ် မြစ်ကြီးနား
၁၈။ ဒူဝါဇော်လွန်း-ကချင်ကိုယ်စားလှယ် ဗန်းမော်
၁၉။ ဒူဝါဇော်ရစ်- မြစ်ကြီးနား
၂၀။ ဦးလှမောင်-ချင်းကိုယ်စားလှယ် ဖလမ်း
၂၁။ ဦးသောင်ဇာခုတ်-ချင်းကိုယ်စားလှယ်ဘစ်ဒင်(တီးတိန်)
၂၂။ ဦးဝမ်ကိုဟော-ချင်းကိုယ်စားလှယ် ဟတ်ကာ(ဟားခါး)

ကိုယ်စားလှယ်တော်တို့ အသီးသီး လက်မှတ်ရေးထိုးပြီးကြသောအခါ ဆမားဒူဝါဆင်ဝါးနော်က-

''ယခုစာချုပ်အရ ဘယ်တော့ အလုပ်လုပ်ရမှာလဲ''

ဟု မေးရာ မစ္စတာဘိုတွန်မလီက မိမိ ဘိလပ်ပြန်ရောက်ပြီးချက်ချင်း အစီရင်ခံစာတင်ပါမည်။ နှေးကွေးစရာ အကြောင်းမရှိပါဟု ဖြေ၏။

ဆင်ဝါးနော်က ဆက်လက်ပြီးလျှင်-

''ကျွန်တော်မေးရတာဟာ အခြားကြောင့် မဟုတ်ပါ။ ကျွန်တော်တို့ ကချင်တောင်တန်းမှာ လိမ်ကောက်ညစ်ပတ်နေကြတဲ့ အင်္ဂလိပ်တွေ ရှိနေကြသေးလို့ပါ''

ဟု အသားလွတ် ဆော်ထည့်လိုက်သေး၏။ ထိုအခါမှာ ဗမာစကား ကောင်းစွာတတ်သော တောင်တန်းနယ်ဆိုင်ရာ အင်္ဂလိပ်အရာရှိကြီးများလည်း ရှိကြ၏။

## စိတ်နှလုံးလမ်းလျှောက် သူ့မျက်မှောက်

ဘိလပ်အစိုးရက စေလွှတ်လိုက်သော ဒိုမီနီဆိုင်ရာ အတွင်းဝန်ကလေး မစ္စတာဘိုတွန်မီလီသည်လည်း တကျွတ်ကျွတ် တကျီကျီနှင့် မြည်နေသော ဝါးတဲကလေးနှင့် အိပ်ရနေရသည့် ဗိုလ်ချုပ်အောင်ဆန်း၏ အထူး လိုက်လျောဖြူစင်သည့် စိတ်ဓာတ်ရှိကြောင်းကို ကောင်းစွာ သိသွားရ၏။ တောင်တန်းနယ်သားတို့မှာလည်း ဘိလပ်ကနေပြီး ကြား

www.burmeseclassic.com

နေရသော နယ်ချဲ့သမားတို့၏ စကားအတိုင်းမဟုတ်ဘဲ ဗမာပြည်နှင့် ပူးပေါင်းလိုသော စိတ်ထားအမှန်ရှိကြောင်းကိုလည်း ကောင်းစွာ သိသွားရ၏။ ရှမ်းပြည်ကျောင်းသားများနှင့် လူထုက စီတန်းလမ်းလျှောက်ကြပြီးလျှင်' နယ်ချဲ့သမား အလိုမရှိ၊ လွတ်လပ်ရေး ချက်ချင်းပေး၊ ကျောင်းသားအရေး ချက်ချင်းပေး' စသဖြင့် ဟစ်အော် ကြွေးကြော်သံများကို ကိုယ်တိုင်ကြားရ၊ မြင်ရသည့်အတွက် ရှမ်းပြည်လူထု၏ သဘောထားများကိုလည်း သိသွားရ၏။ မစ္စတာ ဘိုတွန်မလီသည် တကယ့် အဖြစ်အပျက်များကို ကိုယ်တွေ့ မျက်မြင်ဖြစ်ပြီးလျှင် အစီရင်ခံစာကို အမြန်ဆုံး တင်သွင်းနိုင်သည့်အတွက် မြန်မြန်ထက်ထက် ခရီးတွင်ခဲ့၏။

## ထုံးစံအတိုင်း ကစားဝိုင်း

ကိုယ်စားလှယ်တော်များအတွက် အထူး ရည်ရွယ်လျက် ညောင်ရွှေ မဟာဒေဝီနှင့် သမီးတော်များကိုယ်တိုင် ကြီးမှူးရောင်းချလျက်ရှိသော လက်ဖက်ရည်ဆိုင်ကြီးသည်ကား နံနက်စောစောအချိန်မှစ၍ ညဉ့်နက်သည့်တိုင်အောင် လက်ဖက်ရည်သောက်သူတို့ဖြင့် စည်ကားလျက်ရှိ၏။

ပွဲဈေးတန်းကြီးနှင့် ကစားဝိုင်းကြီးတို့မှာလည်း နေ့ညမပြတ် တရစပ် စည်ကားလျက်ရှိ၏။ အထူးအားဖြင့် (၃၆) ကောင် အတိတ်ပေးကာ အကောင်ဖော်သော ကစားဝိုင်းမှာကား အတော် ရယ်စရာကောင်း၏။ ပျော်စရာလည်းကောင်း၏။ 'ဗန္ဓုရသရက်ခြံကထွက် ဟန်ရချက်ကောင်းလေသည်' ဟု သံနေသံထားနှင့် ရွတ်ပြီးလျှင် 'ဈေးနားမှာ ဈေးနားမှာ' ဟု အတိတ်ပေးလေ၏။ အကောင်ဖော်သောအခါ မြွေဟောက်ကို ဖော်လိုက်၏။ 'နံနက်အလင်း အရုဏ်ကျင်းတင်ခြင်း ဆွမ်းတော်ကပ်လေသည်' ဟု ရွတ်ပြီး 'သရက်ပင်အောက်မှာ သရက်ပင်အောက်မှာ' ဟု အတိတ်ပေး၏။ ပေါက်ကောင်ဖော်သောအခါ ဥဒေါင်းကို ဖော်လိုက်၏။ ပေါက်သူလည်း ပေါက်သဖြင့် ပေါက်နိုးပေါက်နိုး မျှော်ကိုးသူတို့ ဝိုင်းအုံလျက်ရှိကြ၏။

တောင်ကြီးမှ သပိတ်မှောက်ကျောင်းသားတို့သည် လူထုနှင့် ချိတ်ဆက်လာကြပြီး ထိုကစားဝိုင်းကြီးများကို သပိတ်တားရန် ကြံရွယ်ကြသော်လည်း ဈေးသည်များ လန့်ပြီး ပြန်ပြေးကုန်မည်စိုး၍ လည်းကောင်း၊ ကွန်ဖရင်ကို အနှောင့်အယှက်ပေးရာရောက်မည်စိုး၍ လည်းကောင်း၊ ကစားဝိုင်း အကောက်ငွေများ လောလောဆယ် ပညာရေးဌာနတွင် သုံးနေရသည်ကိုထောက်၍ လည်းကောင်း အကြောင်းမညီညွတ် ဖြစ်သွားကြ၏။



ပင်လုံမြို့သည်ကား ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်း ဗဟိုဌာနတွင် တည်ရှိ၍ ရောင်းဝယ်ရေးစခန်းမြို့တစ်မြို့ ဖြစ်၏။ လဲချားစော်ဘွားပိုင်နယ် ဖြစ်၏။ တောင်ကြီးမှ ဟိုပုန်း၊ မိုင်းပွန်း၊ လွိုင်လင်မြို့များကို ကျော်လွန်ပြီးမှ ပင်လုံသို့ရောက်၏။ လမ်းတစ်လျှောက် ရှုမျှော်ခင်းတို့မှာ အထူး သာယာ ကြည်နူးဖွယ်ကောင်းလှ၏။

## စကားလက်ဆုံ ပြောကြပုံ

ဗိုလ်ချုပ်သည် ၁၉၄၇ ခု၊ ဧပြီလအတွင်းက မေမြို့၌ ခေတ္တအနားယူနေစဉ် စာဖတ်ခြင်း၊ သားသမီးကလေးများနှင့် ပျော်ရွှင်မှုရှိခြင်း၊ တစ်ခါတစ်ရံ ကျွန်ုပ်၊ ဦးဖေခင်တို့နှင့် စပ်မိစပ်ရာ စကားစမြည် ပြောခြင်းအားဖြင့် အချိန်ကုန်လွန်စေ၏။ ရေဒီယိုအသံများ၊ ဗိုလ်ထွန်းလှတို့၏ တူရိယာသံများကိုလည်း ဗိုလ်ချုပ်၏ ငြိမ့်ငြိမ့်မှုပပျောက်ရေးကို အားပေးလျက်ရှိကြ၏။ အနားယူ၍ ရက်အနည်းငယ်ညောင်းလာသောအခါ-

"ကိုယ်သွားချင်တိုင်းလည်း မသွားနိုင်ဘူးဗျာ။ ပျင်းစရာတော့ အတော်ကောင်းတာပဲ"

ဟု ဗိုလ်ချုပ် ညည်းညူသောအခါ ကျွန်ုပ်က-

"ရုပ်ရှင်ကြည့်မလား"

ဟု မေးလိုက်ရာ-

"အကောင်းသားပဲ"

ဟု ပြောသဖြင့် ကျွန်ုပ်နှင့် ဦးဖေခင်တို့သည် လားရှိုးလမ်းပေါ်ရှိ ရုပ်ရှင်ရုံသို့ သွားရောက်၍ (၆) နာရီ ပွဲကြည့်ရန် စီစဉ်ကြ၏။ ဟိုတယ်ဘာလင်ဇာတ်ကား ပြနေ၏။ ဗိုလ်ချုပ်နှင့်အတူ လူလေးငါးယောက်လာကြည့်မည်။ အမှတ်တမဲ့ကြည့်မည်ဖြစ်၍ မည်သူမျှမပြောရန် ရုံပိုင်ရှင်နှင့် မန်နေဂျာကို မှာထားခဲ့၏။ သို့ရာတွင် ရုပ်ရှင်ပွဲအပြီး ဗိုလ်ချုပ် စီးမည့်ကား တစ်ဖက်တစ်ချက်တွင် လူထုဝိုင်းလျက် ရှိနေကြ၏။ ရုပ်ရှင်ပွဲမှအပြန် စားသောက်ဖွယ်တို့ကို စားသောက်ကြပြီးနောက် ဗိုလ်ချုပ်၊ ဦးဖေခင်နှင့် ကျွန်ုပ်တို့သုံးဦးသား စကားလက်ဆုံကျနေကြသည်မှာ အတော်ညဉ့်နက်သွား၏။

စကားစပ်မိသဖြင့် ဗိုလ်ချုပ်က-

"နိုင်ငံရေးဆောင်ရွက်တဲ့နေရာမှာ ထောင်ကျခံတဲ့နည်း၊ အစာသတ်ခံတဲ့နည်းမျိုးကို ကျုပ်တော့ မကြိုက်ဘူး။ ထောင်ကျခံခြင်းအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com

အချိန်ကုန်သလောက် အကျိုးမထူးဘူး။ အစာတော်ခံခြင်းအားဖြင့် ပင်ပန်းနွမ်းနယ်သလောက် အကျိုးမထူးဘူး။ မစ္စတာဂန္ဒီ ခဏခဏ အစာတော်ခံလုပ်နေတာဟာလည်း သိပ်မထူးလှပါဘူး။ ၁၉၄၀ ပြည့်နှစ်က ကျုပ်ကို အစိုးရက ဖမ်းရန် ဝရမ်းထုတ်ကြောင်း သိစဉ်အခါက အဖမ်းခံလိုက်ရင် ဘာမှ အကျိုးထူးမှာမဟုတ်ဘူး။ ယခု အခြေအနေမျိုးလည်း ဖြစ်မှာမဟုတ်ဘူး''

ငှင်းနောက် ကျွန်ုပ်က–

''အခုအခါ ဗိုလ်ချုပ်ရဲ့ လုပ်ငန်းစဉ်ကို ဆန့်ကျင်ဘက်လုပ်နေကြသူများကို အထူးအရေးယူပြီး တစ်နည်းနည်းနဲ့ ဖိနှိပ်ပစ်ရင် ရှင်းမသွားပေဘူးလား။ ရှင်းသွားရင် အလုပ်လုပ်ရ မလွယ်ပေဘူးလား''

ဟု မေးသောအခါ–

''ကိုယ်နဲ့ ဆန့်ကျင်ဘက်လုပ်တဲ့လူတွေကို ဖိနှိပ်ရှင်းလင်းဖို့ ဆိုတာ (ambitious လူမျိုးမှ) ကိုယ်ကျိုးအရင်းခံရှိတဲ့လူမျိုးမှ လုပ်နိုင်တဲ့စိတ်၊ ရက်စက်နိုင်တဲ့စိတ် ရှိတယ်။ ကျုပ်ကတော့ အဲဒီကိုယ်ကျိုးရှာ အရင်းခံစိတ်ထားမျိုး မရှိဘူး။ ကျုပ်စိတ်မှန်းထားချက်ကတော့ မြန်မာပြည်လွတ်လပ်ရေးရပြီးရင် နိုင်ငံရေးမှ နုတ်ထွက်ပြီး အေးအေးဆေးဆေး စာအုပ်ရေးဖို့ပဲ''

ထိုအခါ ကျွန်ုပ်က–

''လွတ်လပ်ရေးရပြီးတဲ့နောက် နိုင်ငံရေးမှ နုတ်ထွက်ဖို့ ရည်ရွယ်ထားတာတော့ ဟုတ်ပါရဲ့။ ဒါပေမယ့် စဉ်းစားစရာတစ်ခုက လူထုအစည်းအရုံးကြီး ဖြစ်လာတာဟာ ဗိုလ်ချုပ်ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတာဖြစ်လေတော့ တည်မြဲဖို့ဟာလည်း ဗိုလ်ချုပ်အပေါ်မှာ တည်နေပါတယ်။ လွတ်လပ်ရေးရပြီးသည့်နောက် အလုပ်လုပ်စရာတွေ ပိုလို့သာများလာမှာပဲ။ တာဝန်လည်း ပိုပြီးကြီးလာမှာပဲ။ ဒီအခါမျိုးမှာ ဗိုလ်ချုပ် နိုင်ငံရေး မလုပ်တော့ဘူးဆိုရင် အစည်းအရုံးကြီးဟာ အစိတ်စိတ်အမြွှာမြွှာဖြစ်သွားမှာ စိုးရိမ်စရာ မရှိပေဘူးလား'' ဟု ပြောသောအခါ–

''လွတ်လပ်ရေးရပြီးတဲ့အခါကျတော့ ပါတီသဘောတွေကတော့ အမျိုးမျိုးရှိကြမှာပဲ။ ဒီမိုကရေစီ ထုံးတမ်းစဉ်လာအတိုင်း အလုပ်လုပ်သွားကြရမှာပဲ'' ဟု ဖြန့်ဖြေ၏။

နောက်တစ်ခု ကျွန်ုပ်က ဆက်လက်၍–

''လွန်လေပြီးသော နိုင်ငံရေးခေါင်းဆောင်များမှာ တရားဟော





နိုင်လောက်အောင် လူထုရရှိဖို့ အတော်ကြိုးစားရပါတယ်။ အတီးအမှုတ်၊ အကအခုန်၊ အစားအသောက်တို့ဖြင့် သွယ်ဝိုက်ဖန်တီးကာ လူများအောင် တမင် စုဆောင်းရပါတယ်။ ဗိုလ်ချုပ်ကတော့ မိမိကို အထူး ကြည်ညိုလေးစားလျက်ရှိသော လူထုကြီးများကို ရှောင်လွှဲသွားတာဟာ ဗိုလ်ချုပ်မှာတော့ အရေးမကြီးသော်လည်း ရှောင်လွှဲခြင်းခံရတဲ့ လူထုမှာတော့ အတော်ပဲ မသက်သာကြဘူး။ ဧပြီလ (၈) ရက် နေ့နံနက်က ကသာမှ ခြစ်ကြီးနားကို မီးရထား၊ ဂျစ်ကားများနဲ့ သွားကြစဉ်အခါက မိုးညှင်း၊ မိုးကောင်း စတဲ့ မြို့ပေါင်းများစွာမှ ငံ့လင့်ကြိုဆိုလျက်ရှိတဲ့ လူထုကြီးများကို မငဲ့ကွက်ဘဲ ခေါင်းတစ်ခါတည်းခါပြီး ခရီးဆက်လက်ထွက်တာကို မြင်ရတဲ့အခါ လူထုမှာတော့ အတော် စိတ်မသက်မသာဖြစ်ကြမှာမှချပဲ''

ဟု ပြောသောအခါ ဗိုလ်ချုပ်က ခေါင်းကို လက်နှင့် ပွတ်သပ်ပြီးလျှင်–

''ဟိုလိုပေါ့ဗျာ၊ လာဘ်လာဘနည်းတဲ့ ဘုန်းကြီးကတော့ လာဘ်များများရအောင် ဖန်တီးရတာပဲ။ လာဘ်များလွန်းတဲ့ ဘုန်းကြီးကျပြန်တော့လည်း လာဘ်ကို အရေးမကြီးသလိုပေါ့''

ဟု ရယ်မောကာပြန်ပြော၏။

## ဘောမ,စကား ဖော်လန်ဖား

မတ်လအတွင်း အထက်ဗမာပြည်သို့ ခရီးထွက်၍ ပျော်ဘွယ်သို့ရောက်နေစဉ် ဗိုလ်ချုပ်က–

''ယခု ပြောနေကျတဲ့ ဖော်လန်ဖား ဆိုတဲ့ စကားဟာ ဘာအဓိပ္ပာယ်လဲ'' ဟု ကျွန်ုပ်အား မေးရာ–

''ဘော,လ်မပါတဲ့ အဓိပ္ပာယ်ပဲ။ ၁၉၃၄ – ၃၅ ခုနှစ်လောက်က ဘုန်းတော် သူရိယသတင်းစာတိုက်မှာ ညတာဝန်ခံအဖြစ်နဲ့လုပ်နေစဉ် ညပိုင်း သူရိယတိုက်မှာ သတင်းစာဆရာကလပ်သဖွယ် လူဆုံကြပါတယ်။ ဒီအခါမှာ ရင်းနှီးတဲ့ တရုတ်သတင်းစာဆရာများလည်းပါလေတော့ ရယ်ရောမောစရာပြောကြရာတွင် 'ကနေ့ ခင်ဗျား ဘယ်သူ့မ,ခဲ့သေးသလဲ' ဆိုသော စကားအစား တရုတ်လို ပြက်လုံး 'ဖော်လန်ဖား' ဆိုတဲ့ စကားကို အသုံးပြုရာကနေပြီး တွင်လာခဲ့ပါတယ်။ ဒီနောက် ဂျပန်ခေတ်ခေါက်တာဘမော်အစိုးရလက်ထက် ဗမာ့ခေတ်သတင်းစာ အယ်ဒီတာဦးထွန်းဖေက သတင်းစာမှာ ရေးသားလေ့ရှိတာကို အကြောင်းပြုပြီး


www.burmeseclassic.com

www.burmeseclassic.com



တွင်ကျယ်လာတာပဲ'' ဟု ပြောပြရ၏။

## ဗိုလ်ချုပ်ကိုယ်စား ထီးလင်းသွား

ဗိုလ်ချုပ်သည် မတ်လ (၄)၊ (၅)၊ (၆) ရက်နေ့များတွင် ထီးလင်းမြို့၌ ကျင်းပမည့် ချင်း-ဗမာချစ်ကြည်ရေး အစည်းအဝေးကြီးသို့ တက်ရောက်လိမ့်မည်ဟူသော သတင်းကြောင့် မြင်းခြံ၊ ပခုက္ကူမှစ၍ ထီးလင်းမြို့အထိ ကြိုဆိုရေးများအတွက် အသင့်ပြင်ဆင်လျက် ရှိကြ၏။ အရေးတကြီးကိစ္စများပေါ်လာသဖြင့် ဗိုလ်ချုပ်မသွားဖြစ်ဘဲ ဝန်ကြီးဦးဘချိုအား ကိုယ်စားအဖြစ် စေလွှတ်ရတော့၏။ ဝန်ကြီး ဦးဘချိုနှင့်အတူ သခင်ဝတင်၊ ကိုယ်ရံတော် ဦးငွေဆိုင်နှင့် ကျွန်ုပ်လည်း လိုက်ပါသွားရ၏။ မြင်းခြံ၊ ပခုက္ကူ စသော လမ်းခရီးတစ်လျှောက်တွင် ဗိုလ်ချုပ်အား မျှော်မှန်းကြိုဆိုနေကြသော လူထုအား ဗိုလ်ချုပ်မလာနိုင်သည့်အကြောင်း ဖြေရှင်းရသော ဝန်ကြီး ဦးဘချိုမှာ တမောတပန်းကြီးပင်။

မတ်လ (၃) ရက်နေ့ ညနေ ထီးလင်းမြို့သို့ ရောက်သောအခါ ဗိုလ်ချုပ် မလာဖြစ်၊ ကိုယ်စားအဖြစ် ဝန်ကြီးဦးဘချို လာရောက်ကြောင်း သိကြသော ချင်းအမျိုးသားများသည် အတော် စိတ်အားငယ်သွားကြ၏။

''ဗိုလ်ချုပ်ဟာ ရှမ်းပြည်နယ်နဲ့ ကရင်နီနယ်၊ ကချင်နယ်များကိုတော့ သွားနိုင်တယ်။ ငါတို့ ချင်းနယ်ဘက်ကိုတော့ မလာဘူး။ မလာတာဟာ ငါတို့ ချင်းများကို မချစ်လို့ပေါ့''

စသဖြင့် ဝမ်းနည်းစကား ပြောကြ၏။

ဝန်ကြီး ဦးဘချိုသည် ဘာကြောင့် ဗိုလ်ချုပ် မလာဖြစ်သည့်အကြောင်း၊ မိမိ လာရောက်ရခြင်းမှာ ဗိုလ်ချုပ်၏ စာပို့ပြတာအနေမျိုးနှင့် ဗိုလ်ချုပ်၏စာကို ယူဆောင်လာရခြင်းဖြစ်ကြောင်း၊ ဗိုလ်ချုပ်သည် ချင်းလူမျိုးများအပေါ်၌ သွေးတူသားတူ သဘောထားသည့် အကြောင်းများကို အတော်ရှေလည်အောင် ရှင်းပြရပြီးလျှင် ဗိုလ်ချုပ်ထံမှ ပေးလိုက်သောစာကို ဖတ်ပြသောအခါမှသာ အတော် သက်သာရာရသွားကြ၏။

ထီးလင်းနှင့် ခရီးတစ်ထောင်ဝေးသော နော်ချောင်းမှ ချင်းကိုယ်စားလှယ်လူကြီးများသည် ဗိုလ်ချုပ်အား အသွေးနှင့်အသားကို ဆက်သကျွေးမွေးရန်အတွက် နွားနောက်တစ်ကောင်ကို မ,လာရာ အစည်းအဝေးအမီရောက်နိုင်ရန် ခဲယဉ်းသဖြင့် လမ်းခရီးတွင် ထိုနွားနောက်ကို သတ်ပြီးလျှင် ဦးခေါင်းနှင့် အသားကို ယူဆောင်လာကြရာ မတ်လ (၄) ရက်နေ့



ည (၉) နာရီအချိန်တွင် ဝန်ကြီး ဦးဘချိုတည်းသော အမတ်ဟောင်း ဦးဘိုးအောင်နေအိမ်သို့ ဆိုက်ရောက်လာကြ၏။ ဝန်ကြီး ဦးဘချိုလည်း ၎င်းတို့အား လောကွတ်ပျူငှာနှင့် ကောင်းစွာ စကားပြောပြီးလျှင် နွားနောက်သားကို ချက်ချင်းအကြော်ခိုင်း၍ ဗိုလ်ချုပ်ကိုယ်စားအနေနှင့် ဝန်ကြီးဦးဘချိုက ကျေနပ်အောင် စားပြရသည်။ ကျွန်ုပ်လည်း ဝင်ရောက်စားကြည့်ရာ အသားအရသာမှာ ဆိတ်သား၊ နွားသားတို့ထက် ပိုမိုကောင်း၏။ လေးလေးပင်ပင်ရှိ၏။ ကျပ်တင်ပြီး အသားများကိုလည်း ဗိုလ်ချုပ်ထံသို့ အရောက်ပို့ပေးပါမည်ဟု ကတိပေးရ၏။ ထိုအသားစားရုံနှင့်မပြီးသေး။ ချင်းထုံးစံအတိုင်း ခေါင်ရည်ကိုလည်း သောက်ပါဦးဆိုပြီးလျှင် ဝန်ကြီး ဦးဘချိုအား ခေါင်ရည်ခွက်ကို လှမ်းပေးလေ၏။ ဝန်ကြီး ဦးဘချိုလည်း အတော်ကလေး အကျပ်ရိုက်သည့်ပုံရပြီးလျှင်-

''ကျုပ်မှာ သေရည်မသောက်ရန် အဓိဋ္ဌာန်ပြုထားသဖြင့် မသောက်နိုင်ပါ။ စတီအနေနှင့် ကိုင်ရုံပဲ ကိုင်ပါမည်။ ကျုပ်ကိုယ်စား ဦးပုကလေး သောက်ပါလိမ့်မည်''

ဟု တောင်းပန်ပြီးနောက် ကျွန်ုပ်က ကိုယ်စားသောက်ပြလိုက်ရ၏။

နွားနောက် ဆိုသော အကောင်ကား ဦးခေါင်းက စိုင်နှင့် သဏ္ဍာန်တူပြီးလျှင် နောက်ပိုင်းက နွားနှင့် သဏ္ဍာန်တူသဖြင့် 'နွားနောက်' ဟု ခေါ်၏။ ကာလကောင်းစဉ်အခါက ရန်ကုန်တိရစ္ဆာန်ရုံကြီးတွင် တွေ့ရ၏။ လူတို့ စေခိုင်းရန်မရ။ ရိုင်းသောအကောင်တစ်မျိုး ဖြစ်၏။ နွားနောက်သည် ဆားကို အလွန်ကြိုက်သဖြင့် ချင်းအမျိုးသားတို့သည် ပရိယာယ်အားဖြင့် ဆားတစ်ဆုပ်လောက်ကို ပထမ ကျွေးနိုင်အောင် လုပ်လိုက်လျှင် ဆားအရသာ စွဲလမ်းသွားသဖြင့် ဆားစားချင်သော အချိန်ရောက်သောအခါ အလိုအလျောက် အိမ်သို့ပေါက်လာ၏။ ထိုအခါ ဆားတစ်ဆုပ်လောက် ကျွေးလိုက်ရ၏။ ဆားစားပြီးသည်နှင့် တစ်ပြိုင်နက် တောထဲသို့ ပြန်ဝင်သွား၏။ ဤနည်းနှင့်ပြုလုပ်၍ နွားနောက်များများကို ဆားကျွေးနိုင်သောအိမ်မှာ ပိုမို ဂုဏ်ကြီးသော ဟူ၏။ ချင်းအမျိုးသားတို့သည် ၎င်းတို့ထုံးစံအတိုင်း နတ်ပူဇော်ပွဲကြီးများ ကျင်းပသောအခါ၌ လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး တစ်မျိုးနှင့်တစ်မျိုး ရင်းနှီး ဆက်ဆံသည့်အခါမျိုး၌ လည်းကောင်း ထိုနွားနောက်ကို ဖမ်းဆီးသတ်ဖြတ်က ပူဇော် ကျွေးမွေးလေ့ရှိ၏။ တစ်ရွာတစ်ရွာလျှင် အကောင် (၃၀)၊ (၄၀) မျှသာ ရှိတတ်၏။

www.burmeseclassic.com

www.burmeseclassic.com

နွားနောက်တစ်ကောင်ကို ကျွဲမနစ်ကောင် တန်ဖိုးထား၍ နွားနောက်တစ်ကောင်ကို ကျွဲထီးလေးကောင် တန်ဖိုးထား၏။

ဝန်ကြီးဦးဘချိုနှင့် သခင်ဝတင်တို့သည် ချင်းများနှင့်အတူ ထမင်းဝိုင်းစားခြင်း၊ ဟောပြောခြင်း စသဖြင့် ချင်းအမျိုးသားများနှင့် ရင်းနှီးဆက်ဆံမှုများကို ဆောင်ရွက်ကြသည့်ပြင် 'ချင်း-ဗမာချစ်ကြည်ရေး' အစည်းအဝေးကြီး ကောင်းစွာ ထမြောက်အောင်မြင်ချင်း 'ချင်း-ဗမာချစ်ကြည်ရေး အထိမ်းအမှတ် ကျောက်တိုင်အုတ်မြစ်ချပွဲ ကျင်းပနိုင်ခြင်းများကြောင့် လူမျိုးရေး ညီညွတ်မှုအင်အားမှာ အထူး တိုးတက်ကြီးမားလာ၏။ ပေါက်နှင့် ထီးလင်းစပ်ကြားတွင်ရှိသော ပုံတောင်၊ ပုံညာ စသော တောင်ကြီးများကို ဖြတ်ကျော်ရာ၌ လမ်းခရီး အလွန်ဆိုးသည့်အတွက် ဝန်ကြီးဦးဘချိုမှာ တစ်ကိုယ်လုံး ရိုက်နှက်ထားသလို ကိုက်ခဲနာကျင် နေမကောင်းလျက်နှင့်ပင် ဗိုလ်ချုပ်၏ကိုယ်စား 'ချင်း-ဗမာချစ်ကြည်ရေး' လုပ်ငန်းကို အထူးကြိုးပမ်းနိုင်ခဲ့၏။

## စစ်တွေခရီး လေယာဉ်စီး

၁၉၄၇ ခု၊ ဧပြီလ (၁) ရက်နေ့ နံနက်တွင် ဗိုလ်ချုပ်သည် ဖဆပလအဖွဲ့ချုပ်က ငှားထားသော လေယာဉ်ပျံ အသေးစားကလေးနှင့် ရခိုင်ပြည် စစ်တွေမြို့သို့ ခရီးထွက်၏။ ကျွန်ုပ်နှင့်တကွ ဗိုလ်ထွန်းလှ၊ ဗိုလ်မင်းလွင်၊ ဖဆပလ အထွေထွေအတွင်းရေးမှူး ဦးဗဆွေတို့ လိုက်ပါကြ၏။ မင်္ဂလာဒုံလေယာဉ်ပျံကွင်းမှ (၈) နာရီထွက်ရာ (၁၁) နာရီကျော်မှ စစ်တွေမြို့သို့ရောက်၏။ ထိုလေယာဉ်ပျံကလေးတွင် ပိုင်းလော့အင်ဂျင်နီယာအပြင် ကျွန်ုပ်တို့ငါးဦးသာ ဆန့်၏။ ပို၍မစီးနိုင်။ အင်ဂျင်စက်နှစ်လုံးရှိ လေယာဉ်ပျံများကို စီးပြီးသည့်နောက် ယခုလို အင်ဂျင်စက်တစ်လုံးရှိ လေယာဉ်ပျံ အသေးစားကလေးများကို စီးရသောအခါ ပေါ့ပျက်ပျက်ရှိနေ၏။ ကောင်းကင်ပုခက်ကို စီးလိုက်ရဘိသကဲ့သို့ ထင်ရ၏။ ရခိုင်ရိုးမကြီးကိုဖြတ်ကျော်၍ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ရှုမျှော်ခင်းများမှာ ကြည့်ရှုလို့ မညည်းအောင် သာယာလှ၏။

ကောင်းကင်လေဝဲများနှင့် တွေ့ကြုံရသောအခါ လေယာဉ်ပျံကလေးသည် လေယာဉ်ပျံကြီးများကဲ့သို့ ခံနိုင်ရည်မရှိ။ ပိုမို၍ လှုပ်ရှား၏။ ရုတ်တရက်အားဖြင့် နိမ့်ချည်တစ်ခါ၊ မြင့်ချည်တစ်လှည့်၊ စောင်းချည်တစ်မျိုးဖြစ်ပုံများမှာ စိတ်နှလုံးကို တုန်လှုပ်ချောက်ချားစေ၏။ လေဝဲ





ခပ်ကြီးကြီးနှင့် တစ်ချီတွေ့ရာတွင် ကျွန်ုပ်တို့အားလုံးပင် အတော်ချောက်ချားသွား၏။ ဧပြီလ (၂) ရက်နေ့နံနက် စစ်တွေလေယာဉ်ပျံကွင်းမှ ပြန်မည်အပြုတွင် အင်ဂျင်စက်ချို့ယွင်းနေသဖြင့် ပြင်ဆင်နေရ၍ တစ်နာရီမျှ စောင့်နေရသေး၏။ အပြန်တွင် လေဝဲခပ်ကြီးကြီးနှင့် တစ်ချီတွေ့ရာတွင် ဗိုလ်ချုပ်က-

"ဒီလေယာဉ်ပျံကလေးမျိုးနဲ့ ခရီးရှည်သွားရတာ စိတ်မချရပါဘူး"

ဟု ပြောသေး၏။ နောက်ဖေးနောက်ဖီသွားရန် အိမ်သာလည်း မပါချေ။

စစ်တွေလေယာဉ်ပျံကွင်းသို့ ရောက်သောအခါ ဝန်ကြီး ဦးအောင်ဇံဝေ၊ စစ်တွေအရေးပိုင်နှင့်တကွ အရာရှိကြီးငယ်များ၊ ဒေါ်စောမြ အမှူးရှိသော အမျိုးသမီးအသင်းသူများ၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့၊ ပုလိပ်အဖွဲ့တို့နှင့်တကွ လူထုက ကြိုဆိုလျက်ရှိကြ၏။ ထိုနေ့ညနေ မြေပုံအရောက် အရေးကြီးသဖြင့် စီစဉ်ထားသည့်အတိုင်း ဗမာ့ရေတပ်မတော်မှ စက်သင်္ဘောကလေးနှင့် (၁၁) နာရီခွဲအချိန် ဆက်လက် ထွက်ကြ၏။ ထမင်းဟင်းစားသောက်ဖွယ်များ အနည်းငယ် နောက်ကျသည်ကို မစောင့်တော့ဘဲ ထွက်ကြရသဖြင့် လမ်းခရီးတွင် စက်သင်္ဘောကလေးမှ ဖြစ်သလို ချက်ကျွေးသည့်အတိုင်း နေ့လယ် (၁) နာရီအချိန်မှ နံနက်စာ စားကြရ၏။

ညနေ (၆) နာရီအချိန်လောက် ကျောက်ဖြူခရိုင် မြေပုံမြို့သို့ ဆိုက်ရောက်ကြသောအခါ ဆိပ်ကမ်းတွင် မြို့ပိုင်နှင့် အဖော်များမှလွဲ၍ ကြိုဆိုသူများကို မတွေ့ရ။ ကုန်းပေါ်သို့ တက်ရောက်သောအခါ တွေ့ရသော အရပ်သားအချို့တို့မှာလည်း တစ်စုံတစ်ရာ လှုပ်ရှားခြင်း အမူအရာမရှိသည်ကို တွေ့ရသောအခါ 'တစ်ခုခုတော့ တစ်ခုခုပဲ' ဟု မှတ်ထင်မိ၏။ သင်္ဘောပေါ်တွင် 'မြေပုံမြို့ဟာ ကျွန်တော့်နေရပ်လို ဖြစ်နေတာပါ။ ရောက်တဲ့အခါတော့ ကြည့်တာပေါ့' စသဖြင့် လေဖောလာသော ဗိုလ်မင်းလွင်အား-

"ဘယ့်နှယ်လဲ၊ ခင်ဗျားနေရပ်က အတော်နိုပ်ပါကလား"

ဟု အသာလက်တို့ကာ ကျွန်ုပ်က စလိုက်သည်ကိုပင် စကားပြန်မရအောင် အံ့အားသင့်လျက်ရှိနေ၏။ မြို့ပိုင်သည် ခရီးဦးကြိုဆိုခြင်းလျှင် ပြီးလိုက်တဲ့ခေါ်သော ဝါးတဲကလေးရှိရာသို့ ပို့ဆောင်၏။ ထိုနေရာတွင် ချင်းစစ်တပ်တစ်တပ်ရှိသဖြင့် ချင်းစစ်ဗိုလ်မှူးက အလွန် ဝမ်းမြောက်အားရစွာ



www.burmeseclassic.com

www.burmeseclassic.com

နှင့် ဗိုလ်ချုပ်ထံသို့ လာရောက် အရိုအသေ နှုတ်ဆက်စကား ပြောကြားခြင်းပြုပြီးလျှင် စစ်သားများကို အစောင့်ထား၏။

ဦးစိန္တာ ကြီးမှူးကျင်းပသည့် အစည်းအဝေးဌာနမှာ မြေပုံမြို့အပြင်ဘက် တစ်ဖာလုံလောက် လယ်ကွင်းထဲတွင်ရှိကြောင်း သိရ၍ ဗိုလ်မင်းလွင်က အမြန်သွားရောက်၍ ဦးစိန္တာနှင့် လူကြီးများအား ဗိုလ်ချုပ်ရောက်လာကြောင်းကို အကြောင်းကြားရာ ည (၇) နာရီလောက်တွင် တရားဟောရမည်ဟု ပြန်ကြားလိုက်ရုံမှတစ်ပါး တာဝန်ခံလူကြီး တစ်စုံတစ်ယောက်မျှ လာရောက်ခြင်း မရှိချေ။ ထိုအခြေအနေကိုသိရသောအခါ ပို၍ မသင်္ကာစရာဖြစ်လာ၏။

ဗိုလ်ချုပ်သည် အစီအစဉ် မည်သို့ရှိကြောင်းလည်း မသိရ။ ညီညွတ်ရေးအတွက် ဖိတ်ကြားထားသော်လည်း ဘယ်ပုံညီညွတ်ရေးလုပ်ရမည်ကိုလည်း မသိရသည့်အတွက် မကျေနပ်လျက်ပင် ရှိနေရ၏။ ဦးအောင်ဖုံဝေကို မေးသော်လည်း ဦးစိန္တာ၏ ဖိတ်ကြားရုံမှလွဲ၍ မသိရသည့်အတွက် ဦးအောင်ဖုံဝေလည်း အကြီးအကျယ် စိတ်ပျက်လေ၏။ ဗိုလ်တဲတွင် ကျွန်ုပ်တို့ ခေတ္တရှိနေစဉ် ယနေ့နံနက်ပင် (၁၀၀၀) ခန့်ရှိသော လူထုသည် မြေပုံမြို့ပေါ်၌ လှည့်လည်ကြပြီးလျှင် 'သူပုန်၊ သူပုန်ထထ ရွေးကောက်ပွဲအလိုမရှိ'ဟူသော အသံများ ကြွေးကြော်ကြောင်း သတင်းရသည့်ပြင် အလံနီကွန်မြူနစ်အင်အား လွှမ်းမိုးနေသဖြင့် ဖဆပလအဖွဲ့ဝင်များနှင့် ပြည်သူ့ရဲဘော်တပ်ဖွဲ့အား အနည်းငယ်မှာ မလှုပ်ရှားဝံ့ဘဲ ငြိမ်ဝပ်စွာနေကြရကြောင်းများကိုလည်း ကြားရ၏။

## ဒီရဲဘော် ဘယ်ကတုံး

ည (၇) နာရီအချိန် မြို့ပိုင်က ဧည့်ခံကျွေးမွေးသည်ကို စားသောက်ကြပြီးနောက် တရားဟောရာဌာနသို့မသွားမီ လရောင်ကလေးတွင် ဗိုလ်ချုပ်နှင့်တကွ ကျွန်ုပ်တို့ ရပ်၍ စကားပြောနေကြစဉ် ဗိုလ်မင်းလွင်၏ မိတ်ဆွေတစ်ဦးဖြစ်သော ပြည်သူ့ရဲဘော်တစ်ယောက်လည်း ဝင်ရောက်စကားပြော၏။ ထိုရဲဘော်သည် ဗိုလ်ချုပ်ကိုပင် ဗိုလ်ချုပ်မှန်းမသိဘဲ ဗိုလ်ချုပ်အား–

"ဒီရဲဘော်က ဘယ်ကတုံး၊ ဘီအိုင်အေတုန်းက ပါရဲ့လား"

မေးလိုက်ရာ ဗိုလ်ချုပ်က ဘာမှမပြော၊ ပြုံး၍သာကြည့်နေ၏။ ဗိုလ်မင်းလွင်က 'ဒါ ဗိုလ်ချုပ်' ဟု ပြောလိုက်မှ အံ့အားသင့်ပြီး ကမန်းကတန်း ထွက်သွားတော့၏။





လယ်ကွင်းထဲတွင် ဆောက်ထားသော တရားပွဲမဏ္ဍပ်ကြီးကား ကြီးကျယ်လှ၏။ အလွန်ဖြောင့်တန်းရှည်လျားသော ကျွန်းတိုင်ကြီးများနှင့် တခမ်းတနားကြီး ဆောက်လုပ်ထား၏။ အနီးတစ်ဝိုက်တွင် ဈေးတန်းကြီးများဖြင့် စီမံထား၏။ (၇) နာရီခွဲအချိန်လောက်တွင် မဏ္ဍပ်ရှိရာသို့ သွားရောက်ကြသောအခါ ဦးစိန္တာကို တွေ့သဖြင့်–

"ကိုယ်တော် ဘယ်လိုစီမံထားသလဲ၊ အစီအစဉ်ဘာရသလဲ"

ဟု ဗိုလ်ချုပ်က မေးသောအခါ–

"လွတ်လပ်ရေးအတွက် တရားဟောရုံပါပဲ"

ဟု ဦးစိန္တာက ပြန်ဖြေပြီးလျှင် နေရာပေးသဖြင့် တစ်နေရာတွင် ဗိုလ်ချုပ် ထိုင်၍နေရ၏။

## သူပုန်သူပုန် ထထ

"ယခု ကျွန်တော်လာရတာဟာ ဦးစိန္တာက ဖိတ်လို့လာတာဖြစ်တယ်။ ဒီညီလာခံမှာ ကွဲနေကြတာကို စေ့စပ်ညီညွတ်အောင် လုပ်ဖို့ဆိုပြီး ဖိတ်တဲ့အတွက် တခြားအရေးကြီးတာတွေကို ရွှေ့ဆိုင်းပြီး လာခဲ့ရတယ်။ ဒီကျတော့မှ တရားဟောရုံလောက်ရှိတယ်ဆိုတာ သိရတယ်။ လွတ်လပ်ရေးအတွက်တော့ အရင်ကလည်း တိုက်ခဲ့တယ်၊ နောက်လည်း တိုက်မှာပဲ။ ဒီလာတာဟာ ညီညွတ်အောင် လုပ်ဖို့လာတာ၊ မညီညွတ်ရင် အလကားပဲ။ မညီရင် လွတ်လပ်ရေး မရနိုင်ဘူး။ လွတ်လပ်ရေးအဓိပ္ပာယ်ကိုလည်း နားလည်ဖို့လိုတယ်။ လွတ်လပ်ရေးကို တောင်းယူလို့မရ။ တိုက်ယူမှရမယ်ဆိုတာ သဘောတူတယ်။ ဒါပေမယ့် လွတ်လပ်အောင် လုပ်နည်းလိုတယ်။ လွတ်လပ်ရေးဆိုတာ ညီညီညွတ်ညွတ်နဲ့ အင်အားရှိမှ ရနိုင်တယ်။ သူပုန်သူပုန် ထထ အော်နေရုံနဲ့ လွတ်လပ်ရေး မရနိုင်ဘူး။ အလုပ်လုပ်တဲ့နေရာမှာ နားလည်ဖို့လိုတယ်။ တကယ်နားလည်ပြီးလုပ်ရင်၊ လုပ်တတ်ရင် တစ်နှစ်အတွင်း လွတ်လပ်ရေး ရနိုင်တယ်။ ယခုတော့ နယ်ချဲ့သမားကို ညီညွတ်စွာပေါင်းပြီး တိုက်ရမယ့်အစား မြန်မာအချင်းချင်း တိုက်နေကြတာက ခက်တယ်။ အချို့လူတွေက ပြည်သူ့ရဲဘော်တပ်ခွဲခေါင်းဆောင်ကိုသတ်၊ ဖဆပလအဖွဲ့ခေါင်းဆောင်ကိုသတ်၊ မီးရထားကို ဖောက်အောင်လုပ်၊ ဒီလိုလုပ်နေတာဟာ သေတော့ ဘယ်သူတွေသေသလဲ။ မြန်မာတွေ သေတာပဲ မဟုတ်လား။ နယ်ချဲ့သမားကတော့ လက်ပိုက်ပြီး ကြည့်ရယ်နေတာပဲ။ ဒီလိုဆိုရင် ဘယ်တော့မှ လွတ်လပ်ရေးရမှာ မဟုတ်


www.burmeseclassic.com

www.burmeseclassic.com

ဘူး''

ဟု ပြောပြီးလျှင် တော်လှန်ရေးလုပ်ငန်းစဉ်များကို လည်းကောင်း၊ လူမျိုးရေးညီညွတ်မှုအကြောင်းများကို လည်းကောင်း၊ တိုင်းပြုပြည်ပြု လွှတ်တော်ဖန်တီးပြီး မည်သို့ဆောင်ရွက်ရမည့် အကြောင်းများကို လည်းကောင်း၊ ရွေးကောက်ပွဲ သပိတ်မှောက်မှုဟာ မှားယွင်းကြောင်းများကို လည်းကောင်း ရှင်းလင်း ဟောပြောသွား၏။

၄င်းနောက် ဖဆပလဌာနချုပ် အထွေထွေအတွင်းရေးမှူး ဦးဘဆွေကလည်း ဖဆပလ၏ ဆောင်ရွက်ပုံ သဘောတရားများ၊ တော်လှန်ရေး သဘောတရားများနှင့် နောက်ဆုံး မိမိတို့၏ လွတ်လပ်ရေးအတွက် ပြင်ဆင်မှုအကြောင်းများကို ဟောကြားပြီးလျှင် အခြားကွန်မြူနစ်ခေါင်းဆောင်တစ်ယောက် ဟောပြောသည်ကို စောင့်မနေကြတော့ဘဲ သဘော်သို့ ပြန်ဆင်းပြီးလျှင် ည (၁၀) နာရီအချိန်တွင် မြေပုံမှ ထွက်ခွာကြလေ၏။ ဦးဘဆွေကား ယခုလို ပြန်သွားရသည်ကို မကျေနပ်နိုင်။ ပြိုင်ဆိုင် ကာနင်လားငါလား ဟောလိုသေး၏။

''ဒီအစည်းအဝေးမှာ ဗိုလ်ချုပ်မပါဘဲ ကျုပ်တို့ချည်းဆိုရင် သိပ်ကောင်းမှာပဲ''

ဟု လမ်းတစ်လျှောက်လုံး တဗျစ်တောက်တောက်နှင့် ပြော၏။ ဦးဘဆွေ၏ ဟောပြောချက်များမှာလည်း အတော့်ကို အချက်ပိုင်၍ လေးလေးနက်နက်ရှိလှ၏။ ပရိသတ်က သဘောပေါက်၏။

(မြေပုံတွင် ဦးစိန္တာ စီမံထားပုံကား ငါ့မှာ နောက်လိုက်အင်အားရှိတယ် ဆိုတဲ့ အကြောင်းပြလိုသဖြင့် ဗိုလ်ချုပ်အား မလိုမုန်းတစ်ပတ် ဖိတ်ခေါ်ပြသည့်သဘောပင် ဖြစ်သည်။)

## ရှေးကဖြစ်ကြောင်း စကားဟောင်း

မြေပုံမှအပြန်လမ်းခရီးတွင် သင်္ဘောကျောက်ချကာ သင်္ဘောကလေးပေါ်တွင် ဖြစ်သလိုအိပ်ကြရ၏။ ဗိုလ်ချုပ်၊ ဦးဗဆွေ၊ ကျွန်ုပ်တို့ စကားပြောနေကြစဉ် ဦးဗဆွေက–

''ကဲဗျာ– ဦးပုကလေး၊ ရှေးက ဗမာပြည်နိုင်ငံရေးလုပ်ပုံတွေ ပြောပြစမ်းပါ''

ဟု တိုက်တွန်းသဖြင့် လွန်လေပြီးသော ဗမာပြည်နိုင်ငံရေး အကြောင်းတရားများကို ပြောပြရ၏။



ဗိုလ်ချုပ်က–

''နေစမ်းပါဦး၊ ကျုပ် ကျောင်းသားဘဝတုန်းက ကြားဖူးလိုက်ပါတယ်။ အိမ်ရှေ့မင်းသားလာတုန်းက သတင်းစာဆရာတစ်ယောက် ထောင်ကျသေးတယ်ဆိုတာ ဘယ်သူလဲ''

ဟု မေးရာ–

''တခြား မဟုတ်ဘူး၊ ကျွန်တော်ပဲ''

ဟု ပြောသောအခါ ဟက်ဟက်ပက်ပက် ရယ်မောကာ–

''ပြောပြစမ်းပါဦးလေ။ ဘယ်လိုဖြစ်တာလဲ''

ဟု ခိုင်းသဖြင့် ဤသို့ ပြောပြရ၏။

ဖြစ်ပုံကား ဤသို့တည်း။

၁၉၂၂ ခုနှစ် အိမ်ရှေ့မင်းသား ဗမာပြည်လာတဲ့အခါ အုပ်ချုပ်ရေးနှင့် ပတ်သက်၍ မကျေမနပ်ဖြစ်ကြပြီးလျှင် အိမ်ရှေ့မင်းသား ကြိုဆိုရေးကို သပိတ်မှောက်ရန် ဆုံးဖြတ်ကြ၏။ ရန်ကုန် ပုလိပ်မင်းကြီးက အိမ်ရှေ့မင်းသား ရောက်လာသည့်ရက်အတွင်းတွင် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ဝေဖန်ချက်များ မရေးရဟု သတင်းစာတိုက်များအပေါ်၌ အမိန့်တစ်ရပ် ထုတ်လိုက်သည့်အတွက် သတင်းစာတိုက် (၁၁) တိုက် အစည်းအဝေးလုပ်ပြီး ဒီအမိန့်တည်ရှိနေသေးသရွေ့ ကာလပတ်လုံး ကန့်ကွက်သည့်သဘောဖြင့် ခေါင်းကြီးပိုင်း မရေးရန် ဆုံးဖြတ်ကြ၏။ (အစိုးရက ဝတ်လုံတော်ရ ဦးချစ်လှိုင်၊ ဝတ်လုံတော်ရ ဦးဘစီ၊ ဝတ်လုံတော်ရ ဦးကွန်း၊ အယ်ဒီတာ ဦးစိန်၊ နယူးဘားမား ဦးဘလှိုင်၊ မန္တလေး ဦးဘဦး စသော နိုင်ငံခေါင်းဆောင် လူကြီးအချို့ကိုလည်း နယ်ခြားသို့ ပို့ထားလိုက်၏။)

အိမ်ရှေ့မင်းသား ရန်ကုန်သို့ရောက်လာတဲ့အခါမှာ (တူသာသင်း) အမည်ခံ ဦးဘတူ၊ ဦးဘိုးသာနှင့် ဦးသင်း ကြီးမှူးသော လူကြီးပိုင်းက အထူး ပါဝင် ကြိုဆိုညွှန်ခံမှု ပြုလုပ်ကြ၏။ ကန်တော်ကြီးပွဲတော် ခမ်းခမ်းနားနားကြီး စီမံပြီးလျှင် ကရဝိက်ဖောင်တော်ဖြင့် အိမ်ရှေ့မင်းသားကို ချော့မြှော့ကြရာတွင် ဂုဏ်သရေရှိ လူကြီးများ၏ သမီးများသည် အိမ်ရှေ့မင်းသားနှင့်တွဲ၍ စခန်းသွားနိုင်ရန်အတွက်လည်း သူ့ထက်ငါ ကြိုးစားကြ၏။ စခန်းသွားရသူတို့ကား အလွန်ဝမ်းသာ၍ မသွားရသူတို့ကား အလွန်ဝမ်းနည်းကြ၏။ ဗမာလူမျိုးထဲမှ ရုပ်ရှင်ရိုက်ကူးရာတွင် ပထမဦးဆုံးဖြစ်သော လန်ဒန်အတ် ဦးအုန်းမောင်က အိမ်ရှေ့မင်းသား ကြိုဆို ညွှန်ခံပွဲ

www.burmeseclassic.com

www.burmeseclassic.com

များကို ရုပ်ရှင်ရိုက်ကူးပြီးလျှင် အယ်လီဖင်စတုန် ရုပ်ရှင်ရုံကြီးတွင် ပြသော အခါ ကြည့်ရှုသူ လူထုက အော်ဟစ်ဆဲရေးကြသည်။

(ထိုစဉ်အခါက အယ်လီဖင်စတုန် ရုပ်ရှင်ရုံကား ယခု စကော့ ဈေးသစ်ကြီးနေရာတွင် ဖြစ်သည်။)

အိမ်ရှေ့မင်းသား ပြန်သွားသောအခါ အိမ်ရှေ့မင်းသားနှင့် စခန်း သွားလိုက်ရသော မိန်းကလေးများနှင့်ပတ်သက်၍ ရယ်ရွှင်ဖွယ်အကြောင်း တစ်ခုကို ပညာအလင်းသတင်းစာတွင် ဖော်ပြ၏။ (ထိုသတင်းစာတွင် ကျွန်ုပ် အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်နေခိုက် ဖြစ်သည်။) ထိုစာ၏ သဘောအချုပ်မှာ အိမ်ရှေ့မင်းသား ပြန်သွားသည့်အတွက် လွမ်းနာကျ သူများသည် အိမ်ရှေ့မင်းသား ပြန်လာရန်အတွက် ရတနာဒီပံ ဆေး ဖယောင်းတိုင်ကိုထွန်းရန် တိုက်တွန်းသည့်စာပင် ဖြစ်၏။ ထိုစာ၏ လိပ် စာအဖြစ်နှင့် (သတ္တဘာဂ မောင်မောင် ကြာချည်ချရပ် နံပါတ် ၁၅၀၀ ဆိပ်ကွယ်ရာမြို့) ဟု ဖော်ပြထား၏။ အိမ်ရှေ့မင်းသားနှင့် မတွဲရသူတို့ ဘက်မှ ပြောင်လှောင်သရော်ကြသည်ကို အကြောင်းပြုပြီးလျှင် အိမ်ရှေ့ မင်းသားနှင့် တွဲရသော မိန်းကလေးနှင့် သက်ဆိုင်ရာတို့က ဒေါသူပုန်ထ ကြကုန်၏။ မကင်းရာမကင်းကြောင်း အစိုးရအရာရှိကြီးတို့ ပွက်လောရိုက် ကြကုန်၏။ သတင်းစာတွင် ထိုစာပါပြီး၍ တနင်္ဂနွေတစ်ပတ်အတွင်းမှာ (၅၁) လမ်း ပညာ့အလင်းသတင်းစာတိုက်ကို ပုလိပ်တပ်နှင့် စိုင်းကြပြီး လျှင် ပုလိပ်အရာရှိကြီးသုံးယောက် တာဝန်ခံ အယ်ဒီတာဖြစ်သော ကျွန်ုပ် ထံသို့ လာရောက်ပြီးလျှင် ထိုစာကော်ပီမူကိုပေးရန်နှင့် ထိုစာရေးသူကို ပြောရန် တောင်းဆိုကြ၏။ ကျွန်ုပ်ကလည်း ပေးရန်၊ ပြောရန် တာဝန် ဝတ္တရားမရှိသဖြင့် မပေးနိုင်ဟု ငြင်းဆိုရာ 'ဒါဖြင့် ခင်ဗျားကို ဖမ်းတယ်' ဆိုပြီး ဂါတ်သို့ခေါ်သွား၏။ အာမခံနှင့်လွတ်ပြီးလျှင် အိန္ဒိယ ရာဇသတ် ပုဒ်မ (၂၉၂) အရ ရုံးတင်တရားစွဲဆို၏။ ထိုပုဒ်မမှာ ကိလေသာညစ်ညမ်း မှုသဘော ဖြစ်၏။ အမှုငယ်ကလေးပင်ဖြစ်သော်လည်း အစိုးရတရားလို က ထွန်းညိမ်းအဘိဓာန်ရေးသော ဦးထွန်းညိမ်း စသော ပညာရှိကြီးများ ကို သက်သေပြ၏။ တရားခံဘက်ကလည်း ပါဠိ ဆရာဖြေ စသော ပညာရှိကြီးများကို သက်သေပြ၏။ ဥရောပတိုက်သား အရေးပိုင် မစ္စတာ ပတယ်လ်က စစ်ဆေး၏။

တရားလိုအစိုးရဘက်မှ ယူဆချက်မှာ ရတနာဒီပံ ဆေးဖယောင်း တိုင်ကို ဖော်ပြခြင်းသည် ယောကျ်ားအင်္ဂါဇာတ်ကို ဆိုလိုရင်း ဖြစ်သည်။





လွမ်းဆွတ်သော မိန်းကလေးသည် ထိုဖယောင်းတိုင်ဖြင့် ဖျော်ဖြေရန် ညွှန်ကြားချက် ဖြစ်သည်ဟု ယူဆ၍ သက်သေများအား ထိုသဘောမျိုး ပေါက်အောင် မေးခွန်းထုတ်ကြ၏။ တရားခံသက်သေ ပါဠိဆရာဖြေအား မေးရာတွင် 'ရတနာဒီပံ ဆေးဖယောင်းတိုင်ဆိုတာ ယောကျ်ားအင်္ဂါဇာတ်ကို ဆိုလိုတယ် မဟုတ်လား' ဟု အရေးပိုင်က မေးသောအခါ 'ကျားကိုက် ဝါတယ်ဆိုတာ နာတာရှည်လားဆိုတာလို ဖြစ်နေတယ်။ ဖယောင်းတိုင်လို့ ဆိုထားတာဟာ ဖယောင်းတိုင်ကလွဲ၍ ဘယ့်နှယ်ယောကျ်ား အင်္ဂါ ဇာတ်ဖြစ်နိုင်မလဲ' ဟု ဖြေဆိုလိုက်၏။ နောက်ဆုံး အမှုကိုစစ်ဆေးပြီး သောအခါ တရားခံအပြစ်ရှိကြောင်း ထင်ရှားတယ်ဆိုပြီး အလုပ်ကြမ်း နှင့် ထောင်ဒဏ် နှစ်လကျခံစေဟု အမိန့်ချမှတ်လိုက်၏။ ထိုပုဒ်မအရ အစွမ်းကုန် အပြစ်မှာလည်း နှစ်လသာပေးနိုင်၏။ အယူခံတွင် အနိုင်ရ၍ တစ်လနေခဲ့ရ၏။ ထောင်မှလွတ်သောနေ့တွင် ထောင်ဝ၌ ဂျီစီဘီအေ လူကြီးများနှင့်တကွ လူထုပရိသတ်အများပင် ကြိုဆို၍ ပန်းကုံးများပင် စွပ်ကြသေး၏။

## လေယာဉ်ပျံပေါ် မြင်မတော်

ဗိုလ်ချုပ်နှင့်အတူ ကားစီးပြီး ခရီးရှည်သွားရာ၌ အထူး သတိ ပြုရသော အချက်တစ်ချက်မှာ စောစောစီးစီး နောက်ဖေးနောက်ဖီသွား ထားရခြင်း ဖြစ်သည်။ ဗိုလ်ချုပ်ကိုယ်တိုင်လည်း စောစောစီးစီး ကိစ္စပြီးစီး ထားနှင့်လေ့ရှိသည်။ ဓမ္မတာမလွန်ဆန်နိုင်၍ သွားနေသောကားကို ရပ်၍ ကိစ္စပြီးစီးနိုင်သော်လည်း အိမ်သာမပါသော လေယာဉ်ပျံကိုစီးပြီး ခရီး သွားမိသောအခါ ရပ်တန့်ရန်မဖြစ်နိုင်သည့်အတွက် အခက်အခဲနှင့် တွေ့ ကြုံရတတ်သည်။

ဧပြီလ (၂) ရက်နေ့က စစ်တွေမှ ရန်ကုန်သို့ စီးလာရသော ဒဆပလက ငှားထားသော လေယာဉ်ပျံကလေးပေါ်တွင် ဓမ္မတာကို မလွန် ဆန်နိုင်သည့်အတွက် အခက်တစ်မျိုး ကြုံရဖူး၏။ ကျွန်ုပ်သည် မြေဘုံမှ စားခဲ့သောအစာ တစ်စုံတစ်ရာ၏ မှားယွင်းမှုကြောင့် ဝမ်းအနည်းငယ်ပျက် ၏။ စစ်တွေ အရေးပိုင်အိမ်တွင် နံနက်စာစားပြီးနောက် လေယာဉ်ပျံကွင်း သို့သွားခါနီး အိမ်သာသွားနေဆဲတွင် ဗိုလ်ချုပ်က သွားမယ်ဆိုပြီး ကား ပေါ်သို့တက်နှင့်လေသဖြင့် တဘူဘူနှင့် ဟွန်းတီးပြီး ကျုပ်ကို စောင့်၍ ခေါ်လေ၏။ ကိစ္စမသတ်ရမီ ကပျာကသီပင် ကားဆီသို့ ပြေးလာပြီး



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပါသွားရ၏။ ထိုဝမ်းပျက်သည့် ဓမ္မတာကိစ္စကား အိမ်သာမပါသည့် လေယာဉ်ပျံကလေးစီးမိ၍ တစ်နာရီလောက်ကြာသောအခါ စတင်၍ ဒုက္ခပေးလာ၏။ အောင့်နိုင်သမျှ အောင့်၍ထားသော်လည်း နာကျင်သည့် ဝေဒနာကို မခံနိုင်အောင်ဖြစ်လာ၏။ မကြံတတ်အောင်ဖြစ်ပြီး အတော်စိတ်ညစ်သွား၏။

ဗိုလ်ထွန်းလှကို အသာလက်တို့ပြီး 'ဗိုက်နာလှပြီ၊ ဘယ့်နှယ်လုပ်မလဲ' ဟု အကြံတောင်းသောအခါ 'အောင့်ထားပါဦး၊ တစ်နာရီလောက်ကြာရင်ရောက်မှာပဲ' ဟု နားနားကပ်ပြီး ပြန်ပြောသဖြင့် ထပ်မံ၍ အောင့်ကြည့်သော်လည်း (၁၀) မိနစ်လောက် အောင့်ပြီးနောက် သည်းမခံနိုင်တော့ချေ။ နောက်ပိုင်း ကုလားထိုင်ပေါ်တွင် အိပ်ပျော်နေသော ဗိုလ်မင်းလွင်ကိုနှိုးပြီး ကျွန်ုပ်ထိုင်သော ရှေ့နေရာနှင့် ပြောင်းရန် ပြောရ၏။ ဗိုလ်မင်းလွင်လည်း အကြောင်းမသိသေးသဖြင့် အိပ်ချင်မူးတူးနှင့် ခေါင်းခါပြီး မလာဘူးဟု ငြင်းသေး၏။ အကျိုးအကြောင်းပြောပြီး အတင်းဆွဲတော့မှ ပြောင်းပေး၏။ ဦးဗဆွေလည်း ငိုက်နေရာမှ နိုးသဖြင့် သိသွားလေ၏။ ပိုင်းလော့အင်ဂျင်နီယာနှင့် ဗိုလ်ချုပ်တို့သည် ရှေ့တည့်တည့်သို့ လှည့်နေကြသည့်ပြင် လေယာဉ်ပျံအသံကြောင့် ကျွန်ုပ်တို့ နောက်ပိုင်းမှ အပြောင်းအလဲဖြစ်နေသည်ကို မသိကြ။ ကျွန်ုပ်နှင့် ဗိုလ်မင်းလွင် နေရာပြောင်းမိသောအခါ ဗိုလ်မင်းလွင်၊ ဦးဗဆွေ၊ ဗိုလ်ထွန်းလှတို့အား ရှေ့သို့လှည့်ကာ ခေါင်းငုံ့စေရ၏။ ကျွန်ုပ်လည်း အသင့်ပါလာသော သတင်းစာနှစ်စောင် စက္ကူများနှင့် ကိစ္စပြီးစေပြီး လုံခြုံစွာ ထုပ်ထားလိုက်ရ၏။

ကိစ္စပြီးသွားသဖြင့် စိတ်တစ်မျိုးကျသွားသော်လည်း အထုပ်ကို စွန့်ရန်အတွက် စိတ်တစ်မျိုးလေးလျက် ရှိနေရပြန်၏။ အသွားတုန်းက အနည်းငယ် ဟ၍ရသော မှန်ပြတင်းပေါက်ကလေးမှ ချမည်ဟု ဆွဲကြည့်လိုက်သည့်အခါ အင်ဂျင်နီယာက အသေပိတ်ထားပြီးဖြစ်၍ ဖွင့်မရဘဲရှိနေပြန်သဖြင့် ရန်ကုန်-မင်္ဂလာဒုံ လေယာဉ်ပျံကွင်းထိအောင် ယူဆောင်လာခဲ့ရ၏။ လေယာဉ်ပျံဆိုက်သောအခါ ဗိုလ်ချုပ်က ကားတစ်စီးနှင့် သတ်သတ်စီးသွား၍ တစ်မျိုးစိတ်အေးသွားရ၏။ ဗိုလ်ထွန်းလှက 'ဦးပုကလေးရဲ့ ပစ္စည်းထုပ်ကြီးကို လေယာဉ်ပျံပေါ်မှာ မထားခဲ့ပါနဲ့' ဟု သတိပေးသဖြင့် ပစ္စည်းထုပ်ကို ကားပေါ်မှာ အမှတ်တမဲ့ ယူချလာရာ ဒရိုင်ဘာက စားစရာမှတ်ပြီး 'ဘာထုပ်ကြီးလဲ' ဟုမေးပြီး လက်လှမ်းသေး၏။ 'အသာနေစမ်းပါကွာ၊ ပြီးတော့ စားရမှာပေါ့' ဟု ဆိုကာ ကားပေါ်သို့ အသာ





တက်ရ၏။ လေယာဉ်ပျံကွင်းအပြင်သို့ရောက်မှပဲ ကိုင်း- ကြွပေတော့ဆိုပြီး ပစ်ချခဲ့ရတော့၏။ တစ်ဦးနှင့်တစ်ဦး မပြတ် ပျော်ပျော်ရွှင်ရွှင် ရယ်စရာပြောလေ့ရှိသော ဗိုလ်ထွန်းလှ၊ ဗိုလ်မင်းလွင် ကျွန်ုပ်တို့သုံးဦးသား ဤအကြောင်းကို စကားစပ်တိုင်း ရယ်စရာပြောကြတုန်းပင်။

## ကွန်မြူနစ်တပည့် လာ၍ကြည့်

ဗိုလ်ချုပ်သည် အထက်ဗမာပြည်သို့ လှည့်၍ တရားဟောစဉ် မတ်လ (၂၆) ရက်နေ့ ညနေ အာလန် (အောင်လံ) မြို့သို့ ရောက်သောအခါ ကြိုဆိုကြသော အသင်းအဖွဲ့အသီးသီးအနက် ကွန်မြူနစ်ခေါင်းဆောင်များနှင့် တပ်နီရဲဘော်များလည်း ပါဝင်ကြိုဆိုကြ၏။ မတ်လ (၂၇) ရက်နေ့နံနက် အာလန်မြို့၌ ကျင်းပသော တရားပွဲကြီး၌လည်း ထိုနည်းလည်းကောင်း ကြိုဆိုအလေးပြုကာ ဟောပြောသောတရားကို ကြားနာကြ၏။ ရွေးကောက်ပွဲတွင် ဖဆပလနှင့် ယှဉ်ပြိုင်အရွေးခံသူတစ်ဦးဖြစ်သော ကွန်မြူနစ် ဗိုလ်ရန်အောင်သည် မတ်လ (၂၇) ရက်နေ့ နံနက်စောစောအချိန်တွင် သရက်မြို့တွင်ရှိနေသော ဗိုလ်ချုပ်ထံသို့ လာရောက်တွေ့ဆုံ၏။ ဗိုလ်ချုပ်က-

"ဟေ့- မင်းတို့ ဘာတွေလျှောက်လုပ်နေကြတာလဲ။ ပြောတော့ ညီညွတ်ချင်တယ်ပြောပြီး လုပ်တော့တစ်မျိုးလုပ်နေကြတယ်"

စသည်ဖြင့် ဆရာသည် တပည့်အား ဆုံးမစကား ပြောကြားသည့်အလား ပြော၏။ ဗိုလ်ရန်အောင်လည်း တပည့်ပီပီ နားထောင်နေသည်ကို တွေ့ရ၏။

## ဗဟိန်းအတွက် နှမြောလျက်

ဗိုလ်ချုပ်သည် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့သည့် ကွန်မြူနစ်ခေါင်းဆောင် သခင်ဗဟိန်း အနိစ္စရောက်သွားသည်ကို အလွန်နှမြောတသလျက်ရှိ၏။ မကြာမကြာ သတိရတိုင်း သတိရတိုင်း သခင်ဗဟိန်းအကြောင်းကို ပြော၏။ သခင်ဗဟိန်း၏ဂုဏ်ကို ချီးကျူး၏။ သူ၏ အချစ်ဆုံးမိတ်ဆွေတစ်ဦး ဖြစ်၏။ သခင်ဗဟိန်းသာ မသေဘဲ ကျန်းကျန်းမာမာနှင့်ရှိလျှင် ဖဆပလနှင့် ကွန်မြူနစ် ကွဲမှာမဟုတ်ဘူးဟု ပြောသည့်အပြင် လူ(၅၀၀၀၀)သေတာနဲ့ သခင်ဗဟိန်းတစ်ယောက်သေတာ အတူတူပဲဟုပင် တန်ဖိုးဖြတ်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၆ ခု၊ ဖေဖော်ဝါရီ (၁၉) ရက်နေ့တွင် ဗိုလ်ချုပ် မန္တလေးသို့ ရောက်ရှိရာ သခင်ဗဟိန်း အနိစ္စရောက်သည်နှင့် ကြုံနေသဖြင့် သခင်ဗဟိန်းမသာသို့ သွားရောက် ကြည့်ရှုခဲ့သေး၏။ မန္တလေးသို့ရောက်တိုင်း လိုလိုပင် သခင်ဗဟိန်းအိမ်သို့ ဝင်ရောက်ကာ မိဘများနှင့် ဇနီးကို နှုတ်ဆက်လေ့ရှိ၏။ သခင်ဗဟိန်းသည် နာတာရှည်ရောဂါဖြစ်နေရာ နိုင်ငံရေးကို ကိုယ်ထိလက်ရောက် မလုပ်နိုင်သော်လည်း စိတ်အလွန်ထက်သန်လျက်ရှိနေ၏။ ကွန်မြူနစ်များကို ဖဆပလမှ ထုတ်ပယ်လိုက်ကြောင်း ဖတ်ရသည့်အတွက် ရောဂါတိုးလျက် အနိစ္စရောက်ရခြင်း ဖြစ်သည်ဟုပင် ပြောကြသေး၏။

## ကပွလီရွာရောက်သည့်အခါ

ခရစ်ယာန်သာသနာပြုဂိုဏ်းချုပ်ကြီး ဘိရှော့ဝက်စ်၏ ဖိတ်ကြားချက်အရ ဗိုလ်ချုပ်သည် သံဖြူဇရပ်မှအပြန် ၁၉၄၆ ခု၊ ဒီဇင်ဘာလ (၂၀) ရက်နေ့ ညနေပိုင်းတွင် သထုံ ဒိစတြိတ်လှိုင်းဘွဲ့မြို့နယ် ကပွလီခေါ်သောရွာသို့ ရောက်ခဲ့၏။ (၂၁) ရက်နေ့ နံနက်ပိုင်းတွင် (၁၀၀၀) ကျော်မျှသော ကရင်အမျိုးသားခေါင်းဆောင်တို့၏ ချီးကျူး ယုံကြည် အားထားမှု အခမ်းအနား သဘင်တစ်ရပ် ကျင်းပပြီးနောက် နေ့လယ်အချိန်တွင် ကရင်အမျိုးသား၊ အမျိုးသမီးပေါင်း (၂၀၀၀၀) ကျော်တို့၏ ယုံကြည်အားထားမှုတရားပွဲသဘင်ကြီး ဆင်ယင်ကျင်းပရ၏။ ဘိရှော့ဝက်စ်နှင့်တကွ ခရစ်ယာန် သာသနာပြုဆရာ များစွာတို့သည် လည်းကောင်း၊ တနင်္သာရီခရိုင်မင်းကြီးနှင့်တကွ သထုံအရေးပိုင် ဦးဘဆန်း အစရှိသော အရာရှိကြီး၊ ငယ်တို့သည်လည်းကောင်း အတော် စုံစုံလင်လင် ရောက်ရှိကြ၏။

ထိုကပွလီရွာကား မူလက အိမ် လေး၊ ငါး အိမ်မျှနှင့် အလွန်သေးငယ် မထင်ရှားသော တောတွင်းရွာကလေး ဖြစ်၏။ သာသနာပြုဆရာကြီး ဘိရှော့ဝက်စ်ကိုယ်တိုင် ထိုရွာသို့ သွားရောက် နေထိုင်ကာ ခုနစ်နှစ်တိုင်တိုင် ပြုစုပျိုးထောင်လာခဲ့ရာ ယခုအခါ၌ကား စာသင်ကျောင်း၊ ကျန်းမာရေး၊ ကစားကွင်း စသည်တို့ဖြင့် သာသာယာယာ ရွာကြီးတစ်ရွာ ဖြစ်၍နေ၏။

ဗိုလ်ချုပ်အား ဧည့်ခံကြိုဆိုကြရာ၌ ကရင်အမျိုးသားတို့ဘာဝ အကာအခုန် အတီးအမှုတ်တို့ဖြင့် သီဆိုကြသော ဒုန်းသီချင်းသံတို့မှာ သာတောင့် သာယာရှိလှ၏။ ဗိုလ်ချုပ်၏ စိတ်နှလုံးကို ရွှင်ပြုံးဖွဲ့လမ်းစေသော အသံ ဖြစ်၏။ မော်လမြိုင် မော်တင်လိန်းကျောင်းအုပ်ကြီး ဒေါ်ညိမ်းသာ၏



စီမံချီးဆော်ချက်အရ ကရင်အမျိုးသားကြိုက်ဖြစ်သော တာလပေါ့ဟင်းကို ချက်ကျွေးသဖြင့် ဗိုလ်ချုပ် အထူးသဘောကျ၏။ ဆရာတာပရဲပေါ စသော ကရင်အမျိုးသား ခေါင်းဆောင်များနှင့်အတူ မြိန်ရှက်စွာ စားသောက်၏။ ဗိုလ်ချုပ်အား ကြည်ညိုလေးစားစွာ ရောက်လာကြသော လူပေါင်း (၂၀၀၀၀) ကျော်တို့အား ကျယ်ပြန့်သောကွင်းကြီး၌ တဲများထိုးကာ နေရာထိုင်ခင်းပေးခြင်း၊ ကျွေးမွေးရခြင်း တည်းဟူသော ဝတ္တရားကြီးကို ကျေပွန်စွာ ထမ်းဆောင်ကြ၏။

နံနက်ခင်း ကရင်အမျိုးသားခေါင်းဆောင် (၁၀၀၀) ကျော်တို့၏ ချီးကျူးပွဲ သဘင်အခမ်းအနားတွင် ကရင်အမျိုးသမီးကလေးများက ကရင်-ဗမာ ချစ်ကြည်ရေးသီချင်းကို ကျူးရင့်ကြ၏။ ၎င်းနောက် ဆရာတာပရဲပေါ၊ ဆရာဦးတောပွား စသော ကရင်အမျိုးသားခေါင်းဆောင်တို့က ဗိုလ်ချုပ်အား ချီးကျူးစကား ပြောကြားကြကုန်၏။ လူမျိုးရေးခေါင်းဆောင်ကြီး အစစ်ဖြစ်သည့် ဗိုလ်ချုပ်အား အကြွင်းမဲ့ ယုံကြည်အားထားကြောင်း၊ ဗိုလ်ချုပ် ရှေ့ဆောင်ရာသို့ နောက်မှလိုက်ပါရန် အသင့်ဖြစ်ကြောင်း ပဋိညာဉ်ဝန်ခံချက်ကိုလည်း ပေးကြကုန်၏။

ဗိုလ်ချုပ်ကလည်း ယခု မိမိ လာရောက်ခြင်းမှာ ဧည့်သည်သဘောနှင့် လာရောက်ခြင်းမဟုတ်။ မိတ်ဆွေအဖြစ်ထက်လည်း ပိုပြီးလျှင် တစ်အိမ်ထောင်သားချင်းအနေနှင့် လာရောက်ခြင်းဖြစ်ကြောင်း စကားအစရှိပြီးလျှင် (၁) တိုင်းသူပြည်သားများ ကြောက်ခြင်းမှလွတ်လပ်ရေး၊ (၂) ချို့ချို့တဲ့တဲ့ရှိနေရာမှ လွတ်လပ်ရေး၊ (၃) ဘာသာတရားကို မိမိတို့ သဘောတျ လွတ်လပ်စွာရေးခွင့်၊ လွတ်လပ်စွာပြောခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့် သဘောတရားများကို ရှင်းလင်းစွာ ပြောပြသည့်ပြင် ဗမာ၊ ကရင်၊ မွန် ရယ်လို့ ခွဲခြားမှုမရှိဘဲ တညီတညွတ်တည်း ဆောင်ရွက်တတ်မှု အကြောင်းများကို ဟောပြော၏။ ကရင်အမျိုးသားခေါင်းဆောင်များသည် အထူးဝမ်းမြောက်ကြပြီးလျှင် ဗိုလ်ချုပ်အပေါ်၌ ယုံကြည်အားထားမှုစိတ်ဓာတ် ပိုမို ခိုင်မြဲစေတော့၏။

နေ့လယ်ပိုင်းတွင် (၂၀၀၀၀) ကျော်သော လူထုတရားပွဲကြီး၌ ဘိရှော့ဝက်စ်က-

"ဦးအောင်ဆန်းကား တိုင်းပြည်ခေါင်းဆောင်ကြီး ဖြစ်သည်။ သူ့ရှေ့ဆောင်ရာသို့ လိုက်ကြရမည်။ သူ၏အပေါ်၌ လေးစားကြရမည်။ အသင်တို့အပေါ်၌ တစ်မိသားချင်း သဘောထားဘိသကဲ့သို့ သင်တို့ကလည်း

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်ဆန်းအပေါ်၌ ထိုသဘောမျိုးထားကြရမည်''

ဟု ပြောပြောနေသည့်အတွက် ဗိုလ်ချုပ်အပေါ်၌ အားထားယုံကြည်မှုများ ပိုမို လေးနက်စေ၏။ ထိုတရားပွဲကြီးတွင် ဗိုလ်ချုပ် ဟောပြောပြီးနောက် အလွန် ချစ်ကြည်မြတ်နိုးသည့်သဘောဖြင့် ဗိုလ်ချုပ်ကတော်အတွက်ဆိုပြီးလျှင် မွန်မြတ်ကောင်းမွန်လှသော သဇင်ပန်းတစ်ခြင်းကို လက်ဆောင်ပေးကြ၏။ ဒီဇင်ဘာ (၂၁) ရက်နေ့ နေ့လယ်အချိန်က ကပ္ပလီရွာမှအပြန် လှိုင်းဘွဲ့မြို့သို့ရောက်သောအခါ ဘုရင်ခံက စာအိတ်ကြီးတစ်အိတ် ဗိုလ်ချုပ်ထံသို့ လာရောက်ပေး၏။ ထိုစကား ဘိလပ်နန်းရင်းဝန်ကြီး မစ္စတာအက်တလီ၏ မြန်မာပြည်ကိစ္စနှင့် ပတ်သက်သော ထုတ်ပြန်ချက်ပင် ဖြစ်၏။

## ပင်ပင်ပန်းပန်း ခရီးကြမ်း

ဗိုလ်ချုပ်သည် နွေဦးရာသီ အခါကာလဝယ် အထက်ဗမာပြည်သို့ ခရီးပြင်း တရကြမ်းထွက်ရသည်မှာ နေကလည်း အလွန်ပူ၊ ဖုန်ကလည်း အလွန် ထူမှန်းကိုသိသော်လည်း ဧပြီလ (၉) ရက်နေ့တွင် ကျင်းပမည့် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကြီး နီးကပ်လာသည့်အတွက် နေမကောင်းလျက်ပင် မတ်လ (၂၇) (တပေါင်းလဆုတ် ၁၄ ရက်) နေ့တွင် စတင်၍ ခရီးထွက်ရပြန်၏။

ထိုနေ့နံနက် ရန်ကုန်မှ မိတ္ထီလာသို့ လေယာဉ်ပျံနှင့် ၎င်း၏ကားနှင့် ဆက်လက်ထွက်ပြီးလျှင် ရေဝန်၊ ကူမဲ၊ ကျောက်ဆည်၊ စစ်ကိုင်း၊ ပုလိပ်နှင့် မန္တလေးမြို့များ၌ အသင့်စီမံထားသော တရားပွဲတွင် ဆက်တိုက် ဟောပြောရ၏။ မတ်လ (၂၁) ရက်နေ့တွင်လည်း အမရပူရ၊ စစ်ကိုင်း၊ အုန်းတော၊ ဝက်လက်၊ ရွှေဘို၊ ရေဦး၊ ခိုင်ပြင်၊ အုတ်ဖို၊ ဘုတလင်နှင့် မုံရွာမြို့များ၌လည်း ဆက်တိုက် ဟောပြောရသည့်အတွက် ဗိုလ်ချုပ်မှာ အတော် ပင်ပန်းနွမ်းလျလျက် ရှိ၏။ တစ်မြို့မှတစ်မြို့ တရားတစ်ပွဲမှတစ်ပွဲသို့ ဆက်လက်သွားရာ၌ ဦးခေါင်းနှင့်မျက်နှာတွင် လိမ်းကျံဖြူဖွေးလျက်ရှိသော ဖုန်များကို ရှင်းလင်းရန်အချိန်ကိုပင် မရရှာ။ မုံရွာနှင့် ရေဦးသွားကားလမ်းမှာ ကြမ်းတမ်းဝေးလံသည့်အတွက် အတော် စိတ်ပျက်ဖွယ်ကောင်းလှ၏။ နေပူလွန်းအားကြီး၍ မော်တော်ကားကိုယ်ထည်မှာ လက်မကိုင်နိုင်လောက်အောင် ပူနေ၏။ ဘုတလင်မြို့သို့ရောက်သောအခါ ပင်ပန်းလှသဖြင့် ခပ်ဝေးဝေးမှ ကြားနိုင်အောင်ပင် အသံမထွက်တော့ပြီ။ ထိုနယ်





ပြည်သူ့ရဲဘော်ခေါင်းဆောင်က 'နောက်ပိုင်းမှ မကြားရဘူး ခင်ဗျား' ဟု ပြောသောအခါ 'ကြားရတဲ့လူဆီကတစ်ဆင့် နားထောင်ပေတော့' ဟုသာ ပြန်ပြောရ၏။

## မုံရွာကကွယ် လိမ္မာတယ်

ဗိုလ်ချုပ် အလွန် ပင်ပန်းနွမ်းနယ်သည်ကို တွေ့မြင်ရသောအခါ ကျွန်ုပ်က–

''ဗိုလ်ထွန်းလှ၊ ဗိုလ်ချုပ် အတော်ပင်ပန်းနေပြီ။ မုံရွာရောက်လျှင် ညပိုင်းအစီအစဉ်တွေ အကုန်ဖျက်ကာ အနားပေးမှဖြစ်မယ်။ ခရီးသွားရင်း လဲနေရင် ခက်ကျနေမယ်။ ဗိုလ်ချုပ်စိတ်က အိပ်ရာထဲလဲနေတောင် အိပ်ရာထဲကနေပြီး ဟောချင်ဟောနေမှာ ယုံရတာမဟုတ်ဘူး''

ဟု အကြံပေးသည်ကို သဘောတူပြီးလျှင် မုံရွာရောက်လျှင် ရောက်ချင်း ဗိုလ်ချုပ် နေမကောင်းဘူးဆိုပြီးလျှင် ညနေပိုင်းအစီအစဉ်တွေကို အကုန်ဖျက်သိမ်းပစ်လိုက်၏။

ဗိုလ်ထွန်းလှက–

''မုံရွာမှာ ကနေ့ည ဘာမှ အစီအစဉ်မရှိဘူး''

ဟု ဗိုလ်ချုပ်အား ပြောပြလိုက်သောအခါ–

''မုံရွာကကွယ် လိမ္မာဟယ်''

ဆိုပြီးလျှင် မုံရွာဗိုလ်တဲအိပ်ရာထဲသို့ ဝင်ရောက်အိပ်လိုက်၏။ မုံရွာဗိုလ်တဲမှာ ချင်းတွင်းမြစ်ကမ်း လူရှင်းသော တာကြီးဘေးတွင်ရှိသဖြင့် လေတဝူးဝူးနှင့် သာယာကြည်နူးဖွယ်ပင်တည်း။

ထိုည ထမင်းစားပြီး စကားစပ်မိရာပြောကြရင်း ဗိုလ်ချုပ်က–

''ဦးပုကလေးတို့ တရုတ်ပြည်သွားတုန်းက ချန်ကေရှိတ်က ဘာများပြောသလဲ''

ဟု မေး၏။

''ဗမာပြည်သတင်းစာဆရာများအဖွဲ့ တရုတ်ပြည် အစိုးရဧည့်သည်တော်များအဖြစ်နဲ့ သွားကြစဉ်အခါမှာ ဂျင်နရယ်ချန်ကေရှိတ်က ပထမအကြိမ် လက်ဖက်ရည်ပွဲနဲ့ ဧည့်ခံပြီး ဒုတိယအကြိမ် ညစာထမင်းစားပွဲနဲ့ ဧည့်ခံပါတယ်။ ညစာစားပွဲမှာ ဂျင်နရယ်ချန်ကေရှိတ်က ၁၉၀၁ ခုနှစ် တရုတ်ပြည်အရေးတော်ပုံကြီးမှာ ဗမာပြည်က အကူအညီရခဲ့ဖူးကြောင်း၊ ထိုကျေးဇူးကို မိမိတို့မမေ့ကြောင်း၊ တရုတ်ပြည်နှင့် ဗမာပြည် ရှေးရာဇဝင်


www.burmeseclassic.com

www.burmeseclassic.com

အစဦးအဆက် ရင်းရင်းနှီးနှီးရှိခဲ့ကြောင်းများကို ပြောပြပါတယ်"

ဟု ကျွန်ုပ်က ပြန်ပြောရ၏။

ဗမာပြည်သတင်းစာဆရာအဖွဲ့သည် ၁၉၄၀ ပြည့်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာ၍ ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်နေ့တွင် ရန်ကုန်သို့ ပြန်လည် ဆိုက်ရောက်လာကြ၏။ ထိုအဖွဲ့ဝင်လူကြီးများမှာ ဦးဘကလေး၊ ဦးထွန်းသန်း၊ ဦးပုကလေး၊ ဦးဘသန်း၊ မစ္စတာ ချာတာဂျီ၊ မစ္စတာ ဘက္ကာချာဂျီ၊ မစ္စတာ တွန်မဆင်တို့ဖြစ်၍ မစ္စတာ ဝီလယမ်မဆင်(တရုတ်အမျိုးသား)က စကားပြန်အဖြစ်လိုက်ရ၏။

မီးရထားနှင့် လားရှိုးအထိသွားရပြီးလျှင် ၎င်းမှ ကူမင်းသို့ လေယာဉ်ပျံနှင့်သွားရ၏။ ကူမင်းတွင် (၄) ရက်၊ ချုံကင်းတွင် (၇) ရက်၊ ချိန်တူးတွင် (၁၁) ရက်ကြာခဲ့၏။ တရုတ်ပြည်မြောက်ပိုင်းအတွင်းဘက်ရှိ ယာအံမြို့မှ ကွန်မြူနစ်ခေါင်းဆောင်များက လာရောက်ရန် ဖိတ်ကြားသော်လည်း မသွားဖြစ်ကြ။ ချိန်တူးမြို့သို့ ကျွန်ုပ်တို့မရောက်မီ ရက်အနည်းငယ်အတွင်းက ချိန်တူးဂါဝနာ သေနတ်ပစ်ခံရပြီး သေဆုံးသွားသဖြင့် ကွန်မြူနစ်အမြောက်အမြား ဖမ်းဆီးထားကြောင်း သိရ၏။ ကျွန်ုပ်တို့ အလိုအတိုင်း သွားချင်ရာသွားနိုင်ခွင့်မရ။ အစိုးရ၏ စီရင်ချက်အတိုင်းသာ သွားရ၏။ ချုံကင်းမြို့မှ ကွန်မြူနစ်သတင်းစာဆရာများသည် ကျွန်ုပ်တို့နှင့် တွေ့ဆုံ၍ စကားပြောရန် ကြိုးစားသော်လည်း အစိုးရအရာရှိများက စကားပြောခွင့်မရအောင် ပရိယာယ်အားဖြင့် စီမံထားသဖြင့် ပြောခွင့်မရချေ။ သခင်နု ပါဝင်သော ဗမာပြည်မှ မိတ်ဆက်အဖွဲ့ တရုတ်ပြည်သို့ ပထမအကြိမ် သွားရောက်စဉ်အခါက သခင်နုနှင့် ကွန်မြူနစ်ခေါင်းဆောင်တို့ တွေ့သွားရပုံကို သိပြီးဖြစ်၍ ကျွန်ုပ်တို့နှင့် ပြောခွင့်မရအောင် ကြံဆောင်ထားဟန်တူ၏။

ချိန်တူးမြို့ကား ကျွန်ုပ်တို့ သွားရောက်ကြသော အချိန်အခါက တရုတ်ပြည်အတွင်းပိုင်းကို ကုန်စည်ပစ္စည်းများ ဖြန့်ချိဝေငှပေးရာဖြစ်သော ဈေးမြို့ကြီး ဖြစ်၏။ လေတပ်၊ ကုန်းတပ် စစ်ပညာရပ်များကို အမေရိကန်စစ်ဗိုလ်ကြီးများ (အမေရိကန်မှ တတ်မြောက်လာပြီးသော တရုတ်စစ်ဗိုလ်များ) အထူးသင်ကြားပေးလျက်ရှိသော စစ်ကျောင်းကြီးတည်ရှိရာမြို့လည်း ဖြစ်၏။ အမေရိကန်အစိုးရက လက်ဆောင်အဖြစ်နှင့် ဆောက်လုပ်ပေးထားသော တက္ကသိုလ်အဆောက်အအုံကြီးများတွင် အမေရိကန် ပရိုဖက်ဆာဆရာကြီးများက တရုတ်ကျောင်းသားပေါင်းများစွာတို့အား သင်ကြားပေးလျက်ရှိသော မြို့ကြီးလည်း ဖြစ်၏။ ဂျင်နရယ်ချန်ကေရှိတ်အား လူထုက ညီညွတ်စွာ ထောက်ခံအားပေးလျက်ရှိပုံများကို တွေ့ခဲ့ရ၏။ ဥပမာ ရုပ်ရှင်ပွဲများ၌ ဒေါက်တာဆွန်ယက်ဆင်ပုံနှင့် ချန်ကေရှိတ်ပုံများကို ထိုးပြလိုက်သည်နှင့် တစ်ပြိုင်နက် လူထုသည် (ဝုန်းခနဲထ၍) အရိုအသေပေးကြ၏။ တရုတ်ပြည် အမျိုးသားနေ့ လှည့်လည်ကြရာတွင်လည်း အကအခုန် အတီးအမှုတ်မျိုးမပါဘဲ ရှေ့ဆုံးမှ တင့်ကား အသေးစား၊ အကြီးစား၊ ၎င်းနောက်မှ အမြောက်အမျိုးမျိုး၊ ၎င်းနောက်မှ ကျန်းမာရေးနှင့် သက်ဆိုင်ရာ ဘောလုံးကစားခြင်း စသော ကစားအမျိုးမျိုးများ၊ ၎င်းနောက်မှ စကောက်များ၊ သူနာပြုများ စသဖြင့် လူထုအတုယူဖွယ်၊ အားကျဖွယ် အမျိုးမျိုးတို့ ပါရှိသည်မှာ ခရီးတစ်မိုင်မျှ ရှိ၏။

ကျွန်ုပ်တို့ ချိန်တူးမှ ပြန်မည့်နံနက်တွင် ဂျပန်လေယာဉ်ပျံများ ချုံကင်းမြို့ပေါ်သို့ လာရောက် ဗုံးကြဲနေခိုက်ဖြစ်၍ ကျွန်ုပ်ကိုအား အမေရိကန်ပိုင်းလော့မောင်းသော လေယာဉ်ပျံနှင့် တိဗက်ဒေသဘက်သို့ တူရှုဟိမဝန္တာတောင်တန်းကြီးများ ရှိရာဘက်သို့ ပျံသန်းပြီးလျှင် တောင်ကလပ်ကြီးတစ်ခုပေါ်တွင် နာရီဝက်မျှ နားပြီးနောက် ချုံကင်းသို့ ပြန်လာရ၏။ ချုံကင်းတွင် ခတ်ဆီထည့်ပြီး ဆက်လက်၍ ကူမင်းသို့ပို့ရာ ည(၇)နာရီမှ ဆိုက်ရောက်၏။ နောက်တစ်နေ့ နံနက်စောစော ကူမင်းမှ ကားနှင့် ဗမာပြည်နှင့် တရုတ်ပြည် လမ်းမကြီးအတိုင်း ပြန်လာကြရာ (၅) ညနှင့် (၆) ရက်ကြာပြီးမှ ဗမာပြည်သို့ ပြန်ရောက်ရှိကြ၏။ ဗမာပြည်တွင်းသို့ ရောက်လာသဖြင့် ကျွန်ုပ်တို့ကားတွင် ဒေါင်းလံကိုတင်လာရာ သိန်းနီမြို့သို့ ရောက်သောအခါ ရှမ်းအမျိုးသားပုလိပ်က 'ဒေါင်းအလံ မတပ်ရဘူး၊ စော်ဘွားအမိန့်မရဘဲ မည်သည့်အလံမျှ မတပ်ရဘူး' ဟု ကျပ်တည်းစွာ တားမြစ်သဖြင့် ဖြုတ်ခဲ့ရသေး၏။

## လူထုကြည်ညို ဗိုလ်ချုပ်ကို

ဗမာပြည် အင်္ဂလိပ်လက်အောက် ရောက်ပြီးသည့်နောက် ဗိုလ်ချုပ်အောင်ဆန်းလောက် လူထုအကြည်ညိုခံရဆုံးသော နိုင်ငံရေးခေါင်းဆောင်ကြီးမျိုး မရှိသေးဘူးချေ။ ရောက်လေရာရာ မြို့တိုင်းရွာတိုင်း၌ လူထုဝိုင်းအုံတိုးဝှေ့ကြည့်ရှုလေ့ရှိသည့်အတွက် စိတ်ပျက်စရာကောင်းလောက်အောင် ဖြစ်ရသည်။ အယုတ်ဆုံး ဗိုလ်ချုပ်အိမ်သာသွားသည်ကိုပင် ဝိုင်းချောင်းကြည့်သဖြင့် 'သိပ်ခွကျတာပဲ' ဟုပင် ဗိုလ်ချုပ် ညည်းညူသေး၏။

www.burmeseclassic.com

မြို့ပေါင်းများမှာပင် တရားဟော၍အပြီး တည်းခိုရာအိမ်သို့ပြန်ရာ လူထုကြီးနောက်မှ လိုက်လာကြပြီးလျှင် ဗိုလ်ချုပ်ကိုပင် စောင့်၍ကြည့်လေ့ရှိ၏။ ပျဉ်းမနားမြို့တွင် ကျောင်းတိုက်အတွင်း လူထုတရားပွဲကြီးပြီးသည့်နောက် ဆိုရှယ်လစ်ပါတီ လက်ဖက်ရည်ပွဲ ကျင်းပသည့်နေရာတိုက်သို့ ခေတ္တဝင်ရောက်ရာ လူထုကြီးသည် နောက်မှ လိုက်လံဝိုင်းအုံလာကြပြီးလျှင် 'ဗိုလ်ချုပ်ကို ကြည့်ပါရစေ' ဟု အပြင်မှ ဟစ်အော်နေကြ၏။ တောင်းပန်သော်လည်း မရသဖြင့် ဗိုလ်ချုပ် တိုက်အပြင်ဘက်သို့ သုံးမိနစ်မျှထွက်ပြီး ရပ်ပြပြီးလျှင် 'ကိုင်း~တော်ရောပေါ့' ဆို၍ကားပေါ်သို့တက်လိုက်သောအခါ 'ဗိုလ်ချုပ်အောင်ဆန်း အောင်ပါစေ' ဟု ဟစ်အော် ကြွေးကြော်ကြပြီး ဩဘာကြီးပေးကြ၏။

ထူးခြားပုံတစ်ရပ်မှာလည်း ဗိုလ်ချုပ်ကို တွေ့လိုမြင်လိုအားကြီးနှင့် သူ့ထက်ငါ တိုးကာကြည့်၍ မြင်ကြရသော်လည်း ဤနေရာ၌ ကြည့်ရ၍ မကျေနပ်သေးဘဲ အခြားတစ်နေရာသို့လည်း လိုက်၍ကြည့်ကြသေး၏။ ခေတ္တမျှကြည့်၍လည်း အားမရ။ မှင်တက်မိနေသည့်ပမာ စိမ်၍ကြည့်နေကြသူမှာလည်း ဒုနှင့်ဒေး။ အချို့လည်း ဗိုလ်ချုပ်၏ကိုယ်ကို စမ်းသပ်ကြည့်လိုသည့်ပမာ အနားကို- အတင်းတိုးကပ်သည်ကို အကြိမ်ကြိမ်ကာကွယ်ရသေး၏။

(ဗိုလ်ချုပ်၌ လူထုညှို့ဆွဲနိုင်သော ထူးဆန်းသည့် ဓာတ်တစ်မျိုးရှိမှုတစ်နည်း ထူးခြားသော ပါရမီဓာတ်ခံရှိမှုပင်တည်း။)

## နောက်ဆံမတင်း ခပ်ရှင်းရှင်း

နတ်မောက်မြို့ရှိ ဗိုလ်ချုပ်၏ အမိအဘ ဆွေမျိုးဉာတိတို့မှာ ဥစ္စာဓန ကြွယ်ဝချမ်းသာသူတို့ဖြစ်ကြ၏။ သို့ရာတွင် ဗိုလ်ချုပ်သည် တက္ကသိုလ်ကျောင်းသားဘဝမှ နိုင်ငံရေးနယ်ထဲသို့ ပစ်ဝင်လိုက်သည့်အခါမှစ၍ ငွေမှုကြေးမှုနှင့် ပတ်သက်ပြီး မိမိ၏အိမ်ကို အပူမရှာတော့ပြီ။ နှစ်ကာလအတော်ကြာကြာပင် ငတ်ချည်တစ်ခါ ပြတ်ချည်တစ်လှည့် ဆိုသလိုဆင်းတောင့်ဆင်းရဲနှင့် နိုင်ငံရေးကို ဆောင်ရွက်ခဲ့၏။

အခါတစ်ပါး ဗိုလ်ချုပ်နှင့် ကျွန်ုပ်တို့အိမ်ထောင်ရေးနှင့် ပတ်သက်၍ စကားစပ်မိစပ်ရာ ပြောကြရာတွင် လူပျိုအပျိုသဘာဝ တာရှည်လေးမြင့်စွာ လူပျိုလှည့်နေရသည်ကို စိတ်မရှည် မအောင့်အည်းနိုင်၊ ကြာရှည်စွာအချိန်မဖြုန်းလိုသော စိတ်ထားရှိကြောင်း သိရ၏။ ဗိုလ်ချုပ်ကိုယ်တိုင်



ဒေါ်ခင်ကြည်နှင့် အကြောင်းပါသည့်အခါမှာလည်း တာရှည်လေးမြင့်စွာလှည့်ပတ်စောင့်စားနေခြင်းမရှိဘဲ မြန်မြန်ဆန်ဆန် အချိန်တိုတောင်းစွာနှင့် ပြီးစီးသွားသည့် အကြောင်းများကိုလည်း ဗိုလ်ချုပ်က ရယ်ကာမောကာကျွန်ုပ်အား ဖြစ်ပျက်ပုံ ခပ်စုံစုံ ပြောပြ၏။

ယခုကဲ့သို့ အိမ်ထောင်ပြုလိုက်ရခြင်းကြောင့်လည်း နိုင်ငံရေးလုပ်ငန်းကို တည်တည်တံ့တံ့နှင့် ဆက်လက် ကြိုးပမ်းနိုင်ခွင့်ရသည်။ အိမ်ထောင်မပြုဘဲနေခဲ့လျှင် စိတ်၏ တည်ကြည်မှုမရှိသည့်အတွက် တစ်မျိုးတမည် ဖြစ်ပျက်ဖွယ်ရှိသည်ဟု ဗိုလ်ချုပ် ယုံကြည်၏။ ဗိုလ်ချုပ်သည်ယခုကဲ့သို့ ဆက်တိုက် နိုင်ငံရေးကို ဆောင်ရွက်လျက်ရှိရာတွင် အိမ်မှုကိစ္စတို့ ကြောင့်ကြမဲ့နေလေ့ရှိ၏။ အိမ်မှုကိစ္စကား အိမ်ရှင်မ၏ တာဝန်ဟုသဘောထားပြီးလျှင် ပြန်လည် ကြည့်ရှုလေ့မရှိ။ ငွေမှုကြေးမှုတွင်လည်းရှုပင်ပင် မရှိ။ ဒေါ်ခင်ကြည်ကား ရှိလျှင်ရှိသည့်အလျောက်၊ မရှိလျှင်မရှိသည့်အလျောက် အိမ်တွင်းမှုကို သိပ်သည်း ကျစ်လျစ်စွာ ဆောင်ရွက်သာခဲ့၏။ အထူးအားဖြင့် သူ၏ အပါးတော်မြဲ ဗိုလ်ထွန်းလှကား ဗိုလ်ချုပ်၏ အိမ်တွင်းရေး ကိစ္စအရပ်ရပ်ကို လည်းကောင်း၊ ဗိုလ်ချုပ်၏ လိုအပ်သောအကြောင်းအမျိုးမျိုးကို လည်းကောင်း အထူး ကူညီဖြည့်စွမ်းပေးခဲ့သူဖြစ်သတည်း။

## သက်န်းဝတ်ရန် ထိုအကြံ

ဗိုလ်ချုပ်ကား ၎င်း၏တစ်သက်တွင် စိတ်နှလုံး အထိခိုက်ဆုံး နှစ်ကြိမ် တွေ့ခဲ့ရသည်ဟု ကျွန်ုပ်အား ပြောပြသေး၏။ တစ်ကြိမ်မှာ ရေနံချောင်း အမျိုးသားကျောင်းကြီးတွင် ကျောင်းသားဘဝနှင့်နေစဉ် နတ်မောက်တွင် မွေးသဖခင် (ဦးဖာ) ကွယ်လွန် အနိစ္စရောက်စဉ်က ဖြစ်ခဲ့၍ တစ်ကြိမ်မှာ ရန်ကုန်မြို့ ပတ်လိန်း (ဗိုလ်ချုပ်ပြတိုက်) လမ်းရှိ ယခု နေအိမ်တွင် ရင်သွေးတစ်ယောက်ဆုံးသွားရာတွင် ဖြစ်ခဲ့ဖူး၏။ မွေးသဖခင် အနိစ္စရောက်စဉ်အခါက သင်္ကန်းဝတ်လိုစိတ်ပင်ပေါက်သော်လည်း ထမြောက်ခြင်း မရှိခဲ့ပေ။

## ဆေးဝါးသဖွယ် လူမမည်

သားအကြီး (အောင်ဆန်းဦး)၊ သားအလတ် (အောင်ဆန်းလင်း)၊ သမီးအငယ် (အောင်ဆန်းစုကြည်) တို့ကား ဗိုလ်ချုပ်၏ ပင်ပန်းမှုကို ပြေပျောက်စေနိုင်သော ဆေးဝါးသဖွယ် ဖြစ်နေကြ၏။ တစ်ခါတစ်ရံ

www.burmeseclassic.com

www.burmeseclassic.com


ဦးနှောက်ကလည်းရှုပ်၊ အလုပ်ကလည်းများလျက် စိတ်ပျက်ပျက်နှင့် အိမ်သို့ပြန်အလာတွင် 'ဖေဖေ ပြန်လာပြီ၊ ဖေဖေ ပြန်လာပြီ' ဆိုကာ သမီးကလေး စုစုက တီတီတာတာ ပြောဆို၍ ပြေးတက်လာသည်ကို ပွေ့ချီလိုက်ရသောအခါ ဖခင်ဗိုလ်ချုပ်၏ နောက်ကျိလျက်ရှိသော စိတ်နှလုံးမှာ ကြည်လင် ရွှင်ပြုံးစေတော့၏။

ဗိုလ်ချုပ်မှာ ငွေကြေးစုပြီးဆောင်းပြီး မရှိချေ။ ဗိုလ်ချုပ်ကိုယ်တိုင်ကလည်း စကားစပ်မိတိုင်း ကျွန်ုပ်အား ထိုအကြောင်း ပြောပြဖူး၏။ သို့ဖြစ်၍ လွတ်လပ်ရေးရပြီးလျှင် နိုင်ငံရေးမှ အနားယူလျက် စာအုပ်ရေးပြီး ခပ်အေးအေးနေရန် ကြံရွယ်လျက်ရှိ၏။ ဒေါ်ခင်ကြည်ကလည်း မိမိ၏ခင်ပွန်းသည်ယောကျ်ား နိုင်ငံအားလပ်ခွင့်ယူ၍ အလုပ်မရှိသော အခါမျိုးဖြစ်ခဲ့လျှင် မိမိတတ်ကျွမ်းပြီးသောပညာ ဆရာမအလုပ်ကိုလုပ်၍ ကျွေးမွေးမည်ဟု အားခဲထားရှာ၏။ ထိုထိုသော ဇနီးမောင်နှံတို့ ချစ်စနိုးခေါ်ရိုးပြုနေကြသည့်အတိုင်း ဗိုလ်ချုပ်က ဗိုလ်ချုပ်ကတော်ကို 'ကြည်' ဟု ခေါ်၍ ဗိုလ်ချုပ်ကတော်က ဗိုလ်ချုပ်ကို 'မောင်' ဟု ခေါ်၏။

(ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိပါတကား)

## နတ်မောက်ဌာန ရောက်ကာလ

နတ်မောက်မြို့တွင် မွေးသမိခင်နှင့် ရင်းချာသော ဆွေမျိုးဉာတိတို့ ရှိကြသော်လည်း ကိုးနှစ်ပြန်မရောက်ဘဲနေခဲ့ရာ ၁၉၄၇ ခု၊ မတ်လ (၂၅) ရက် (တန်ခူးလဆန်း ၄ ရက်) နေ့ကမှ ပြန်လည် ရောက်ရှိသည်။ ဗိုလ်ချုပ်သည် နတ်မောက်မြို့သို့မဝင်မီ မွေးသဖခင် (ဦးဖာ) ၏ သင်္ချိုင်းကို ဝင်ရောက် ကန်တော့၏။ မြို့တွင်းသို့ရောက်သောအခါ သိမ်တော်ကြီးကျောင်း ဦးကြီး ဘုန်းတော်ကြီးအား လည်းကောင်း၊ ဘုရားကြီးကျောင်းဆရာတော်အား လည်းကောင်း၊ အသက် (၇၀) ရှိ မွေးသမိခင်အား လည်းကောင်း ကန်တော့ပြီးမှ လူထုနှင့်ဆိုင်ရာ ဆောင်ရွက်ဖွယ်ရာ အဖြာဖြာတို့ကို ဆောင်ရွက်၏။ သားထူးသားမြတ်တစ်ယောက်ကို မွေးထုတ်ရသောမိခင် (ဒေါ်စု) သည် သားထွေး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ချွေးမနှင့် မြေးသုံးယောက်တို့ပါ ရောက်လာကြသည်ကို အတိုင်းထက်အလွန် ဝမ်းသာခြင်း ဖြစ်ရ၏။

နတ်မောက်သို့ရောက်သောအခါ ကျွန်ုပ်သည် ဗိုလ်ချုပ်နောက်မှ ပြေတ် လိုက်ပါလျက်ရှိရာ ဗိုလ်ချုပ်က–

"ဦးပုကလေး၊ ဒီဘုန်းတော်ကြီးဟာ ကျွန်တော့်ရဲ့ ဦးကြီးတော်တယ်။ ဒီတန်ဆောင်းကြီးက ကျွန်တော့်မိခင် ကုသိုလ်ဖြစ်တယ်။ ဟောသူ့သတော့ ကျွန်တော့်အစ်ကို ဝမ်းကွဲပဲ"

စသဖြင့် အားရဝမ်းမြောက်စွာ ပြောပြ၏။

ဗိုလ်ချုပ် နတ်မောက်သို့သွားရာတွင် မကွေးခရိုင်မင်းကြီး၊ မကွေးအရေးပိုင် ရာဇဝတ်ဝန်ကြီး စသော အရာရှိကြီးငယ်အပေါင်းတို့ အစုံအလင် လိုက်ပါကြ၏။ (၁၉၄၇ ခု၊ ဇန်နဝါရီလ ၃၁ ရက်နေ့အတွင်း ပွင့်ဆင်မှုနှင့်ပတ်သက်၍) လက်လွန်ရာတွင် ခေါင်းဆောင်များဖြစ်ကြသည့် ဗိုလ်ရာပြတ်၊ ဗိုလ်ဖုန်းကျော် စသော တပ်ဖွဲ့ဆိုင်ရာ တပ်မှူးတို့လည်း စုံစုံလင်လင် ရောက်ရှိကြ၏။ နတ်မောက်မြို့ပေါ်နှင့်တကွ ရွာပေါင်းများစွာမှ လူထုကြီးလည်း အသင့်စောင့်စားလျက် ရှိနေကြ၏။ ဗိုလ်ချုပ်သည် အရာရှိကြီး၊ငယ်တို့၏ တိုင်ကြားချက်များ၊ လက်လွန်သူ ခေါင်းဆောင်တို့၏ တိုင်ကြားချက်များ၊ လူထုဘက်ဆိုင်ရာတို့၏ တိုင်ကြားချက်များအားလုံးကို နားထောင်ပြီးလျှင် တိုင်ကြားသူအားလုံးတို့၏ ကျေနပ်မှုဖြစ်အောင် ဆောင်ရွက်စီမံ အမိန့်ချမှတ်နိုင်ခဲ့၏။ ဒီပင်္ကရာကျောင်းတိုက်အတွင်း၌ ကျင်းပသော လူထုတရားပွဲကြီး၌လည်း အဘက်ဘက်မှ ကျေနပ်ဖွယ်သောတရားများကို ဟောကြားလိုက်သည့်အတွက် လူထုက အထူးနှစ်သက် ဝမ်းမြောက်ကြ၏။

လက်လွန်သူ ရဲဘော်ခေါင်းဆောင် တပည့်အချို့ကိုလည်း 'မည်သူက ရန်ကုန်ဌာနချုပ်ကိုသွား၊ မည်သူက ငါနဲ့လိုက်ခဲ့၊ မည်သူက ငြိမ်ငြိမ်နေ၊ တောင်တောင်မြောက်မြောက် ရှုပ်မနေနဲ့' စသဖြင့် အမိန့်ပေးရာ 'ဟုတ်ကဲ့' ဟူသော စကားတစ်လုံး ဝန်ခံချက်ဖြင့် ကြောက်ရွံ့ရိုသေစွာ လိုက်နာကြ၏။ ထိုထိုသော ကိစ္စအရပ်ရပ်တို့ကို တရားမျှတစွာ စီမံခန့်ခွဲသောပြောဆုံးမ၍အပြီး မိုးကြီးသည်းထန်စွာ ရွာချ၏။ အေးချမ်းမည့် နိမိတ်ကောင်းဟု ယူဆကြ၏။

## ဇာတိဌာန မိနှင့်ဘ

ဗိုလ်ချုပ်အောင်ဆန်းကား သက္ကရာဇ် ၁၂၇၆ ခု၊ တပေါင်းလဆန်း (၁) ရက် (၁၉၁၅၊ ဖေဖော်ဝါရီ ၁၃) စနေနေ့တွင် မကွေးခရိုင် နတ်မောက်မြို့ အမိန့်တော်ရရှေ့နေ (ဦးဖာ–ဒေါ်စု) တို့မှ မွေးဖွားသည့် သားထွေးဆုံး

www.burmeseclassic.com

www.burmeseclassic.com

သောသား ဖြစ်သည်။ နေ့မှာ စနေသားဖြစ်၍ (ထိန်ဝင်း) ဟု အမည်ပေး၏။ 'အောင်ဆန်း' ဟု အမည်တွင်လာရခြင်းမှာ မွေးချင်း ခြောက်ယောက်ရှိသည့်အနက် ၎င်းထက်အကြီးမှာ 'အောင်သန်း' ဟု ခေါ်သဖြင့် အများက အခေါ်လွယ်သည့်သဘောနှင့် 'အောင်ဆန်း' ဟု ခေါ်ခဲ့ကြသည်။ အစ်မနှစ်ယောက်၊ အစ်ကိုသုံးယောက် ရှိသည်။ ၎င်းအထက် အောင်သန်းမှာ ယခုအခါ မကွေးခရိုင် တောင်တွင်းကြီးနယ်ဘက်မှာ တက်ရောက်သည့် တိုင်းပြုပြည်ပြု လွှတ်တော်အမတ် ဦးအောင်သန်း ဖြစ်၏။ အစ်ကိုကြီး ဦးဘဝင်းမှာ (ဗိုလ်ချုပ်နှင့်အတူ ကွယ်လွန်ရသူ) ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးဘဝင်း ဖြစ်၏။ အစ်ကိုတစ်ဦးဖြစ်သော ဦးနေရောင်မှာ ကုန်သည်ဘဝဖြင့် ရောင်းဝယ်ဖောက်ကား နေထိုင်လျက် ရှိ၏။

ငယ်စဉ်အခါက အောင်ဆန်းကလေးသည် အခြားကလေးများနှင့် မတူ။ သုံးနှစ်သားလောက် အရွယ်တိုင်အောင် 'အင်…အဲ' လောက်က လွဲ၍ စကားများများ ပြောလေ့ပြောထမရှိဘဲ ရှု-ခပ်တည်တည်နှင့် နေလေ့ရှိ၏။ ပြုံးရယ်ခြင်းလည်း မရှိလှ။ လူကြီးများထားသော နေရာမှာပင် တစ်ယောက်တည်း ကစားကာနေလေ့ရှိ၏။ လူကြီးများက ချစ်စနိုး၍ မြှူချော့ကြသောအခါများမှာလည်း မကြားချင်ယောင်ပြုကာ ဘာသိဘာသာနေလေ့ရှိ၏။ မကြိုက်လျှင် အခြားတစ်နေရာသို့ ရွှေ့ပြောင်းသွားလေ့ရှိ၏။ အောင်ဆန်းကလေးကို မွေးစဉ်အခါက နက္ခတ်ဗေဒင် ကျွမ်းကျင်တတ်မြောက်သော ဘိုးအေဖြစ်သူက-

"မောင်ဖာ၊ မင့်သားဟာ ဆူဆူပူပူနဲ့ အကျိုးပေးမည့်သားပဲ"

ဟု ဟောခဲ့၏။ ဟောသည့်အတိုင်းလည်း ယခု တိုက်ဆိုင် ဟုတ်မှန်နေတော့၏။

## ကျောင်းသားဘဝ ဖြစ်စဉ်က

အောင်ဆန်းကလေးသည် အစ်ကိုဖြစ်သူများကို ရှင်ပြု၍ ရှင်လောင်းလှည့်ပုံကို မြင်ရသောအခါ သူလည်း ရှင်ပြုချင်သည်ဟု မိခင်ကို ပူဆာ၏။

ထိုအခါ မိခင်က-

"ငါ့သား၊ မင့်အစ်ကိုများကိုတော့ ကျောင်းမှာနေလို့ စာတတ်ကြတယ်။ စာတတ်မှ ရှင်ပြုရတယ်။ ငါ့သားက စာမှမတတ်သေးဘဲ"

ဟု ပြောသောအခါ-



"ကျွန်တော် ကျောင်းနေမယ်"

ဟု ပြောသဖြင့် အသက်ခုနစ်နှစ်သားအရွယ်တွင် နတ်မောက်မြို့ ဆရာတော် ဦးသောဘိတ၏ကျောင်း၌ အပ်ထားလိုက်၏။ အသက် (၁၂) နှစ်သားအရွယ်တွင် မြန်မာစာ (၄) တန်းသို့ရောက်၏။ ပညာဉာဏ် ထက်မြက်၏။ မှတ်လွယ် နားလည်လွယ်၏။ စာရေးစာဖတ် ကောင်းစွာ တတ်မြောက်လာသောအခါ-

"ကိုင်း- ကျွန်တော် စာတတ်ပြီ၊ ရှင်ပြုပေးရမယ်"

ဟု ပူဆာသဖြင့် ရှင်ပြုပေးရ၏။

ထို့နောက် အောင်ဆန်းကလေးသည် နတ်မောက်မြို့ မြန်မာစာသင်ကျောင်းတွင် မနေလို။ ရေနံချောင်းမြို့ရှိ အင်္ဂလိပ်စာသင်ကျောင်းတွင် နေလိုကြောင်း အတင်းပူဆာလာသဖြင့် ရေနံချောင်းမြို့ အမျိုးသားကျောင်းသို့ ပို့လိုက်ရ၏။ ထိုအခါ အောင်ဆန်းကလေး အသက် (၁၄) နှစ်ရှိပြီ။ ရေနံချောင်းမြို့ အမျိုးသားကျောင်းတွင် (၁၀) တန်းအောင်ပြီးသည့်နောက် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက် ပညာသင်ကြား၏။

## နိုင်ငံရေးနယ်တွင်း စုံပစ်ဆင်း

ကျောင်းသား မောင်အောင်ဆန်းသည် ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်ကြီးသို့ လာရောက် ပညာသင်ကြားလျက်ရှိနေစဉ်အခါ တက္ကသိုလ်သမဂ္ဂ အမှုဆောင်လူကြီးအဖြစ် အကြိမ်ကြိမ် ပါဝင်ခဲ့၏။ ၁၉၃၅ ခုနှစ် သပိတ်အရေးတော်ပုံတွင် ခေါင်းဆောင်တစ်ယောက်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့၏။ ၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများအသင်း၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့၏။ ၁၉၃၈ ခုနှစ်တွင် တက္ကသိုလ်သမဂ္ဂ ဒုဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများအသင်း၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရပြန်၏။ ၎င်းနှစ် အောက်တိုဘာလတွင် တို့ဗမာအစည်းအရုံးသို့ သခင်အဖြစ် စာရင်းတင်သွင်းပြီးလျှင် ဥပဒေသင်တန်း၌ ရန်ကုန်သင်ရန်ကိုကိစ္စကို လည်းကောင်း၊ ကိုယ်ကျိုးအတွက် ရှေ့အလားအလာများကို လည်းကောင်း တစ်ပါတည်း အပြီးသတ် စွန့်လွှတ်ကာ ၎င်းနှစ် ဩဂုတ်လအတွင်း နှစ်ဝက် ကျောင်းပိတ်ရက်ရသည့်အခါမှစ၍ တက္ကသိုလ်ကျောင်းတော်ကြီးမှထွက်ပြီးလျှင် 'သခင်အောင်ဆန်း' အမည်သို့ ပြောင်းလဲကာ နိုင်ငံရေးနယ်တွင်းသို့ စုံပစ်ဆင်းဝင်လိုက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## တိုင်းပြည်အတွက် စွန့်အသက်

ဗမာတစ်မျိုးလုံးနှင့်တကွ တိုင်းရင်းသားအားလုံးတို့၏ ကောင်းစားရေးဖြစ်သော လွတ်လပ်ရေးအတွက် ရှေ့ဆောင်ဦးစီးကာ ဆောင်ရွက်လျက်ရှိသော ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခု၊ ဇူလိုင်လ (၁၉) ရက် (ဝါခေါင်လဆန်း ၂ ရက်) စနေနေ့ နံနက် (၁၀) နာရီခွဲအချိန်တွင် ရန်ကုန်မြို့ အတွင်းဝန်ကြီးရုံး ဗိုလ်ချုပ်အောင်ဆန်း၏ အခန်းတွင်း၌ ဝန်ကြီးသခင်မြ၊ ဝန်ကြီးဦးမြ (ပျော်ဘွယ်)၊ ဝန်ကြီးမန်းဘခိုင်၊ ဝန်ကြီးဦးဘဝင်း၊ ဝန်ကြီးဦးဘချို၊ ဝန်ကြီးမစ္စတာရဇတ်၊ ဝန်ကြီးဦးဘဂျမ်း၊ ဝန်ကြီးဦးအောင်ဇံဝေ၊ မိုင်းပွန်စော်ဘွားကြီး၊ အမှုဆောင်အဖွဲ့ စက္ကရီတေရီ ဦးရွှေဘော်၊ သယ်ယူပို့ဆောင်ရေးဌာန အတွင်းဝန် ဦးအုန်းမောင်တို့နှင့်အတူ နိုင်ငံတော်တစ်ဆင့်တက်လှမ်းရေး ဆွေးနွေးနေခိုက်တွင် စက်သေနတ်ကိုယ်စီကို ကိုင်ဆောင်လာသည့် လူမသမာတို့သည် ရုံးခန်းထဲသို့ အမှတ်မဲ့ ဝင်ရောက်ပစ်ခတ် သတ်ဖြတ်ကြသည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဝန်ကြီးများဖြစ်ကြသော သခင်မြ၊ မန်းဘခိုင်၊ ဦးဘဝင်း၊ မစ္စတာရဇတ်၊ ဦးဘချို၊ မိုင်းပွန်စော်ဘွားကြီး၊ အတွင်းဝန် ဦးအုန်းမောင်နှင့် (မစ္စတာရဇတ်၏ သက်တော်စောင့်) ရဲဘော်မောင်ထွေးတို့မှာ တိုင်းပြည်အတွက် အသက်ကို စွန့်လှူသွားကြရတော့သတည်း။

## မျိုးရိုးအဆက် လွန်ထက်မြက်

ဗိုလ်ချုပ်အောင်ဆန်း မျိုးရိုးအဆက်နွယ်မှာ တိုင်းပြည်မြို့ရွာကို စီမံအုပ်ချုပ်ရသော (ဘုရင်မင်းမြတ်၏ ရွှေတိုက်စာရင်းဝင်) မြို့ဝန်မှူးမတ် အဆက်အနွယ်မျိုး ဖြစ်၏။ ပင်းမြို့၊ ကျောက်ပန်းတောင်းမြို့နှင့် နတ်မောက်မြို့များ၏ သုံးမြို့ဝန် ဦးမင်းမောင်သည် ဗိုလ်ချုပ်အောင်ဆန်း၏ အဘိုး ဖြစ်၏။ ဦးမင်းမောင်သည် ရာထူးတိုးတက်ကာ နေပြည်တော်သို့ တက်ရောက်၍ လွှတ်တော်ဝန်ကြီးတစ်ဦးအဖြစ်နှင့် အမှုတော်ကို ထမ်းရွက်ရ၏။ ဗိုလ်ချုပ်အဘွား ဒေါ်သူဇာနှင့် မောင်နှမဝမ်းကွဲ တော်စပ်၏။ လွှတ်တော်ဝန်ကြီး ဦးမင်းမောင်၏အစ်ကို ဦးမင်းရောင်သည်ကား နတ်မောက်မြို့သူကြီး ဖြစ်၏။ ၁၂၄၇ ခု အရေးတော်တွင် ဦးမင်းရောင်သည် ဗိုလ်လရောင်ဘွဲ့ကိုခံယူကာ သုံးနှစ်ကာလပတ်လုံး အင်္ဂလိပ်ကို တော်လှန် တိုက်ခိုက်ခဲ့၏။ ၎င်းသည်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ အဘိုးပင်တည်း။

ဗိုလ်ချုပ်အောင်ဆန်း၏မိခင် ဒေါ်စုမှာ မယ်သူဇာ၊ ဦးမြတ်အေး



တို့၏သမီး ဖြစ်သည်။ မယ်သူဇာမှာ စားပိုင်၊ ရုံးပိုင်၊ ထောင်ပိုင် နတ်မောက်မြို့သူကြီး ဦးရွှေနီ၊ မယ်စိုးတို့၏သမီး ဖြစ်သည်။ မယ်သူဇာ၊ ဦးမြတ်အေးတို့မှ ပေါက်ဖွားသော သားချင်းတို့မှာ မယု၊ မစု (ဗိုလ်ချုပ်၏မိခင်)၊ ဦးဘိုးသင်း၊ မပု၊ ဦးငွေတိုင်၊ နတ်မောက်မြို့ သိမ်တော်ကျောင်းဆရာတော် ဦးငွေဆိုင်၊ နတ်မောက်မြို့ ကျောင်းဆရာကြီး ပေါင်း ခုနစ်ယောက်ဖြစ်ရာ ယခုအခါ ဒေါ်စုနှင့်တကွ သိမ်တော်ကျောင်း ဆရာတော် ဦးငွေဆိုင်တို့သာ ကျန်ရှိ၍ အခြားသားချင်းများ ကွယ်လွန်ကြလေပြီ။

ဦးဖာနှင့် ဒေါ်စုတို့မှ ပေါက်ဖွားသော သားသမီးများမှာ ကိုးယောက်သာ ဖြစ်၏။

၁။ မခင်ညွန့် (လယ်ဝန်ကတော် ကွယ်လွန်ပြီ)
၂။ မဝက် (အိမ်ထောင်မရှိ)
၃။ ဦးဘဝင်း (ဝန်ကြီးဘဝနှင့် ကွယ်လွန်ရသူ)
၄။ မရွှေမှန် (အသက် ၁၃ နှစ်အရွယ်က ကွယ်လွန်သည်)
၅။ ဦးနေအောင် (အမိန့်တော်ရ)
၆။ မောင်ညိုမောင် (ငယ်စဉ်က ကွယ်လွန်)
၇။ မောင်ထွန်းလင်း
၈။ ဦးအောင်သန်း (မကွေးအရှေ့မြောက်ပိုင်း အမတ်ဝန်ကလေး)
၉။ ဦးအောင်ဆန်း (ဗိုလ်ချုပ်)။

ယခုအခါ နံပါတ် (၂)၊ (၅)၊ (၈) သုံးယောက်သာလျှင်ကျန်ရှိသည်။ ဗိုလ်ချုပ်၏မိခင် ဒေါ်စုမှာ အသက် (၇၀) ရှိလေပြီ။

ဗိုလ်ချုပ်၏ဖခင် ဦးဖာမှာ ကုန်သည်မျိုးရိုး ဦးဒေကိုး၊ ဒေါ်ဆွဲလေးတို့၏ တစ်ယောက်တည်းသောသား ဖြစ်သည်။ ဦးဖာသည် ရှေ့နေစာမေးပွဲကို အောင်မြင်သော်လည်း ရှေ့နေမလိုက်ဘဲ ကုန်သည်ပွဲစားအဖြစ်လုပ်ကိုင် နေထိုင်လျက်ရှိရာ ၁၂၉၃ ခု၊ နယုန်လဆုတ် (၉) ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်၏။

## အင်္ဂလိပ်ချိတက် ကာလပျက်

မြန်မာနှစ် ၁၂၄၇ ခု၊ တန်ဆောင်မုန်းလတွင် မြန်မာနှင့် အင်္ဂလိပ် တတိယအကြိမ် စစ်ဖြစ်လာ၏။ မင်းလှခံတပ်တွင် လက်ဝဲဝင်းတော်မှူးကြီး က ဗိုလ်ချုပ်အဖြစ် ကြီးမှူးတိုက်ခိုက်ရသည်ကို ပင်းမြို့စား အတွင်းဝန် မင်းကြီးက ကုန်းတပ် တောင်ငူကြောင်းမှ ဗိုလ်ချုပ်အဖြစ် ကြီးမှူးတိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com

ရသည်။ ရွှေမြို့တော်ဝန် အတ္တပတ် မြင်းစစ်သည်တော်ဝန်က တောင်တွင်းကြီးကြောင်းမှ ဗိုလ်ချုပ်အဖြစ် ကြီးမှူးဓိုက်ခိုက်ရသည်။ စလေမြို့စား လေှသင်းအတွင်းဝန်က မြင်းခြံမှနေ၍ ဗိုလ်ချုပ်အဖြစ် ကြီးမှူးတိုက်ခိုက်ရသည်။

(အထက်ပါ ပင်းမြို့စား အတွင်းဝန်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ အဘိုး ဦးမင်းမောင်ပင်တည်း။)

ရွှေမြို့တော်ဝန်စစ်တပ်သည် မန္တလေးမြို့တော်မှ တောင်တွင်းကြီးကြောင်းချီတက်၍ သုံးစခန်းနှင့် ညောင်ရမ်းသို့ရောက်၍ စခန်းချနေစဉ် အင်္ဂလိပ်စစ်သင်္ဘောများသည် မင်းလှခံတပ်ကို တိုက်ခိုက်၍ ဆန်တက်လာကြကြောင်း သံကြိုးရသည့်ပြင် ဧရာဝတီမြစ်ကမ်း နီးရာမြို့ကနေ၍ ခုခံတိုက်ခိုက်ရမည်ဟု လွှတ်တော်မှ အမိန့်စာလည်း ထပ်မံ ရောက်ရှိလာ၏။ ရွှေမြို့တော်ဝန်နှင့် ဗိုလ်မှူးများသည် မိမိတို့မှာ အမြောက်ငယ်များသာပါ၍ သင်္ဘောကိုပစ်နိုင်သည့် အမြောက်ကြီးများ မပါသဖြင့် လွှတ်တော်၏အမိန့်ကို မလိုက်နာလိုဘဲ မူလ ဘုရင့်အမိန့်တော်အတိုင်း တောင်တွင်းကြီးကြောင်းသို့သာ ချီတက်လိုကြသည်။ သို့ရာတွင် ရှေ့စခန်းသို့ချီတက်၍ မလှိုင်မြို့သို့အရောက်တွင် မြင်းခြံရေကြောင်း ဗိုလ်မှူး လေှသင်းအတွင်းဝန်တပ်နှင့် ပူးပေါင်း၍ ခုခံတိုက်ခိုက်ရမည်။ အမိန့်တော် အတင်းအကျပ်ထုတ်ပြန်လိုက်သည့်အတွက် မြင်းခြံသို့ ချီတက်ကြရ၏။ အင်အားချင်း မမျှသည်ကို အကြောင်းပြု၍ ၁၈၈၅ ခု၊ နိုဝင်ဘာလ (၅) ရက်နေ့တွင် လေှသင်းအတွင်းဝန်တပ် အညံ့ခံကာ လက်နက်ချလိုက်၏။ လေှသင်းအတွင်းဝန်တပ် အညံ့ခံလက်နက်ချလိုက်ကြောင်း သိရှိရသဖြင့် ဗိုလ်မှူးများလည်း အားလျော့စိတ်ပျက်၊ စစ်သည်တော်များလည်း အုပ်မနိုင်ထိန်းမရ ဗရုတ်ဗရက် အခြေဆိုးသို့ ဆိုက်ရောက်ရ၏။

လေှသင်းအတွင်းဝန် တပ်ပျက်ပြီးသည့်နောက် အင်္ဂလိပ်စစ်တပ်များသည် မန္တလေးမြို့တော်ကို အလွယ်တကူနှင့် သိမ်းပိုက်လိုက်ကြ၏။ ၁၈၈၅ ခု၊ နိုဝင်ဘာလ (၂၈) ရက်နေ့တွင် မန္တလေးနေပြည်တော် တောင်ဥယျာဉ်အတွင်း၌ သီပေါမင်းတရား လက်နက်ချတော်မူရသည်။

အင်္ဂလိပ်တို့ အထက်ဗမာပြည်ကို သိမ်းပိုက်ပြီးသော်လည်း ချက်ချင်း အင်္ဂလိပ်စနစ်နှင့် တိုင်းပြည်ကို မအုပ်ချုပ်သော ဗမာဘုရင်မင်းမြတ်လက်ထက်က သဘောစနစ်အတိုင်း လွှတ်တော်အဖွဲ့နှင့် ခြောက်လလောက် အုပ်ချုပ်ရသေး၏။ တိုင်းပြည်အုပ်ချုပ်ရသော လွှတ်တော်ဝန်ကြီးများအဖွဲ့တွင် ပါဝင်သော လွှတ်တော်ဝန်ကြီးများမှာ အောက်ပါအတိုင်း ဖြစ်သည်။



၁။ တောင်ခွင်မြို့စားကြီး
၂။ တိုင်တားမြို့စားမင်းကြီး
၃။ စလေမြို့စားလေှသင်းအတွင်းဝန်
၄။ ပင်းမြို့စားအတွင်းဝန်
၅။ ပေါက်မြို့မြို့စားရွှေတိုက်အတွင်းဝန်
၆။ မိုးတားမြို့စားဝန်ထောက်
၇။ ဝက်မစွတ်မြို့စားဝန်ထောက်
၈။ ပင်းတလဲမြို့စားဝန်ထောက်
၉။ မြင်းစုကြီးဝန်ဝန်ထောက်
၁၀။ သတ္တမဌာနချင်းတွင်းခရိုင်ဝန်
၁၁။ ဆဋ္ဌမဌာနပခမ်းကြီးခရိုင်ဝန်
၁၂။ ဆရာဝန်ထောက်

၄င်းလွှတ်တော်အဖွဲ့တွင် ကာနယ်စလေဒင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရသည့် (အဆိုပါ ပင်းမြို့စား အတွင်းဝန်ကား ဗိုလ်ချုပ်အောင်ဆန်း၏အဘိုး ဦးမင်းမောင်ပင်တည်း။)

## ဗိုလ်လရောင်ကွ စခန်းထ

အင်္ဂလိပ်များ အထက်ဗမာပြည်ကို သိမ်းပိုက်လိုက်သောအခါ နတ်မောက်မြို့သူကြီး ဦးမင်းရောင်သည် 'တိုင်းတစ်ပါးသား ကုလားဖြူ အင်္ဂလိပ်များ၏ လက်အောက်တွင် မနေလို။ ကုလားဖြူလက်အောက် ဝမ်းလျားမှောက်၍ ဘုရားမထူးလို။ ဘိုး၊ ဘေး၊ ဘီ၊ ဘင် ရာဇဝင်အစဉ်အဆက် ကိုယ့်ထီးကိုယ့်နန်းနှင့်နေခဲ့ရသော ငါတို့လူမျိုးသည် အဘယ်ကြောင့် ကုလားဖြူလက်အောက်၌ အညံ့ခံရမည်နည်း။ အညံ့ခံကာ ကျွန်ဘဝနှင့် နေရခြင်းထက် အသက်သေရခြင်းက မြတ်သေး၏' ဟူသော သဘောတရား သက်ဝင်ကာ လက်နက်အင်အား၊ လူအင်အား စုဆောင်းပြီးလျှင် 'ဗိုလ်လရောင်' ဘွဲ့ခံကာ အင်္ဂလိပ်ကို တော်လှန်တိုက်ခိုက်လေ၏။ တစ်ညသောအခါ ဦးမင်းရောင်၏ ဦးခေါင်းဖောင်းတော်တွင် မီးတောက်သည်ဟု အိပ်မက်မြင်မက်ရာ ထိုနိမိတ်ကား ဘုန်းကံပါရမီနှင့်ပြည့်စုံသော မင်းယောက်ျားဖြစ်ရမည့် နိမိတ်ပင်ဖြစ်သည်ဟု ယူဆပြီးလျှင် စစ်ဆင်တိုက်ခိုက်ရန် ပိုမို စိတ်အားသန်လာ၏။

www.burmeseclassic.com

www.burmeseclassic.com

## ညီတော်၊ နောင်တော် တွေ့ကြသော်

မန္တလေးနေပြည်တော်မှ အုပ်ချုပ်လျက်ရှိသော လွှတ်တော်ဝန်ကြီး အဖွဲ့တွင် ဗိုလ်လရောင်၏ညီတော် ပင်းမြို့စားအတွင်းဝန် ပါဝင်လျက်ရှိရာ ညီဖြစ်သူကိုယ်တိုင် သွားရောက် တွေ့ဆုံပြီး အကျိုးသင့်အကြောင်းသင့် ရှင်းလင်းပြောပြ တောင်းပန်ပါက ရရှိလိမ့်မည်ဟု ယုံကြည်သဖြင့် လွှတ်တော်ဝန်ကြီးများနှင့် ကာနယ်စလေဒင်၏ တောင်းပန်ချက်အရ ပင်းမြို့စားအတွင်းဝန်သည် နတ်မောက်သို့ စုန်ဆင်းပြီးလျှင် အစ်ကိုဖြစ်သူ ဗိုလ်လရောင်ထံသို့ သွားရောက် တွေ့ဆုံလေ၏။

ထိုအခါ ညီတော် ပင်းမြို့စားအတွင်းဝန်က–

"အစ်ကို၊ ဘုရင်မင်းတရားသော်မှ အင်အားမမျှ၍ လက်နက်ချတော်မူသဖြင့် တစ်နိုင်ငံလုံး သူ့လက်ရောက်ချေပြီ။ မင်းတရားကြီးကိုယ်တော်တိုင်လည်း ပါတော်မူရချေပြီ။ အခါအခွင့်ကိုကြည့်၍ လက်နက်အင်အားချင်း မမျှဘဲလျက် တိုက်ခိုက်နေခြင်းအားဖြင့် အစ်ကိုနှင့်တကွ တိုင်းသူပြည်သားတွေ နစ်နာဖို့ရှိပါသည်"

ဟူသော သဘောဖြင့် တောင်းပန်ပြောကြား၏။

ထိုအခါ ဗိုလ်လရောင်က–

"သန်းခေါင်အပြင် ညဉ့်မနက်တော့ပါဘူး။ သေလျှင် မြေကြီး၊ ရှင်လျှင် ရွှေထီးပေါ့" ဆိုကာ ငြင်းဆန်လိုက်လေ၏။

## ဦးခေါင်းပြတ် အသေသတ်

ဗိုလ်လရောင်၏ စစ်တပ်မှာ ကြံ့ကြံ့ခံကာ တိုက်ခိုက်နေသဖြင့် အင်္ဂလိပ်စစ်တပ်မှာ အကျပ်အတည်း အမျိုးမျိုးနှင့် တွေ့ကြုံရပြီးလျှင် လူပေါင်းများစွာပင် ကျဆုံးရသေးသည်။ သို့ရာတွင် နှစ်ရှည်လများ တိုက်ခိုက်လာသောအခါ ဗိုလ်လရောင်၏စစ်တပ်မှာ ခဲယမ်းမီးကျောက် မလုံလောက်၊ လက်နက်များလည်းရှားပါး၊ စားနပ်ရိက္ခာအတွက်လည်း အခက်တွေ့ကြုံနေရသည်က တစ်ကြောင်း၊ အင်္ဂလိပ်စစ်တပ်မှာကား နောက်ထပ်စစ်ကူအင်အား တိုးတက် များပြားလာသည်လည်း တစ်ကြောင်းတို့ကြောင့် နတ်မောက်မြို့မှ အရှေ့ဘက် မိုင် (၂၀) ခန့် အကွာတွင်ရှိသော ပဲခူးရိုးမ (မြင်းမဏီတောင်) သို့ ရွှေ့ပြောင်းကာ တပ်စခန်းချပြီးလျှင် တပ်သစ်၊ မြို့သစ်တည်ထောင်လျက် အခိုင်အမာ ပြင်ဆင်၏။ လက်နက်ခဲယမ်းမီးကျောက်မှစ၍ လူ၊ ဆင်၊ မြင်းတို့ကိုလည်း သိမ်းသွင်း၍နေပြန်သည်။



အင်္ဂလိပ်စစ်တပ်လည်း မြင်းမဏီတောင်ရှိ ဗိုလ်လရောင်၏ စစ်တပ်ကို အင်တိုက်အားတိုက် တိုက်ခိုက်ကြပြန်သဖြင့် အင်အားချင်းမမျှသော ဗိုလ်လရောင်တပ်မှာ ကြံ့ကြံ့မခံနိုင်တော့ဘဲ အနောက်ဘက်သို့ ဆုတ်ခွာလာရာ နတ်မောက်နှင့် (၂၂)မိုင်မျှဝေးသော လေးတိုင်စင်ရွာတွင် တပ်စခန်းချကာ ခုခံတိုက်ခိုက်နေပြန်၏။ ၎င်းလေးတိုင်စင်ရွာနှင့် ခရီး (၄) မိုင်ကွာရှိ ဖိုလေးလုံးရွာတွင် မယားငယ်တစ်ယောက်ရှိသဖြင့် ၎င်းရွာသို့ ဦးမင်းရောင် မကြာခဏသွားတတ်၏။ ထိုသတင်းကို နတ်မောက်မြို့ရှိ အင်္ဂလိပ်စစ်တပ်မှ သတင်းရသဖြင့် အင်္ဂလိပ်မြင်းတပ်က ထိုဖိုလေးလုံးရွာသို့ ချီတက်သွားကြရာ ဦးမင်းရောင်ကလည်း ဖိုလေးလုံးရွာတွင်းမှ မြင်းစီးလျက် နောက်ပါများနှင့်အတူ ထွက်လာခိုက် ရင်ဆိုင်တိုးမိ၍ တိုက်ခိုက်ကြရာတွင် ဦးမင်းရောင် ကျည်ဆန်သင့်ပြီး ကျဆုံးရ၏။ အင်္ဂလိပ်စစ်ဗိုလ်က ဦးမင်းရောင်၏ဦးခေါင်းကို ဖြတ်ယူပြီးလျှင် နတ်မောက်မြို့ ဆုတောင်းပြည့်ဘုရားကြီး၏အနောက်ဘက် ဗိုလ်တဲကန် ကန်ပေါင်ရိုးရှိ ထနောင်းပင်တွင်ဆွဲ၍ လူအများမြင်အောင်ပြထား၏။

လူမျိုးခြား ကုလားဖြူတို့၏ လက်အောက်တွင် ဒူးထောက်ကာ အညံ့မခံ၊ တိုင်းပြည်နှင့် လူမျိုးရေးတို့၏ လွတ်လပ်ရေးအတွက် ဆောင်ရွက်ရင်းပင် ဗမာ့ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့သော ဗမာ့သူရဲကောင်းကြီး ဗိုလ်လရောင်သည်ကား ဤသို့ အသက်ကို စွန့်လှူသွားခဲ့ပေသတည်း။

## ပညာရှိများ ဖြစ်ထွန်းကား

နတ်မောက်မြို့သည် ထိတ်ထိတ်ကြဲ ဗမာ့သူရဲကောင်းကြီးများသာ ထွန်းကားသည် မဟုတ်၊ ကဗျာလင်္ကာနှင့်တကွ စာပေကျမ်းဂန်အရာတွင် အွန်းကျင် တတ်မြောက်သော ပညာရှိကြီးများလည်း ထွန်းကားခဲ့၏။ တောင်တွင်း ဦးကြော့ ဟူ၍ လည်းကောင်း၊ ပင်းဦးကြော့ ဟူ၍ လည်းကောင်း ထင်ရှားကျော်စောခဲ့သော စာရေးဆရာကြီး ဦးကြော့ကား နတ်မောက်မြို့သားပင် ဖြစ်၏။

မင်းတုန်းမင်းတရားကြီး လက်ထက်တော်အခါ အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် ရာဇဝတ်မှူဌာနချုပ် (၉၁) ခရိုင်အုပ် ရေနံချောင်းမြို့စားမြင်းဝန် ဗိုလ်မှူးမင်းသတိုးမင်းကြီး မဟာမင်းလှမင်းခေါင်ကျော်ထံတွင် ရှေ့ဖတ်ဝန် စာရေးကြီးအဖြစ် အမှုတော်ထမ်းခဲ့ရ၏။ ၎င်းနောက် သီပေါမင်းတရားလက်ထက် ပင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်း သုံးမြို့

www.burmeseclassic.com

www.burmeseclassic.com

ဝန်ထံတွင် ရှေ့ဖတ်ဝန်စာရေးကြီးအဖြစ် ထမ်းရွက်ခဲ့ရ၏။

တေးထပ်၊ ဒွေးချိုး၊ လေးချိုး စသော ကဗျာသီချင်းများ အရေးအသားနိုင်လှ၏။ 'စုံနံ့သာမြိုင် ရာပုံတော်ကြီး' ကို ရေးသည်တွင် ပြိုင်ဘက်မရှိအောင် ကောင်းလှသည်နှင့် မြန်မာနိုင်ငံတော်တစ်ဝန်းလုံး ကျော်စောထင်ရှားခဲ့၏။ ၎င်းရာပုံတော်ကြီး ကောင်းလှသဖြင့် ဦးကြော့ရေးသည်ကို မယုံသင်္ကာဖြစ်၍ တောင်တွင်းကြီးမြို့ သံတော်ဆင့်တစ်ယောက်က-

"စုံနံ့သာ၊ ကမ္ဘာကသီချင်း၊ ဝါပလေ နတ်မောက်သား၊ ကြွားတဲ့စောက်ဖျင်း"

ဟု စာချိုးသည့်အခါ ဦးသာကျော် ဆိုသူ ပညာရှိတစ်ဦးက အောက်ပါအတိုင်း ပြန်လည် ခုခံရေးသားခဲ့၏။

"စုံနံ့သာကျော်ပါတဲ့ သီချင်း၊ ယဉ်ပလေ့ ရှေ့တော်ဖတ်ကယ်၊ ရေးတတ်လေခြင်း"

ထို့ပြင် ဆရာတစ်ဦးကလည်း အောက်ပါအတိုင်း ထောက်ခံရေးသား ပြန်၏။

"သော့တမူ၊ ဟော့မတူ၊ ရှုမရိုက်နိုင်ဘု၊ ဟိုက်ပါပြီ သမ္ဘာကြွယ်တဲ့၊ မဟာနွယ်မှူး။ ထပ်နေဘော၊ စပ်ဂဟော မူတစ်စောင်နှင့်၊ ကြော့မောင်မောင် ရှေ့တော်ဖတ်ကယ်က၊ ရေးစပ်လေ လင်္ကာရာတဲ့၊ စုံနံ့သာဆိုသီချင်းရယ်နှင့်၊ ငိုရင်းသည်မယ်လိုက်သော်လဲ၊ တိုက်သပြေ၊ ရေမြေစေ့ပါပေ့၊ မကိုင်မှုဆွေ၊ ဘေဘေဘော့ကိုလေး တွေ့တဲ့နိုင်ဘူး"

ဦးကြော့သည် မိမိနှင့် ရေးဖော်ရေးဖက်ဖြစ်သော အခြားနာမည်ကျော် စာရေးဆရာကြီးများ အကြောင်းကိုလည်း အောက်ပါ ကိုယ်ရည်သွေးလေးဆစ်တွင် ဖွဲ့ဆိုခဲ့သေး၏။

"သပြေမြန် မန္တလမှာလ၊ စလေစံဦး ပုညယ်က၊ နာဘဉာဏ်ဟူမျှတို့ကို၊ သူစလို့ရေးခဲ့တယ်။ နှုတ်အဆန်း၊ ချုပ်တန်းဆရာဘေနှင့်မဟာဆွေမောင်မောင်ငယ်တဲ့ မန်းမြေလယ်ဆရာတာကို၊ ကဗျာဉာဏ်ငှီကာခြံ့လို့၊ တစ်ပုံစီသူတို့ကောင်းရာကြ၊ သောင်းပြန့်ဘွေလယ်။ အောက်မြစ်စဉ် ဝဲယာဆင်းခဲ့၊ ရွှေလင်းမှာ ကျော်ကြားတဲ့၊ ဦးမြတ်သာ ဆရာဒွန်းရယ်က၊ စာညွှန်းပုံ အခြေရင်းငယ်နှင့်၊ ရွှေတွင်းဓေယျာမော်က၊ ရှေ့ဖတ်တော် မောင်မောင်ကြော့မှာဖြင့်၊ မာလာဖော့ ပန်းစံပယ်လို၊ ဆန်းကြယ်တဲ့စီအကုံး၊ ကျူပ်အပူတစ်ပုဒ်စီစာဉာဏ်ကူပ၊ နေမီးပူ ကမ္ဘာပျက်သည့်နှယ်၊ နရက်လှုံမခံထိုက်လေဘု၊ ဘဝဂ္ဂဘုံစဉ်ဆိုက်အောင်ပ၊ ပင့်သက်ရှူ



ကြျူကြျူရှိုက်ပါလို့၊ ဇမ္ဗူမှာ အပူတိုက်ချင်လှ၊ (ဆရာတို့ရယ်) ရေးလိုက်ကြဦး"

အထက်ပါ လေးဆစ်တွင် ဖော်ပြသည့် စလင်းမြို့မှ ဆရာဦးမြတ်သာဒွန်းသည် စုံနံ့သာမြိုင်ရာပုံတော်ကြီး ကောင်းလှကြောင်း အမွှမ်းတင်ကြသည်ကို မခံလို၍ 'ဟေမဝန်ဘွေ ရာပုံတော်ကြီး' ရေးသားသည်။ သို့ရာတွင် ပရိသတ်က စုံနံ့သာမြိုင်လောက် မကြိုက်ကြချေ။ စလင်းဦးမြတ်သာဒွန်းနှင့် တောင်တွင်းဦးကြော့တို့ကား တစ်ဦးနှင့်တစ်ဦး စာချိုးဘက်များ ဖြစ်ကြ၏။ ရတနာပုံနေပြည်တော်မှ အောက်မြစ်စဉ်တစ်လျှောက်သို့ စုန်ဆင်းကြသော စင်တော်သားများသည် ဆရာကြီး ဦးကြော့ထံသို့ ဝင်ရောက်ကာ နည်းနာခံပြီးမှသာ စုန်ဆင်းလေ့ရှိကြ၏။ အထက်ပါ ကိုယ်ရည်သွေးလေးဆစ်မှာ စင်တော်သားများက အပူတိုက်ကလေးတစ်ပုဒ် ရေးစပ် ချီးမြှင့်ရန် တောင်းပန်ချက်အရ ရေးသားသောစာ ဖြစ်သည်။

## ဆရာကြီးဦးကြော့ရေး မိုလ်လရောင်ဘွဲ့
## (သံချို)

တောင်ရောင်ဘွဲ့ သဟာသိန်နတ်ရဝိန် ရွှေပြဟင်ဟု၊ နေလုလင်စံတဲ့တိုင်းကိုလ၊ သမိုင်းမာန်စောင်ချွေ၍၊ ရန်အောင်မြေ ရွှေဘုမ္မိမှာဖြင့်၊ ဇာတိတော်ရိုက်ရာရိုးပေမို့၊ ဘိုး၊ ဘီ၊ ဘင် ဆက်ကာစိုးခဲ့၊ မျိုးဝံ့သမတ် ဘုန်းခေါင်။ နန်းကနက်မှာလ၊ နန်းနှစ်ဆက်ရွှေဘုံစံတဲ့၊ ဗောဓိရန်ပန်ရွယ်ဆု၊ ကက္ကုဋ္ဌရှင်နေနွယ်နတ်တို့ကို၊ ဘီးလပ်ပိုင် ဧကရီက၊ ရေနဒီ ပင်လယ်ကြောကိုလ၊ သင်္ဘောတော် ဆောင်ယူသတဲ့ပြင်၊ လောကကို အကြံပိုင်၍၊ နိုင်ငံပါယူတဲ့ခေတ်တွင်မှ၊ ရှစ်ခွင်ဗလောင်ဆူ၍၊ မကြည်ဖြူ ပြည်သူတို့ ညှိုးပြန်တော့၊ မြတ်မျိုးဆွေ မဟာက၊ ကရုဏာလွှန် သနားသော်ကြောင့်၊ လေးပါးစုံသနင်္ဂါနှင့်၊ ဖွဲ့စည်းကာ ချီတော်မူခဲ့၊ မြန်ငူရန်သူမှ ပိုင်းရာလိမ့်၊ ရွှေလရောင်သာ ဘွဲ့လိုင်းပါဘိ တိုင်းကြီးကျိုးဆောင်။ ။သောင်းဇမ္ဗူဒိပ်မှာလ၊ ကောင်းနိမိတ်မင်္ဂလာနှင့်၊ နတ်သမ္မာဒေဝါတို့ ပြလှာရ၊ ပန်းမာလာထုံအကြိုင်နှင့်၊ စုံဂနိုင်မြိုင်စခန်း၊ ညချမ်းတစ်ရံရောတွင်မှ၊ အုံ့ညြွှယ်ဆေဇာလှိုင်းသို့၊ မြို့ကြီးပိုင် ဦးသျှောင်ဗောင်းကိုလ၊ နောင်ကောင်းစေအချိန်သို့ရောက်ပြန်တော့၊ ညီးရှိန်ရှိန်မီးထိန်လို့တောက်ပြန်ရ၊ ထို့နောက်မြင်အိပ်မက်မှာလ၊ ငါးမျက်နှာ စောဘုန်းခေါင်၊ ငါးမာန်အောင်တွင်သမုတ်ရတဲ့၊ ဆွမ်းသင်ပုတ် လျှုဒါန်းနှောင်၊ ရန်တိုင်းရှောင်အောင်ပြီး။ ကိန်း

www.burmeseclassic.com

www.burmeseclassic.com

သိုက်လာတဘောင်သံတော့၊ ဟိုနောင်ဖန် မကြာခင်ဘု၊ ဘဝရှင်ရွှေဘုံစိုးစေဖို့၊ သတိုးမှန် အတိတ်ပါပဲ၊ တံဆိပ်တော် ပမာစံရလျှင်၊ ပြည်ပေါ်ကွဲနော်ရထာဘုန်းတွင်မှ၊ လက်သုံးတော်ရိန္နမာနှင့်၊ သိန္ဓဝါဏ္ဏနွာတို့ ဆက်လာရ၊ ဘဝင်ထိ တေဇောပြောင်သည့်၊ ကျန်စစ်မောင် ကုသိုလ်နှင့် နှန်းကြစိုး၊ ညာရုံးခိုလှုံသည့်၊ ဗိုလ်ပေါင်းစုံဂုဏ်နွှပ်ကို၊ ပုံကပ်ကာပမာဆောင်ရလျှင်၊ မင်းညီနောင် နောင်ရွှေဖျဉ်းတို့နှင့် သတင်းကျော်ပတ်ကုန်၊ မောင်လုံးညောင်အုပ်ဖီးငှဲပြင်၊ ရှိန်းပြီးသူ ညီမောင်ထွေးတို့လို၊ စစ်ရေးရာအတူမို့၊ ရဲမက်လူကုဋေဆင်၍၊ စစ်ဘုရင် ရှစ်ခွင်သိမ်းပါလိမ့်၊ ကိန်းရမတ်ကြီး။

ဆရာကြီးဦးကြော့သည် ဗိုလ်လရောင် တော်လှန်ရေးလုပ်ငန်းကြီးကို ကြိုးပမ်းစဉ်အခါက အားကျကာ စပ်ဆိုရေးသားခဲ့သော သံချိုကဗျာဖြစ်သည်။ ဤသံချိုကဗျာတွင် ဗိုလ်လရောင် မည်သည့်အတွက် စစ်ဆင်ကာ တိုက်ခိုက်ရကြောင်း ညွှန်ပြပြီး ဖြစ်သည်။

## ဆရာကြီး ဦးကြော့ရေး နတ်မောက်မြို့ဘွဲ့
## (တေးထပ်)

ပြည်ဗာရာဏသီ လင်းသီရိခြည်ရောင်၊ မင်းပီဋ္ဌိတည်ထောင်သည်၊ ရှည်ယခေါင် ပကာတူး။ အောင်နက်သန် မြေနဂိုရ်မှာ ရွှေဗဟိုရ်နန်းစိုက်ခဲ့ဘူး။ ပထဗျာ ညွှန့်နေရုံလို ဇေယခုံရောင်မြူး၊ ရေယမုန်သောင်ဦးနှင့် တောင်ဖြူးမြင့်ဂီရိန်။ သပြေမော် တေဇော်ရှန်း ရွှေမော်ကွန်း ထွန်းခဲ့ထိန်ထိန်။ အယူဇ္ဈ ဝေသိရ်လို ရွှေဝတီစံခင်းသို့ ကံမင်းရေယဉ် ကြည်ကြည် ဝန်းခပတ်လည်။ ရွှေမောက်မြို့နွှပ်ကိုရည်လျှင် နတ်တစ်ပြည်ဆိုလောက်ပေ့လေး။

## ဆရာကြီး ဦးကြော့ရေး ရွှေဘုံသာဘုရားဘွဲ့
## (တေးထပ်)

နန္ဒဗာတည်ဦးခဲ့ မည်ထူးခဲ့သညာ၊ ကြည်နူးဘွဲ့မြတ်၊ အဘယာငယ်သတ္တဌာတစ်ပါး။ ရွှေမောက်မြို့ ဇေယျချာဝယ် ရွှေဘုံသာ စောစိန္တေဖျား။ ယိုယွင်းလို့ ခေတ်မပေါ်သည် သဏ္ဍာရာဇ်တော်ရှည်လျား။ သစ်သစ်နော်စည်ကားလိမ့် နှစ်ငါးထောင်ပြူပြူ။ မြို့သုံးပိုင် မတ်ခေါင်ဘုန်း ထပ်နှောင်ရုံးပြင်ဆင်တော်မူ။ ဘုံသုံးရပ်နှင့်လူမှာ ဓာတ်တစ်ဆူ စေတီထူးကိုလှ ဖူးရောက်ကြ တူညီပျော်ပျော် သဲချိမ့်ချိမ့်ကျော်။ ဝေညီးလို့ နေမီးမျှော်သည် ရွှေထီးတောင်တင်ကိန်းဘုရာ့လေး။





(နတ်မောက်မြို့တွင် တည်ရှိသော ရွှေဘုံသာဘုရားသည် နန္ဒဗာဘုမင်း နတ်မောက်မြို့ကို တည်စဉ်အခါက ခုနစ်ဌာန တစ်ပြိုင်နက် တစ်ချိန်တည်း တည်ရာတွင် တစ်ပါးပါဝင်ခဲ့၍။ ကြည်နူးဘွဲ့မြတ် အဘယာငယ်သတ္တဌာတစ်ပါးဟု ဖော်ပြထားခြင်း ဖြစ်သည်။ သုံးမြို့ဝန် ဦးမင်းမောင်က ယိုယွင်း ပျက်စီးနေသည်များကို ပြင်ဆင်၍ ထီးတော်တင်ရာတွင် ဆရာကြီးဦးကြော့ ရေးစပ်ခြင်း ဖြစ်သည်။)

## ဆရာကြီး ဦးကြော့ရေး ရွှေဘုံသာဘုရားဘွဲ့
## (လေးဆစ်)

နတ်ရွှေပြည် အောင်ချာမောက်မှာလ။ ဓာတ်မွေခြည်ပြောင်စွာတောက်ပါဘိ။ ရောင်ဖြာခြောက် သုံးလူ့ရှင်။ နွှပ်ညီးပါပေ့ မတ်ကြီးဝန်ကြော်လှိုင်သည့် ခွန်တော်ပိုင် သုံးပြည်မှူးငယ်က။ ကြည်နူးရန်ထုံစေနာနှင့် ရွှေဘုံသာ စိန္တေဓာတ်ကို၊ ဘုန်းတပ်ဆင့်ပြင်။ သောဇယာ ကောဇာညွှန့်ပါတဲ့ ဟောဝတာ ဩဘာထွန်းစေဖို့ လွှမ်းစရာ ကံမာသမှာလ။ စွန်းဝဏ္ဏ ဆယ်ရက်တွင်။ ထီးတော်တင်လို့ ချိမ့်ချိမ့်ညောင်း။ ကြည်ဖြစ်ရှာအောင် သည်ခေတ်ဗလာရှောင်တဲ့ မရွာပေါင် ခေါင်တဲ့မိုးသော်မှ တန်ခိုးဆော် ဖန်စီရင်တော့။ ရွှေထီးတင် တစ်ပြိုင်နက်တွင်မှ။ တဗျူဟာငယ်ဇွလာ တောင်တော်ဘက်ဆီက။ ပတ်ပတ်ကယ်လည် နဝရတ်ရည် လျှပ်ချည်ပျက်ခါနှင့် သံစုံငယ်ဖြာ အမ္ဗုန္နာရွှေစည်နက်ပါလို့။ မိုးရေစက်လောင်း။

ဆိုလိုရင်း အဓိပ္ပာယ်မှာ နတ်မောက်မြို့တွင် ရောင်ခြည်တော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များနှင့် ပြည့်စုံတော်မူသော ရွှေဘုံသာစေတီတော်၌ သုံးမြို့ဝန်က မွန်မြတ်သော စေတနာနှင့် ထပ်မံ ပြင်ဆင်ပြီးလျှင် ၁၂၄၆ ခု၊ တော်သလင်းလပြည့်ကျော် (၁၀)ရက်တွင် ထီးတော်တင်သဘင်ပွဲကို ခြိမ့်ခြိမ့်သဲအောင် ကျင်းပသည်။ ထိုအခါက နတ်မောက်နယ်တွင် မိုးခေါင်လျက်ရှိရာ တန်ခိုးဆော်ကြောင့် ထီးတော်တင်သည်နှင့် တစ်ပြိုက်နက် မဂ္ဂုလာတောင်ဆီမှ မိုးများအုံ့မှိုင်းလျက် လျှပ်စီးများပြက်၍ မိုးကြီးထစ်ချုန်းရွာချသည်။

(နတ်မောက်မြို့မှ အနောက်ဘက် ကိုးမိုင်ခန့်အကွာတွင်ရှိသော ဘုန်းရိုးတောင်တန်းကို မဂ္ဂုလာတောင် ခေါ်သည်။)


www.burmeseclassic.com

www.burmeseclassic.com

## ဆရာကြီး ဦးကြော့ရေး ရန်အောင်မြင်ဘုရားဘွဲ့ (လေးဆစ်)

မဂ္ဂလာတောင် သေလာညွန့်ဆီက။ မြူမှောင်မှောင် ဝေဆာကွန့်ပါလို့။ ဇရာဝဏ် မိုးဘုရင်။ နတ်တစ်နန်းလိုပ လျှပ်သန်းငယ်လျှံဖြာလို့။ မန္တလာရွှေဘုံ ဆောက်ပါတဲ့။ ညို့ညို့ဝေ မြို့ရွှေမောက်မှာကွယ် မိုးပေါက်မဲ့ဆင်။ စောမာရ်အောင် သယမ္ဘူနတ်ကယ်က။ လောကမောင် မှန်ကူတတ်ပေရဲ့။ ရွှေဂူမြတ်ရန်အောင်မြင် ဆွမ်းတော်တင်မဲ့ ကြံပါတုန်း။ ဆုတောင်းမြေ ခုပေါင်းစေ သစ္စာရွက်ကာမှ။ ရှစ်မျက်နှာ နဘာစွန်က တစ်ခါလွှဲ့နိ ရှာသွန်းဖြိုးပါလို့ (အိုကွယ်) မိုးတွေကချုန်း။

(ရန်အောင်မြင်ဘုရားကား မဂ္ဂလာတောင်ကုန်းရိုးတောင်တန်းနှင့် ဗိုလ်တဲအနောက်ဘက်တွင် ရှိသည်။)

## နန္ဒဗာဟု တည်ထားမြို့

နတ်မောက်မြို့ကို သက္ကရာဇ် ၄၂၃ ခုနှစ်တွင် နန္ဒဗာဟုမင်း တည်ခဲ့သည်။ နတ်မောက်မြို့ သိမ်တော်ကျောင်းရှိ ပရပိုက်မှူတွင် အောက်ပါအတိုင်း တွေ့ရသည်။

သက္ကရာဇ် ၄၂၃ ခု၊ တပေါင်းလဆန်း (၅)ရက်၊ တနင်္လာနေ့နံနက်တစ်ချက်တီးကျော် လေးမောင်းနှင့် တစ်ဗီလာအချိန်တွင် နတ်မောက်မြို့ကို တည်သည်။ မြို့တည်မင်းကား နန္ဒဗာဟုမင်း၊ နံတော် တနင်္လာသား မြို့အရှေ့ ကန်ကြီးတံခါး၊ ၎င်းက ခုနစ်တောင်တာ အတာ (၅၀)။ တောင်မျက်နှာ တောင်ပုံတံခါးအထိ၊ ၎င်းက ခုနစ်တောင်တာ အတာ (၅၀)။ အနောက်မျက်နှာ ပတ်တိုးတံခါးအထိ၊ ၎င်းက ခုနစ်တောင်တာ အတာ (၅၀)။ မြောက်မျက်နှာပြူတံခါးအထိ ၎င်းက ခုနစ်တောင်တာ အရပ်ရပ်တာ (၄၀၀) မြို့ကျယ်သည်။

နတ်မောက်မြို့နှင့် တစ်နေ့၊ တစ်နာရီ၊ တစ်ချိန်တည်း တည်သည့် ခုနစ်ဌာနကား။ မြို့နန်းတော် မြို့ကျုံး၊ ဆင်ကျုံး၊ နတ်ကွန်း၊ ရေကန်၊ ရွှေတုံသာဘုရား ၎င်း ခုနစ်ပါးတည်း။ ရွှေဘုံသာဘုရား၌ ရွှေကား မြို့၏အမြစ် ဘုံကား မြို့၏နံ့ သာမှာ မြို့၏အညွန့် ဖြစ်သည်။

၎င်းနတ်မောက်မြို့သည် သက္ကရာဇ်ကို ၁၂၄၂ ခု၊ တော်သလင်းလဆန်း (၂) ရက်နေ့ အတွင်းဝန်ရွှေတိုက်စိုး မင်္ဂလာမြင်းဝန် တောင်မြို့စားသတိုးမင်းကြီး မဟာမင်းထင်စည်သူကို လျှောက်ထား၍ မ,စသောကြောင့်





ရေးကူးသည်။

နန္ဒဗာဟော်၊ လင်းကြက်ဆော်၊ မြို့တော်နတ်မောက်တည်း။ လင်း (၄) ကြက်၊ (၂) ဆော် (၃)၊ ၄၂၃ ခု။

## အခြားပရပိုက်မှူတစ်မူ

နတ်မောက်မြို့နယ် လက်ခုပ်ပင်ရွာ အရှေ့ကျောင်းဆရာတော် ဦးသာရမဏ္ဍ၏ ပုရပိုက်မှူတွင် တွေ့ရသည်ကား သက္ကရာဇ် ၁၁၄၉ ခု၊ နတ်တော်လဆန်း (၅) ရက်နေ့တွင် နတ်မောက်မြို့ မြို့သူကြီး 'လကျ်ာသီဟဗိုလ်' ဘွဲ့ခံ အသက် (၇၈) နှစ်ရှိ ဦးသူရက ရှေ့ထုံးစံအစဉ်အလာ သွင်းရိုးအတိုင်း အမိန့်အရ ဆက်သွင်းရာတွင် အောက်ပါအတိုင်းပါရှိသည်။

နတ်မောက်မြို့ကို ချေစ်တင်ရာဇာ ဘတ္တရာခံ ဟံသာဝတီရောက် ဘိုးတော်လက်ထက် ကြီးစိုးသည်။ ၎င်းမရှိလျှင် သားငမြတ်သန္ဓေ ဟံသာဝတီရောက် ဘုရားခမည်းတော်လက်ထက် ကြီးစိုးသည်။ ၎င်းမရှိလျှင် သားငရော ကြီးစိုးသည်။ ၎င်းမရှိလျှင် မဆိုင်းသူငပွေး။ ၎င်းမရှိလျှင် ဝတ္တနသခ်ဗိုလ်အမည်နှင့် အောင်တိုး ဘုရားဘိုးတော် အလောင်းဘုရားလက်ထက်တော်ကသည် ဘုရားဘကြီးတော် အလောင်းဘုရား ဆင်ဖြူရှင်လက်ထက်တော်တိုင် ကြီးစိုးသည်။ ဘုရားခမည်းတော် ဆင်ဖြူရှင်လက်ဆက်တော်တွင် 'အရိုးကို အရွက်မဖုံးစေနှင့်' ဟူသော အမိန့်တော်မြတ်ထွက်ရှိသည်တွင် ကျွန်တော် လကျ်ာသီဟဗိုလ် တရားခံမှန်၏။ တရားနှင့်အညီ ဆောင်ရွက်ကြီးစိုးသည်။

နတ်မောက်မြို့တည်မင်းကား နန္ဒဗာဟုမင်း၊ နံတော် တနင်္လာသား၊ ၎င်းနန္ဒဗာဟုမင်းသည် လူပေါင်း (၄၀၀) နှင့် သက္ကရာဇ် ၄၂၁ ခုနှစ်၊ တန်ခူးလဆန်း (၆) ရက်၊ အင်္ဂါနေ့နံနက်နှင့် ဗုဒ္ဓဟူးကြဋ္ဌရာသီတွင် စန်းပြိဿရာသီတွင် ကြာသပတေးနှင့် ရာဟုမကာရလဂ်နှင့် စနေပူးလျက် နက္ခတ်ခြောက်လုံးနှင့် ယှဉ်သောအခါတွင် နတ်မောက်မြို့ကို တည်သည်။

## နတ်တို့စောင့်ရှောက် မြို့နတ်မောက်

နတ်မောက် ဟူသော အမည်ကား မြို့ကို ဘေးအန္တရာယ်မှ ကင်းလွတ်စေမည်ဟု အဓိပ္ပာယ် ကောက်ယူကာ နတ်မောက်မြို့ ဘုရားကြီးတိုက်အုပ်ချုပ်ဆရာတော်က–

နဂရံတာယတိ ရက္ခတီတိ နတ်ဘယံ မောစေတီ
တိမောက်နတ် စသော မောက်စာတိနတ်မောက်

www.burmeseclassic.com

www.burmeseclassic.com

ဟု ဝိဂြိုဟ်ပြုတော်မူ၏။ ၄င်းဝိဂြိုဟ်အရ နတ်မောက်မြို့ကို နတ်မှူး မှစောင့်ရှောက်သည်ဟု ယူဆကြသည်။ ၁၂၄၇ ခု အရေးတော်တွင် နတ်မောက်မြို့ကို အင်္ဂလိပ်တို့ တိုက်ခိုက်ရာ၌ ပေါက်အောင်မှ တိုက်နိုင်ဟူ၍ လည်းကောင်း၊ ဗမာပြည်တွင် ဂျပန်များအဝင် အင်္ဂလိပ်တို့အပြေးတွင် မီးတစ်ခါရှို့လျှင် တစ်အိမ်သာလောင်၍ သုံးကြိမ်ရှို့ရာ သုံးအိမ်သာလောင်ခဲ့သည်။ အခြားအိမ်များသို့ မီးကူးစက်ခြင်းမရှိ ဟူ၍ လည်းကောင်း၊ အင်္ဂလိပ်တို့ ပြန်ဝင်လာသောအခါ လေယာဉ်ပျံများက မီးကူးစက်သေနတ်နှင့် မြို့ကိုပစ်ခတ်သော်လည်း မီးကူးစက်ခြင်းမရှိဟူ၍ လည်းကောင်း နတ်မောက်နယ်လူထုက ပြောစမှတ်ပြုကာ ယုံကြည်လျက်ရှိကြသောဟူ၏။ ထို့ကြောင့် ကဗျာမှူး၌ ကျွမ်းကျင်တော်မူသော နတ်မောက်မြို့ တမာပင် ဒုတိယဂိုဏ်းချုပ်ဆရာတော် ရေးသားတော်မူသော နတ်မောက်မြို့ဘွဲ့ မဟာကဗျာ လေးချိုးကြီးတွင်-

ဖြိုးပ်ဘုန်းလျှံ နဂရာဘွေတဝန်းမှာလ။ အမြွတ်သုံးတန် ရတနာပရမေတို့ ထွန်းလိုက်တာက။ နေဝန်းရောင်သို့နှယ်မျှ မကပါဘု၊ အသရေရွှန်းပြောင် မိုးကြယ်ခသလို၊ ဘေးပ၍ ရန်ကြွေပါသကိုနော်ကွယ်။ အေးမြတဲ့မြေ။

ဟူ၍ ပါရှိပေသတည်း။

☆☆☆



## ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ
## (ဒုတိယတွဲ)

### နယ်ချဲ့လူထု ခြေထိုးမှု

ဗိုလ်ချုပ်အောင်ဆန်း ကြီးမှူးသော ဖဆပလအဖွဲ့ကြီးက ဗမာပြည် လုံးဝ လွတ်လပ်ရေးအတွက် ဆောင်ရွက် ကြိုးပမ်းလျက်ရှိရာတွင် ဗမာပြည်နှင့် တောင်တန်းနယ်များ ပူးပေါင်းရန်အတွက် အရေးဆိုလာတော့မည်ကို နယ်ချဲ့ပါရဂူတို့ ကြိုတင် သိနှင့်ကြ၏။ တောင်တန်းနယ်များကို ဗမာများလက်သို့ မအပ်လိုကြသေး။ ဗမာပြည်မကိုသာ လွတ်လပ်ရေးပေးတန်သလောက် ပေးထားပြီးလျှင် တောင်တန်းနယ်များကို အင်္ဂလိပ်တို့၏အကျိုး၊ ကာကွယ်ရေးအတွက် သူတို့လက်အောက်တွင် အချိန်ကြာကြာဆွဲနိုင်သမျှဆွဲထားရန် အတွင်းကျိတ် စီမံကိန်းတစ်ခုထုတ်ခဲ့၏။ ထိုစီမံကိန်းအရ တောင်တန်းနယ်အရာရှိ ဗြူရိုကရက် နယ်ချဲ့သမားတို့သည် ဗမာများနှင့် တောင်တန်းနယ်သားများ သွေးခွဲမှုလုပ်ငန်းကို ကြိုးပမ်းကြရ၏။ နည်းပရိယာယ်အမျိုးမျိုးတို့ဖြင့် ခြေထိုးကြရ၏။ သူတို့၏ ခြေထိုးမှုကြောင့် ကချင်တောင်တန်းနယ် အချို့သော ဒူဝါများနှင့် ခေါင်းဆောင်တို့ အစည်းအဝေး ကျင်းပလျက် ဗမာပြည်နှင့် တောင်တန်းနယ်များ ပူးပေါင်းရေးကို အလိုမရှိကြောင်း နားယောင်ကာ ဆုံးဖြတ်ခဲ့ကြသေး၏။ ရှမ်းပြည်နယ်ရှင်စော်ဘွားတို့မှာလည်း အင်္ဂလိပ်တို့၏ ခြေထိုးမှု ဝဲဂယက်အတွင်းသို့ သက်ဆင်းကျရောက်လျက်နေခဲ့ကြရ၏။ ထိုသို့သော အခြေအနေ ဖြစ်ပေါ်လာသည်ကို အကြောင်းပြု၍ 'တောင်တန်းနယ်များနှင့် ဗမာပြည် ပူးပေါင်းရေး မဖြစ်နိုင်၊ ငါတို့၏အကြံ ပိုင်ထားပြီ' ဟု နယ်ချဲ့သမားတို့ ယုံကြည်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com


## ဗိုလ်ချုပ်သွားရာ လိုက်၍ကာ

တိုင်းရင်းသားအချင်းချင်းတို့ ညီညွတ်စည်းရုံး တလုံးတစည်း တည်းဖြစ်မှုမှာ ဗမာပြည် လုံးဝ လွတ်လပ်ရေးအတွက် အဓိကအချက်ကြီး ဖြစ်သည့်အတိုင်း ဗိုလ်ချုပ်သည် ၁၉၄၆ ခု၊ နိုဝင်ဘာလအတွင်းမှစ၍ တိုင်းရင်းသားအချင်းချင်း ညီညွတ်မှုအတွက် တရားဟောထွက်ခဲ့၏။ မစ္စတာစတီဗင်ဆင်လည်း သူတို့၏လုပ်ငန်းကို မထိခိုက်အောင် ကာကွယ်ဖို့ အရေးတကြီး အလုပ်များလာ၏။ ဗိုလ်ချုပ် မြစ်ကြီးနားသွားလျှင် သူလည်း မြစ်ကြီးနားသို့ ရောက်လာ၏။ ဗိုလ်ချုပ် ကရင်နီနယ် လွိုင်ကော်သို့ သွားလျှင်လည်း လွိုင်ကော်သို့ ရောက်နေနှင့်၏။ ဗိုလ်ချုပ်က ဘာပြောသလဲ၊ ဘာဟောသလဲ၊ ဘယ်သူတွေသွားသလဲ စသဖြင့် အထူး စုံစမ်းမေးမြန်း၏။ တောင်ပေါ်သားတို့ နားယောင်ရှုပ်ထွေးသွားအောင် သွေးဆောင်ဖျားယောင်း၏။ ဗမာများအပေါ်၌ အယုံအကြည်ကင်းမဲ့စေသော အကြောင်းအမျိုးမျိုးကို ဖန်တီးညွှန်ကြား၏။ မြစ်ကြီးနား၊ လွိုင်ကော်နှင့် ရှမ်းပြည်မြို့များသို့ ဗိုလ်ချုပ်ရောက်ရှိ ဟောပြောသောအခါ ဗိုလ်ချုပ်၏ တကယ့်သန့်ရှင်းသော စေတနာ၊ တကယ့်မြတ်နိုးသော မေတ္တာတို့ကြောင့် တောင်တန်းနယ် ခေါင်းဆောင်များသည် မစ္စတာစတီဗင်ဆင်နှင့်တကွသော မည်သူမည်ဝါတို့သည် မည်သို့ ဖြားယောင်းသွေးဆောင်သည်။ မည်သို့ ညစ်ပတ်သည်။ မည်သို့ ခြေထိုးသည်တို့ကို အကျိုးအကြောင်း အစုံအလင် တိုင်တန်းကြ၏။ ဗိုလ်ချုပ်လည်း တိုင်ကြားသမျှကို အထူးဂရုစိုက်ကာ မှတ်ယူ၏။ မသေချာသေးသောကိစ္စများကို သေချာအောင် ထပ်မံ ရှာဖွေစုဆောင်းစေ၏။

၁၉၄၆ ခု၊ ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် လွိုင်ကော်မြို့၌ ကျင်းပသော ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကြီးသို့ ဗိုလ်ချုပ်နှင့်တကွသော ဗမာပြည်ခေါင်းဆောင်ကြီးများကိုသာ ဖိတ်ကြား၍ မည်သည့် ဥရောပတိုက်သား တစ်ဦးတစ်ယောက်ကိုမျှ မဖိတ်ကြားပါဘဲလျက် စတီဗင်ဆင်သည် ဒီဇင်ဘာလ (၂၂) ရက်နေ့ကပင် ရောက်နေနှင့်၏။ (၂၃) ရက်နေ့ နှစ်သစ်ကူးပွဲတော်တွင် ဝင်ရောက် ရောနှော၏။ မဖိတ်ကြားဘဲလျက် ယခုလို လာရောက်သည်ကို ကရင်နီခေါင်းဆောင်များက အံ့သြခြင်းဖြစ်ကြသော်လည်း မိမိတို့နှင့် သက်ဆိုင်ရာ အရာရှိကြီးတစ်ဦးဖြစ်၍ အလိုက်သင့်သာ ဆောင်ရွက်ကြရ၏။ ထိုပွဲတော်တွင် ဝက်ကလေးတစ်ကောင်ကို ဆီသုတ်ပြီး အဖမ်းခိုင်းခြင်း စသော ပျော်ရွှင်မှုများကိုပင် စတီဗင်ဆင်က ဖန်တီးပေးသေး၏။ ၄င်းပြင် တစ်စုံတစ်ရာ ကြိုတင်အကြောင်းကြားခြင်းလည်း မရှိ၊ အစီအစဉ်လည်းမရှိဘဲလျက် ဆုတံဆိပ်၊ သေနတ် နာမည်ကောင်းလက်မှတ်များပေးသည့် အခမ်းအနားတစ်ခုကို လုပ်ပါသော်လည်း လာရောက်ယူသူများမရှိ နာမည်ခေါ်ရုံသာ အဖတ်တင်၏။

ဒီဇင်ဘာလ (၂၃) ရက်နေ့ ည (၈) နာရီအချိန်လောက် လွိုင်ကော်သို့ ဗိုလ်ချုပ်ရောက်လာသောအခါ ကရင်နီနယ်ခေါင်းဆောင်များနှင့် စုံစုံလင်လင် မတွေ့နိုင်ရန်သဘောနှင့် စတီဗင်ဆင်က ကရင်နီခေါင်းဆောင်များကို ဖိတ်ခေါ်စည်းဝေးလျက်နေ၏။ ဗိုလ်ချုပ်ရောက်သောအခါ ညောင်ရွှေစော်ဘွားကြီး မိုင်းပွန်စော်ဘွားကြီး (ဗိုလ်ချုပ်နှင့်အတူ ကွယ်လွန်ရသူ) နှင့် လူထုခေါင်းဆောင် ဦးစိန်တို့လောက်ကိုသာ တွေ့ရ၏။ ဗိုလ်ချုပ်ရောက်လျှင်ရောက်ချင်း ထိုသတင်းအစုံအလင်တို့ကို သိရ၏။

ဒီဇင်ဘာလ (၂၄) ရက်နေ့နံနက်တွင် စတီဗင်ဆင် လွိုင်ကော်မှ ပြန်ခါနီး ဗိုလ်ချုပ်ထံသို့ ဝင်ရောက် နှုတ်ဆက်ရင်း–

"ဤကိုလာတာဟာ ဘာကိစ္စအကြောင်းထူးများ ရှိပါသလဲ"

ဟု မေးသောအခါ–

"ကျုပ်လာတာဟာ အင်္ဂလိပ်တွေနဲ့ ကရင်နီတွေကို ခွဲထုတ်ဖို့ လာတာပဲ"

ဟု ပြန်ဖြေလိုက်၏။

ထိုနေ့နံနက်မှာပင် ကရင်နီနယ်ခေါင်းဆောင်များနှင့် ဆွေးနွေးရသည့်ပြင် ဈေးအနီး မွှာရုံ၌ လူထုတရားပွဲကြီး ကျင်းပဟောသေး၏။ ဗိုလ်ချုပ်သည် ကရင်နီနယ်မှ ပြန်လာပြီးနောက် ဘိလပ်သို့ရောက်သောအခါ စတီဗင်ဆင်၏ ညစ်ပတ်မှုများကို နန်းရင်းဝန်ကြီးအား လက်ဆောင်ပေးလိုက်သောအခါ တနင်္ဂနွေတစ်ပတ်အတွင်းမှာပင် စတီဗင်ဆင် ဘိလပ်သို့ ပြန်ပြေးရတော့၏။

## ကျိုင်းတုံကြွပါ ဖိတ်သောအခါ

ဗိုလ်ချုပ် လွိုင်ကော်မြို့တွင်ရှိနေစဉ် တောင်တန်းအရေးပိုင် မစ္စတာ ဘရိုက်ကီက ဗိုလ်ချုပ် တောင်ကြီးသို့ရောက်သည့်အခါ မိမိနေအိမ်၌ တည်းခိုရန်၊ ညစာထမင်းစားရန်အတွက် ကြေးနန်းရိုက်၍ ဖိတ်ကြား၏။ ဗိုလ်ချုပ်က ၄င်း၏အိမ်၌ တည်းခိုရန်ကို လက်မခံ။ ဒီဇင်ဘာလ (၂၄) ရက်နေ့ည ထမင်းစားမည့်အကြောင်း ပြန်၍ ရိုက်ကြားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့သည ထမင်းစားပွဲတွင် မစ္စတာစတီဗင်ဆင်နှင့်တကွ မျက်နှာဖြူအရာရှိများ၊ စော်ဘွားများနှင့် မဟာဒေဝီများလည်း ပါ၏။ ကျိုင်းတုံမဟာဒေဝီကြီးက-

"ဗိုလ်ချုပ်၊ ကျွန်မတို့ ကျိုင်းတုံကိုလည်း တစ်ခေါက်လောက်ကြွပါဦး။ ကျွန်မတို့ဆီကတော့ ရိုင်းနေကြပါသေးတယ်"

ဟု ပြောလိုက်သောအခါ-

"ရိုင်းတယ်ဆိုတာဟာ ဒီလူတွေက ပြောတာပါ။ (စတီဗင်ဆင်တို့ဘက်ကို လက်ညှိုးထိုးပြသည်။) အနှစ် (၆၀) ကျော်ကျော်လုံးလုံး သူတို့ အင်္ဂလိပ်လက်အောက်မှာနေရလို့ ရိုင်းတယ်လို့ အဆိုခံနေရတာပါ။ သူတို့ထွက်သွားတဲ့အခါ ချက်ချင်း ယဉ်ကျေးအောင် ကျုပ်လုပ်ပြပါ့မယ်"

ဟု ဗိုလ်ချုပ်က ဆော်ထည့်လိုက်ရာ စတီဗင်ဆင်နှင့်တကွ မျက်နှာဖြူအရာရှိများ အတော်အခံရခက် အောင့်သက်သက်ရှိသွားကြ၏။ ကျိုင်းတုံမဟာဒေဝီကြီးနှင့် စော်ဘွားများမှာလည်း ဒိုးခနဲဒေါက်ခနဲ အကွက်ကျကျ ပြန်ဖြေလိုက်ပုံကို အထူး သဘောကျ ဝမ်းမြောက်အားရကြ၏။ သို့ရာတွင် မျက်နှာဖြူအရာရှိကြီးများကို အားနာသည့်အတွက် နောက်ထပ်မဆက်ဘဲ နေလိုက်ကြရ၏။

## တောင်တန်းကိုခွဲ တို့လက်ထဲ

၁၉၄၄-၄၅ ခုနှစ်တွင် မဟာမိတ်တပ်များ ဗမာပြည်ကို ပြန်လည်တိုက်ခိုက် သိမ်းပိုက်နိုင်တော့မည်ဟူသော သေချာပေါက်ဖြစ်လာသည့်အခါ၌ ဘိလပ်အစိုးရ ဗမာပြည်ဆိုင်ရာ အတွင်းဝန်က အိန္ဒိယတွင်ရှိနေသော ဗမာပြည်ဘုရင်ခံ ဆာဒေါမန်စမစ်ထံသို့ ဗမာပြည်နှင့် ပတ်သက်၍ အတွင်းရေးစာတစ်စောင် ရေးပို့သောဟူ၏။ ထိုစာတွင် ပါသည့်သဘောကား 'မြန်မာပြည်ကို ပြန်လည် သိမ်းပိုက်ပြီးနောက် လွတ်လပ်ရေးပေးပြီးလက်လွတ်လိုက်ရသည့်အခြေမျိုး ဆိုက်ရောက်စေကာမူ ဗြိတိသျှအင်ပါယာ ကာကွယ်ရေးဘက်က ကြည့်ကြည့်၊ အခြား စီးပွားရေးဘက်က ကြည့်ကြည့် တောင်တန်းနယ်များကို ဗြိတိသျှတို့လက်အောက်တွင် နှစ်ပေါင်း (၃၀) လောက်ထားမှ ဖြစ်မည့်အကြောင်း၊ တောင်တန်းနယ်သားများမှာလည်း ဗမာလူမျိုးများကဲ့သို့မဟုတ် ဗြိတိသျှက ထိန်းသိမ်းထားဖို့လိုသေးကြောင်း' စသည်တို့ပင်တည်း။

၁၉၄၅ ခုနှစ် အင်္ဂလိပ်တို့ ဗမာပြည် ပြန်လည် ရောက်လာကြသောအခါ မျိုးချစ်စိတ်ထက်သန်လျက် နိုင်ငံရေးအသွန့်အသော်ကဲများပေါက်နေကြသော တောင်ကြီးမြို့ ဦးဖေခင် (နောင် ပါကစ္စတန် မဟာမင်းကြီးဖြစ်သူ) ဦးတင်ဇေ (ယခု ရှမ်းပြည်လူထုခေါင်းဆောင် လူကြီးတစ်ဦးဖြစ်သူ) တို့သည် အင်္ဂလိပ်က တောင်တန်းနယ်များအပေါ်၌ မည်သို့သဘောထားပုံအတွင်းရေးကို အကြောင်းအားလျော်စွာ သိရှိကြသောအခါ မခံမရပ်နိုင်အောင်ဖြစ်ကြပြီးလျှင် မသိလိုက်မသိဘာသာ နိုင်ငံရေးသဘောတရားများကို လူငယ်လူရွယ်ပိုင်း၌ သွေးထိုးစပြုကြကုန်၏။

ထိုအချိန်အခါတွင် ဗမာပြည်ဘက်မှ နိုင်ငံရေးဆူပူမှုများ တောင်တန်းနယ်များသို့ မကူးစက်ရန် တောင်တန်းဆိုင်ရာအရာရှိတို့က အထူးအရေးစိုက်နေသည့်အခါပင်တည်း။ [အကြင်သူသည် နိုင်ငံရေး ဟောပြောဆောင်ရွက်၏။ ထိုသူသည် (၂၄) နာရီအတွင်း နယ်နှင်ဥပဒေအရ တောင်တန်းနယ်မှ နှင်ထုတ်ခြင်းခံရမည်သာတည်း။] ထိုစဉ်အခါက တောင်တန်းနယ်အရေးပိုင်သည် မစ္စတာလီချ် ဖြစ်၏။ တောင်ကြီးမြို့တွင် အိန္ဒိယပြည် လွတ်လပ်ရေးအတွက် ဆက်သွယ်ဆောင်ရွက်နေသော ဆွာမိဆိုသူ အိန္ဒိယလူငယ်တစ်ဦးအား-

"အဘယ်ကြောင့် နယ်နှင်ဒဏ်မခံထိုက်ကြောင်းကို ထုချေရမည်"

ဟု ထုချေလွှာတောင်းထားလိုက်၏။ ထိုသဘောကား နိုင်ငံရေးစိတ်ထက်သန်လျက်ရှိနေကြသော ရှမ်းပြည်လူငယ်တစ်စုတို့အား 'မင်းတို့လှုပ်နဲ့၊ လှုပ်ရင် နယ်နှင်ဒဏ်ခံရမယ်' ဆိုသည့်သဘောကို ပြလိုက်ခြင်းပင်တည်း။

နိုင်ငံရေးစိတ်သန်လျက်ရှိကြသော လူငယ်စုတို့လည်း ရှမ်းပြည်တောင်တန်းနယ်ကိစ္စကို ရှမ်းပြည်မှာချည်း လုပ်လို့မဖြစ်နိုင်သေး။ ဗမာပြည်သို့သွားရောက်ကာ သေသေချာချာ စီစဉ်ကြိုးစားမှဖြစ်မည်ဟု တိုင်ပင်ဆွေးနွေးကြပြီးလျှင် ဦးဖေခင် ရန်ကုန်သို့ သွားရောက်ရန် သဘောတူဆလွှတ်ကြ၏။ ဦးဖေခင်လည်း ဗိုလ်ချုပ်ထံ ဝင်ရောက် ဆွေးနွေးခွင့်ရခြင်း၊ ဖဆပလလူကြီးများနှင့် ဆွေးနွေးခွင့်ရခြင်းများကြောင့် ရှေ့အလားအလာအတွက် အတော်ပင် အားတက်ခဲ့၏။

## ညီလာခံတွင် အဆိုတင်

ဖဆပလအဖွဲ့ကြီးသည် ရှမ်းပြည်လူငယ်စုတို့နှင့် အဆက်အသွယ်ရမိပြီးနောက် ၁၉၄၆ ခု၊ ဇန်နဝါရီလအတွင်းက ရွှေတိဂုံစေတီတော် အလယ်




www.burmeseclassic.com

www.burmeseclassic.com

ပစ္စယံ၌ ကျင်းပသော ဖဆပလ ညီလာခံသဘင်ကြီးတွင် ရှမ်းပြည်နှင့် ပတ်သက်သော အဆိုတစ်ရပ်ကို ဦးဖေခင် တင်သွင်းခွင့်ရလေ၏။ အဆို၏ သဘောအချုပ်မှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ အင်္ဂလိပ်တို့ ဗမာပြည်ကို သိမ်းပိုက်သောအခါက ရှမ်းပြည်ကိုပါ တစ်ပါတည်း သိမ်းပိုက်ခဲ့ကြောင်း၊ ယခု ဗမာပြည်ကို လက်လွှတ်ရမည့်အခါသို့ ရောက်သောအခါ ရှမ်းပြည်ကိုမချန်ထားဘဲ တစ်ပါတည်း လက်လွှတ်သင့်ကြောင်း။

၂။ ဗမာပြည်နှင့် ရှမ်းပြည်လွတ်လပ်ရေးကိစ္စကြီးတွင် ရှမ်းပြည်ခေါင်းဆောင်များနှင့် ဗမာပြည်ခေါင်းဆောင်များသာ ဆွေးနွေးသင့်ကြောင်း၊ တတိယပါတီ မပါသင့်ကြောင်း။

၃။ ရှမ်းပြည်ခေါင်းဆောင်များနှင့် ဗမာပြည်ခေါင်းဆောင်များ မတွေ့နိုင်အောင်လုပ်ထားသော နယ်နှင်ဥပဒေကို ဖျက်သိမ်းသင့်ကြောင်း။

ဖဆပလညီလာခံသဘင်ကြီးတွင် ထိုသဘောများကို တင်သွင်းဆုံးဖြတ်ပြီး၍ (၂) ရက်၊ (၃) ရက်ခန့်အတွင်းမှာ တောင်တန်းနယ်ဆိုင်ရာ ညွှန်ကြားရေးဝန် မစ္စတာဝိယာ့စ်က ဖဆပလလူကြီးအချို့နှင့် သတင်းစာဆရာများအား ဖိတ်ကြားပြီး နယ်နှင်ဒဏ်အကြောင်းနှင့် ပတ်သက်၍ ရှင်းပြသေးသည်။ သို့ရာတွင် ဖဆပလလူကြီးများ မသွားကြ။ သတင်းစာဆရာများသာသွားကြ၏။ မစ္စတာဝိယာ့စ်က 'တောင်တန်းနယ်များ၌ နယ်နှင်ဒဏ်ကို ယခု မသုံးတော့ကြောင်း၊ အစိုးရက နယ်နှင်ဒဏ်ကို အသုံးပြုနေသည်ဟု သူတို့ပြောဆိုနေကြသောစကား မမှန်ကြောင်း၊ ထို နယ်နှင်ဒဏ်ကို လူဆိုးများအပေါ်၌သာ အသုံးပြုကြောင်း၊ နိုင်ငံရေးသမား များအတွက် မဟုတ်ကြောင်း' စသဖြင့် ရှင်းပြသေး၏။ ရှမ်းပြည် ဦးတင်အေး၊ ဦးထွန်းမြင့် စသော လူတစ်စုတို့လည်း ဖဆပလညီလာခံသို့ မထင်မရှား တက်ရောက်ကြပြီးလျှင် ဗိုလ်ချုပ်နှင့်တကွသော ဖဆပလလူကြီးများနှင့် တွေ့ဆုံကာ ရှေ့တစ်လှမ်းတက်၍ ဆက်လက် ဆောင်ရွက်ကြရန် ရှမ်းပြည်အရေး ဆွေးနွေးကြ၏။ ထို့နောက် ဦးဖေခင်အား တောင်တန်းနယ်ဆိုင်ရာ ဖဆပလအတွင်းရေးမှူးအဖြစ် ခန့်ထားလိုက်၏။

## ပထမပင်လုံ စည်းဝေးပုံ

၁၉၄၆ ခု၊ ဇန်နဝါရီလအတွင်း၌ ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့နယ်တွင် စော်ဘွားများ ညီလာခံသဘင်ကျင်းပရန် စီမံထားရာ ဘုရင်ခံ





ဆာဒေါ်မန်စမစ် ကိုယ်တိုင် တက်ရောက်ပြီးလျှင် ရှမ်းစော်ဘွားများအား နားချသွေးဆောင်ရန် စီမံချက်ရှိ၏။ စော်ဘွားများကလည်း ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နု စသော ဗမာပြည်မှ ခေါင်းဆောင်များကို ဖိတ်ကြားထား၏။ ထိုပင်လုံညီလာခံသို့ တက်သင့်၊ မတက်သင့် ဖဆပလလူကြီးများ ဆွေးနွေးကြသောအခါ ရှမ်းပြည်လူထုကို နားလည်မှုလုပ်ရသည်ထက် စော်ဘွားများ နားလည်သဘောပေါက်မှုက ပထမ အရေးကြီးသည်ဟု ယူဆကြပြီးလျှင် သွားသင့်သည်ဟု ဆုံးဖြတ်ကြ၏။ သို့ရာတွင် ဗိုလ်ချုပ်မှာ ရခိုင်ပြည်သို့သွားရန် ကတိပေးပြီးဖြစ်၍ ပင်လုံသို့ မသွားနိုင်။ သခင်နု၊ ဦးဘဂျမ်းနှင့် မန်းဘခိုင်၊ (ဗိုလ်ချုပ်နှင့်အတူ ကွယ်လွန်ရသူ ဝန်ကြီး) တို့ သွားကြရ၏။ ပင်လုံညီလာခံ လူထုတရားပွဲများတွင် နိုင်ငံရေးတရား မဟောရ။ စီးပွားရေး၊ ပညာရေး စသော တရားများကိုသာ ဟောပြောကြရန် စီမံထားကြ၏။ သို့ရာတွင် ဟောပြောသူ နိုင်ငံရေးဆရာတို့သည်ကား စီးပွားရေးချို့တဲ့မှုကြောင့် နယ်သူနယ်သားတွေ အတိဒုက္ခရောက်ကြရပုံ၊ နိုင်ငံရေးတရား ပညာရေးချို့တဲ့မှုကြောင့် အောက်ကျနောက်ကျဖြစ်နေကြရပုံ နိုင်ငံရေးတရားများကို ဟောပြောကြရာ နောက်ဆုံး နိုင်ငံရေး ဟောပြောပွဲကြီးအခြေသို့ ဆိုက်ရောက်သွားတော့၏။ ဗမာပြည်ဘုရင်ခံလည်း ထိုသို့သော အကြောင်းများကြောင့် ညီလာခံသို့ လာရောက်ရန် အစီအစဉ်ကို ဖျက်သိမ်းလိုက်ရလေ၏။

## အသားယူရန် သူ့အကြံ

ပင်လုံညီလာခံသို့ မျိုးချစ်ပါတီခေါင်းဆောင် ဂဠုန်ဦးစောနှင့် မစ္စတာ ဦးဘရင်တို့လည်း တက်ရောက်ကြရာ ညီလာခံ၌ မဟောပြောရသေးမီ တစ်ညသ၌ ဦးစောတို့ဘက်က သခင်နုတို့အား ဖိတ်ကြား၍ ပြောပုံကား-

"ယခု ရှမ်းပြည်ညီလာခံသို့ လာရောက်ကြတဲ့အခါမှာ ဗမာခေါင်းဆောင်ကြီးများ အချင်းချင်း ညီညွတ်တဲ့အကြောင်းကို ပြလိုပါတယ်။ ညီလာခံတွင် စော်ဘွားများအား ပြန်လည်ပြောသည့်အခါမှာ ကျုပ်ကသာ ခေါင်းဆောင်အဖြစ်နှင့် ပြောလိုပါတယ်"

ဟု ပြောကြ၏။ သခင်နုတို့ဘက်ကလည်း-

"မိမိတို့မှာ ဖဆပလကိုယ်စားလှယ်များဖြစ်၍ ဖဆပလ၏ ကိုယ်စားအဖြစ်နှင့်သာ ပြောနိုင်မည်။ ဦးစော၏ အကြံပေးချက်ကို သဘောတူနိုင်ပါ" ဟု ငြင်းဆိုလိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com


(ဖဆပလ အဖွဲ့ချုပ်ကြီးသည် တိုင်းပြည်တွင် အထူးခေတ်စား လျက်ရှိရာ ထိုအဖွဲ့ကိုယ်စားလှယ်များအပေါ်၌ ဂဠုန်ဦးစောက ခေါင်း ဆောင်ရသည် ဟူသော အသားယူလိုမှု သဘောပင်တည်း။)

## သခင်နုက ဖွင့်၍ချ

နောက်တစ်နေ့ ပရိသတ်စုံလင်သော ညီလာခံသဘင်ကြီး၌ အသီး အသီး ဟောပြောကြသည့်အနက် သခင်နု (နောင် မြန်မာနိုင်ငံတော် အစိုးရဝန်ကြီးချုပ်) က ယခုလို ညီလာခံမျိုးကို ယခုတစ်ကြိမ်သာ တွေ့ကြုံ ရဖူးသေးကြောင်း၊ ယခုကဲ့သို့ ဟောပြောခွင့်ရသည့်အတွက် ကျေးဇူး တင်ကြောင်း စကားအစချီပြီးလျှင် တောင်တန်းနယ်များအပေါ်၌ ဖဆပလ အဖွဲ့ချုပ်ကြီးက မည်ကဲ့သို့ သဘောထားသည့် အကြောင်းများကို ရှင်း လင်းပြ၏။ သည့်နောက် စော်ဘွားများနှင့် တောင်တန်းနယ်သားတို့၏ နားတွင်းသို့ ပစ်သွင်းလိုက်သော အချက်ကြီးသည်ကား ဤသို့တည်း။

"တောင်တန်းနယ်သားများနှင့် ဗမာများ တစ်ဦးနှင့်တစ်ဦး အထင် မှားအမြင်မှား ဖြစ်နေကြရခြင်းဟာ အင်္ဂလိပ်လူမျိုးတို့၏ ရာဇဝင်ခြေထိုးမှု ကြောင့်ဖြစ်တာ မှန်တယ်။ ရာဇဝင်တွင် သိုဟန်ဘွားကို မင်းကြီးရန်နောင် လုပ်ကြံသတ်ဖြတ်တဲ့ကိစ္စနဲ့ ပတ်သက်လို့ အင်္ဂလိပ်ရေးတဲ့ ရာဇဝင်မှာ ရှမ်းလူမျိုးတစ်ယောက်ကို ဗမာလူမျိုးများက လုပ်ကြံသတ်ဖြတ်တဲ့အနေ သဘောပေါက်အောင် ရေးသားထားတယ်။ အမှန်က ဒီလိုမဟုတ်ဘူး။ မင်းဆိုးဖြစ်တဲ့အတွက် သတ်ပစ်တာဖြစ်တယ်။ ဒီနေရာမှာ ဗမာနေရင်လည်း အသတ်ခံရမှာပဲ။ ရှမ်းအနေ၊ ဗမာအနေနှင့် မသတ်ကြောင်း ထင်ရှားတာ က မင်းကြီးရန်နောင်ဟာ သူကိုယ်တိုင် မင်းလုပ်ချင်ရင် လုပ်နိုင်ပါလျက် မလုပ်ဘဲ ကုန်းဘောင်စော်ဘွားကို ခေါ်လာပြီး နန်းတင်ခဲ့တယ်။ ဒါကို မငြင်းနိုင်ဘူး။ ပြီးတော့ နောက်တစ်ခုထင်ရှားတာက သီပေါမင်းတရားကို အင်္ဂလိပ်က ဖမ်းသွားတဲ့အချိန်မှာ သီပေါမင်းကိုလုယူဖို့ လူ(၅၀၀)နှင့် ဘုရားကြီးမှာ စောင့်နေတာဟာလည်း အခြားသူမဟုတ်ဘူး။ ညောင်ရွှေ စော်ဘွားကြီး ဖြစ်တယ်။ အင်္ဂလိပ်ရာဇဝင်ရေးဆရာက ထိုသဘောမျိုးကို ပေါက်အောင်မရေးဘဲ ရှမ်းအနေ၊ ဗမာအနေနှင့် သတ်တဲ့သဘောပေါက် အောင် ရေးထားတာဟာ ရှမ်းနဲ့ဗမာ သွေးကွဲအောင် ရေးသားချက်များ ဖြစ်တယ်။ ရာဇဝင်အကြောင်းနဲ့ပဲ ကြည့်ကြည့်၊ ဘာသာအကြောင်းနဲ့ပဲ ကြည့် ကြည့် ရှမ်းနှင့် ဗမာများ သွေးကွဲစရာအကြောင်းမရှိဘူး။ ပိုမိုရင်းနှီး သွေးစပ်တဲ့အကြောင်းများသာ ရှိတယ်"

ဤကဲ့သို့ အင်္ဂလိပ်တို့၏ ရာဇဝင်ခြေထိုးမှုအချက်ကို အကွက်ကျကျ ဖွင့်ချလိုက်သောအခါ ရှမ်းစော်ဘွားများနှင့်တကွသော ရှမ်းလူထုက-

"သခင်နု ပြောတာ ဟုတ်တယ်၊ မှန်တယ်"

ဟု ဝမ်းသားအားရ ဩဘာပေးကြ၏။

တောင်ပိုင်းစော်ဘွားကြီးများက-

"အင်္ဂလိပ်က သွေးခွဲထားလို့ ကျုပ်တို့တစ်တွေမှာ အရှုပ်တွေ ဖြစ်နေကြရတယ်။ ယခု ဒီအရှုပ်တွေကို အသက်သွင်းပေးရမယ်"

ဟု ပြောသည့်ပြင်-

"အရင်က မျက်နှာဖြူတွေဟာ ယနေ့ မျက်နှာနီများ ဖြစ်ကုန်ပြီ"

ဟု ထပ်၍ ဆော်လိုက်သေး၏။

(တောင်တန်းနယ်ဆိုင်ရာ အင်္ဂလိပ်အရာရှိကြီးတို့မှာ သခင်နုပြော လိုက်သောအချက်ကြောင့် မျက်နှာများ နီလျက်ရှိသဖြင့် ထိုသို့ ပြောလိုက် ခြင်း ဖြစ်သည်။)

## ထမင်းမဝ ဗိုက်ပုတ်ပြ

ညီလာခံတွင် ခေါင်းဆောင်အသီးသီးတို့ ဟောပြောပြီး၍ လူထု ပရိသတ်အား-

"ဘာများမေးစရာ ရှိကြပါသေးသလဲ၊ မေးချင်တာ မေးနိုင် ပါတယ်"

ဟု ပြောလိုက်သောအခါ အင်္ကျီကိုယ်ဝတ်စုတ်ပြတ်လျက်ရှိသော ဆင်းရဲနွမ်းပါးသည့် တောင်ပေါ်သားတစ်ယောက်က ပရိသတ်အလယ်မှ ထပြီးလျှင်-

"ကျုပ်တို့ ဆင်းရဲသားတွေကို ထမင်းဝအောင် လုပ်ပေးပါ"

ဆိုပြီး ဗိုက်ကို လက်နှင့်ပုတ်ပြ၏။

"အင်္ကျီအဝတ်အစားများ ရအောင်လုပ်ပေးပါ"

ဆိုပြီး အင်္ကျီအစုတ်ကို လက်နှင့်ကိုင်ပြ၏။ တိုတိုတုတ်တုတ် စကားများကိုပြောပြီး ထိုင်လိုက်၏။

(ဆင်းရဲသားများ ထမင်းဝမှ တိုင်းပြည်ဝပြောနိုင်သည်ဆိုသော သဘောပြလိုက်ခြင်းပင်တည်း။)

www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်စားလှယ်များ လွိုင်ကော်သွား

သခင်နု၊ ဦးဘဂျမ်းနှင့် မန်းဘခိုင်တို့သည် ပင်လုံညီလာခံမတိုင်မီ တနင်္ဂနွေတစ်ပတ်လောက်က ကြိုတင်၍ တောင်ကြီးသို့သွားကြပြီးလျှင် ဦးဖေခင်၊ ဦးတင်ဇ စသော ရှမ်းပြည်နိုင်ငံရေးခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးကြပြီးနောက် ကရင်နီနယ်သို့သွားရန် ကောင်းသည်ဟု အကြံပေးကြရာ အချိန်ရှိသေးသဖြင့် ကရင်နီနယ် လွိုင်ကော်သို့ ခရီးထွက်ကြ၏။

ကရင်နီနယ်သူနယ်သားတို့သည် ဂျပန်ကို အပြင်းအထန် တော်လှန်ခဲ့ရပါလျက် အင်္ဂလိပ်တို့ပြန်ရောက်လာသောအခါ စာရေရိက္ခာ လုံလောက်အောင်မရ၊ အငတ်ငတ်အပြတ်ပြတ် ဖြစ်နေကြရခြင်း၊ ပြောသလိုမဟုတ်၊ အလုပ်ကျတော့ တစ်မျိုးဖြစ်နေခြင်းများကြောင့် အင်္ဂလိပ်တို့အပေါ်၌ မကျေမနပ်ဖြစ်နေကြ၏။ သခင်နုတို့လူသိုက် ဆိုက်ရောက်သွားကြသောအခါ ထိုသို့ စိတ်သဘောထားများ ဖြစ်ပေါ်နေကြောင်း သိရှိသဖြင့် ကရင်နီ သမဝါယမအသင်းရုံးတွင် လူထုအစည်းအဝေး ကျင်းပဟောပြောကြ၏။

သခင်နုက တောင်တန်းနယ်များအပေါ်၌ ဖဆပလအဖွဲ့ချုပ်ကြီးက မည်ကဲ့သို့ သဘောထားပုံ၊ ဗမာပြည်နှင့် တောင်တန်းနယ်များ ပူးပေါင်းက မည်ကဲ့သို့ အကျိုးများမည့်ပုံများကို ရှင်းပြပြီးလျှင်-

"နှစ်ပေါင်းခြောက်ဆယ်ကျော်မျှ အင်္ဂလိပ်က ခင်ဗျားတို့အပေါ်မှာ အုပ်ချုပ်လာတာ ဘယ်လောက် စေတနာကောင်းတယ်၊ ခင်ဗျားတို့ ဘယ်လောက် အကျိုးခံစားခွင့်ရကြတယ် ဆိုတာကို မော်ချီးမိုင်းကြီးက သက်သေခံလျက် ရှိနေပါတယ်။ ဒီ မော်ချီးမိုင်းကြီးဟာ ကမ္ဘာပေါ်ရှိ သတ္တုတွင်းအားလုံးနှင့် ယှဉ်ကြည့်လျှင် (၃၅) ရာခိုင်နှုန်းမျှ ထွက်ပါတယ်။ ဗြိတိသျှအင်ပါယာအတွင်းရှိ သတ္တုတွင်းအားလုံးနှင့် ယှဉ်ကြည့်လျှင် (၈၅) ရာခိုင်နှုန်းမျှထွက်တယ်။ ထိုမျှလောက် ကြီးကြီးကျယ်ကျယ်ထွက်ပါလျက် ခင်ဗျားတို့ နယ်သူနယ်သားတွေမှာတော့ ထမင်းဝအောင် မစားရဘူး ငတ်နေကြရတယ်။ ယခု အတိုင်းသာသွားနေလျှင် ခင်ဗျားတို့အခြေဟာ ပိုဆိုးဖို့သာ ရှိတယ်"

စသဖြင့် နယ်ချဲ့သမား ခေနရှင်ဝါဒ၏ ဆိုးရွားပုံများကိုလည်း ပြတ်ပြတ်သားသားကြီးဟော၏။

မန်းဘခိုင်ကလည်း-

"မိမိတို့ မြေညီကရင်များဟာ ဗမာများနှင့် ပူးပေါင်းပြီး ဗမာပြည်လွတ်လပ်ရေးကို အရယူမည့်အကြောင်း၊ တောင်တန်းနယ်များ ဗမာပြည်နှင့် ပူးပေါင်းဖို့ အရေးကြီးလာပြီဖြစ်ကြောင်း" များကို ရှင်းရှင်းလင်းလင်းကြီးဟော၏။

ကရင်နီအမျိုးသားတို့သည်လည်း မကြားစဖူး ထူးခြားသည့်တရားများကို ကြားရသည့်အတွက် အထူးနှစ်သက်အားရကြ၏။ ချီးကျူးကြ၏။ အထူးအားဖြင့် ပဒေါင်းတော်လှန်ရေးခေါင်းဆောင် ထိုင်းဘဟန် (ယခု မိုးဗြဲနယ်စော်ဘွား တိုင်းပြုပြည်ပြုလွှတ်တော်အမတ်) ဘောလခဲ-ကြက်ဘိုးကြီးနှင့် ကန္တာရဝတီနယ်ရှင်များ၊ စောမြလေး စသော ကရင်နီနယ်ခေါင်းဆောင်များနှင့် သခင်နုတို့ နိုင်ငံရေးကို ပွင့်ပွင့်လင်းလင်း ကျေကျေနပ်နပ်ကြီး ဆွေးနွေးကြရ၏။ ကရင်နီနယ်၌ ဖြစ်ပေါ်နေသော ငတ်မွတ်ခေါင်းပါးခြင်းဘေးကို ကယ်ဆယ်ရန် ဖဆပလအဖွဲ့ချုပ်က ဆန်အိတ် (၅၀၀) နှင့် ဆားတစ်တွဲ လှူဒါန်းမည် ကတိပေးလိုက်သောအခါ အထူးဝမ်းသာအားရဖြစ်ကြ၏။ ကတိပြုခဲ့သည့်အတိုင်းလည်း ဆန်အိတ် (၅၀၀) နှင့် ဆားများကို လှူဒါန်းခဲ့၏။

သခင်နုတို့သည် လွိုင်ကော်မှအပြန် ဘန်းရင်စောဘွားဟော်တွင် လူထုတရားပွဲဟောပြီးနောက် ပင်လုံညီလာခံသို့ ဆက်လက် ထွက်ခွာသွားကြ၏။ သခင်နုတို့နှင့် ဆွေးနွေးခဲ့ရသော ကရင်နီခေါင်းဆောင်များလည်း မိမိတို့အား ဖိတ်ကြားသွားသည့်အတိုင်း ရန်ကုန်သို့ ဆင်းလာကြသဖြင့် ဖဆပလလူကြီးများက မိတ်ဆက်ပွဲ ကျင်းပဆွေးနွေးကြသည့်ပြင် ဗိုလ်ချုပ်ကိုယ်တိုင်လည်း အထူး အရေးယူလျက် ဗမာပြည်နှင့် ကရင်နီနယ် ပူးပေါင်းရေး သဘောတရားများကို ရှင်းလင်းပြောပြရာ အထူး ကျေနပ်ကြ၏။

၁၉၄၆ ခု၊ ဒီဇင်ဘာလအတွင်းက ဗိုလ်ချုပ် လွိုင်ကော်သို့ ရောက်ရှိပြီး အဆိုပါ ကရင်နီနယ်ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးရာသည့်အတွက် ဗိုလ်ချုပ်၏ ရည်ရွယ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် သဘောတူခဲ့ကြ၏။ ထို့ကြောင့်လည်း ၁၉၄၇ ခု၊ ဧပြီလအတွင်းက မေမြို့တွင် စုံစမ်းစစ်မေးသော တောင်တန်းနယ်စုံစမ်းရေးကော်မတီရှေ့မှောက်တွင် ကရင်နီနယ်နှင့် မိုးဗြဲနယ်ခေါင်းဆောင်များသည် ကရင်နီနယ်သည် ဗမာနိုင်ငံတော် ပြည်ထောင်စုသို့ ပါဝင်ကပြုလျက် တိုင်းပြုပြည်ပြုလွှတ်တော်သို့ ကိုယ်စားလှယ်စေလွှတ်ရန် သဘောတူကြောင်း အစစ်ခံခဲ့ကြသည်။







www.burmeseclassic.com

www.burmeseclassic.com

## သွေးခွဲစနစ် ထပ်၍ညစ်

ပထမဦးဆုံးအကြိမ် ကျင်းပသည့် ဗမာပြည် တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေးကြီး နီးကပ်လာသောအခါ နယ်ချဲ့သမားတို့၏ သွေးခွဲမှု တစ်မျိုးတစ်ဖုံ ဖြစ်ပေါ်လာပုံကား ကရင်နီနယ်သည် အင်ဒီပင်းဒင်းနယ်ဖြစ်သည့် အင်္ဂလိပ်တို့ထံမှ ငွေချေးပြီး ပြန်လည် ထူထောင်နိုင်သည်၊ ဗမာပြည် အဆင့်အတန်းထက် မြင့်သည်၊ ကိုယ့်ကောင်စီနှင့် ကိုယ်လုပ်နိုင်သည် စသဖြင့် ခြေထိုးမှုများ ဝင်ရှုပ်လာသည့်အတွက် တိုင်းပြုပြည်ပြုလွှတ်တော်သို့တက်ရန် ရန်ကုန်သို့လာကြသော ဦးဘီနှင့် စောသိမ်းတို့သည် ခြေထိုးမှုတိမ်သလ္လာအောက်သို့ ဝင်ရောက် ဖုံးကွယ်သွားလေတော့၏။

သို့ရာတွင် ကရင်နီနယ်လူထု၏ အလိုဆန္ဒအရ လူထုကိုယ်စားလှယ် စောမြတ်လေးနှင့် ဦးစိန်တို့သည် တတိယအကြိမ်မြောက် ကျင်းပသည့် တိုင်းပြုပြည်ပြုလွှတ်တော်သို့ တက်ရောက်ကြသည့်အတွက် ကရင်နီနယ်၏ပြဿနာမှာ ရှင်းလင်းသွားတော့၏။

## ညောင်ရွှေမြို့မှာ ဟောခဲ့တာ

၁၉၄၆ ခု၊ ဒီဇင်ဘာလ (၂၆) ရက်နေ့နံနက်က ညောင်ရွှေစော်ဘွားကြီး၏ စီစဉ်ချက်အရ ကျင်းပသော လူထုတရားပွဲကြီး၌ ဗိုလ်ချုပ်က ဤသို့ ဟောပြောခဲ့၏။

“ဗမာပြည်တော့ မကြာမီ လွတ်လပ်ရေးရတော့မယ်။ ရှမ်းပြည်ကိုတော့ အင်္ဂလိပ်က ခြေကုပ်ထားပြီး အခွင့်အရေးတွေကို သူတို့လက်ထဲမှာထားဖို့ စိတ်ကူးရှိနေကြတယ်။ ရာဇဝင်မှာကြည့်ရင် တိုင်းပြည်တစ်ပြည်က အခြား တိုင်းပြည်တစ်ပြည်ကို သိမ်းပိုက်ထားတာဟာ စေတနာရှိလို့ မဟုတ်ဘူး။ လိုချင်လို့ သိမ်းပိုက်ထားတာ ဖြစ်တယ်။ လက်လွှတ်ပြန်တော့လည်း လက်မလွှတ်ချင်ကြဘူး။ ဒါပေမယ့် ဗမာပြည်ကို လက်မလွှတ်ရင်မဖြစ်တဲ့အခြေရောက်နေတယ်။ ကမ္ဘာစစ်ကြီးပြီးကတည်းက နိုင်ငံတကာ အခွင့်အရေးတွေဟာ ပြောင်းလဲနေတယ်။ ရှင်ဘုရင်နဲ့ အုပ်ချုပ်နေတဲ့ အီတလီ အစရှိတဲ့ တိုင်းပြည်နိုင်ငံတွေဟာ ဒီမိုကရေစီစနစ်အရ သမ္မတအုပ်ချုပ်တဲ့တိုင်းပြည်များ ဖြစ်လာကြရတယ်။ စာပေကျမ်းဂန်များမှာ ပါရှိတဲ့အတိုင်း ရှေးအခါများက တိုင်းသူပြည်သားတွေဟာ မူလ (သမ္မတ) တင်မြှောက်ကြရတယ်။ ဒီသမ္မတဟာ မင်းကျင့်တရား(၁၀)ပါးကို လိုက်နာကျင့်ကြံကြရတယ်။ (အဝိရောဓနေတရား) ကို ဆန့်ကျင်လျှင် တိုင်းပြည်ကပေးတဲ့ အပြစ်ဒဏ်ကို ခံရတယ်။ ဥပမာ ဝေဿန္တရာမင်းကြီးဟာ တိုင်းပြည်ရဲ့အလိုနဲ့ ဆန့်ကျင်တဲ့အတွက် တိုင်းပြည်၏ နှင်ထုတ်ခြင်းခံရတာဖြစ်တယ်။ ယခုအခါမှာလည်း အဲဒီခေတ်မျိုး ပြန်ရောက်လာတယ်။

ကျွန်တော်တို့က ရှမ်းပြည်နယ်ကို လွတ်လပ်စေချင်တယ်။ လွတ်လပ်တယ်ဆိုတာမှာလည်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ နိုင်ငံခြားအစိုးရက အုပ်ချုပ်မှုမရှိစေတဲ့ လွတ်လပ်တာမျိုးကို ဆိုလိုတယ်။ လွတ်လပ်စွာ ဟောပြောရေးသားခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့်များလည်း ရှိရမယ်။ ရှမ်းလူမျိုးအရာရှိများနဲ့ ရှမ်းပြည်နယ်ကို လွတ်လပ်စွာ အုပ်ချုပ်နိုင်ခွင့်ရှိရမယ်။ ယခုတော့ ဘုရင်ခံလက်အောက်မှာထားပြီးတော့ အင်္ဂလိပ်တွေက ခြယ်လှယ်နေတာပဲ။ ကျွန်တော်တို့လိုတာက တောင်တန်းနယ်များကို ဘုရင်ခံက တိုက်ရိုက်မအုပ်ချုပ်ဘဲ ရှမ်းဝန်ကြီးတစ်ဦး ခန့်ထားအုပ်ချုပ်စေရန် လိုလားတယ်။ ဒီအတိုင်းဖြစ်ဖို့လည်း ဘီလပ်အစိုးရထံမှာ တောင်းဆိုထားတယ်။ နိုင်ငံပြန်လည်ထူထောင်တဲ့နေရာမှာ ရှမ်းပြည်နယ်ကို ရှမ်းအမျိုးသားများအုပ်ချုပ်လို့ နိုင်ငံခြားရေး၊ စီးပွားရေး၊ ကာကွယ်ရေး စသော ကိစ္စကြီးမျိုးတွေကိုတော့ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။ ယခုနယ်အခါမှာ တိုင်းရင်းသားအချင်းချင်းတွေ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ဖို့ အရေးကြီးတယ်။ ကျွန်တော်တို့အချင်းချင်းတွေသာမက အာရှတိုက် တိုင်းပြည်နိုင်ငံများပင် ပေါင်းစုဖို့ဟာ အရေးကြီးတာပဲ”

## ဗမာလူစု သတိပြု

၁၉၄၆ ခု၊ ဒီဇင်ဘာလ (၂၅) ရက်နေ့ ကျင်းပသော တောင်ကြီးမြို့ လူထုတရားပွဲကြီး၌ ရှမ်းပြည်နယ်ရှိ ဗမာများ သတိထားရန်အကြောင်းနှင့် ပတ်သက်၍ ဗိုလ်ချုပ်က ဤသို့ ဟောခဲ့၏။

“ရှမ်းပြည်နယ်မှာ ရောင်းဝယ်ဖောက်ကား နေထိုင်ကြတဲ့ ဗမာတွေကို သတိပေးလိုတယ်။ ရှမ်းအမျိုးသားတွေအပေါ်မှာ အထင်မသေးရဘူး။ သွေးချင်းသားချင်း ရင်းရင်းချာချာ သဘောထားကြရမယ်။ သူတို့နဲ့ မလေးထုံးစံများကို မထီမဲ့မြင်မလုပ်ရဘူး။ ခင်ဗျားတို့ကို အထူးသတိပေးလိုတာက ရှမ်းအမျိုးသားများနှင့် ဆက်ဆံကြရာတွင် နယ်ချဲ့ဝါဒသမားတွေလို ခေါင်းပုံဖြတ်တဲ့ အမြဲဝါဒမျိုးကို မလုပ်ရဘူး။ အကယ်၍ ကျုပ် သတိပေးတဲ့အတိုင်း မလိုက်နာကြဘဲ နယ်ချဲ့ဝါဒသမားတွေလို





www.burmeseclassic.com

www.burmeseclassic.com

ထင်တာလုပ်နေကြမယ်ဆိုရင်တော့ ကျုပ်တို့ ဖဆပလအဖွဲ့ချုပ်ကြီးက ခင်ဗျားတို့အပေါ်မှာ လျစ်လျူရှုနေမယ် မဟုတ်ဘူး"

## စိတ်ခပ်လေးလေး သတိပေး

၁၉၄၇ ခု၊ ဇန်နဝါရီလ (၂) ရက်နေ့တွင် ဗိုလ်ချုပ် ဘိလပ်သို့ ထွက်ခွာသွား၍ နယူးဒေလီတွင် ခေတ္တရှိနေစဉ် နယူးဒေလီရေဒီယိုမှ ဗိုလ်ချုပ်က-

"အိန္ဒိယမှာ မဟာရာဇာ စော်ဘွားများအပေါ်၌ အင်္ဂလိပ်က စီမံထားပုံ၊ အချင်းချင်းတွေကို သွေးခွဲထားပုံများကို ကြည့်ရတာဟာ အတော်စိတ်ပျက်စရာကောင်းတယ်။ ဗမာပြည်မှာလည်း ဒီလိုလုပ်မှာပဲ။ သွားသာသွားရတယ် စိတ်ခပ်လေးလေးပဲ။ အချင်းချင်းတွေ ညီညွတ်စည်းလုံးတဲ့အင်အား ကြီးမားသည်ထက် ကြီးမားဖို့ အရေးအကြီးဆုံး ဖြစ်တယ်"

စသဖြင့် အသံလွှင့် သတိပေးလိုက်၏။ သခင်နု စသော ဖဆပလအဖွဲ့ခေါင်းဆောင် လူကြီးများကလည်း ရန်ကုန်မြို့ကြီးနှင့်တကွ တစ်နိုင်ငံလုံး အံ့ကြွကာ လွတ်လပ်ရေးမရလျှင် ဆော်မည့်သဘောမျိုးနှင့် အင်အားပြပွဲကြီးများ ကျင်းပကြ၏။ ဘိလပ်သို့လည်း ကြေးနန်းအစောင်စောင် ရိုက်ကြားပေးပို့ကြ၏။

တောင်တန်းနယ်များသို့လည်း စေလွှတ်ရန် အရေးကြီးသဖြင့် ချင်း-ဗမာ ချစ်ကြည်ရေးအတွက် ဦးဘဆိုင်၊ ဦးအောင်မင်းတို့အား ချင်းတောင်သို့စေလွှတ်၏။ ၎င်းတို့သည် ၁၉၄၇ ခု၊ ဇန်နဝါရီလ (၁၂) ရက်နေ့တွင် ရန်ကုန်မှထွက်ကြပြီးနောက် ထီးလင်းသို့ရောက်သောအခါ ဦးဘဆိုင်နှင့် ဦးဝမ်းမသူမောင်တို့သည် ဂန့်ဂေါမှ ကလေးဝဘက်မှ လှည့်ပြန်ကြ၏။ ဦးမောင်ကလေး၊ ရဲဘော်စံထွန်းနှင့် ဦးအောင်မင်းတို့လည်း ထီးလင်းမှ ကန်ပက်လက်သို့၊ ၎င်းမှ ရခိုင်ရိုးမကို ဖြတ်ကျော်၍ ပလက်ဝဘက်သို့ လှည့်ပြီးပြန်ကြ၏။ ၎င်းတို့ ဟောပြောဆောင်ရွက်မှုကြောင့်လည်း ထီးလင်းမြို့ ချင်း-ဗမာချစ်ကြည်ရေး အစည်းအဝေးကြီး ဖြစ်လာခဲ့ရ၏။

ဗိုလ်ခင်မောင်ကလေး အမှူးရှိသော အဖွဲ့တစ်ဖွဲ့ကိုလည်း ကချင်-ဗမာ ချစ်ကြည်ရေးအတွက် မြစ်ကြီးနားဘက်သို့ စေလွှတ်၏။

အထူးအားဖြင့် ရှမ်းပြည်မှ လူထုအင်အားပြပွဲ ကျင်းပရန် အရေးကြီးသဖြင့် ရှမ်းပြည်မိတ်ဆက်အဖွဲ့အဖြစ်နှင့် ဦးဖေခင်၊ ဗိုလ်မှူးအောင်နှင့်





ဗိုလ်ထွန်းလင်းတို့အား စေလွှတ်၏။ သူတို့လည်း တောင်ကြီးမြို့၌ လူထုအစည်းအဝေးကြီး ကျင်းပပြီးလျှင် ရှမ်းပြည်ကို ဗမာပြည်နှင့် တစ်ချိန်တည်း လွတ်လပ်ရေးပေးရန်နှင့် ဗိုလ်ချုပ်တို့၏ လိုလားချက်များကို ထောက်ခံသည့် အကြောင်းများကို ဆုံးဖြတ်ကြပြီးလျှင် လူထုအင်အားပြပွဲကြီး ကျင်းပကြ၏။ ဗိုလ်ချုပ်တို့ထံသို့လည်း ကြေးနန်းရိုက်ကြားကြ၏။

## ကြေးနန်းရိုက်ကြား စော်ဘွားများ

၁၉၄၆ ခု၊ ဒီဇင်ဘာလ (၂၅) ရက်နေ့ညက ညောင်ရွှေစော်ဘွားကြီးဟော်၌ ဗိုလ်ချုပ်နှင့် စော်ဘွားအစည်းအဝေးတစ်ရပ် ကျင်းပဆွေးနွေးကြသောအခါ-

"ဗမာပြည်အရေး ဆွေးနွေးရန် ဘိလပ်အစိုးရက ကျွန်တော့် အားဖိတ်ထားပါတယ်။ ဘိလပ်ရောက်တဲ့အခါ တောင်တန်းနယ်ကိစ္စအတွက်ကိုလည်း ပြောရပါလိမ့်မယ်။ ရှမ်းပြည်ရဲ့အကျိုးကိစ္စအတွက် ကျွန်တော့်ညွှန်ကြားချက်များအတိုင်း သဘောတူ လက်မှတ်ထိုးပေး လိုက်နိုင်ရင်တော့ အကောင်းဆုံးပါပဲ"

ဟု ဗိုလ်ချုပ်က ပြောသောအခါ-

"ဗိုလ်ချုပ်ရဲ့စေတနာကို ယုံကြည်ပါတယ်။ ဗိုလ်ချုပ်ရဲ့ ညွှန်ကြားချက်များမှာလည်း အလွန် သင့်မြတ်ပါတယ်။ သို့ရာတွင် ယခုအစည်းအဝေးမှာ မြောက်ပိုင်းစော်ဘွားကြီးများလည်း မပါသေး။ အရေးကြီးတဲ့ကိစ္စလည်း ဖြစ်နေပြန်တဲ့အတွက် မြောက်ပိုင်းစော်ဘွားကြီးများနဲ့တိုင်ပင်ဆွေးနွေးပြီးလျှင် ဗိုလ်ချုပ်ထံသို့ အမြန်ဆုံး အကြောင်းကြားပါမယ်"

ဟု စော်ဘွားများက ကတိပြုလိုက်ကြ၏။

နောက်တစ်နေ့ ဗိုလ်ချုပ်လည်း ရန်ကုန်သို့ပြန်၊ ညောင်ရွှေစော်ဘွားကြီးလည်း ထိုကိစ္စအတွက် ရှမ်းပြည်မြောက်ပိုင်းသို့ ထွက်သွားလေ၏။ စော်ဘွားကြီးသွားရာ လမ်းခရီး ပန်ကေတုဗိုလ်တဲတွင်ရှိနေသော (ခာရ်နုတ်သားပမာ) စတီဗင်ဆင်သည် စပါးကြီးညို့အသွင်ဖြင့် စော်ဘွားကြီးအား ညို့၍ထားလိုက်၏။ နောက်များမကြာမီပင် သီပေါမြို့၌ စော်ဘွားများ အစည်းအဝေးတစ်ရပ် ကျင်းပပြီးလျှင်-

"ဗိုလ်ချုပ်ဟာ ရှမ်းစော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်ကြောင်း တောင်တန်းနယ်များကိစ္စဆွေးနွေးရန် စော်ဘွားများအား သီးခြားဖိတ်ခေါ်ပါ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဘိလပ်နန်းရင်းဝန်ကြီးထံသို့ ကြေးနန်းရိုက်ကြားကြ၏။

ထိုအခါတွင် နန်းရင်းဝန်ကြီးက–

"ဘယ့်နှယ်လဲ ဦးအောင်ဆန်း၊ စော်ဘွားများက ရိုက်ကြားလိုက်တဲ့ကြေးနန်းကို ကြည့်ပါဦး"

ဟု ဆိုပြီး ဗိုလ်ချုပ်အား ပြလေ၏။

ဗိုလ်ချုပ်ကား စိတ်ပျက်သည့် အမူအရာမရှိ။ သူ့နဂိုမူနှင့်ပင်–

"သူတို့ ကိုယ်စားလှယ်များ မဟုတ်ဘူးဆိုတာ ဟုတ်တာပဲ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်ကောင်းဖို့အတွက် ပြောတာပဲ"

ဟု ပြန်ပြောလိုက်၏။

နောက်တစ်နေ့တွင် တောင်ကြီးမြို့ လူထုအစည်းအဝေးကြီးက ရိုက်ကြားလိုက်သောကြေးနန်း ဗိုလ်ချုပ်ထံသို့ ရောက်လေရာ နန်းရင်းဝန်ကြီးအား ဗိုလ်ချုပ်က ထိုကြေးနန်းကို ပြပြန်၏။

နန်းရင်းဝန်ကြီးက–

"ဒီလိုဆိုရင် ယခုလာမည့် ဖေဖော်ဝါရီလအတွင်းမှာ ပင်လုံမြို့တွင် စော်ဘွားများ စီမံထားတဲ့ အစည်းအဝေးမှာ ဦးအောင်ဆန်းတို့ပါ မျက်နှာစုံညီ အစည်းအဝေးကျင်းပပြီး ဆုံးဖြတ်ကြပေတော့"

ဟု ပြောသည်ကို ဗိုလ်ချုပ် သဘောတူသဖြင့် ရာဇဝင်ပြောင်းလဲသော ပင်လုံညီလာခံပွဲကြီး ဖြစ်ပေါ်လာခဲ့ရပေသတည်း။

(ဦးဖေခင်၊ ဗိုလ်မှူးအောင်နှင့် ဗိုလ်ထွန်းလင်းတို့ သွားရောက်လှုံ့ဆော် စီမံချက်အရ တောင်ကြီးမြို့ လူထုအစည်းအဝေးပွဲကြီးက ရိုက်ကြားလိုက်သော ကြေးနန်းသည် ဘိလပ်၌ ဗိုလ်ချုပ်အရေးဆိုရာတွင် တောင်တန်းနယ်ကိစ္စအတွက် အထူး အရေးပါအရာရောက်ခဲ့၏။ ထိုကြေးနန်းသာ မရောက်ပါလျှင် အခြေအနေတစ်မျိုး ဖြစ်သွားဖွယ်ရာရှိသည်ဟု ကျွန်ုပ်အား ဗိုလ်ချုပ်ပြောဖူး၏။)

## လက်တစ်လုံးကြား လှည့်၍ထား

ဗိုလ်ချုပ် ဘိလပ်မှာရှိနေခိုက်တွင် တောင်တန်းနယ်များ၌ နယ်ချဲ့သမားတို့ အလိုတော်ကျ မလိုမ့်တစ်ပတ် လှည့်ပတ်ခြေထိုးပုံများ တွေ့ရသေး၏။

"ရှမ်းပြည်နယ်ကို ဗမာပြည်ထဲ ပေါင်းပေးပါဆိုပြီး မြန်မာတွေက ဘိလပ်မှာ တောင်းပန်နေကြပြီ။ ဂျပန်ခေတ်တုန်းက ခင်ဗျားတို့ ဘယ်လိုနစ်နာခဲ့တယ်ဆိုတာကို သတိရကြပါ"

ဟူသော စကားလုံးဖြင့် စော်ဘွားများ အယောင်ယောင်အမှားမှားဖြစ်အောင် ကြိုးစားကြ၏။ သိန်းနီမြို့တွင် ကျင်းပသည့် စော်ဘွားများအစည်းအဝေးတွင် ရှမ်းပြည်နှင့် ဗမာပြည် မပေါင်းလိုကြောင်း ဆုံးဖြတ်ချက်တစ်ရပ် ဖြစ်ပေါ်လာရန် ကြံရွယ် ကြိုးစားလျက် ရှိ၏။

တောင်ကြီးမြို့သို့ရောက်ရှိနေကြသော ဦးဖေခင်၊ ဗိုလ်မှူးအောင်၊ ဗိုလ်ထွန်းလင်းနှင့် ရှမ်းလူထုခေါင်းဆောင် ဦးတင်ဇတို့သည် ထိုသတင်းကိုကြားသဖြင့် သိန်းနီသို့ သုတ်ခြေတင်ကြရာ အချိန်မီ ဆိုက်ရောက်သွားကြ၏။ စော်ဘွားကြီးများနှင့် တွေ့ဆုံ ဆွေးနွေးပြီး လူထုတရားပွဲကြီးကျင်းပဟောပြောကြရ၏။ ရှမ်းပြည်ကို ဗမာပြည်နှင့် ပေါင်းပေးရန် ဗမာများက ဘိလပ်မှာ တောင်းနေကြပြီဆိုတာဟာ မမှန်ကြောင်း၊ ဗမာပြည်ကို လွတ်လပ်ရေးပေးလျှင် ရှမ်းပြည်ကိုပါ တစ်ပါတည်းပေးရန်ကိုသာ တောင်းကြောင်း၊ ရှမ်းပြည်နှင့် ဗမာပြည် ပူးပေါင်းသင့်၊ မပူးပေါင်းသင့်ကိစ္စမှာ နှစ်ပြည်ထောင်ခေါင်းဆောင်များ အချင်းချင်း ဆွေးနွေးဆုံးဖြတ်ကြရမည်ဖြစ်ကြောင်း၊ ဗမာပြည်လွတ်လပ်မှာ သေချာနေပြီ။ ဗမာပြည်လွတ်လပ်ပြီးလျှင် ရှမ်းပြည် မလွတ်လပ်ဘဲ ကျန်နေမည်ကို ဗမာများက မကြည့်နိုင်သည့်အတွက် ယခုလို ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ဗမာပြည်ကို အင်္ဂလိပ်တို့ သိမ်းပိုက်စဉ်အခါက ရှမ်းပြည်ကိုပါ တစ်ပါတည်းသိမ်းပိုက်ခဲ့၍ ယခု ဗမာပြည်ကို လက်လွှတ်သောအခါမှာလည်း ရှမ်းပြည်ကိုပါ လက်လွှတ်ဖို့ဖြစ်ကြောင်း၊ အကယ်၍ ရှမ်းပြည်က အင်္ဂလိပ်ကျွန်အဖြစ် ဆက်ခံလိုကြသေးတယ်ဆိုရင်လည်း ခင်ဗျားသို့သဘောအတိုင်းဖြစ်ကြောင်းများကို အကျယ်တဝင့် ဟောပြောပြီးနောက် ဗမာပြည်နှင့် ရှမ်းပြည်လွတ်လပ်ရေးနှင့် ပတ်သက်လို့ စော်ဘွားများ၏သဘောကို မပြောလိုသော်လည်း လူထုကတော့ ဆုံးဖြတ်ပြီးပြီဟုဆိုပြီးလျှင် တောင်ကြီးလူထုအစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်ကို ဖတ်ပြကြ၏။

၎င်းနောက် စော်ဘွားများနှင့် သီးခြား ဆွေးနွေးကြသောအခါ၌ ဗမာပြည်ကို လွတ်လပ်ရေးပေးပြီးလျှင် ရှမ်းပြည်နယ်ကို အနှစ်(၃၀)မျှ ဗြိတိသျှတို့လက်အောက်တွင်ထားရှိရန် မည်သို့ ကြံစည်ထားကြောင်းများကို အတွင်းစာ သက်သေခံပစ္စည်း ခိုင်ခိုင်လုံလုံနှင့် စော်ဘွားများအား ရှင်းပြကြသောအခါ ဒီလိုဆိုလျှင် မဖြစ်ဘူး။ ဗမာပြည်နှင့် ပေါင်းမှဖြစ်မည်ဟု စော်ဘွားများ နားလည်ကြပြီးလျှင် ဗိုလ်ချုပ်အောင်ဆန်းကို




www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်ကြောင်း၊ ဖဆပလကို အားထားကြောင်း ဆုံးဖြတ်ကြ၏။
(ဤကား ဖဆပလမိတ်ဆက်အဖွဲ့၏ ကြိုးပမ်းချက် အောင်မြင်မှုပင်တည်း။)

## ရှမ်းပြည်လူထု စည်းရုံးမှု

ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို မွေးထုတ်ဖန်တီးပေးကြသော ရှမ်းပြည်သူရဲကောင်း ငါးဦးကား ဦးဖေခင်၊ ဦးတင်ဧ၊ ဦးထွန်းမြင့်ဦး၊ ဦးဘဇံနှင့် ဦးခွန်စောတို့ပင်တည်း။ ပထမ ပင်လုံညီလာခံသဘင်ကြီးပြီးသည့် နောက်တစ်နေ့သောအခါတွင် တောင်ကြီးမြို့ ဦးဖေခင်နေအိမ်၌ အဆိုပါ ငါးဦးသားတို့သည် ရှမ်းပြည်နယ်လွတ်လပ်ရေးအတွက် လူထုအစည်းအရုံး တည်ထောင်ရေးကိစ္စ ဆွေးနွေးတိုင်ပင်ကြပြီးလျှင် ရှမ်းပြည်နယ် လွတ်လပ်ရေးအသင်း တည်ထောင်ရန် ဆုံးဖြတ်ကြလေသတည်း။

သို့ရာတွင် အချိန်အားလျော်စွာ နယ်ရှင်စော်ဘွားကြီးများ၏ အကြံဉာဏ် အကူအညီရမှ ကောင်းမည်။ ယူဆကြပြီးလျှင် ညောင်ရွှေစော်ဘွားကြီး၊ သထုံစော်ဘွားကြီး၊ မိုင်းပွန်စော်ဘွားကြီးများထံ၌ လူထုအစည်းအရုံးများ တည်ထောင်လိုကြောင်း အကြံဉာဏ်များ တောင်းကြသောအခါ စော်ဘွားကြီးများကလည်း ချုပ်ချယ်တားမြစ်ခြင်း မရှိ။ လူထု၏သဘောအရ ပြုလုပ်နိုင်ကြောင်း ခွင့်ပြုလိုက်ကြသဖြင့် နိုင်ငံရေးခေါင်းဆောင်များ ကြီးမှူးကာ တောင်ကြီးမြို့၌ ရှမ်းပြည်လူထုအစည်းအဝေး ကျင်းပပြီးလျှင် ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ကို တည်ထောင်ဖွဲ့စည်းလိုက်ကြ၏။ ထိုအချိန်အတွင်းမှာ နယ်ရှင်စော်ဘွားတို့အား နိုင်ငံရေးသမားတို့အား ဖမ်းဆီးနိုင်ခွင့်အာဏာများကို အင်္ဂလိပ်အစိုးရက ပေးကမ်း ချီးမြှင့်ကြသေး၏။ သို့ရာတွင် စော်ဘွားများက ခေတ်ကြီးပြောင်းလဲလျက်ရှိနေသည်ကို အကဲခတ်မိပြီးဖြစ်ကြသောကြောင့် နိုင်ငံရေးသမားတို့၏ ဆောင်ရွက် ဟောပြောမှုများကို လျစ်လျူရှုခဲ့ကြ၏။

ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့သည် ဖဆပလအဖွဲ့ချုပ်ကြီး၏ အကူအညီနှင့် ဆောင်ရွက်ရသဖြင့် တစ်ဆင့်ထက်တစ်ဆင့် တိုးတက်လျက်ရှိနေစဉ် ဖဆပလမှ ကွန်မြူနစ်များကို ထုတ်ပစ်သည့်အချိန်တွင် ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့တွင် သဘောကွဲလွဲချက်များ ပေါ်ပေါက်ရှုပ်ထွေး စိတ်မအေးဖွယ်များ ဖြစ်ပေါ်လာသေး၏။ သို့ရာတွင် ၁၉၄၆ ခု၊ ဒီဇင်ဘာလအတွင်း တောင်ကြီးမြို့သို့ ဗိုလ်ချုပ်ရောက်သွားသောအခါ ထိုစိတ်မအေး





မှုတို့ ကင်းစင်လွင့်ပျောက်လျက် လူထုအင်အားလည်း တစ်ရှိန်တိုးတက်ကောင်းမွန်လာ၏။ ဗိုလ်ချုပ် ဘိလပ်တွင်ရှိစဉ် အရေးကြီးသော ကြေးနန်းကို ရိုက်ကြားနိုင်ခဲ့၏။ ၁၉၄၇ ခု၊ ဖေဖော်ဝါရီလအတွင်းက ကျင်းပသော ဒုတိယ ပင်လုံညီလာခံသဘင်ကြီး၌ ဗိုလ်ချုပ်၏ အလိုဆန္ဒပြည့်ဝအောင် ရွက်ဆောင် ကြိုးပမ်းနိုင်ခဲ့ကြ၏။ ဗမာပြည်မနှင့် တောင်တန်းနယ်များ ပူးပေါင်းရေးစာချုပ်ကို လက်မှတ်ရေးထိုးကြရာ၌ ဗိုလ်ချုပ်၏ အလိုသဘောကျ လူထုကိုယ်စားလှယ်များ ပါဝင်လက်မှတ် ထိုးကြရ၏။ လက်မှတ်ရေးထိုးရာ၌ ပါဝင်ကြသော လူထုကိုယ်စားလှယ်များမှာ-

၁။ ဦးခွန်ပန်း ... မြောက်ပိုင်းသိန္နီ
၂။ ဦးတင်ဧ ... တောင်ကြီး
၃။ ဦးကြာပု ... သီပေါ
၄။ စောယုတ်ဖ ... သီပေါ
၅။ ဦးခွန်ထီး ... ပင်လုံ
၆။ ဦးထွန်းမြင့် ... မောက်မယ်
၇။ ဦးခွန်စော ... ပင်းတယ

ပင်လုံညီလာခံသဘင်ကြီးပြီးသောအခါ ရှမ်းပြည်လွတ်လပ်ရေးအသင်းထက် ပြည်သူ့လူထု၏လွတ်လပ်ရေးက ပို၍ အရေးကြီးသည်ဟု ယူဆကြပြီးလျှင် 'ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ချုပ်' အမည်ကို 'ရှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်' ဟူသော အမည်သို့ ပြောင်းလဲလိုက်ကြ၏။

## ပဒေသရာဇ်ကောင်စီ အလိုမရှိ

ဗိုလ်ချုပ်၏ ဩဝါဒနည်းလမ်းအရ ကြိုးပမ်းကြသည့်အလျောက် ရှမ်းပြည်နယ် လူထုအင်အားသည် သိသိသာသာကြီး ကြီးမားလာရာ လူထုခေါင်းဆောင်များနှင့် နယ်ရှင်စော်ဘွားများ တစ်ဖက်နှင့်တစ်ဖက် သဘောချင်း သက်ဝင်နားလည်ကြပြီးလျှင် စော်ဘွားများနှင့် လူထုကိုယ်စားလှယ် တစ်ဝက်စီ ပါဝင်သော လွှတ်တော်တစ်ခု ဖွဲ့စည်းရသည့်အခြေသို့ ဆိုက်ရောက်လာရ၏။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ရှမ်းပြည်နယ်တွင် ပဒေသရာဇ်ကောင်စီက ကြီးကိုင် အုပ်ချုပ်၏။ ၎င်းအထက်ကမှ အင်္ဂလိပ်က ကြိုးကိုင်ထား၏။ ၁၉၄၇ ခု၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် တောင်ကြီးမြို့၌ ပဒေသရာဇ်ကောင်စီ အစည်းအဝေးကျင်းပရန် ဘုရင်ခံ၏ သဘော


www.burmeseclassic.com

www.burmeseclassic.com

တူညီချက်အရ တောင်တန်းဆိုင်ရာမင်းကြီးက ချိန်းဆိုလိုက်၏။

ပင်လုံညီလာခံသို့ရောက်ရှိနေကြသော စော်ဘွားများသည် ထိုဖိတ်စာနှင့် ပတ်သက်၍ ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် အစည်းအဝေးကျင်းပကြပြီးလျှင် 'ပဒေသရာဇ်ကောင်စီကို အလိုမရှိတော့ကြောင်း၊ ထို (၁၅) ရက်နေ့ အစည်းအဝေးသည် စော်ဘွားနှင့် ပြည်သူ့ကိုယ်စားလှယ် တစ်ဝက်စီ ပါဝင်သော အစည်းအဝေးမျိုး ဖြစ်စေလိုကြောင်း' နှင့် ဘုရင်ခံသို့ ကြေးနန်းရိုက်ကြားလိုက်ကြ၏။ ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် ပင်လုံမြို့ လူထု (၃၀၀၀) ကျော် ပါဝင်သော အစည်းအဝေးက စော်ဘွားများ ရိုက်ကြားလိုက်သည့်ကြေးနန်းကို ထောက်ခံကြောင်း ဆုံးဖြတ်ကြပြီးလျှင် ဘုရင်ခံထံသို့ ကြေးနန်းရိုက်ကြားကြပြန်၏။ ဘုရင်ခံလည်း စော်ဘွားများနှင့် လူထု၏သဘောအတိုင်း လိုက်လျောလိုက်ရ၏။

ဒုတိယအကြိမ် ပင်လုံညီလာခံပြီးချိန်မှစ၍ ရှေးအခါက လက်ညှိုးထောင် ခေါင်းညိတ်ကောင်စီဟု နာမည်ကြီးခဲ့သော ပဒေသရာဇ်ကောင်စီကို ဖျက်သိမ်းခွင့်ရပြီးနောက် 'ရှမ်းပြည်ထောင်စုလွှတ်တော်' ကို ဖွဲ့စည်းကြရာ နယ်ရှင် (၃၃) ဦးနှင့် ပြည်သူ့ကိုယ်စားလှယ် (၃၃) ဦးတွင် ရှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ (၁၇) ဦး ပါဝင်ကြရသည်။ ရှမ်းပြည်နယ်၏ အနာဂတ်ကံကြမ္မာကို ဖန်တီးမည့် ဗမာပြည် တိုင်းပြုပြည်ပြုလွှတ်တော်သို့ တက်ရောက်ကြရသော ရှမ်းပြည်မှ အမတ်(၂၂)ဦးအနက် လူထုကိုယ်စားလှယ် (၁၁) ဦးပါဝင်ရာ ၎င်း (၁၁)ဦးအနက် ရှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ ငါးဦး ပါဝင်ကြရသည်။

## ပေါင်းမည်ပေါင်းမည် ဆုံးဖြတ်ပြီ

အောင်ဆန်း-အက်တလီစာချုပ် ထွက်ပေါ်လာသည်ကို အကြောင်းပြု၍ လည်းကောင်း၊ ဗိုလ်ချုပ်၏ ဖြူစင်မွန်မြတ်သော စေတနာနှင့် လမ်းညွှန်ချက်ကို ယုံကြည်မှု တိုးတက်လာ၍ လည်းကောင်း ပင်လုံမြို့သို့ ဗိုလ်ချုပ်မရောက်မီ ဖေဖော်ဝါရီလ (၇) ရက်နေ့မှာပင် ရှမ်းစော်ဘွားများ ကချင်နှင့်ချင်းကိုယ်စားလှယ်တော်များ အစည်းအဝေးကျင်းပကြပြီးလျှင်-

(၁) ဗမာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကချင်၊ ချင်းအမျိုးသားတို့၏ လွတ်လပ်ရေးသည် ပိုမို လျင်မြန်စွာ ရရှိလိမ့်မည်ဟု ယုံကြည်ကြောင်း။

(၂) ဒီမိုကရေစီနည်းစနစ်အရ ဗမာလူမျိုးတို့ ရရှိခံစားနေရသည့် အခွင့်အတန်းအခွင့်အရေးနှင့် အကျိုးစီးပွားများကဲ့သို့ ရှမ်း၊ ကချင်၊ ချင်းတို့လည်း ရရှိခံစားရန်လိုလားကြောင်း။

(၃) ရှမ်း၊ ကချင်၊ ချင်း အမှုဆောင် ဝန်ကြီးများသည် မိမိတို့နှင့် သက်ဆိုင်ရာ ပြည်တွင်းရေးကိစ္စအဝဝတို့တွင် မိမိတို့သာလျှင် တာဝန်ခံ၍ အများနှင့် သက်ဆိုင်ရာကိစ္စများ (ကာကွယ်ရေး နိုင်ငံခြား ဆက်သွယ်ရေး မီးရထားဆိပ်ကမ်းခွန်) မှ စသည်တို့ကို ဗမာများနှင့် ပူးပေါင်း တာဝန်ခံလိုကြောင်း။

၎င်းဆုံးဖြတ်ချက်များကို အစည်းအဝေးဥက္ကဋ္ဌ တောင်ပိုင်းစော်ဘွားကြီး စောခွန်ပန်းဆိုင်က ရန်ကုန် ရေဒီယိုအသံလွှင့်ရုံသို့ ကြေးနန်းပေးပို့အသံလွှင့်စေခဲ့၏။ ဖေဖော်ဝါရီလ (၈) ရက်နေ့နံနက် မင်္ဂလာဒုံလေယာဉ်ကွင်းတွင် ပင်လုံသို့လာမည့်ဆဲဆဲမှာ ဒိုမီနီယန် အတွင်းဝန်ကလေး မစ္စတာဘိုတွန်မလီက -

"မနေ့ညက ရေဒီယိုအသံလွှင့်တဲ့အတိုင်းဆိုရင်တော့ ကိစ္စပြီးနှင့်နေပြီဖြစ်လို့ ကျုပ်တို့ သွားဖို့တောင် မလိုပါဘူး"

ဟု ဗိုလ်ချုပ်အား ရယ်မောကာ ပြောပြသေး၏။

(၈) ရက်နေ့ညပိုင်းတွင် ပင်လုံသို့ ရောက်လာကြ၏။

## ဘဏ္ဍာရေးအတွက် မေးမြန်းချက်

၁၉၄၇၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် ကျင်းပသော ပင်လုံညီလာခံကြီးတွင် ဘဏ္ဍာရေးအခြေအနေ အကြောင်းအရာများကို အနည်းငယ်ရှင်းပြရန် ညောင်ရွှေစော်ဘွားက တောင်းပန်သဖြင့် ဘဏ္ဍာရေးဝန်ကြီး ဦးတင်ထွဋ်က ဤသို့ ရှင်းပြခဲ့၏။

"ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ဗမာပြည် ဘဏ္ဍာရေးမှာ ရတာထက်ပင် ပိုနေပါသေးတယ်။ ယခုတော့ ဗမာပြည်အတွက်ရော တောင်တန်းနယ်များအတွက်ပါ မပိုတဲ့အပြင် ချေးသုံးနေရပါတယ်။ မနှစ်က ဘိလပ်အစိုးရက ငွေ(၁၀)ကုဋေခွဲကို အတိုးမယူဘဲ ချေးထားပါတယ်။ ယခုနှစ်ဗမာပြည်အခွန်တော်ငွေမှာ ကုဋေ(၂၀)လောက် ရစရာရှိသော်လည်း ကုန်ကျစရာက ကုဋေ (၄၀) လောက် ရှိနေတယ်။

ဗမာပြည်မှာ စစ်ဘေးဒဏ်ကြောင့် လမ်းတွေ၊ အဆောက်အအုံတွေ၊ မီးရထားတွေ၊ ကျောင်းတွေ စသဖြင့် အဆောက်အအုံတွေကို ပြန်လည်ဆောက်ဖို့ ငွေထပ်ပြီးအလိုရှိကြောင်း ဘိလပ်အစိုးရကိုပြောတဲ့အခါ ငွေ




www.burmeseclassic.com

www.burmeseclassic.com

(၁၀)ကုဋေတော့ပေးမည်။ သည့်ထက် ပိုမပေးနိုင်ဘူးလို့ ပြောပါတယ်။ ဗိုလ်ချုပ်တို့ ဘိလပ်သွားတဲ့အခါမှာ ငွေထပ်ပေးနိုင်ရန်အကြောင်း ပြောပါသေးတယ်။ သည်တော့ ငွေ (၁၅) ကုဋေအထိပဲ ချေးနိုင်တော့မည်။ နောက်ထပ်လိုလျှင် အခြားနိုင်ငံများမှလည်း ချေးနိုင်ပါတယ်လို့ ဘိလပ်အစိုးရက ပြောပါတယ်။

အဲဒီလို ငွေ (၁၅) ကုဋေထပ်ချေးဖို့ သေချာပြီးနောက် ကျွန်တော်တို့က ဘိလပ်အစိုးရကို ပြောတဲ့အကြောင်းတစ်ခုမှာ ခင်ဗျားတို့က ငွေချေးတာတော့ ဟုတ်ပါရဲ့။ ဒါပေမယ့် အမှန်ပြောရမယ်ဆိုရင် ကျုပ်တို့ ဗမာနိုင်ငံဟာ အင်္ဂလိပ်ပိုင်နိုင်ငံဖြစ်လေတော့ ဂျပန်နဲ့ အင်္ဂလိပ် စစ်ဖြစ်တဲ့ အခါမှာ ဗမာနိုင်ငံဟာ ဂျပန်ကြောင့်လည်း အကြီးအကျယ် အပျက်အစီးခံရတာပဲ။ မဟာမိတ်တပ်များကြောင့်လည်း အကြီးအကျယ် အပျက်အစီးခံရတာပဲ။ ဒါတင်မကသေးဘူး။ ဂျပန်ငွေစက္ကူဟာ တရားဝင်တဲ့ ငွေစက္ကူများ မဟုတ်ဘူးလို့ အင်္ဂလိပ်အစိုးရက ကြေညာလိုက်တဲ့အတွက် ဗမာလူမျိုးတွေ ဖြုန်းခနဲ မွဲကုန်ကြရပါတယ်။ ဒါ့ကြောင့် ခင်ဗျားတို့က ချေးတဲ့ ငွေများကို ထောက်ပံ့ကြေးလောက်သာ သဘောထားသင့်ကြောင်း ပြောပါတယ်။ ထိုအခါ ဘိလပ်အစိုးရက ကျုပ်တို့ချေးတဲ့ငွေများအနက် အချို့တစ်ဝက်ကို အလကားပေးပါ့မယ်ဟု ကတိပြုလိုက်ပါတယ်။

ယခု ကျွန်တော်တို့ ချေးတဲ့ငွေများကို ဗမာပြည်အတွက်ရော တောင်တန်းနယ်များအတွက်ပါ သုံးရပါမယ်။ တောင်တန်းနယ်များကို တတ်နိုင်သမျှ ကူညီဆောင်ရွက်ရန် ထားရှိပြီးဖြစ်သော ဗမာပြည်အစိုးရ၏ ဝါဒကိုလည်း ယခု ထပ်မံ ကတိပေးပါတယ်"

(ဝန်ကြီးဦးတင်ထွဋ်၏ ဖြေကြားရှင်းလင်းချက်များကို တောင်တန်းကိုယ်စားလှယ်တော်များ အထူး အားရဝမ်းမြောက် ကျေနပ်ကြသည်။)

## တောင်ပိုင်စော်ဘွား ပြောစကား

ဖေဖော်ဝါရီလ (၁၁) ရက်နေ့ ညနေပိုင်းတွင် ဗမာပြည်နှင့် တောင်တန်းနယ်များ ပူးပေါင်းရေး အခြေခံ သဘောတူချက်ရရှိသည့်အတွက် ညဘက်တွင် ကျင်းပသော (စတိတ်ဒင်နာ) ညစာ ထမင်းစားပွဲကြီးကား အောင်သေအောင်သားစားသော ထမင်းစားပွဲကြီးပင်တည်း။ ဗိုလ်ချုပ်အောင်ဆန်း အမှူးရှိသော ဝန်ကြီးများနှင့် ကိုယ်စားလှယ်တော်များ၊ ဒိုမီနီယန်အတွင်းဝန်ကလေး မစ္စတာဘိုတွန်မလီ အမှူးရှိသော အင်္ဂလိပ်အရာရှိကြီးများ၊ အမေရိကန်ကောင်စစ်ဝန်နှင့် ကောင်းစစ်ဝန်ကတော်၊ ကချင်နှင့် ချင်းကိုယ်စားလှယ်တော်များ၊ နယ်ရှင်စော်ဘွားများ၊ ကျမိုင်းများနှင့် ရှမ်းလူထုကိုယ်စားလှယ်တော်များအပြင် စစ်ဘက်ဆိုင်ရာအရာရှိများနှင့် ဂုဏ်သရေရှိ အမျိုးသမီးများ တက်ရောက်ကြ၏။ ထိုထမင်းစားပွဲကြီး၌ တောင်ပိုင်စော်ဘွားကြီး၏ ရှင်းလင်းပြတ်သားသော မိန့်ခွန်းစကားကား ဤသို့တည်း။

"ယနေ့ညဟာ နေ့ကောင်းရက်ကောင်းဖြစ်တဲ့ညပါပဲ။ ယခု ဒုတိယအကြိမ်မြောက် ပင်လုံအစည်းအဝေးကြီးမှာ ရာဇဝင်တွင် မကြုံဘူးသော အစည်းအဝေးကြီး ဖြစ်ပါတယ်။ ရှေးအခါက ရှမ်း၊ ဗမာ၊ ကချင်၊ ကရင်၊ ချင်းအမျိုးသားတို့ အချင်းချင်း အထင်မှား သဘောကွဲလွဲချက်များရှိခဲ့သော်လည်း ယခုတော့ ဒီသဘောကွဲလွဲချက်များ မရှိတော့ပါဘူး။ ဗမာနှင့် ရှမ်း စသော တောင်တန်းနယ်သားများအားလုံးတို့ ကောင်းရာကောင်းကြောင်းအချိန်သို့ ဆိုက်ရောက်လာပါပြီ။ ဒီအစည်းအဝေးကြီးမှာ ကျွန်တော်တို့ အချင်းချင်းတွေ သွေးကွဲအောင် ခြေထိုးသူတွေရှိကြောင်းကို သိပါတယ်။ သူတို့ရှိပေမယ့် ကျွန်တော်တို့ 'မအ' ပါဘူး။ ကျွန်တော်တို့လိုသားတဲ့ လွတ်လပ်ရေးပန်းတိုင်ကို အသက်နဲ့လဲပြီး ဆွတ်ခူးမယ်ဆိုတာ ယုံကြည်ပါ။ ချုပ်ခြယ်တဲ့စနစ်ကြောင့်သာ ကျွန်တော်တို့ အောက်ကျနောက်ကျ ဖြစ်ခဲ့ရတာပါ။ ရှေ့အဖို့ လွတ်လပ်တဲ့အခါမှာ အခြား လွတ်လပ်တဲ့ နိုင်ငံကြီးများနဲ့တန်းတူ အောက်မကျအောင် ဆောင်ရွက်နိုင်ပါတယ်။ ယခုနယ်ရှင် စော်ဘွားများဟာ အရင်ကလို မဟုတ်တော့ပါဘူး။ တိုင်းပြည်ကိုယ်စားလှယ်တော်များနှင့် တန်းတူ ပူးပေါင်းကာ ဆောင်ရွက်ကြပါတော့မယ်။

အထူးအားဖြင့် ဗိုလ်ချုပ်ဦးအောင်ဆန်း ကြွရောက်လာပြီး ညီညီညွတ်ညွတ်ဖြစ်အောင် ဆောင်ရွက်ပေးတာကိုလည်း အလွန်ပဲ ကျေးဇူးတင်ဝမ်းမြောက်ကြပါတယ်။ ရှေ့အဖို့မှာ ဗိုလ်ချုပ်ဦးအောင်ဆန်း၏ အလိုဆန္ဒအတိုင်း တသွေးတသားတည်း ညီညွတ်ကြမည်ကို ယုံကြည်စေလိုပါတယ်။ ဤသို့ သိုက်မြိုက်စုံလင်စွာ ကြွရောက်ချီးမြှင့်ကြသည်ကို ရှမ်းစော်ဘွားများ၏ကိုယ်စား ကျွန်တော်က အထူး ကျေးဇူးတင်ပါတယ်"

## ဗိုလ်ချုပ်မှတ်ဖွယ် မိန့်ခဲ့တယ်

ပင်လုံညီလာခံ ညစာထမင်းစားပွဲကြီး၌ မိန့်ခွန်းစကား ပြောကြားမည် တောင်းပန်သဖြင့် ဗိုလ်ချုပ်က ဤသို့ မှတ်ဖွယ်စကားများ မိန့်ကြားခဲ့



www.burmeseclassic.com

www.burmeseclassic.com

ဓါ။

"ယခု အစည်းအဝေးကြီးမှာ ရာထူးအားဖြင့် ကျွန်တော် အကြီးဆုံးဖြစ်သော်လည်း အသက်အားဖြင့် အငယ်ဆုံး ဖြစ်ပါတယ်။ ကျွန်တော် ဒီကိုရောက်လာတဲ့ကိစ္စ နားလည်တာတစ်ခုပဲ ရှိပါတယ်။ ဘာလဲဆိုရင် ဗမာပြည် လွတ်လပ်စေချင်တယ်။ ညီညွတ်စေချင်တယ်။ ကြီးပွားစေချင်တယ်။ ဒီဟာပါပဲ။ တိုင်းပြည်လွတ်လပ်အောင်၊ ညီညွတ်အောင်၊ ကြီးပွားအောင် ဘယ်လိုလုပ်ရမလဲဆိုတာကို လွန်ခဲ့တဲ့ (၁၀) နှစ်လောက်ကစပြီး ကြိုးစားလာခဲ့ပါတယ်။ နောက်လည်း ကြိုးစားပါဦးမယ်။ လုံးလုံး လွတ်လပ်တဲ့ကိစ္စ ပြီးပြတ်သည်အထိ ကြိုးစားပါမယ်။

တစ်ခု နားလည်ထားကြဖို့အချက်က ယခုခေတ် ကမ္ဘာကြီးအခြေအနေမှာ ဘယ်တိုင်းပြည်မဆို ကိုယ့်တိုင်းပြည်တစ်ပြည်တည်း အထီးထီး နေနိုင်တဲ့အခြေမျိုး မရနိုင်ကြဘူး။ တစ်ပြည်နဲ့တစ်ပြည် ပေါင်းစပ် အမှီသဟဲ ရှိမှ နေနိုင်ကြမယ်ဆိုတဲ့ အချက်ပါပဲ။

နောက်တစ်ချက်က လူမျိုးရေးအကြောင်းကို ပြောလိုပါတယ်။ လူမျိုးရေးဆိုတာမှာလည်း ရှေးခေတ်က ဟစ်အော်လာကြတဲ့ အမျိုး ဘာသာ၊ သာသနာ၊ ပညာ ဆိုတဲ့ စကားမျိုးကို လက်ကိုင် အသုံးပြုလို့ မလုံလောက်တော့ဘူး။ အမျိုးဆိုရာမှာ ဘယ်လိုအမျိုးကို တည်ရမလဲ။ ဗမာ၊ ကရင်၊ ကချင်၊ ချင်းနှင့် အခြားအမျိုးများလည်း ရှိသေးတယ်။ အခြားနိုင်ငံများကို ကြည့်လိုက်ရင် ဗမာပြည်မှာလို တိုင်းရင်းသားအများ ရှိတာကို တွေ့နိုင်ပါတယ်။ တရုတ်ပြည်၊ ဂျပန်ပြည်နှင့် ရုရှားပြည်တို့မှာ လည်း ဒီအတိုင်းပါပဲ။ အမေရိကန်မှာ အင်္ဂလိပ်စကားကို ပြောကြသော် လည်း အင်္ဂလိပ်၊ အီတလီ စတဲ့ လူအမျိုးမျိုးတို့ စုပေါင်းပြီး လူမျိုး တစ်မျိုးဖြစ်အောင် ထူထောင်လျက် သူတို့ကိုယ်ကို အမေရိကန်လို့ ဆိုကြ တာပဲ။ ဒါကြောင့် လူမျိုးရေးအားဖြင့်ကြည့်လျှင် အမျိုးတစ်မျိုးတည်းက လိပ်ခဲတည်းလည်း စွဲပြီးယူဆလို့ မဖြစ်နိုင်တော့ဘူး။ ဘာသာစကားထ တူသော်လည်း လူမျိုးခြားနားမှုမျိုးလည်း ရှိပါတယ်။ ဘာသာမတူသော် လည်း လူမျိုးသီးခြားဖြစ်နေတာလည်း ရှိပါတယ်။ ဥပမာ အမေရိကန်ကို ကြည့်လျှင် လူတစ်မျိုးဖြစ်သော်လည်း ဘာသာစကား တူပါတယ်။ ရုရှား ပြည်မှာဆိုရင် ဘာသာစကားအမျိုးပေါင်း များစွာကွဲပြားသော်လည်း လူမျိုး ကတော့ တစ်မျိုးတည်း ဖြစ်ပါတယ်။ သာသနာဆိုတာကတော့ ကိုယ်ကိုး ကွယ်ချင်တဲ့ ဘာသာသာသနာတော်ကို ကိုးကွယ်နိုင်ကြတာပဲ။ ဗမာပြည် မှာ လူများစုက ဗုဒ္ဓဘာသာဖြစ်ပေမယ့် ခရစ်ယာန်ဘာသာ ကိုးကွယ်သူ၊ မဟာမေဒင်ဘာသာ ကိုးကွယ်သူ၊ နတ်ကိုးကွယ်သူ အမျိုးမျိုးရှိတာပဲ။ သည်တော့ ဒါတွေကိုစွဲပြီး လူမျိုးရေးတရားလုပ်လို့ မဖြစ်နိုင်ဘူး။



စစ်ကြီးအတွင်းက ကျွန်တော် စစ်ဝန်ကြီးလုပ်တုန်းမှာ ကရင်အမျိုးသားတပ်ရင်းစွဲဖွဲ့တဲ့အခါမှာ ထမင်းစားပွဲတစ်ခုမှာ ကရင်စစ်သားတစ်ဦးက လူမျိုးအချင်းချင်း ညီညွတ်ဖို့ပြောတဲ့အခါမှာ 'ဗမာက ဖဲရိုက်၊ ကရင်က ငါးမျှား' ဆိုတာလို အတူတူပါပဲလို့ ပြောတာကို သတိရမိပါတယ်။ ကိုယ့်ဒေသအလိုက် ကိုယ်ယုံကြည်တာကို ကိုယ်ကိုးကွယ်နေထိုင်ကြပြီး တစ်တိုင်းပြည်လုံးနဲ့ သက်ဆိုင်တဲ့ ကိစ္စကြီးမျိုးမှာ ညီညီညွတ်ညွတ်လုပ်ကြရင် ဒါဟာ တစ်မျိုးတည်းလို့ ယူဆရမှာပဲ။ အချင်းချင်း သဘောကွဲလွဲမှုမျိုးဆိုတာကတော့ နည်းနည်းပါးပါးတော့ရှိမှာပဲ။ ဒါပေမယ့် သူတစ်ပါးနိုင်ငံက ကိုယ့်နိုင်ငံကို လာရောက် စော်ကားလို့ အသက်ကိုစွန့်ပြီး ခေါ်ရာတမ်း ကာကွယ်တိုက်ခိုက်ကြတာမျိုးကတော့ အားလုံးနဲ့ သက်ဆိုင်တဲ့ အလုပ်မျိုးဖြစ်တာပဲ။ တိုက်ခိုက်ကြတဲ့အခါမှာလည်း စစ်သေနာပတိဟာ ကရင်ဖြစ်ချင်လည်း ဖြစ်မယ်။ ချင်း၊ ကချင်ဖြစ်ချင်လည်း ဖြစ်မယ်။ ဘယ်သူပဲဖြစ်ဖြစ် တစ်မိန့်တည်း လိုက်နာကြရမှာပဲ။

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြားအကွဲကွဲအပြားပြားလုပ်နေကြရင်ဖြင့် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်မယ်။ ပထမတော့ ကျုပ်တို့ အဆင်းရဲခံရမယ်။ ယခုအခါ အင်္ဂလိန်ပြည်မှာ အစားအသောက်၊ အဝတ်အထည်များမှစလို့ အတော် ချွေတာပြီး ဆင်းရဲခံနေကြတယ်။ ဒါ ဘာလဲဆိုရင် တစ်ပြည်လုံးအတွက် အကျိုးရှိအောင်လုပ်နေကြတာ ဖြစ်တယ်။ ဒီထက်ပိုပြီး ခရီးရောက်အောင် ဆောင်ရွက်ချက်တစ်ခုထားဖို့ နားလည်စေချင်တာက အင်ဒိုချိုင်းနား၊ အင်ဒိုနီးရှားတို့ အရှေ့ဘက်နိုင်ငံများ စုပေါင်း ဆောင်ရွက်နိုင်တဲ့အား ဖြစ်တယ်။ ဒီအားမျိုးရှိရင်တော့ ကမ္ဘာ့ထိပ်တန်းအခြေဆိုက်ရောက်နိုင်မှာပဲ။

နောက်ဆုံး ကျုပ် ပြောချင်တာက အင်္ဂလိပ်နဲ့ ကျုပ်တို့ဟာ 'ကျွန်နှင့်သခင်' ဘဝမျိုးတွင် မတည့်နိုင်ကြပေမယ့် လွတ်လပ်တဲ့ ဘဝမျိုးဖြစ်ရင် မိတ်ဆွေအဖြစ် ချစ်ခင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ချင်း–ဗမာ လူထုမိန့်ခွန်းပြု

ဗိုလ်ချုပ်၏ အလိုအတိုင်း ၁၉၄၇ ခုနှစ်၊ မတ်လ (၄)၊ (၅)၊ (၆) ရက်နေ့များ၌ ကျင်းပခဲ့သော ထီးလင်းမြို့ ချင်း–ဗမာချစ်ကြည်ရေး အစည်းအဝေးကြီးမှာ ထူးခြားစွာ အောင်မြင်ထမြောက်ခဲ့၏။ ဗိုလ်ချုပ် ကိုယ်စား တက်ရောက်ကြရသော ကွယ်လွန်သူ ဝန်ကြီးဦးဘချိုနှင့် သခင်ဝတင်တို့၏ ဆောင်ရွက်ချက်များမှာလည်း အတော်ပင် အရေးပါ အရာရောက်ခဲ့၏။

ဗြိတိသျှနယ်ချဲ့စနစ် ခြေဖဝါးအောက်မှ ကျွတ်လွတ်ထွက်မြောက် ရန်အတွက် ချင်း–ဗမာ အမျိုးသားများ သွေးစည်းညီညွတ်ကာ ဆောင် ရွက်ကြမည်။ ဗြိတိသျှနယ်ချဲ့သမားတို့က မည်သို့ပင် သွေးခွဲစေကာမူ ချင်း–ဗမာအမျိုးသားတို့ စိတ်ဝမ်းမကွဲဘဲ ဆောင်ရွက်ကြမည်။ လွတ်လပ်ပြီးသော ဗမာပြည်ရိုပ်မြုကြီးတွင် တာဝန်ခွဲဝေလုပ်ကိုင်ကြရာ၌ လည်းကောင်း၊ အကျိုး ခံစားမှုများ၌ လည်းကောင်း ချင်း–ဗမာ ခွဲခြားခြင်းမရှိဘဲ ဆောင်ရွက်သွား ကြမည်ဟူသော အဓိကအချက်ကြီးများကို လေးနက်ယုံကြည်စွာ အဓိဋ္ဌာန် ပြုကြ၏။ ထိုသို့ အဓိဋ္ဌာန်ပြုခဲ့သည့်အတိုင်းလည်း ဗမာနိုင်ငံတော် ပြည် ထောင်စုထဲသို့ ပါဝင်ရာ၌ ချင်းတောင်တန်းနယ်ပယ်များကို သီးခြားမထား ဘဲ ဗမာပြည်မကြီးအတွင်း၌ ဒိစတြိတ်နယ်အနေမျိုးနှင့်နေရန် ဆုံးဖြတ် ပါ ဝင်ခဲ့ကြ၏။

## ဗိုလ်ချုပ်နည်းပေး ချစ်ကြည်ရေး

၁၉၄၆ ခု၊ နိုဝင်ဘာလအတွင်းက ဗိုလ်ချုပ် မြစ်ကြီးနားသို့ ရောက်သွားရာ၌ ကချင်ဖော့–ဗမာချစ်ကြည်ရေး ကောင်းစွာ ယမြောက် အောင်မြင်ခဲ့၏။ မြစ်ကြီးနား၊ ဗန်းမော်နှင့် ကသာနယ်များရှိ ပြည်သူ ရဲဘော်တပ်ဖွဲ့၊ ဖဆပလဝင်များနှင့်တကွ ဗမာအမျိုးသားတို့က ကချင်ဖော့ များအပေါ်၌ မည်ကဲ့သို့ သဘောထားရမည်၊ မည်ကဲ့သို့ ပေါင်းသင်း ဆက်ဆံကြရမည်ကို ဗိုလ်ချုပ် ဤသို့ ဟောပြောဆုံးမခဲ့၏။

"ရဲဘော်တို့၊ ကချင်ဖော့များနဲ့ အထူး ချစ်ခင် ရင်းနှီးအောင် ဆောင်ရွက်ကြရမယ်။ ကချင်ဖော့–ဗမာ ချစ်ကြည်ရေးဟာ ငါတို့၏ အရေး ကြီးသော လုပ်ငန်းတစ်ရပ်လို့ သဘောထားကြရမယ်။ တောင်တန်းဒေသ သူတို့ရဲ့ ဌာနရွာများကိုရောက်အောင် သွားကြရမယ်။ အတူနေအတူ စားဖြစ်အောင် ကြိုးစားကြရမယ်။ သူတို့မှာ အရေးအကြောင်း ကိစ္စများရှိ



လျှင် အမြန်ဆုံး ကူညီဆောင်ရွက်ပေးကြရမယ်။ မြစ်ကြီးနားမှာ ဆောင် ရွက်လို့ မပြီးတဲ့ကိစ္စများကို မန္တလေးဖြစ်စေ၊ ရန်ကုန်ဖြစ်စေ အမြန်ဆုံး တိုင်ကြား ဆောင်ရွက်ပေးကြရမယ်။ သူတို့ရဲ့ လိုလားချက်များကို ရန်ကုန် ဌာနချုပ်ကသိအောင် အမြန်ဆုံး ဆောင်ရွက်ပေးရမယ်။ ယခုအခါမှာ ဗမာပြည်တွင်းမှာရှိတဲ့ တိုင်းရင်းသားအားလုံး တစ်မျိုးတည်း တစ်တန်း တည်းဖြစ်အောင် လုပ်ပေးကြရမယ့်အခါကြီး ဖြစ်တယ်။

လူမျိုးရေးကိစ္စကိုကြည့်လိုက်လျှင် ဗမာပြည်တွင်းရှိ လူမျိုးတွေ ဟာ အစက တစ်အိမ်ထောင်တည်းမှ ပေါက်ပွားလာတာ ဖြစ်တယ်။ နေမြေခြားပြီး ဥတုရာသီအလိုက် စတင် ကွဲပြားပြီး တစ်စုစီတစ်စုစီ ဖြစ် လာကြတယ်။ နောက်တော့ လူမျိုးတစ်မျိုးရယ်လို့ ဖြစ်လာတာပဲ။ တစ်ဦး နဲ့တစ်ဦး၊ တစ်မျိုးနဲ့တစ်မျိုး မတူတဲ့အခြေမျိုး ရောက်လာတာပဲ။ ဒါကြောင့် သူတို့ရဲ့ ထုံးစံဓလေ့များကို သွားကဲ့ရဲ့လို့ မဖြစ်ဘူး။ မသင့်သော ထုံးစံ ဓလေ့များဖြစ်စေကာမူ သူတို့အချင်းချင်း အသိဉာဏ် ပွင့်လင်းပြီး ပြုပြင် တာမှ ဖြစ်မယ်။ 'ရောမရောက်လျှင် ရောမလိုကျင့်ရမယ်' ဆိုတဲ့ စကား ရှိတယ်။ ကချင်ဖော့နှင့် ချစ်ကြည်လိုလျှင် ကချင်ဖော့နှင့် အတူနေ အတူ စားနိုင်အောင် ကြိုးစားရမယ်။ အထင်မသေးရဘူး။ လေးစားရမယ်။ ခေါင်းတတ်ဖို့လည်းလိုတယ်။ သူတို့ဟာ လူနည်းစုတွေပဲ၊ အသိဉာဏ် နည်းသူတွေပဲဆိုပြီး လှည့်စားဖို့ မရည်ရွယ်ရဘူး။ မရည်ရွယ်ကြောင်းကို လည်း လက်တွေ့လုပ်ပြကြရမယ်။ သူတို့လူမျိုးအချင်းချင်း အုပ်ချုပ်လိုတာ ကို ခွင့်ပြုကြရမယ်။ ကိုယ့်အရေးထက် သူ့အရေးကို ပိုမိုဂရုစိုက်ပေးရမယ်။

ခရစ်ယာန် သာသနာပြုဆရာများ ဆောင်ရွက်ပုံ အတုယူစရာတွေ အများကြီး ရှိတယ်။ ပညာသင်ပေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ နားမလည် တာများကို နားလည်အောင် ပြသပေးခြင်းအားဖြင့် ယုံကြည်ချစ်ခင်မှုကို ရနိုင်တယ်။ ကချင်ဖော့ စတဲ့ လူနည်းစုများအပေါ်မှာ ဗမာများက ညီကလေး များလို သဘောထားကြရမယ်။ ညီကလေးများ မှားယွင်းတာရှိရင်လည်း သည်းခံကြရမယ်"

## ဗိုလ်ချုပ်မေတ္တာ ကချင်ဖော့မှာ

၁၉၄၆ ခု၊ ဒီဇင်ဘာလ (၁) ရက်နေ့ နံနက်ပိုင်းတွင် မြစ်ကြီး နားမြို့နှင့် (၅) မိုင်ဝေးသော (မန်ခင်ရွာ) စာသင်ကျောင်းအတွင်း ကချင်ဖော့ အမျိုးသားတို့၏ ဗိုလ်ချုပ်က ဤသို့ မိန့်ကြားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

"ဒူဝါကြီးများနှင့်တကွ ဂျိန်ဖော့အမျိုးသား၊ အမျိုးသမီး အပေါင်းတို့-

ကျွန်တော်သည် ဂျိန်ဖော့အမျိုးသားများအား မေတ္တာရှိ၍ သွေးသားရင်းချာကဲ့သို့ သဘောထားပါတယ်။ ကရင်အမျိုးသားခေါင်းဆောင်များကို မေးမြန်းစုံစမ်းကြည့်ပါက သိနိုင်ပါတယ်။ တိုင်းရင်းသားအချင်းချင်းတို့အပေါ်၌ ရင်းချာသော ညီအစ်ကိုကဲ့သို့ သဘောထားကြောင်းမှာ အပြောအားဖြင့်သာမဟုတ်။ အလုပ်သဘောအားဖြင့်လည်း ပြခဲ့ပါပြီ။ ဥပမာ ဂျိန်ဖော့စစ်တပ် သီးသန့်တည်ရှိလာရခြင်းမှာ ကျွန်တော်၏ ကြိုးစားလုံးပမ်းမှုကြောင့်ပင် ဖြစ်လာရကြောင်း သိစေလိုပါတယ်။ အရှေ့အာရှတောင်ပိုင်း မဟာမိတ်တို့၏ စစ်သေနာပတိချုပ် မောင့်ဘက်တန်နှင့် ကျွန်တော်တို့ စာချုပ်လာခဲ့ကြတဲ့အတွက် ဖြစ်လာရတာပဲ။ စာချုပ်တွင် သူ့တိုင်းရင်းသားစစ်တပ်နှင့် သူ့တိုင်းရင်းသား စစ်ဗိုလ်ထားရှိရမည်ဟု သဘောတူချက် ပါရှိပြီးဖြစ်ပါတယ်။ ယခု တိုင်းရင်းသား မဟုတ်သူများက တိုင်းရင်းသားစစ်တပ်များတွင် စစ်ဗိုလ်များရှိနေကြသေးသော်လည်း ရပ်သိမ်းအောင် ကြိုးစားလျက်ရှိနေပါတယ်။ စာချုပ်တွင် ရှိပြီးဖြစ်လို့ မဖြစ်နိုင်စရာအကြောင်းမရှိပါဘူး။ အရင်က တိုင်းရင်းသားများ အနှိမ်ခံကြရပါ။ စစ်ဗိုလ်အတတ် တတ်ကြသော်လည်း တန်းတူမပေးကြဘူး။ ဂျမဒါဆူပဒါလောက်သာ ပေးခဲ့ကြတယ်။ ယခု ဒီလိုမဟုတ်တော့ဘူး။ တန်းတူတော့မယ်။ အဆင့်အတန်းရနိုင်ကြတာဟာလည်း တိုင်းရင်းသားအားလုံးအပေါ်မှာ ကျွန်တော်ရဲ့ စေတနာထားပုံ သက်သေတစ်ရပ် ဖြစ်ပါတယ်။

ထို့ပြင် ကျွန်တော်တို့ အစိုးရအဖွဲ့၏ ပေါ်လစီကို ထုတ်ပြန်ကြေညာရာမှာလည်း တောင်တန်းနယ်များတွင် သူ့နယ်နှင့်သူ ဆိုင်ရာ တိုင်းရင်းသားများကိုယ်တိုင် အုပ်ချုပ်၍ ဗမာပြည်နှင့် စုပေါင်းညီညွှတ်စွာရှိရေး ရည်ရွယ်ချက်ရှိကြောင်းကိုလည်း ကြေညာပြီး ဖြစ်ပါတယ်။ ဒါဟာလည်း တိုင်းရင်းသားများအပေါ်၌ စေတနာထားပုံ သက်သေတစ်ရပ် ဖြစ်ပါတယ်။

ကျွန်တော်တို့ ဗမာပြည်အစိုးရဟာ တောင်တန်းနယ်ဆိုင်ရာ တိုင်းရင်းသားတို့၏ ကြီးပွားတိုးတက်ရေးကို အထူး လိုလားပါတယ်။ ယခုတော့ စိတ်တိုင်းကျ လွတ်လပ်ရေးမရသေးတဲ့အတွက် လုပ်ချင်သလောက် မလုပ်နိုင်သေးဘဲ ရှိနေရပါသေးတယ်။ ယခု တောင်တန်းနယ်များကို ဘုရင်ခံတစ်ဦးတည်းက တာဝန်ယူ ဆောင်ရွက်အုပ်ချုပ်နေပါတယ်။ ကျွန်တော်လိုလားချက်ကို ရှမ်းပြည် ဂျိန်ဖော့၊ ချင်းတောင်တန်းများကို ဘုရင်ခံက



တာဝန်မယူဘဲ ထိုတောင်တန်းနယ်များဆိုင်ရာ ရှမ်း၊ ဂျိန်ဖော့၊ ချင်း အမျိုးသားများအား တာဝန်ပေးကာ ဆောင်ရွက်စေရန်ပင် ဖြစ်ပါတယ်။ ဒီကိစ္စအတွက်လည်း အင်္ဂလိပ်အစိုးရထံမှာ တောင်းဆိုထားဆဲ ရှိပါတယ်။ ယခုလို ဆောင်ရွက်တာပင် ကျွန်တော်တို့က ဂျိန်ဖော့ စတဲ့ တိုင်းရင်းသားတို့အပေါ်မှာ စေတနာကောင်းထားကြောင်း၊ ချစ်ခင်ရင်းနှီးတဲ့ စိတ်ထားရှိကြောင်း သက်သေများပင် ဖြစ်ပါတယ်။

ကရင်အမျိုးသားများနှင့် ချစ်ခင်ရင်းနှီးတဲ့အတွက် ယခု အစိုးရအဖွဲ့ဝင် ဝန်ကြီးနှစ်နေရာကိုပင် ပေးထားသည်မှာ အထင်အရှား ဖြစ်ပါတယ်။ အခြား အရေးကြီးတဲ့ကိစ္စများကိုလည်း အကူအညီပေးလျက် ရှိပါသေးတယ်။ ကျွန်တော်တို့ အစိုးရအဖွဲ့အတွင်းသို့ မဝင်ရောက်မီကပင် ကရင်နီနယ်တွင် ဆန်နှင့်ဆား အထူးလိုနေစဉ်အခါက ကျွန်တော်တို့ ငွေနှင့်ဝယ်ပြီး ဆန်နှင့်ဆား အမြောက်အမြား ပို့ခဲ့ပါတယ်။

ဂျိန်ဖော့လူကြီးများအား အထူးပြောလိုတာက အရေးအကြောင်းရှိ၍ အလိုရှိသောကိစ္စများရှိပါက ကျွန်တော်တို့ အစိုးရက အစွမ်းကုန်ဆောင်ရွက်ပေးပါမယ်။ မဆောင်ရွက်နိုင်တဲ့ကိစ္စများကိုတော့ မတတ်နိုင်ပါ။ ဂျိန်ဖော့ခေါင်းဆောင်လူကြီးများ ရန်ကုန်သို့ လာရောက်နိုင်အောင် ကြိုးစားစေချင်ပါတယ်။ အခြေအနေ အကျိုးအကြောင်းကို ကောင်းကောင်းသိနိုင်ကြပါလိမ့်မယ်။ ဆောင်ရွက်ပေးစရာရှိလျှင် မြန်မြန်ဆောင်ရွက်ပေးနိုင်ပါတယ်။

ယခုတစ်ခေါက် မြစ်ကြီးနားရောက်ရတာမှာ မတင်းတိမ်ပါ။ အလုပ်တွေကလည်း များလှလို့ အချိန်ကြာကြာ မနေနိုင်ပါ။ ဇန်နဝါရီလလောက်မှာ 'မနောပွဲ' လုပ်ဖြစ်ရင် လာလိုပါသေးတယ်။ အချိန်ပိုယူပြီး အခြားနယ်များကိုပင် ရောက်အောင်သွားလိုပါသေးတယ်။

အထူးသတိပြုစေလိုတဲ့ အချက်တစ်ခုမှာ ယခုအခါ ကမ္ဘာပေါ်တွင် အရေးပါအရာရောက်နေတဲ့ နိုင်ငံကြီးများပင်လျှင် တစ်ဦးတည်းအပေါင်း အသင်းမရှိဘဲ မနေနိုင်။ မတည်တံ့နိုင်။ နီးစပ်ရာ နိုင်ငံများနှင့်ပူးပေါင်းရေးအတွက် ဆောင်ရွက်ကြိုးစားနေကြရတယ်။ ဗမာပြည်လည်းနီးစပ်ရာ ပူးပေါင်း ဆောင်ရွက်ရပါမယ်။ အားရှိအောင် ဖန်တီးရမယ်။ ဗမာတိုင်းရင်းသား အချင်းချင်းတို့ စည်းလုံးညီညွှတ်ရန်လည်း အထူးအရေးကြီးပါတယ်။ ဂျိန်ဖော့က တခြား၊ ချင်းက တစ်ဖုံ၊ ရှမ်းကတစ်မျိုးဆိုသလို အကွဲကွဲအပြားပြားဖြစ်နေလျှင် ဘယ်သူမှ အားကိုးရာ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ယခုလိုဖြစ်ခဲ့လျှင် ဂျိန်ဖော့တို့အတွက် ပို၍ အရေးကြီးတာကိုလည်း သတိပြုကြစေလိုပါတယ်။ ဒါကြောင့် တသီးတခြားနေလျှင် ဘေးအန္တရာယ်နှင့် မကင်းသည်ကို သတိပြုကြပြီးလျှင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကို အထူး လိုလားကြစေလိုပါတယ်။

ကျွန်တော်သည် လက်ငင်း စေတနာထားပုံများကို ပြောပြခဲ့ပြီးပါပြီ။ အရေးကိစ္စရှိလျှင် ရန်ကုန်သို့ လာခဲ့ကြပါ။ အကြောင်းကြားပါ။ ကျွန်တော်တို့က အစွမ်းကုန် ဆောင်ရွက်ပေးပါမယ်''

## ပူတာအိုကို သွားမယ်ဆို

'မန်ခင်ရွာ' ဧည့်ခံပွဲကြီးမှအပြန် စစ်တပ်အတွင်း တည်းခိုရာရွာသို့ ပြန်ရောက်သောအခါ ကျွန်ုပ်က -

''ဗိုလ်ချုပ်၊ ယခုလို ကချင်အဝတ်အစားနဲ့ဂဲ တောင်တန်းကြီးများနဲ့ ဧရာဝတီနောက်ခံထားပြီး ဓာတ်ပုံရိုက်လိုပါသေးတယ်''

ပြောသဖြင့် အရိုက်ခံ၏။ ထို့နောက် ဗိုလ်ချုပ်သည် ဧရာဝတီမြစ် ညာဘက်ရှိ မြင့်မားလှသော တောင်တန်းကြီးများကို ကြည့်ပြီးလျှင် -

''ပူတာအိုကိုသွားနိုင်ရင် သိပ်ကောင်းမှာပဲ။ နောက်တစ်ကြိမ်မှ သွားနိုင်အောင် လုပ်ရမှာပဲ။ အချိန်က မရဘူးဗျာ''

ဟု ခေါင်းကိုပွတ်သပ်ကာ ပြောပြသေး၏။

## နာဂခေါင်းဆောင် တွေ့ရအောင်

မြစ်ကြီးနားမှအစ ရခိုင်ပါမကျန် မြိတ်ဆုံးအပ်သော ဗမာပြည် တစ်ပြည်လုံးကို အနှံ့အပြား တရကြမ်း ခရီးပြင်းထွက်ရင်း တိုင်းရင်းသားအချင်းချင်း စည်းလုံးမှုကို အားသွန် ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်သည် ဗမာပြည် အနောက်မြောက်နယ်စပ်ရှိ မြောက်ချင်းတောင်နှင့် နာဂနယ်များကို မရောက်ရသေးပါကလားဟု တွေးမိပြန်လေသည်။

''ဟာ–ချင်းတောင်နဲ့ နာဂနယ်က လူတွေနဲ့ တွေ့ဦးမှာပဲ။ သူတို့နယ်တွေကို ပစ်ထားရာကျနေပြီ''

ဟု သူ၏ပါးစပ်မှ ပြောဆိုပြီး ရွေးကောက်ပွဲမတိုင်မီ နယ်လှည့်ခရီးထွက်ရင်း ပျော်ဘွယ်မြို့သို့ရောက်စဉ် တစ်ညသ၌ ရန်ကုန်ရှိ သူ၏ ချစ်ဇနီး ဒေါ်ခင်ကြည်ထံသို့ တယ်လီဖုန်းဆက် စကားပြောခဲ့သေး၏။

''ဘယ်သူလဲ ကြည်လား၊ ဪ···ပျော်ဘွယ်ကနေပြီး မောင်စကားပြောနေတယ်။ ရွေးကောက်ပွဲပြီးရင် မောင်တို့ အထက်ချင်းတွင်းသွားပြီး အနားယူကြမလို့။ ကြည်တို့ပါ လိုက်ရမယ်။ အားလုံး အသင့်ပြင်ထား ဟုတ်လား''

အထက်ပါ တယ်လီဖုန်းပြောဆိုချက်ကြောင့် ဗိုလ်ချုပ် အထက်ချင်းတွင်းသို့ ပထမအကြိမ် ခရီးထွက်ရန် ကြံရွယ်သောအခါ စစ်အတွင်း နှစ်နှစ်ခန့်မျှ အထက်ချင်းတွင်းနယ်တွင် မထင်မရှားနေခဲ့ဖူးသော ဗိုလ်ထွန်းလှမှာ အထူး ရွှင်လန်း အားတက်လျက်ရှိလေသည်။

''ဒီလိုဗျ ဦးပုကလေးရဲ့၊ အထက်ချင်းတွင်းက ရှမ်း၊ ဗမာလူမျိုးတွေ၊ မြောက်ချင်းတောင်ကြီးမှာနေတဲ့ ခန္တီးရှမ်းတွေ၊ နာဂလူမျိုးတွေကပါ ဗမာပြည်ရဲ့ ခြေလှမ်းသွက်မှုကို အမီလိုက်ချင်နေကြကုန်ပြီ။ ကျုပ်တို့ အောက်မြို့ကျေးရွာက လူများထက် ရိုးသားဖြောင့်မတ်ပြီး ရတနာသုံးပါးကို ကြည်ညိုကိုင်းရှိုင်းကြတဲ့ အဲဒီ အထက်ချင်းတွင်း ကျေးတောသားလူရိုးတွေဟာ သူတို့လည်း ဗမာပြည်ရဲ့ လူမျိုးထုခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ညွှန်ကြားပဲ့ပြင်မှုကို တောင့်တကြတယ်။ လူကိုလည်း တွေ့ချင်မြင်ချင်ကြရှာတယ်။ ဒါကြောင့် မုံရွာရောက်တုန်းက အထက်ချင်းတွင်းမှ ရဲဘော်များက ဗိုလ်ချုပ်ကို တစ်ခေါက်လောက်ဖြစ်ဖြစ် မျက်နှာပြရအောင် ချင်းတွင်းကို ကြွခဲ့ပါဦးဗျာလို့ တောင်းပန်ရှာတာပေါ့။ ဟော–ကျွန်တော်တို့သွားကြတဲ့အခါ သလ္လာဝတီမြစ်ကြောင်းတစ်လျှောက်က စိမ်းစိုသာယာတဲ့ ရှုမျှော်ခင်းတွေ၊ ရှေးပုဂံခေတ် အလောင်းစည်သူမင်းကြီး တည်ထားခဲ့တဲ့ စေတီပုထိုးတွေ၊ စပါးဆန်ရေ ကျောက်သံပတ္တမြား ရွှေငွေမကျန် ရတနာခုနစ်ပါးနဲ့ပြည့်စုံတဲ့ ချင်းတွင်းနယ်ကို ဦးပုကလေးကိုယ်တိုင် မြင်ရတော့မယ်''

ဟု သူ့ကိုယ်သူ အထက်ချင်းတွင်းသားဟု မကြာခဏ ကြေညာဆဲ့ရှိသော ဗိုလ်ထွန်းလှက ကျွန်ုပ်အား ပြောပြလေသည်။

ရန်ကုန်ရောက်ရောက်ချင်း ဗိုလ်ထွန်းလှသည် ဆိုင်ရာအတွင်းဝန်များနှင့် တိုင်ပင်၍ အထက်ချင်းတွင်းသို့ 'ဟုမ္မလင်းနှင့် နာဂတောင်အထိ' ဗိုလ်ချုပ် ခရီးထွက်ရန် အစီအစဉ်များကို ချက်ချင်း စီမံရရှာလေသည်။

သို့ရာတွင် ရန်ကုန်ရှိ လုပ်ဖော်ကိုင်ဖက် ရဲဘော်များ၊ မိတ်ဆွေများက ရန်ကုန်မှာလည်း အရေးတကြီးအလုပ်တွေ ရှိသေးသည်။ မေမြို့မှာ တောင်တန်းနယ်စုံစမ်းရေးကော်မတီ ရှိသေးသည်။ ခရီးဝေးကြီးကို ခုတင်းသွားတ်မှပဲသွားပါဟု အားလုံး ဝိုင်း၍ ဖျက်ကြသောအခါ ဗိုလ်ချုပ်ခမျာမှာ

www.burmeseclassic.com

အားလျော့ပေးရကာ ၁၉၄၇ ခုနှစ်၊ ဧပြီလ (၁၈) ရက်နေ့တွင် အထက်ချင်းတွင်းမဟုတ်ဘဲ မေမြို့သို့ နောက်ဆုံးအကြိမ် နယ်လှည့် ခရီးထွက်ခြင်းဖြင့် ထွက်သွားရှာလေသတည်း။

☆☆☆



## နောက်ဆုံးစကား မိန့်မြွက်ကြား

ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်သည် မကွယ်လွန်မီ ရက်သတ္တတစ်ပတ်ဖြစ်သော ၁၉၄၇ ခု၊ ဇူလိုင်လ (၁၃)ရက်နေ့ နံနက်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမဆောင် အပြင်ဘက်မှနေ၍ လူထုပရိသတ်ကြီးအား ဟောကြားသွားသော အောက်ပါမိန့်ခွန်းစကားသည်ကား 'အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ' ဒေသနာဓမ္မနှင့်အညီ 'တိုင်းရင်းသားအပေါင်းတို့၊ မမေ့မလျော့ကြကုန်လင့်။ သတိတရားနှင့် ပြည့်စုံကြကုန်' ဟု နောက်ဆုံးသတိပေးသွားသည့် မိန့်ခွန်းစကားပင်တည်း။

☆

## ရည်ရွယ်ချက် အဓိက ရည်ညွှန်းပြ

ယနေ့ အစည်းအဝေးကတော့ တိုင်းပြုပြည်ပြု လွှတ်တော်အမတ်တွေ ကိုယ့်နယ်ဆိုင်ရာပရိသတ်ကို တိုင်းပြည်ပြုလွှတ်တော် ဘာတွေလုပ်နေတယ်ဆိုတာကို အစီရင်ခံဖို့ အလုပ်ခိုင်းတာက ဖြစ်လာတဲ့ အစည်းအဝေးပါပဲ။ တခြားနိုင်ငံတွေမှာ လွှတ်တော်အမတ်တွေရယ်လို့ တိုင်းပြည်က တင်မြှောက်လိုက်တဲ့အခါ အဲဒီ လွှတ်တော်အမတ်တွေက လွှတ်တော်အစည်းအဝေး မရှိတဲ့အခါမျိုးမှာ မိမိတို့ အားလပ်ချိန်ရသမျှအတောအတွင်းမှာ မိမိတို့ကို ရွေးကောက် တင်မြှောက်လိုက်တဲ့နယ်ကို ပြန်သွားပြီးတော့ သူတို့လွှတ်တော်မှာ ဘာဖြစ်နေတယ်၊ ဘာလုပ်ခဲ့တယ် အစရှိသဖြင့် အခြေအနေအရပ်ရပ်ကို ကိုယ့်နယ်ကို ပြန်ပြီး အစီရင်ခံတဲ့ ထုံးစံ ရှိပါတယ်။ အဲဒီထုံးစံရှိတဲ့အတိုင်း ဗမာပြည်မှာလည်းပဲ ဒီထုံးစံ ဖြစ်စေချင်တဲ့အတွက် ဖဆပလအဖွဲ့ချုပ်၏ တိုက်တွန်းချက်အရ တိုင်းပြည်ပြုလွှတ်တော်အမတ်တွေက ကိုယ့်နယ်ဆိုင်ရာလူတွေကို ပြန်ပြီးအစီရင်ခံ



www.burmeseclassic.com

www.burmeseclassic.com

တဲ့ အဓိပ္ပာယ်မပါတော့ဘဲ နိုင်ငံရေးရှင်းတမ်းတရားပွဲတွေ လုပ်လာကြတယ်။ အခုလည်းပဲ ဒီနေ့ ကျင်းပတဲ့ နိုင်ငံရေးရှင်းတမ်းတရားပွဲကြီး ဖြစ်လာရတယ်။ ယနေ့ နိုင်ငံရေးရှင်းတမ်းဟာ ဖဆပလအဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌ အနေဖြင့်သာမဟုတ်ဘဲနဲ့ ရန်ကုန်မြို့နယ် တစ်နယ်ကနေပြီး တင်မြှောက်လိုက်တဲ့ တိုင်းပြည်ပြုလွှတ်တော်အမတ်အဖြစ်နဲ့ တိုင်းပြည်ပြုလွှတ်တော်ထဲမှာ ဘာတွေလုပ်ခဲ့တယ်ဆိုတာကို နယ်သူနယ်သားတွေကို ပြန်သိအောင် အစီရင်ခံဖို့ အဓိက ရည်ရွယ်ချက်အဖြစ်နဲ့ထားပြီး ကျွန်တော် အခု စကားပြောလိုက်ပါတယ်။

## တိုင်းပြည်ပြုလွှတ်တော် ထင်ရှားပေါ်

ကျွန်တော်တို့ တိုင်းပြုပြည်ပြုလွှတ်တော်ဆိုတာ ရှေးတုန်းက ကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့ လူတွေအနည်းအကျဉ်း ကြားဖူးပေမယ့် ဒီတစ်ခါမှပဲ တိုင်းပြည်ရဲ့လူတွေက ရွေးကောက်တင်မြှောက်ရပြီးတဲ့နောက် တိုင်းပြုပြည်ပြုလွှတ်တော်ဆိုတာကိုလည်း အကောင်အထည်သဘောမျိုးနဲ့ မြင်ရတဲ့အခြေမျိုး ဒီတစ်ခါမှပဲရောက်ပါတယ်။ တိုင်းပြုပြည်ပြုလွှတ်တော်ဆိုတာဟာ ရှေးတုန်းကလုပ်နေကျ ဥပဒေပြုလွှတ်တော်ပဲလို့ ထင်နေကြတဲ့ လူတွေ အမြောက်အမြားရှိကြတယ်။ ပထမ ရှေးဦးစွာ တိုင်းပြည်ပြုလွှတ်တော်ဟာ ဘာလဲဆိုတာ သေသေချာချာ ကျကျနန ရှင်းလင်းပြောပြလိုပါတယ်။ အခု ကျွန်တော်တို့ တိုင်းပြုပြည်ပြုလွှတ်တော်ရယ်လို့ ထင်ထင်ရှားရှား ဖြစ်ပေါ်လာသလဲဆိုရင် အမတ်တွေစုံပြီး ဒီရန်ကုန်မြို့မှာ စုဝေးကြပြီးတဲ့နောက် ဇွန်လ (၁၀) ရက်နေ့ စတင်ကျင်းပတဲ့နေ့ကစပြီး တိုင်းပြည်ပြုလွှတ်တော်ဆိုတာ ဖြစ်လာခဲ့ပါတယ်။ အဲဒီ အရင်တုန်းက ရွေးကောက်ပွဲ ပြီးပင်ပြီးငြားသော်လည်း တိုင်းပြုပြည်ပြုလွှတ်တော်ရယ်လို့ အဖွဲ့ကို မဖွဲ့စည်းနိုင်သေးပါဘူး။

သို့သော်လည်းပဲ ဒီတိုင်းပြုပြည်ပြုလွှတ်တော်ဟာ ကျွန်တော်တို့ ကမ္ဘာ့နိုင်ငံရေးရာဇဝင်မှာ အင်မတန် ထူးဆန်းတဲ့ တိုင်းပြည်ပြုလွှတ်တော် တစ်မျိုး ဖြစ်နေပါတယ်။ တိုင်းပြုပြည်ပြုလွှတ်တော်တွေဟာ တခြားနိုင်ငံတွေမှာလည်း အသီးသီး ပေါ်ပေါက်ခဲ့ဖူးတယ်။ အဲဒီလို ပေါ်ပေါက်ခဲ့တဲ့ အခါမှာလည်းပဲ အဲဒီ တိုင်းပြည်တွေရဲ့ အခြေအနေအရ အမျိုးမျိုးပဲ ပေါ်ပေါက်ခဲ့တဲ့ ထုံးတမ်း သက်သေသာဓကတွေ ရှိပါတယ်။ အဲဒီတော့ သဘောတရားသက်သက်နဲ့ ကြည့်ပြီး ပြောရမယ်ဆိုရင် တိုင်းပြုပြည်ပြုလွှတ်တော် ဘာအတွက် ပေါ်ပေါက်လာရသလဲဆိုရင် တိုင်းပြည်အသစ်





တည်ဖို့၊ တိုင်းသစ်ပြည်သစ် နိုင်ငံသစ်တည်ထောင်ဖို့အတွက် ပေါ်ပေါက်လာရခြင်း ဖြစ်တယ်။ ကျွန်တော်တို့ မြန်မာစာပေမှာ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ကမ္ဘာအစ ဆိုပြီးတော့ စတဲ့အခါတုန်းက မဟာသမ္မတမင်း မြှောက်ကြတယ်ဆိုပြီးတော့ လူတွေ ကိုယ်စားလှယ်တွေ စုရုံးပြီးတော့ အဲဒီ အစည်းအဝေးမျိုးဟာ ကမ္ဘာကြီးမှာ ပထမဆုံး တိုင်းပြုပြည်ပြုလွှတ်တော် ရယ်လို့ ဆိုရမှာပဲ။ အဲဒီတော့ အဲဒီလိုပဲ နိုင်ငံအသစ်တည်ထောင်စရာ ရှိတဲ့အခါမှာ တိုင်းပြုပြည်ပြုလွှတ်တော်ဆိုတာ ပေါ်လာစမြဲပဲ။

## လွှတ်တော်ဆိုငြား အစားစား

လွှတ်တော်အသစ်ဆိုတဲ့ သဘောကတော့ ကိုယ့်တိုင်းပြည်ကို တခြားနိုင်ငံကနေပြီးတော့ အုပ်စိုးလွှမ်းမိုးထားလို့ အဲဒီလို အုပ်စိုးလွှမ်းမိုးခြင်းကို တွန်းလှန်ပယ်ဖျက်ပြီးနောက် မိမိတို့တိုင်းပြည်၊ မိမိတို့အစိုးရ ကိုယ့်မင်းကိုယ့်ချင်း တည်ထောင်ဖို့အတွက် တိုင်းပြည်ပြုလွှတ်တော်လုပ်တာတစ်မျိုး၊ နောက်တစ်မျိုးကတော့ ကျွန်တော်တို့အားလုံး သတင်းစာတွေထဲမှာ ခဏခဏ ဖတ်နေရမှာပဲ။ ဆိုဗီယက်ယူနီယံခေါ်တဲ့ အဲဒီနိုင်ငံကြီးဟာ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က တော်လှန်ရေး အကြီးအကျယ် ဖြစ်ခဲ့တယ်။ ဒီလို တော်လှန်ရေးပြီးတဲ့နောက် သူလည်း နိုင်ငံသစ်ဖြစ်လာတယ်လို့ ဆိုရမှာပဲ။ ခေတ်ဟောင်းခေတ်ဆွေးကို မှီခိုနေတဲ့ ဇာဘုရင်စနစ်နဲ့ အုပ်ချုပ်နေတဲ့ တိုင်းပြည်ဟောင်း စနစ်ဟောင်းကို တော်လှန် တွန်းဖယ်ပစ်ပြီးတဲ့နောက် အသစ်ကျပ်ချွတ်ပြန်ပြီးတော့ တိုင်းပြည်ကို စနစ်တစ်မျိုးနဲ့ တည်ထောင်တဲ့အတွက်ကြောင့် အဲဒီနိုင်ငံသစ်က တစ်မျိုးဖြစ်တယ်။ ဒီနိုင်ငံသစ်ကတော့ တခြားလူမျိုးခြားအောက်မှာ ရောက်ပြီးမှဖြစ်လာတဲ့ နိုင်ငံသစ်မျိုးမဟုတ်ဘဲ ကိုယ့်လူမျိုးဖြစ်တဲ့ လူတန်းစားအချင်းချင်း ချုပ်ခြယ်လွှမ်းမိုးမှုမှ လွတ်မြောက်လာပြီးတဲ့နောက် နိုင်ငံသစ်တည်ထောင်ခြင်း ဖြစ်တယ်။ အဲဒီတော့ နိုင်ငံသစ်ဆိုတာ အကြမ်းအားဖြင့် အဓိပ္ပာယ်နှစ်မျိုး ဖြစ်တယ်။

ကျွန်တော်တို့ဗမာပြည်လို လက်အောက်ခံနိုင်ငံတွေအဖို့မှာ နိုင်ငံသစ်ဆိုတဲ့ သဘောဟာ လူမျိုးခြားရဲ့ လက်အောက်က လွတ်မြောက်ပြီးတဲ့နောက် ကိုယ့်ဟာကိုယ် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်အစိုးရနဲ့ ကိုယ့်မင်းကိုယ့်ချင်း တည်ထောင်တာကို ကျွန်တော်တို့အဖို့မှာ နိုင်ငံသစ်လို့ ဆိုရတယ်။ သို့သော် လွတ်လပ်နေတဲ့ နိုင်ငံတွေဖြစ်တဲ့ ကိုယ့်လူမျိုးအချင်းချင်း အုပ်စိုးတဲ့ တိုင်းပြည်တွေမှာတော့ ရှိနေတဲ့ အစိုးရစနစ်အဆောက်အအုံ


www.burmeseclassic.com

www.burmeseclassic.com

တစ်ခုလုံးကို ပြောင်းလဲဖျက်ဆီးပြီးတဲ့နောက် အသစ်ကျပ်ချွတ် စနစ်တစ်မျိုးနဲ့ တိုင်းသစ်၊ နိုင်ငံသစ် တည်ထောင်ပုံက တစ်မျိုး။ အဲဒီလို နှစ်မျိုးရှိတဲ့အခါမှာ၊ အဲဒီလို နှစ်မျိုးစလုံး ပေါ်ပေါက်တဲ့အချိန်အခါမျိုးမှာ တိုင်းပြည်ပြုလွှတ်တော်ဆိုတာ ထုံးစံအားဖြင့် ပေါ်လာစမြဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့ ပေါ်လာစမြဲဖြစ်သလဲဆိုရင် အဲဒီလို တိုင်းပြည်သစ်၊ နိုင်ငံသစ်ဖြစ်နေတော့၊ ဥပဒေတွေ၊ စနစ်တွေ အကုန်အသစ် ပြန်ပြီးတော့ ရေးဆွဲရမှာဖြစ်တော့ အခြေခံကစပြီး ပြန်ပြီးတော့ ပြုလုပ်ရမယ့်အတွက် ဖြစ်ပါတယ်။

ဥပမာအားဖြင့် ရှိနေတဲ့ အိမ်ဟောင်းကိုပြင်ရန် အလုပ်မဟုတ်ဘဲ တစ်အိမ်လုံး ဖျက်ဆီးပြီးတဲ့နောက် အဲဒီ ဖျက်ထားတဲ့နေရာမှာ ထပ်ပြီး အိမ်သစ်ဆောက်တာနဲ့ တူပါတယ်။ အဲဒီလို အိမ်သစ်ဆောက်တဲ့အခါမှာ ဒီအိမ်သစ်ကို ဘယ်လိုစနစ် ဘယ်လိုစီမံကိန်းမျိုးနဲ့ တည်ဆောက်မယ်ဆိုပြီးတော့ အင်ဂျင်နီယာ၊ ဗိသုကာအတတ်ဆရာတွေက ပထမရေးဦးစွာ အိမ်ပုံစံတွေ ရေးဆွဲပြီး ဒီပုံစံအရ ငွေဘယ်လောက်ကုန်ကျမယ်ဆိုတာ တွက်ချက် သေသေချာချာ နေ့ကောင်းရက်မြတ် ရွေးပြီးမှ အိမ်သစ်ဆောက်သလိုပဲ။

အခု ကျွန်တော်တို့ နိုင်ငံသစ်ကို ပြန်ပြီး တည်ထောင်ဖို့အတွက် တိုင်းပြည်ပြုလွှတ်တော်က ပြန်ပြီး ဥပဒေသစ်၊ စနစ်သစ်တွေ စီစဉ်ရေးဆွဲရပါလိမ့်မယ်။ စီမံကိန်းချရပါလိမ့်မယ်။ အဲဒီလို တိုင်းပြည်သစ်၊ နိုင်ငံသစ်ပုံစံဟာ ဘယ်လိုရှိသင့်တယ်ဆိုတာ တိုင်းပြည်ပြုလွှတ်တော်က ဆုံးဖြတ်ရစမြဲပဲ။ ဒါကြောင့် တိုင်းပြည်ပြုလွှတ်တော်ရဲ့ တာဝန်ဟာ နိုင်ငံသစ်ထူထောင်ဖို့တာဝန် ဖြစ်ပါတယ်။ နိုင်ငံသစ်တည်ထောင်ဖို့ တာဝန်ဖြစ်တဲ့အတိုင်း တိုင်းပြည်ပြုလွှတ်တော်မျိုးဟာ သာမန်အားဖြင့်ပြောမယ်ဆိုရင် ဘယ်တိုင်းပြည်ပြုလွှတ်တော်မဆို အချုပ်အချာအာဏာနဲ့ ပြည့်စုံတဲ့ တိုင်းပြည်ပြုလွှတ်တော်မျိုးသာ ဖြစ်ရမယ်။ ဘာဖြစ်လို့လဲဆိုရင် ယခုအခါ နိုင်ငံသစ် တည်ထောင်ရမယ်။ တည်ထောင်ရအောင်ဆိုလို့ရှိရင် အဲဒီ နိုင်ငံသစ်ကို တည်ထောင်ဖို့အတွက် ပေါ်ပေါက်လာတဲ့ တိုင်းပြည်ပြုလွှတ်တော်ဟာ အချုပ်အချာနဲ့ ပြည့်စုံဖို့လိုပါတယ်။ အဲဒီလို အချုပ်အချာအာဏာနဲ့ မပြည့်စုံရင် ကိုယ်တည်ချင်တဲ့ နိုင်ငံမျိုးကို တည်လို့ရမှာ မဟုတ်ပါဘူး။

ယခု ကျွန်တော်တို့ တိုင်းပြည်ပြုလွှတ်တော်ဟာ ကမ္ဘာ့နိုင်ငံရေးရာဇဝင်မှာ အတော်ကလေး ထူးဆန်းတဲ့ တိုင်းပြည်ပြုလွှတ်တော် ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုရင် တခြား တိုင်းပြည်တွေမှာ ပေါ်ပေါက်လာခဲ့တဲ့ တိုင်းပြည်ပြုလွှတ်တော်အခြေအနေနှင့် ကွာခြားနေတဲ့အချက်တွေ ရှိပါတယ်။ အဲဒီလို ကွာခြားမှုတွေကြောင့် ကျွန်တော်တို့ တိုင်းပြည်ပြုလွှတ်တော်ဟာလည်း ထူးခြားနေတဲ့အကြောင်းတွေ ရှိပါတယ်။





## ပြင်သစ်ပြည်မှာ ပုံပမာ

ဥပမာ အခြားတိုင်းပြည်တွေမှာ ပြင်သစ်ပြည်၌ ဟိုရှေးအခါတုန်းက တော်လှန်ရေးဖြစ်ပြီးတဲ့နောက် တိုင်းပြည်ပြုလွှတ်တော် ပေါ်ပေါက်လာခဲ့ဖူးတယ်။ အဲဒီလို ပေါ်လာတဲ့အခါမှာ ဒီတိုင်းပြည်ပြုလွှတ်တော်ဟာ အာဏာရပြီးသား ဖြစ်နေတယ်။ အခုတစ်ခါ ဒီစစ်ကြီးပြီးတဲ့နောက် ဒီပြီးခဲ့တဲ့ စစ်ကြီးအတောအတွင်းမှာ ပြင်သစ်တွေဟာ ဂျာမန်တွေရဲ့လက်အောက်ကို ရောက်ခဲ့တယ်။ ထို့နောက် ဂျာမန်တွေကို ပြန်ပြီး တွန်းလှန် မောင်းထုတ်ပြီးတဲ့နောက် တိုင်းပြည်မှာ ပြန်ပြီးတော့ ဂျင်နရယ်ဒီဂေါ အစရှိသဖြင့် ပြန်ပြီးရောက်လာတဲ့အခါ သူတို့ တိုင်းသစ်၊ ပြည်သစ်၊ နိုင်ငံသစ် ထူထောင်ရမယ်။ အဲဒီလို ထူထောင်တဲ့အခါမှာ တည်ထောင်ဖို့ရာအတွက် တိုင်းပြည်ပြုလွှတ်တော်ဆိုတာ ထပ်ပြီးတော့ လုပ်ရတယ်။ အဲဒီလိုလုပ်တဲ့ တိုင်းပြည်ပြုလွှတ်တော်မျိုးဟာ အာဏာရပြီးသား တိုင်းပြည်ပြုလွှတ်တော် ဖြစ်တယ်။ အာဏာရပြီးသား တိုင်းပြည်ပြုလွှတ်တော်ဟာ မိမိတို့ တိုင်းပြည်ပြုလွှတ်တော်ကနေပြီး ဆုံးဖြတ်တဲ့ကိစ္စမှန်သမျှကို ချက်ချင်း အတည်ဖြစ်စေ၊ ပြီးတော့ တစ်တိုင်းတစ်ပြည်လုံးက အာဏာစက်တည်အောင် ချက်ချင်း လုပ်နိုင်တယ်။

## အမေရိကန် ပမာစံ

အမေရိကန်ပြည်မှာဆိုရင် ပထမရှေးဦးစွာ အင်္ဂလိပ်လက်အောက်မှာ သူတို့ လူတစ်မျိုးတည်းအဖြစ် နေကြပြီးတဲ့နောက် အင်္ဂလိပ်ပြည်မှာရှိတဲ့ အင်္ဂလိပ်အစိုးရကို မကျေနပ်လို့ သူတို့တော်လှန်ပြီးတော့ လွတ်လပ်ရေးတိုက်ပွဲတွေ၊ စစ်ပွဲကြီးတွေ ဆင်နွှဲပြီးတဲ့အခါကျတော့ တိုင်းပြည်ပြုလွှတ်တော်ဆိုတာ ကျင်းပခဲ့တယ်။ နာမည်ကတော့ အမျိုးမျိုးခေါ်ခဲ့ပေမယ့် တိုင်းပြည်ပြုလွှတ်တော်ပါပဲ။ အဲဒီ တိုင်းပြည်ပြုလွှတ်တော် ကျင်းပတဲ့အခါတုန်းက သူတို့မှာ အာဏာရပြီးသားအခြေအနေမှာ တိုင်းပြည်ပြုလွှတ်တော်ကျင်းပတယ်။ သို့သော်လည်း ကျွန်တော်တို့တိုင်းပြည်ကတော့ အခု တိုင်းပြည်ပြုလွှတ်တော် ကျင်းပနေတဲ့အခါမှာ ကျွန်တော်တို့တိုင်းပြည်က အာဏာရပြီးသား အခြေအနေ မဟုတ်သေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

## အိုင်ယာလန်ကို ပမာဆို

ကျွန်တော်တို့ တိုင်းပြည်ပြုလွှတ်တော်ရဲ့ အခြေအနေဟာ ဘာနဲ့တူသလဲဆိုရင် တောင်ပိုင်း အိုင်ယာလန်မှာ လွန်ခဲ့တဲ့ အနှစ် (၂၇) နှစ်လောက်တုန်းကဖြစ်ခဲ့တဲ့ အခြေအနေမျိုးနဲ့ တူပါတယ်။ အဲဒီ အိုင်ယာလန်မှာဖြစ်ခဲ့တဲ့ အခြေအနေမျိုးက ဘယ်လိုဖြစ်သလဲဆိုရင် ပထမ အင်္ဂလိပ်အစိုးရကို ကမ္ဘာစစ်ကြီးအတောအတွင်းမှာ ဆူပူပုန်ကန်တော်လှန်တာတွေဖြစ်ပြီး နောက်ဆုံးကျတော့ စစ်ကြီးပြီးတဲ့နောက် သူပုန်ကိစ္စတွေဟာ ရပ်စဲသွားတယ်။ အဲဒီ ရပ်စဲပြီးတဲ့နောက်မှ တစ်ခါ အင်္ဂလိပ်အစိုးရနဲ့ အိုင်ယာလန်ခေါင်းဆောင်တွေနဲ့ တွေ့ဆုံပြီး စာချုပ်ချုပ်ကြတယ်။ အဲဒီစာချုပ်ချုပ်ပြီးတဲ့နောက် သူတို့ တိုင်းပြည်ပြုလွှတ်တော်ဆိုတာ သူတို့လုပ်တယ်။ လုပ်တဲ့အခါမှာ အိုင်ယာလန်ပြည်ဟာ အာဏာမရသေးဘူး။ ဟိုအိုင်ယာလန်တုန်းကပေါ်တဲ့ တိုင်းပြည်ပြုလွှတ်တော်မျိုးကတော့ကား အမှန်စင်စစ် ဒိုမီနီယံအဆင့်အတန်းဖြစ်တဲ့ အုပ်ချုပ်ရေးမျိုးကိုသာ ရေးဆွဲဖို့ဆိုတဲ့ သဘောမျိုးလောက် ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ အခုရထားတဲ့ တိုင်းပြည်ပြုလွှတ်တော်ကတော့ ကိုယ်ကြိုက်ရာ ဆုံးဖြတ်ပြီးလုပ်နိုင်တယ်ဆိုတာကို အင်္ဂလိပ်အစိုးရက သဘောတူပြီးသားဖြစ်တဲ့အတိုင်း ကျွန်တော်တို့ ဒီနေရာမှာ ကျွန်တော်တို့ တိုင်းပြည်ပြုလွှတ်တော်က အိုင်ယာလန်ပြည်က ဟိုတုန်းကရတဲ့ တိုင်းပြည်ပြုလွှတ်တော်ထက် တစ်ယန်းသာနေတာ တွေ့ရတယ်။ အဲဒီတော့ကား ကျွန်တော်တို့ တိုင်းပြည်ပြုလွှတ်တော်ဟာ အဲဒီအခြေအနေမျိုးမှာ ပေါ်လာပြီးတော့ ဒီလို ထူးခြားတဲ့ အချက်တွေ ရှိပါတယ်။

## အိန္ဒိယတိုင်း ယှဉ်ကာနှိုင်း

ကျွန်တော်တို့ တိုင်းပြည်ပြုလွှတ်တော်က အချုပ်အချာအာဏာ မရသေးဘူး။ မရသေးဘူးဆိုတာက ရအောင်လုပ်တဲ့ နည်းအမျိုးမျိုးရှိတယ်။ ဒါတွေက ကျွန်တော် နောက်ပြောပြပါဦးမယ်။ ဥပဒေသဘောကို ပြောမယ်ဆိုရင် ကျွန်တော်တို့ တိုင်းပြည်ပြုလွှတ်တော်ဟာ အချုပ်အချာအာဏာ မရသေးဘူး။ အချုပ်အချာအခွင့်နှင့် အဆင့်အတန်းသာ ရသေးတယ်။ (Status) အဆင့်အတန်းကသာလျှင် ကျွန်တော်တို့ အချုပ်အချာလွှတ်တော်ရဲ့ အဆင့်အတန်းက ရတယ်။ ရတဲ့သဘောက ယခု တိုင်းပြည်ပြုလွှတ်တော် လုပ်ကြတယ်ဆိုရင် ဒီတိုင်းပြည်ပြုလွှတ်တော်ကို ဘုရင်ခံလာပြီးတော့ ရိုးရိုး





ဥပဒေပြုလွှတ်တော်လို စကားမပြောနိုင်ဘူး။ တိုင်းပြည်ပြုလွှတ်တော်မှာ သူလာပြီး နားထောင်ချင်တယ်ဆိုရင် ဧည့်သည်အဖြစ်နဲ့ နားထောင်နိုင်တယ်။ ဘုရင်ခံအဖြစ်နဲ့ လာပြီးတော့ ကျွန်တော်တို့ကို ဘာလုပ်ပါညာလုပ်ပါဆိုပြီး မပြောနိုင်ဘူး။ ရိုးရိုးဥပဒေပြုလွှတ်တော်ဆိုရင် သူလာပြီး စကားပြောနိုင်တယ်။ အခု အချုပ်အချာအခွင့်နှင့် အဆင့်အတန်းသဘောမျိုးရောက်တော့ကာ ဒီတိုင်းပြည်ပြုလွှတ်တော်ဟာ သူ့ဟာသူလုပ်တဲ့ နေရာမှာတော့ လွတ်လွတ်လပ်လပ် ရှိတယ်။ အဲဒီလို လွတ်လွတ်လပ်လပ်ရှိတဲ့အတွက် (Status) အဆင့်အတန်းမှာ အချုပ်အချာသဘောမျိုး ရှိတယ်။

အဲဒီလိုဖြစ်နေတော့ အိန္ဒိယပြည်က တိုင်းပြည်ပြုလွှတ်တော်ဟာ လွန်ခဲ့တဲ့ အခြေအနေတုန်းက ကျွန်တော်တို့ တိုင်းပြည်ပြုလွှတ်တော်နဲ့ မခြားနားဘဲဖြစ်နေတဲ့ အခြေအနေမျိုး ရှိတယ်။ အခုတော့ အိန္ဒိယပြည်မှာ ပေါ်ပေါက်မယ့် တိုင်းပြည်ပြုလွှတ်တော်တွေဟာ ကျွန်တော်တို့ထက် ပိုပြီး တစ်ဆင့်သာသွားတယ်။ ဘယ်လိုသာသွားမလဲဆိုရင် အချုပ်အချာ အာဏာအဆင့်အတန်းတွင်မကဘဲနဲ့ အာဏာပါရတဲ့ အခြေအနေမျိုး ရောက်သွားတယ်။ အဲဒီတော့ ကျုပ်တို့ထက်သာတဲ့ဘက်ကလည်း သာတယ်။ သို့သော်လည်း သူတို့ လျော့တဲ့ဘက်ကလည်း ဘယ်လိုလျော့သလဲဆိုရင် သူတို့ကို အင်္ဂလိပ်အစိုးရက ဒိုမီနီယံပေးတဲ့အခါမှာ ဒိုမီနီယံအဖြစ်နဲ့ ဘယ်လောက်ကြာအောင် နေရမလဲဆိုရင် ဟိန္ဒူ၊ မွတ်စလင် စေ့စပ်တဲ့နေရာမှာ ကြာရင်ကြာသလောက်နေရမယ်။ အင်္ဂလိပ်အစိုးရက မပေးချင်လို့မဟုတ်ဘူး။ သူတို့အချင်းချင်း မတည့်လို့နေရတာ ဖြစ်တယ်။

## တစ်နှစ်ကတိ စောင့်ကာကြည့်

အဲဒီတော့ကာ ကျွန်တော်တို့ လွတ်လပ်ရေးကိစ္စနဲ့ ပတ်သက်ပြီး ဖဆပလအဖွဲ့ချုပ်က ၁၉၄၆ ခု၊ ဇန်နဝါရီလမှာ ကျင်းပခဲ့တဲ့ ပထမ ဖဆပလ ဗမာနိုင်ငံလုံးဆိုင်ရာ ညီလာခံအဖွဲ့ချုပ်ကြီးက ဗမာနိုင်ငံဟာ လုံး၀ လွတ်လပ်ရေးကို လိုချင်တယ်။ ဘယ်လို ဒိုမီနီယံ (Dominion) ကိုမှ မလိုချင်ဘူးဆိုပြီး ကျွန်တော်တို့ ရည်ရွယ်ချက်အဖြစ်နှင့် အတိအလင်း ကြေညာခဲ့တယ်။ အဲဒီ ကြေညာခဲ့တဲ့အတိုင်းပဲ ကျွန်တော်တို့ မေလအတွင်းမှာ ကျင်းပခဲ့တဲ့ ဖဆပလပထမညီလာခံမှာ ကျွန်တော်တို့ဟာ ဗမာပြည်ကြီးကို လုံး၀ လွတ်လပ်ပြီး အချုပ်အချာအာဏာနဲ့ပြည့်စုံတဲ့ သမ္မတနိုင်ငံအဖြစ်နဲ့ တည်ဆောက်မယ်ဆိုပြီး ဆုံးဖြတ်ခဲ့တယ်။

နောက်ပြီးတော့ ဒီတိုင်းပြည်ပြုလွှတ်တော်ကြီးမှာ ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင် တင်သွင်းပြီးတော့ကာ အချုပ်အချာအာဏာနဲ့ ပြည်စုံတဲ့ သမ္မတနိုင်ငံ တည်ထောင်မယ်ဆိုပြီး တင်သွင်းလို့ ဆုံးဖြတ်တောင်ပြီးပြီ။ ဒီတော့ ဖဆပလအဖွဲ့ချုပ်လုပ်တဲ့ အလုပ်က အင်မတန် ရှင်းပါတယ်။ ကျွန်တော်တို့ဟာ တိုင်းပြည်ကို ပြောခဲ့တဲ့အတိုင်း လုံး၀ လွတ်လပ်ရေးကို ရအောင် လုပ်မယ်ဆိုတဲ့အတိုင်း လုံး၀ လွတ်လပ်ရေးကို ဆုံးဖြတ်ခဲ့တယ်။ ဒီတိုင်းပြည်ကို ကြေညာထားတဲ့ လွတ်လပ်ရေးကို ဆုံးဖြတ်ပြီးတဲ့နောက် တစ်နှစ်အတွင်း လုံး၀ လွတ်လပ်ရေးကိုရအောင် လုပ်မယ်ဆိုတာ လုပ်နေရင်ပဲ တစ်နှစ်လည်း မပြည့်သေးပါဘူး။ သို့သော် ပြည့်တယ်၊ မပြည့်တယ် ဆိုတာမျိုးကတော့ အလျော့အပို နည်းနည်းရှိချင်ရှိမယ်။ သို့သော်လည်း အဲဒီလို အချိန်အခါမျိုးမှာ တိုင်းပြည်ပြုလွှတ်တော်က ဗမာပြည်ရဲ့ လွတ်လပ်ရေးကို ရအောင်မလုပ်နိုင်သေးဘူးဆိုလို့ရှိရင် ကျွန်တော်တို့ တစ်ထစ်တက်ချင်တက်ရမယ်။ အဲဒီအချိန်အခါကို မရောက်သေးဘူး။ အချိန်စေ့လို့ ဗမာပြည်ရဲ့ လွတ်လပ်ရေးကို ရအောင်မလုပ်နိုင်ဘူးဆိုရင် ကျွန်တော်တို့ ကတိပျက်တယ်လို့ ဆိုနိုင်တယ်။ အဲဒီအချိန်အခါလည်း မရောက်သေးဘူး။

အဲဒီအချိန်အခါထိ လွတ်လပ်ရေးကို အေးအေးချမ်းချမ်းနဲ့ရအောင် ကြိုးစားနေတယ်။ ကြိုးစားနေတဲ့အတိုင်း ဒီလိုလုပ်နေတဲ့လုပ်ငန်းဟာ အောင်မြင်မလား၊ မအောင်မြင်ဘူးလား ဆိုတာ အခုနေအခါမှာ ဘယ်သူမှ မပြောနိုင်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ အချိန်လိုပါသေးတယ်။ ကျွန်တော်တို့လုပ်နေတဲ့ လုပ်ငန်းတွေ မပြီးသေးဘူး။ အလုပ်တွေပြီးလာတဲ့နေ့ကျတော့ ကျွန်တော်တို့လုပ်ငန်းဟာ အောင်သလား၊ မအောင်သလားဆိုတာ ခင်ဗျားတို့ မြင်မှာပဲ။ အဲဒီလို မြင်လာတဲ့အခါ ဖဆပလအဖွဲ့ချုပ်ဟာ ဘယ်လိုအဖွဲ့ချုပ်မျိုးလဲ။ အလုပ်လုပ်တဲ့အခါမှာ ဘယ်လို လုပ်တယ်ဆိုတာကို မြင်လာမယ်။ အခုနေအခါမှာ ကျွန်တော် ကြီးကြီးကျယ်ကျယ် ပြောဖို့မလိုပါဘူး။

## သစ္စာမဲ့များ သတိထား

ခင်ဗျားတို့ သေသေချာချာ သတိထားစေချင်တာက ဒီဖဆပလအဖွဲ့ချုပ်ဟာ ဘယ်လို ဖဆပလအဖွဲ့ချုပ်ဆိုတာ ရာဇဝင်မှာ ပြန်ကြည့်စေချင်တယ်။ လူတွေကိုလည်း ရာဇဝင်မှာ ပြန်ကြည့်စေချင်တယ်။ ကျွန်တော်တို့ ဗမာပြည်မှာပေါ်လာတဲ့ နိုင်ငံရေးအဖွဲ့တွေ နိုင်ငံရေးခေါင်းဆောင်တွေ အားလုံးကို တစ်ယောက်စီ တစ်ယောက်စီ ခင်ဗျားတို့ စိတ်ကူးထဲမှာ မာတိကာစဉ်ပြီး စဉ်းစားကြည့်စမ်းပါ။ ဘယ်လိုလူစားတွေလဲ၊ ဘယ်လိုအဖွဲ့ကြီးလဲဆိုတာ ခင်ဗျားတို့ စဉ်းစားမှ အဖြေထွက်လာလိမ့်မယ်။ အခုနေအခါမှာ ကျုပ်တို့က အစိုးရလုပ်နေတဲ့ အချိန်အခါမျိုး ဖြစ်တယ်။ အတိုက်အခံဆိုတာ ရှိစမြဲပဲ။ ဘုရားကိုယ်တိုင်ပင် အတိုက်အခံနဲ့ မကင်းခဲ့ပါဘူး။ ဒီတော့ ကျုပ်တို့လည်း မကင်းနိုင်ဘူး။ ကျုပ်တို့ အစိုးရလုပ်တဲ့ အချိန်အခါမျိုးကလည်း တပ်ပျက်မှာ ဗိုလ်လုပ်ရတဲ့ အချိန်အခါမျိုးမှာ ဖြစ်နေပါတယ်။ ကျုပ်တို့မှာ ချို့ယွင်းချက်တွေ အမြောက်အမြား ရှိတယ်ဆိုတာ ကျုပ်တို့ကိုယ်တိုင် သိတယ်။ ဘယ်အစိုးရမှ ချို့ယွင်းချက်မရှိတဲ့ အစိုးရဆိုတာ မရှိဘူး။ တိုင်းပြည်မှာ စေတနာထားပြီးတော့ကာ တစ်ဆင့်ထက် တစ်ဆင့်တက်ပြီး လုပ်လာခဲ့တာ တိုးတက်သလား၊ မတိုးတက်ဘူးလားဆိုတာ ခင်ဗျားတို့ စဉ်းစားကြည့်ပါ။ နောက်ရက်များ မကြာခင်လောင်ဆိုရင် သခင်နုပြန်လာလို့ နောက်ရက် တော်တော်လေးကြာလို့ရှိရင် ကျုပ်တို့ဟာ တိုင်းပြည်ကို အတိအလင်း ကြေညာနိုင်တဲ့ စာတမ်းမျိုး ထုတ်နိုင်ပါလိမ့်ဦးမယ်။ အဲဒီတော့ကာ ကျုပ်တို့ဟာ လွတ်လပ်ရေးလုပ်ငန်းမှာ ဘယ်ထိအောင် စခန်းတက်လာပြန်ပြီ။ တိုင်းပြည် ပြန်လည် ထူထောင်ရေးလုပ်ငန်းမှာ ဘယ်လိုစခန်းတက်လာပြီဆိုတာ အစရှိသဖြင့် ခင်ဗျားတို့ မြင်ရပါလိမ့်မယ်။

အဲဒီတိုင်းပြည် ပြန်လည် ထူထောင်တဲ့လုပ်ငန်းမှာ တစ်ဆင့်ထက်တစ်ဆင့်တက်လာတာ၊ လွတ်လပ်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး တစ်ဆင့်တက်လာတာကို ရက်များမကြာခင် ခင်ဗျားတို့ မြင်ရပါလိမ့်မယ်။ အဲဒါတွေကို မြင်ရရုံတွင်မကဘူး။ ကျုပ်တို့ ဒီအစိုးရနဲ့ အရင်တုန်းကရှိတဲ့ အစိုးရတွေ အကုန်လုံး ယှဉ်ပြီး ကြည့်လိုက်မယ်ဆိုရင် ကျုပ် ပြောရဲတယ်။ အခုအစိုးရထဲမှာ လာဘ်စားတဲ့လူတွေ မရှိဘူးဆိုတာ ကျုပ်ပြောရဲတယ်။ အရင်တုန်းက ကျုပ် အတိအလင်းပြောတယ်။ လာဘ်စားတဲ့လူတွေ ရှိတယ်။ ခင်ဗျားတို့ ဘာပြောဦးမလဲ။ အဲဒီလိုလူတွေက အခုနေအခါမှာ တိုင်းပြည်ကို မိမိတို့ပါတီ ပြန်ပြီး အာဏာရအောင် ခြေထိုးကြတယ်။ ခြေထိုးကြတဲ့ကိစ္စမှာ အယောင်ယောင်အမှားမှားဖြစ်ကြတဲ့ လူတွေဟာ စေတနာပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ တိုင်းပြည်သစ္စာဖောက်တဲ့ ရန်သူနံပါတ် (၁) တွေ ဖြစ်တယ်။ အဲဒီ ရန်သူနံပါတ် (၁) တွေကို ခင်ဗျားတို့ ထောက်ခံချင်တယ်ဆိုလို့ရှိရင် ခင်ဗျားတို့လည်းပင် ခင်ဗျားတို့ပဲ ကြိုးတွင်းတပ်ကြပေတော့။

ကျုပ်တို့ဟာ ဒီတိုင်းပြည်မှာ အစိုးရဖြစ်အောင် အတင်းအဓမ္မ





www.burmeseclassic.com

www.burmeseclassic.com

လုပ်လာလို့ အစိုးရဖြစ်လာတာ မဟုတ်ဘူး။ တိုင်းပြည်လူထုရဲ့ ထောက်ခံမှုကြောင့် ကျုပ်တို့ အစိုးရဖြစ်နေတာပဲ။ တိုင်းပြည်သူလူထု ယုံကြည်မှုမရှိဘူး။ မကြည်ညိုဘူးဆိုရင် ကျုပ်တို့လည်း တွယ်မနေပါဘူး။ ထွက်မှာပါပဲ။ သို့သော်လည်း တစ်နှစ်လောက် ကျုပ်တို့ကို စောင့်ကြည့်တဲ့အခါမှာ ကျုပ်တို့ဟာ ဘယ်လိုလူစားတွေပဲ။ ရာဇဝင်ထဲ အရေးခံရမယ့်လူတွေလား၊ ရာဇဝင်မှာ အဆဲခံရမယ့်လူစားတွေလားဆိုတာ ခင်ဗျားတို့ကိုယ်တိုင် သိပါလိမ့်မယ်။

## လွတ်လပ်ရေးအဓိပ္ပာယ် သိကြဖွယ်

ဒီတော့ကာ လွတ်လပ်ရေးဆိုလို့ ခင်ဗျားတို့ကို ပြောပြဦးမယ်။ လွတ်လပ်ရေးဆိုတိုင်း ပဒေသာပင် မြေကမပေါက်နိုင်ဘူးဆိုတာ ခင်ဗျားတို့ကို ရှင်းပြချင်တယ်။ ခင်ဗျားတို့စိတ်ထဲမှာ လွတ်လပ်ရေးရတော့မယ်ဆိုရင် စိတ်ကူးက ဘယ့်နှယ်စိတ်ကူးကြသလဲ။ ပဒေသာပင် နေ့ချင်းညချင်းပေါက်တော့မလို ခင်ဗျားတို့ ထင်ကြလိမ့်မယ်။ တချို့ကလည်း ဂျပန်ခေတ်တုန်းက လွတ်လပ်ရေးရပြီဆိုပြီး ဘာလုပ်ကြသလဲဆိုရင် ဟသ်္ာတနယ်ဘက်မှာ တွေ့ခဲ့တယ်။ လွတ်လပ်ရေးရတယ်ဆိုပြီး လူတကာသွားတဲ့လမ်းပေါ်မှာ ဆေးလှန်းတယ်။ အဲဒါ လွတ်လပ်ရေး မဟုတ်ဘူး။ အဲဒီဟာကလမ်းသွားလမ်းလာလုပ်တဲ့လူတွေကို နှောင့်ယှက်ရာရောက်တယ်။ လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်က ကိုယ်တစ်ယောက်ကောင်းစားဖို့ဖြစ်စေ၊ လူတစ်မျိုးလုံးကောင်းစားဖို့ဖြစ်စေ တခြားလူတွေရဲ့အကျိုးကို မထိခိုက်ဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ့်ကျိုးအတွက်လုပ်နိုင်တာ လွတ်လပ်ရေးပဲ။ ကိုယ့်စီးပွားရေးလုပ်နေတဲ့နေရာမှာ တခြားလူတွေရဲ့ အနှောင့်အယှက် မရှိစေရဘူး။ တခြားလူတွေရဲ့အကျိုးကိုလည်း မထိခိုက်ဘူး။ တိုင်းပြည်ကိုလည်း မထိခိုက်ဘူးဆိုရင် လွတ်လွတ်လပ်လပ်လုပ်နိုင်တဲ့ အခြေအနေမျိုး ရှိရမယ်။ အဲဒီတော့ တခြားလူတွေကို နှောင့်ယှက်တဲ့ လွတ်လပ်ရေးဟာ လွတ်လပ်ရေး မဟုတ်ဘူး။ အဲဒါကို (Licence) ရမ်းကားမှုလို့ ခေါ်တယ်။ အဲဒီတော့ လွတ်လပ်ရေးဆိုတာ စည်းမဲ့ကမ်းမဲ့ သဘောမျိုး မဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့သဘော ဖြစ်တယ်။ လွတ်လပ်ရေးရတဲ့အခါ တိုင်းပြည်မှာ ပိုပြီး စည်းကမ်းရှိဖို့လိုတယ်။ စည်းနဲ့ကမ်းနဲ့လုပ်ကြမှ လွတ်လပ်ရေးကြောင့် အခွင့်အရေးရလာတဲ့အခါ အခွင့်အရေးတွေ ပိုရတာတွေလည်း ရှိတယ်။ အခွင့်အရေးတွေ ပိုရသလိုပဲ တာဝန်တွေလည်း ပိုလာလိမ့်မယ်။ ဒီတိုင်းပြည်ကို အင်္ဂလိပ်က အုပ်ချုပ်နေတုန်းက ဒီတိုင်းပြည်ကို ကာကွယ်ဖို့ အင်္ဂလိပ်





အစိုးရရဲ့တာဝန် ဖြစ်တယ်။ ဗမာပြည် လွတ်လပ်ရေးရတဲ့အခါမှာ ဗမာပြည်ကို ကာကွယ်ရမယ့်တာဝန်ဟာ ကျွန်တော်တို့တာဝန် ဖြစ်လာမယ်။ အရင်တုန်းကလို အေးအေးဆေးဆေးနေလို့ မဖြစ်တော့ဘူး။ ကျွန်တော်တို့တိုင်းပြည်အစိုးရလုပ်တဲ့လူတွေက တိုင်းပြည်ကာကွယ်ဖို့အတွက် ဗမာပြည်မှာ စစ်သားတွေ နည်းတယ်ဆိုရင် ဗမာတိုင်းဗမာတိုင်း အရွယ်ရောက်တဲ့လူတွေမှန်သမျှ ကျန်းမာတဲ့လူမှန်ရင် စစ်ထဲမဝင်မနေရ၊ စစ်မှုမထမ်းမနေရဆိုပြီးစနစ်နဲ့ ဖြစ်လာလိမ့်မယ်။ နှစ်နှစ်တန်သည် ဖြစ်စေ၊ သုံးနှစ်တန်သည် ဖြစ်စေ စစ်ထဲမှာဝင်ရမယ်။ တိုက်ချင်မတိုက်ချင် ဝင်တိုက်ရမှာပဲ။ အဲဒီဟာ လွတ်လပ်ရေးရတဲ့အခါမှာဖြစ်မယ့်တာဝန်မျိုးပဲ။ အဲဒီလိုပဲ ဒီတိုင်းပြည် လွတ်လပ်တဲ့အခါမှာဖြစ်မယ့်တာဝန်မျိုးပဲ။ အဲဒီလိုပဲ ဒီတိုင်းပြည်လွတ်လပ်တဲ့အခါမှာ ယိုးဒယားလို ဖြစ်ချင်သလား။ တူရကီပြည်လို ဖြစ်ချင်သလား။ အမေရိကန်ပြည်လို ဖြစ်ချင်သလား။ အင်္ဂလိပ်ပြည်လို ဖြစ်ချင်သလား။ ဆိုဗီယက်လို ဖြစ်ချင်သလား။ အဲဒီလို ဖြစ်ချင်တာတွေဟာ တိုင်းပြည်မှာ အလုပ်မလုပ်ဘဲ မဖြစ်ဘူး။

## ကြိုးကြိုးကုတ်ကုတ် လက်တွေ့လုပ်

အဲဒီတော့ကာ ဘိလပ်မှာ စစ်ကြီးပြီးတဲ့အခါမှာ အင်မတန်မွဲနေတယ်။ မွဲနေတယ်ဆိုရင် အရင်တုန်းက သူ့တိုင်းပြည်ကထွက်တဲ့ကုန်က သူ့တိုင်းပြည်ကို ဝင်တဲ့ကုန်ထက် အဆပေါင်းများစွာ ပိုပြီးများနေတယ်။ အဲဒီလို များနေတဲ့အတွက် သူ့တိုင်းပြည်ကလူတွေကို အတော်ကြီး ချောင်ချောင်လည်လည်ဖြစ်အောင်ထားနိုင်တယ်။ ဒီစစ်ကြီးပြီးတဲ့နောက် အင်္ဂလိပ်အစိုးရအဖို့မှာဆိုရင် နိုင်ငံခြားမှာရှိနေတဲ့ သူတို့ကိုယ်တိုင် ငွေပင်ငွေရင်းထိုးထားတဲ့လုပ်ငန်းတွေကို အမေရိကန်ကို ရောင်းပစ်ရတယ်။ ကြွေးဆိုရင်လည်း ရွှေဒင်္ဂါး သန်းပေါင်းထောင်ငါးရာလောက် တင်နေတယ်။ အဲဒါတွေအပြင် နောက်ပြီးတော့ သူတို့တိုင်းပြည်မှာရှိနေတဲ့ ပစ္စည်းတွေကလည်း အတော်ပဲ ကုန်သွားတယ်။ ကုန်ရှိတင်မကဘူး။ နိုင်ငံခြားနဲ့ ကုန်ကူးတဲ့နေရာမှာ ထွက်ကုန်က ဝင်ကုန်ထက် အများကြီး နည်းနေတယ်။

ဒီတော့ စစ်ပြီးတဲ့အခါ ရှေးနဂိုအခြေကို အမြန်ဆုံး ပြန်ရအောင်ဆိုပြီးတော့ (တစ်နှစ်တည်းနဲ့ရဖို့၊ နှစ်နှစ်တည်းနဲ့ရဖို့ မဟုတ်ဘူး။ လေးနှစ်၊ ငါးနှစ်၊ ခြောက်နှစ်၊ ခုနစ်နှစ်၊ ရှစ်နှစ်၊ ကိုးနှစ် အဲဒီလို လုပ်ရမယ်။ အဲဒီလိုလုပ်ယူတဲ့ကိစ္စမှာ 'ရှင်နည်းရာ အဂ္ဂလူထွက်' ဆိုသလိုဖြစ်နေတယ်။ အင်မတန်ပဲ ရာသီဥတုက ဆိုးဝါးပြီးတော့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com

အကြီးအကျယ် ပျက်စီးတယ်။ ကျောက်မီးသွေးလုပ်ငန်းမှာဆိုလည်း အကြီးအကျယ် ပျက်စီးတယ်။ သူတို့ရဲ့ စီးပွားရေးအခြေအနေကို ထိခိုက်နေတော့ကာ နဂိုအခြေအနေကို လေး၊ ငါး၊ ခုနစ်၊ ရှစ်နှစ်၊ ဆယ်နှစ် ဆိုသလို မူလအခြေအနေကို အမြန်ဆုံး ပြန်ရအောင်ဆိုပြီး သူတို့ ဘာကြိုးစားနေသလဲ။ အင်္ဂလိပ်တွေလုပ်တဲ့ပစ္စည်း၊ အင်္ဂလိပ်ပြည်မှာဖြစ်တဲ့ပစ္စည်းကို အင်္ဂလိပ်တွေ မဝယ်နိုင်ဘူး။ မဝယ်ရဘူး။ ဥပမာ အဝတ်အထည်ဆိုရင် အင်္ဂလိပ်ပြည်ကလုပ်တယ်။ အင်္ဂလိပ်တွေက လုပ်ပေးမယ်လို့ အင်္ဂလိပ်တွေလို တစ်ကိုယ်ကို နှစ်ထည်၊ သုံးထည်ထက် ပိုပြီး မဝတ်ရဘူး။ လိုသလောက်ထက် ပိုပြီး မဝတ်ရဘူး။ 'ကူပွန်' ဆိုတာတွေ ပေးတယ်။ အဲဒီလို ပေးပြီးတော့ ရောင်းတယ်။ အဲဒီ 'ကူပွန်' ရှိမှ ဝယ်နိုင်တယ်။ အဲဒီလို ရောင်းချတယ်။ အဝယ်ခိုင်းတယ်။

နိုင်ငံခြားကို ပိုတာတွေမှန်သမျှကို ပို့ပြီး ရောင်းတယ်။ နိုင်ငံခြားက ဘိလပ်ကိုသွင်းတဲ့ပစ္စည်းတွေကျတော့လည်း အရင်ကလို အရမ်းမဲ့ အသွင်းမခိုင်းဘဲ လျှော့လျှော့ပေါ့ပေါ့သွင်းပြီးတဲ့နောက် နိုင်ငံခြားကသွင်းတဲ့ ပစ္စည်းတွေကို ချွေချွေတာတာနဲ့ အရင်ကထက် အများကြီး လျှော့ပြီး အသွင်းခိုင်းတယ်။ လျှော့ပြီး သုံးခိုင်းတယ်။ သူတို့ဆီမှာ အရင်တုန်းက စားရတဲ့ ပေါင်မုန့်ဟာ အခုအခါမှာဆိုရင် အင်မတန်ကို လျှော့ပြီး စားရတယ်။ ယခုနေအခါမှာ ဒီလိုလုပ်မှ နောက်လေး၊ ငါး၊ ခြောက်နှစ်၊ ခုနစ်နှစ်၊ ရှစ်နှစ်ရှိတဲ့အခါမှာ အင်္ဂလိပ်ပြည်ဟာ နဂိုအခြေအနေကို ပြန်ရောက်ဖို့ အကြောင်းရှိတယ်။ ဒီတော့ကာ အဲဒီလို ကျကျနနမလုပ်ဘဲဆိုရင် မရနိုင်ဘူး။ တိုင်းပြည်ထူထောင်ဖို့ဆိုတာ လွတ်လပ်တဲ့တိုင်းပြည် ဖြစ်ငြားသော်လည်း အလုပ်လုပ်ရတယ်ဆိုတာ ခင်ဗျားတို့ သိစေချင်တယ်။

## ချွေချွေတာတာ ရုရှားမှာ

ဆိုဗီယက်ယူနီယံ ဆိုတဲ့ တိုင်းပြည်ဟာ တော်လှန်ရေးလုပ်ပြီးတုန်းက စစ်အတောအတွင်းမှာလုပ်တဲ့ ကွန်မြူနစ်စနစ်ဆိုပြီး လုပ်တယ်။ စစ်ပြီးတဲ့နောက် (New Economic Policy) ဆိုတဲ့သဘောနဲ့ စီးပွားရေးစနစ်နဲ့သပ်ရတယ်။ နောက်ငါးနှစ်စီမံကိန်းတွေ ဆိုဗီယက်ယူနီယံမှာ လုပ်တယ်။ ငါးနှစ်စီမံကိန်းတွေလုပ်တဲ့အခါ ပထမစီမံကိန်းလုပ်တုန်းက တစ်နိုင်ငံလုံးရဲ့ အခြေအနေအားလုံးကိုခြုံပြီး ရှေးရှုပြီးတော့ တစ်တိုင်းတစ်ပြည်လုံးရဲ့ ကောင်းဖို့ ရှေးရှုပြီးလုပ်ရတဲ့အတွက် လူတွေ စားချင်တိုင်း မစားရဘူး။ ဝတ်ချင်တိုင်း မဝတ်ရဘူး။ နေချင်တိုင်း မနေရဘူး။ အဲဒီလိုဖြစ်နေရတယ်။





အဲဒီတော့ ကျွန်တော်တို့ တိုင်းပြည်ကို ပြန်လည် ထူထောင်ကြမယ်ဆိုရင် (National Planing) ခေါ်တဲ့ အဲဒီလို စီမံကိန်းမျိုးနဲ့မလုပ်ဘဲ ကျွန်တော်တို့ တိုင်းပြည် ဘယ်တော့မှ မကြီးပွားနိုင်ဘူး။ မထူထောင်နိုင်ဘူး ဆိုတာ ခင်ဗျားတို့ သိစေချင်တယ်။

အဲဒီတော့ ပဒေသာပင် မြေကပေါက်မလာနိုင်ဘူး။ ကျွန်တော်တို့ အလုပ်လုပ်မှ ပေါက်မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင်တယ်။ လွတ်လပ်ရေး ရပင်ရငြားသော်လည်း တိုင်းသူပြည်သား လူအများအပေါ် ကျရောက်လာမယ့် တာဝန်တွေ ကျွန်တော်တို့ မထမ်းဆောင်ချင်ဘူးဆိုရင် ခင်ဗျားတို့ရတဲ့ လွတ်လပ်ရေးဟာ ဒီနေ့ရပြီး နက်ဖြန်ခါ တခြားလက်ပြန်ပါသွားမယ်ဆိုတာ ခင်ဗျားတို့ သိစေချင်တယ်။ အဲဒီလို လွတ်လပ်ရေးရတဲ့အခါမှာ စီမံကိန်းအမျိုးမျိုးနဲ့လုပ်တောင်မှ အနှစ်နှစ်ဆယ်လောက်ကြာမယ်။

## ယိုးဒယားကိုရှု ဗမာပြု

အဲဒီလို မလုပ်နိုင်လို့ရှိရင် ယိုးဒယားပြည်ရဲ့ အဆင့်အတန်းတောင်မှ မီမှာမဟုတ်ဘူး။ ယိုးဒယားပြည်ဟာ လွတ်လပ်တဲ့နိုင်ငံထဲမှာတော့ ညံ့ညံ့ပဲ။ သို့သော်လည်းပဲ ယိုးဒယားပြည်ဟာ ကျွန်တော်တို့ ဗမာပြည်နဲ့စာလျှင် သာတာပဲ။ စစ်တပ်တွေ ကောင်းကောင်း ရှိတယ်။ ရေတပ်တွေရှိတယ်။ လေတပ်တွေရှိတယ်။ အဲဒီလိုဟာတွေ ယိုးဒယားပြည်က ရှိတယ်။ ကျွန်တော်တို့မှာတောင် အဲဒီလိုဟာတွေ မရှိသေးဘူး။ ကျွန်တော်တို့မှာ သူညာစပြီး အကုန်လုံး ပြန်ပြီး အုတ်မြစ်ချပြီး အလုပ်လုပ်ရမှာဖြစ်တော့ ကျွန်တော်တို့က တခြားနိုင်ငံတွေက ခြေလှမ်းတစ်လှမ်းလှမ်းရင် ကျွန်တော်တို့က ခြေလှမ်းငါးဆယ်လှမ်းလှမ်းမှ နောက် (၁၀) နှစ်၊ (၁၅) နှစ်လောက်ကြာလို့ရှိရင် တန်းတူညီတူ ဖြစ်နိုင်မယ်။ တန်းတူညီတူ မဖြစ်သမျှ ကာလပတ်လုံး တိုင်းပြည်ကြီးဟာ လွတ်လပ်တယ်ဆိုပေမယ့် ဟိုလူမြင်လည်း မျက်နှာချိုသွေးရ၊ ဒီလူမြင်လည်း မျက်နှာချိုသွေးရတဲ့ နိုင်ငံမျိုးဖြစ်မယ်ဆိုတာ ခင်ဗျားတို့ကို အတိအလင်း ပြောလိုက်မယ်။ အဲဒီတော့ ကျွန်တော်တို့ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ လူထုညီညွတ်ရေးရှိဖို့ အရေးကြီးတယ်။ စားဖားတွေ ညီညွတ်ရေးကို မလိုချင်ဘူး။

## အောင်သည်အထိ ကြိုးစားဘိ

အခုဖြစ်နေတဲ့ အခြေအနေအရ လွတ်လပ်ရေးကိစ္စကို ခန့်မှန်းပြောရမယ်ဆိုရင် လွတ်လပ်ရေးဟာရဖို့ အခြေအနေတော့ တော်တော်ပဲ



www.burmeseclassic.com

www.burmeseclassic.com

များတယ်ဆိုတာ ပြောချင်ပါတယ်။ ပြောပေမယ့် ကျွန်တော်တို့ ဗမာစကားလည်း ရှိတယ်။ အင်္ဂလိပ်စကားကတော့ Don't hollow till you are out of the wood သစ်တောမျက်မည်းအတွင်းက မထွက်မီခင် ငါတော့ ဘေးလွတ်ပြီလို့ မအော်ပါနဲ့။ ခြင်္သေ့မင်း ဥပမာလို ပြောရမယ်ဆိုရင် ခြင်္သေ့များဟာ သားကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာ၊ ငယ်တာ ပမာနမထားဘဲ ကြီးကြီး၊ ငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ ကျွန်တော်တို့ဟာ အဲဒီထုံးစံအတိုင်း ကျွန်တော်တို့ဟာ ပန်းတိုင်ရောက်သည်အထိ ကျွန်တော်တို့ အောင်မြင်မယ်ထင်သည့်တိုင်အောင် ကြိုးစားမှု အားထုတ်မှု လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။

## မလျှော့တမ်းအဟုတ် ဖွဲ့နှင့်လုပ်

ကျွန်တော်တို့ ဗမာတွေမှာ ချို့ယွင်းတာ တစ်ခုရှိတယ်။ ဘာလဲဆိုရင် ဒါကလည်းပဲ ကျွန်တော်တို့ ကျွန်ဖြစ်ခဲ့ရတဲ့အတွက် ဖြစ်ချင်မှဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော် ဂျပန်ခေတ်တုန်းက ပုသိမ်ဘက်ကိုသွားတဲ့အခါမှာ လှေပြိုင်ပွဲတစ်ခု ကြည့်ခဲ့တယ်။ လှေပြိုင်ပွဲလုပ်တဲ့အခါမှာ ပန်းတိုင်ကို မရောက်သေးဘူး။ ရှေ့ကို နည်းနည်းနိုင်လာပြီဆိုရင် နိုင်နေတဲ့လှေက တက်ကိုထောင်တယ်။ ရှုံးတဲ့လှေကလည်း ပန်းတိုင်မရောက်သေးဘူး ကြိုးစားမယ်ဆိုရင် ကြိုးစားနိုင်သေးတယ်။ မကြိုးစားချင်တော့ဘူး။ ရှုံးမှာပါပဲကွာဆိုပြီးတော့ ခြေပစ်လက်ပစ်နဲ့ တက်မခတ်ချင်တော့ဘူး။ အဲဒါဟာ တိုင်းပြည်ထူထောင်တဲ့နေရာမှာ အဲဒါက လွတ်လပ်တဲ့လူမျိုးနဲ့ ထိုက်တန်တဲ့စိတ်ဓာတ်မျိုး မဟုတ်ဘူး။ ဒါက ကျွန်ဖြစ်မယ့်စိတ်ဓာတ်မျိုးပဲ။ ဒီစိတ်ဓာတ်မျိုး ရှိနေသမျှကာလပတ်လုံး ကျုပ်တို့ ဗမာတွေ ကျွန်ဖြစ်နေမှာပဲ။ လွတ်လပ်ရေးရသည့်တိုင်အောင် မြန်မြန်ပြန်ပြီးတော့ ကျွန်ဖြစ်မှာပဲ။ ကျွန်မဖြစ်သည့်တိုင်အောင် ညံ့ဖျင်းတဲ့ လွတ်လပ်ရေးဖြစ်မှာပဲ။ အဲဒီ လှေပြိုင်ပွဲတုန်းက လှေတစ်လှေဟာ တက်ထောင်မိတာနဲ့ ပွဲတစ်ပွဲမှာ ရှုံးကိုသွားတယ်။

ဘောလုံးပွဲကန်ကြတဲ့အခါမှာလည်း ကိုယ်ကစပြီး ဂိုးသွင်းရရင်အတော်ပဲ။ အားတက်လာတယ်။ နောက်တစ်ခါ တော်တော်လေး ဂိုးများလာတယ်ဆိုရင် လျှော့လျှော့ပေါ့ပေါ့ ကန်ချင်လာတယ်။ တစ်ဖက်ကလည်း နောက်ဆုံး အပြီးသတ်ကျတော့မှ ကပ်ပြီး ဂိုးသွင်းသွားလို့ ရှုံးတာတွေ သရေဖြစ်တာတွေကို ဘောလုံးပွဲရာဇဝင်မှာ ပြန်စဉ်းစားကြည့်ရင် တွေ့ရမှာပဲ။ ဒါတွင်မကသေးဘူး။ သူတို့လူတွေက ပထမနာရီဝက်မှာ ရှုံးသွားရင်





တော်သေးတယ်။ ဒုတိယနာရီဝက်မှာ (၁၀) မိနစ်လောက်ကြာတော့ တော်တော်လေးကန်မိလို့ ဂိုးပြန်မသွင်းနိုင်သေးဘူးဆိုရင် လူကိုပြန်ချတာပဲ။ ကျွန်တော်တို့ ဗမာပြည်မှာ အဲဒါ (Sporting Spirit) မရှိဘူး။ ဒါ ဘာလဲဆိုရင် ကျွန်တော်လည်း ဗမာတွေရဲ့စိတ်ဓာတ် ထက်မြက်တယ်ဆိုတာ တလွဲမှာ ဆံပင်ကောင်းနေတာပဲ။ တကယ့်နေရာကျတော့ အသုံးမကျဘူး။ ဗမာပြည်လွတ်လပ်ရေးလုပ်တဲ့နေရာမှာ အသုံးမကျဘူး။ ဗမာဗမာချင်း ချဖို့လုပ်ချင်တယ်။ ပြန်လည်ထူထောင်ရေးလုပ်တဲ့နေရာမှာ အသုံးမချချင်ဘူး။ ဗမာအချင်းချင်း ချဖို့လုပ်ချင်တယ်။ ဒါတွေလုပ်ချင်ရင် ဘယ်တော့မှ အကျိုးခံစားခွင့်ရှိမှာ မဟုတ်ဘူး။ ဒီတိုင်းပြည် ပြန်လည်မထူထောင်နိုင်ဘူး။ နာလန်မထူနိုင်ဘူး။ လွတ်လပ်ရေးလည်း ကျကျနနလုပ်လို့မဖြစ်ဘူး။ အဲဒီလို စိတ်ဓာတ်မျိုးကို လုံးဝ ဖျောက်ဖျက်ပစ်ဖို့ လိုတယ်။ ကျွန်တော်က ဘာလုပ်လုပ် နောက်ဆုံးတစ်နေ့ပြီးတဲ့အထိ ရှုံးမယ်ထင်သည်ဖြစ်စေ၊ နိုင်မယ်ထင်သည်ဖြစ်စေ မလျှော့တမ်း ဖွဲ့နဲ့လုပ်သွားမယ်။

## ချီးမွမ်းဖွယ်ရာ နမူနာ

အင်္ဂလိပ်တွေက ကျွန်တော်တို့ကို အုပ်ချုပ်နေလို့ ကျွန်တော်တို့က နှန်းပေမယ်လို့ အင်္ဂလိပ်တွေမှာ ချီးမွမ်းပြီး နမူနာတွေယူစရာ အများကြီးရှိတယ်။ ပြီးခဲ့တဲ့စစ်ကြီးမှာ သူတို့ အကျဉ်းအကျပ် ဘယ်လောက်ရောက်ခဲ့သလဲ။ အဲဒီ အကျဉ်းအကျပ်ထဲက သူတို့ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း အံကြိတ်ပြီး ခါးတောင်းကျိုက်ပြီး ကြိုးစားခဲ့တယ်ဆိုတာ သူတို့ကိုကြည့်ပါ။ အခုလည်း သူတို့တိုင်းပြည်မှာ ကျပ်ကျပ်တည်းတည်းနေရတာကို လူတွေက မညည်းဘူးလားဆိုတော့ ပုထုဇဉ်သဘာဝ ညည်းတော့ညည်းတာပဲ။ ညည်းပင်ညည်းငြားသော်လည်း စည်းနဲ့ကမ်းနဲ့ ညည်းကြတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ စည်းကမ်းကို မရှိသလောက် ဖြစ်နေတယ်။ ဒီမှာတော့ နိုင်ငံရေးလုပ်တဲ့နေရာတွေမှာ ယခုနေအခါမှာ ဆယ်ချဲ့သမား သဘောကျမယ့်အလုပ်မျိုးတွေ လုပ်နေတယ်။ အခု ကျွန်တော် တိတိလင်းလင်း ပြောထားပါမယ်။

## အင်အားငယ်လျှင် ငယ်မည်ပင်

ဗမာပြည်မှာ လူထုညီညွတ်ရေး၊ တိုင်းရင်းသား အချင်းချင်း ညီညွတ်ရေးတွေဟာ မပြိုမကွဲဘဲ ဘယ်သူမှ ဖောက်ထွင်းလို့မရလို့ရှိရင်၊ နောက်ပြီးတော့ လက်ဝဲသမားခေါ်တဲ့ လူငယ်နိုင်ငံရေးသမားတွေ ညီညွတ်

www.burmeseclassic.com

သထက် ညီညွတ်လာလို့ရှိရင် အဲဒါ အင်အားကြီးသလောက် ခင်ဗျားတို့ လွတ်လပ်ရေးဟာ ပိုကောင်းမယ်။ အင်အားငယ်ရင် ငယ်သလောက် ခင်ဗျားတို့ လွတ်လပ်ရေးဟာ အခွင့်အရေး နည်းလာမယ်။ နောက်အခါ အဲဒီလိုနေရာမှာ နိုင်ငံရေးသမားတွေ တချို့ ခြေထိုးတာတွေကို ယောင်မှားလို့ အင်မတန် ဖရိုဖရဲဖြစ်ကြရင်တော့ ခင်ဗျားတို့ လွတ်လပ်ရေးရမှာ မဟုတ်ဘူး။ အိန္ဒိယပြည်မှာလို အင်္ဂလိပ်က မပေးချင်တာကြောင့် မဟုတ်ဘဲနဲ့ မလုပ်ရင်မဖြစ်တဲ့ အခြေအနေမျိုး ရောက်လာမယ်။ အဲဒါ ခင်ဗျားတို့ သတိထားဖို့ ကောင်းပါတယ်။

## ဖုံးပေါလအော မနှမြော

ဒီဟာတွေကို သတိထားပြီး တိုင်းပြည် ပြန်လည်ထူထောင်ရေးနဲ့ ပတ်သက်လို့ အနည်းငယ် ပြောပြချင်တယ်။ ဒီတိုင်းပြည် ပြန်လည်ထူထောင်ရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဖြစ်နေတဲ့ အခြေအနေမှာ အင်မတန်ပဲ ဆိုးနေတယ်။ ကျွန်တော်တို့တိုင်းပြည်ဟာ ဒီကမ္ဘာစစ်ကြီးပြီးတဲ့နောက် ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတွေထဲမှာ ကျွန်တော်တို့တိုင်းပြည်လို 'မိအေးနှစ်ခါနာ' ရှိတဲ့ တိုင်းပြည်မျိုး မရှိသေးဘူး။ ဂျပန်ဝင်လာတော့လည်း စစ်မြေပြင်ဖြစ်တယ်။ အဲဒီလို မိအေးနှစ်ခါနာဖြစ်တဲ့ ဗမာပြည်ဟာ အင်မတန်ပဲ စီးပွားရေးမှာ ပျက်စီးတယ်။

## သူတို့ပြည်မှာ သွားကြည့်ပါ

အင်္ဂလိပ်ပြည်မှာလည်း စီးပွားရေးပျက်စီးတော့ အင်္ဂလိပ်လူမျိုးတွေက စီမံကိန်းတွေဘာတွေလုပ်တယ်။ သိပ်ပြီးတော့ ကျကျနနမရှိဘူး။ သို့သော်လည်း ကျွန်တော်တို့ တိုင်းပြည်နဲ့စာရင်တော့ စနစ်က ပိုကောင်းတယ်။ ကြိုးကြိုးစားစားနဲ့ လေး၊ ငါး၊ ဆယ်နှစ်လောက်ကျရင် တကယ်ချောင်လည်လာအောင် ဝိုင်းဝန်းပြီး ကြိုးစားနေကြတယ်။ အဆင့်အတန်းမြင့်သထက်မြင့်အောင် ကြိုးစားနေကြတယ်။

ဆိုဗီယက်ယူနီယံမှာဆိုရင် စစ်ကြီးပြီးလျှင်ပြီးချင်း ငါးနှစ်စီမံကိန်းဆိုပြီး ခြိုးခြံဖို့လုပ်နေကြတယ်။ ဆိုဗီယက်ယူနီယံမှာ ရှေးကလို စားလိုက်သောက်လိုက် ချောင်ချောင်လည်လည် စားရ၊ သောက်ရတာ မရှိတော့ဘူး။ ပြန်ပြီး ချွေတာနေကြပြီ။ ဒါက နိုင်ငံခြားထွက်ကြည့်မှ သိတယ်။ စစ်ဖြစ်နေတုန်းက ကျွန်တော် ဂျပန်ပြန်ရောက်ဖူးတယ်။ ဂျပန်ပြည်ကလူတွေ ဗမာပြည်ကလူတွေလောက် အဝတ်အထည်ကို ပေါပေါများများ မဝတ်ရဘူး၊ မစားရဘူး။ နေတဲ့နေရာမှာတော့ သပ်သပ်ရပ်ရပ်နေရတယ်။ ကျွန်တော်တို့ ဗမာပြည်ကတော့ ဒီလို မဟုတ်ဘူး။ ဖုံးပေါလအော စားသောက်နေထိုင်ကြတာပဲ။

အိန္ဒိယပြည်ကို သွားကြည့်ပါ။ ဟိုတယ်တွေကိုသွားရင် (၂၄) ယောက်ထက် ပိုပြီး ကျွေးချင်လို့ မကျွေးရဘူး။ ပေါင်မုန့်မရဘူး။ အာလူးတစ်ခုပဲရတယ်။ နောက်ပြီး ဟင်းတစ်မည်ထက် ပိုမရဘူး။ ကျွန်တော်တို့ဆီမှာ ဆန်းကဖီးကိုသွားလို့ရှိရင် ဟင်းတစ်မည်တွင် မကဘူး။ နှစ်မည်၊ သုံးမည်၊ လေးမည် အကန့်အသတ်မရှိ စားချင်းတိုင်းစားနိုင်တယ်။ အင်္ဂလန်ပြည်မှာ ဟိုမှာ ထမင်းမရဘူး။ ဆန်မရဘူး။ ပေါင်မုန့်ဆိုရင် အရင်ကထက် လျှော့ပေးတယ်။ အဲဒီလို ခြိုးခြံပြီးတော့ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို လုပ်နေကြတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ ကျပ်တယ်ကျပ်တယ်နဲ့ ပြောနေကြတယ်။ လူတွေက ဖုံးပေါလအော သုံးစွဲနေကြတုန်းပဲ။

ကျွန်တော်တို့ ဗမာတွေမှာ ဆီမရှိလို့ မစားနိုင်ဘူးလို့ ပြောကြတယ်။ ဆီမရှိလို့ မစားနိုင်တာ မှန်ပါတယ်။ သို့သော်လည်းပဲ ဒီဆီကို ဘာအတွက်သုံးနေကြသလဲ။ ဖုံးပေါလအော သုံးသလား၊ မသုံးဘူးလားဆိုတာ ဈေးတွေသွားကြည့်ပါ။ အိမ်တွေ သွားကြည့်ပါ။ သိနိုင်ပါတယ်။ တခြားနိုင်ငံကိုသွားကြည့်ရင် ဆီကို ဒီလို ဖုံးပေါလအော သုံးသလား၊ မသုံးဘူးလားဆိုတာ သွားကြည့်ရင် သိနိုင်ပါလိမ့်မယ်။ ခင်ဗျားတို့စိတ်ထဲမှာတော့ ဘာမှ အရေးမကြီးလို့ ထင်တယ်။ ခင်ဗျားတို့ဆီတွေ ဖုံးပေါလအောသုံးသည့်အတွက်ကြောင့် ကုလားပြည်က နှစ်စဉ်နှစ်စဉ် ဆီတွေ အမြောက်အမြား သွင်းနေရတယ်။ အဲဒါ ဈေးကြီးတဲ့အထဲမှ အကြောင်းတစ်ရပ်ပဲ။

ပြီးတော့ ငရုတ်၊ ကြက်သွန်ကို ကြည့်ပါ။ ဗမာပြည်မှာ ကိုယ့်ဘာသာကိုယ် စိုက်လို့မရဘူးလား။ ကျွန်တော်ဆိုရင် ကျွန်တော့်အိမ်မှာ စိုက်ထားတယ်။ အိမ်ရာကွက်လပ်ရှိတဲ့ နေရာမှာရှိတဲ့ လူတွေက စိုက်ကြပါသလား။ ဒီလိုတော့ မစိုက်ကြဘူး။ ဈေးမှာဝယ်စားတော့ အဲဒီ ငရုတ်၊ ကြက်သွန်တွေ ဘယ်ကလာသလဲ။ အိန္ဒိယပြည်က လာတယ်။ အိန္ဒိယပြည်ကလာတော့ အိန္ဒိယပြည်ကို ခင်ဗျားတို့ ပိုက်ဆံပေးနေရတယ်။ ဒီတိုင်းပြည်မှာ ရနိုင်တဲ့ပစ္စည်းကို တခြားနိုင်ငံက ဝယ်ရတဲ့အတွက် ဈေးတွေကြီးတယ်ဆိုတာဟာ အခုလိုအကြောင်းမျိုးတွေကြောင့်ပဲ။


ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## ကျပ်တယ်ကျပ်တယ် အပုံကြီးကျပ်တယ်

အဲဒီလိုပဲ ဆန်စားတဲ့နေရာမှာ ဆရာဝန်တွေနဲ့ အာဟာရဓာတ်ကို နားလည်တဲ့လူတွေက လိုက်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ တိုင်းပြည်မှာ စားရတဲ့ အာဟာရဓာတ်တွေဟာ တခြားနိုင်ငံတွေထက် ပိုများတယ်။ ကျွန်တော်တို့ပြည်မှာ ဆန်က လုံလောက်တယ်။ ပိုနေတယ်။ နိုင်ငံခြားကို တင်ရောင်းရတယ်။ နိုင်ငံခြားတင်ရောင်းရပေမယ့် စစ်မဖြစ်ခင်ကလောက် ပိုပိုလျှံလျှံ မရှိဘူး။ အဲဒီမှာ ကျွန်တော်တို့လူမျိုးတွေစားတာက ရှေးက ထက် လျှော့မစားဘူး။ အရင်ကလိုပဲ ဗိုက်ပေါ့လအောင် စားတုန်းပဲ။ အဲဒီ တော့ကာ ယခုဖြစ်နေတာက စစ်မဖြစ်ခင်ကလောက်လည်း ဆန်မထွက် ဘူး။ ဆန်မထွက်တဲ့အထဲမှာ ကျွန်တော်တို့က လျှော့စားသလားဆိုရင် လျှော့မစားဘဲ ဗိုက်ပေါ့လအောင်စားတုန်းပဲ။ အဲဒီအထဲမှာ ဆန်လုတဲ့အတွက် ငွေပေါင်း တစ်ကုဋေကျော်ဖိုးလည်း ရှုံးသေးတယ်။

ကျွန်တော်တို့တိုင်းပြည်က ဝင်ကုန်၊ ထွက်ကုန်မှာ ထွက်ကုန်က အရင် စစ်မဖြစ်ခင်က ဝင်ကုန်ထက်များတယ်။ အဲဒီအထဲမှာ ဆန်ကုန်ကူး တဲ့အတွက် အများဆုံး အမြတ်ရတယ်။ ဆန်ကိုသာလျှင် အများဆုံးအား ထားရတယ်။ ဗမာတွေရဲ့ အသက်သခင်ဖြစ်တဲ့ကိစ္စမှာ စစ်ဖြစ်ပြီး ပျက်စီးနေ တဲ့အတွက်ကတစ်ကြောင်း၊ နွားတွေ လူလုသွားတာကတစ်ကြောင်း၊ သူခိုး ဓားပြ သောင်းကျန်းမှုကြောင့်တစ်ကြောင်း လယ်ယာတွေကို ရှေးကလောက် မလုပ်နိုင်ဘူး။ အဲဒီလို မလုပ်ရတဲ့အထဲမှာ ခင်ဗျားတို့က ဗိုက်ပေါ့လအောင် စားကြတုန်းပဲ။ ဆန်လုတဲ့လူကလည်း လုတုန်းပဲ။ အဲဒီလို ဖြစ်နေတာကို ခင်ဗျားတို့က ကျပ်တယ်၊ ကျပ်တယ်နဲ့ ဘာအံ့သြစရာရှိသလဲ။ ကျပ်မှာပဲလို့ ပြောချင်တယ်။

## အကောင်အထည် ဖော်ခဲ့ပြီ

တိုင်းပြည်မှာ မငြိမ်မသက်ဖြစ်နေတဲ့ကိစ္စတွေ၊ ဆူဆူပူပူဖြစ်နေတဲ့ ကိစ္စတွေ တိုင်းပြည်အတွက် အကျိုးရှိသလား၊ မရှိဘူးလားဆိုတာ ခင်ဗျား တို့ ပြန်စဉ်းစားကြည့်ပါ။ ခင်ဗျားတို့အကျိုးကို ထိသလား၊ မထိဘူးလား ဆိုတာ၊ ခင်ဗျားတို့ဟာ ဘယ်လမ်းက မှန်တယ်ဆိုတာ ခင်ဗျားတို့ စဉ်းစား ကြည့်။ ဖဆပလအဖွဲ့ချုပ်ကြီးက တစ်ခါတလေ အပြောမှားတာ ရှိချင်ရှိ မယ်။ တစ်ခါတလေ အလုပ်လုပ်တာ မှားတာရှိချင်ရှိမယ်။ သို့သော်လည်း စေတနာက သန့်ရှင်းလျက်ပါပဲ။ ဖဆပလဘက်က တစ်ယောက်တလေ



ဖောက်ပြန်တာတော့ ရှိပါတယ်။ သို့သော်လည်းပဲ အဖွဲ့အနေအားဖြင့် မဖောက်ပြန်ဘူးဆိုတာ ခင်ဗျားတို့ သိစေချင်တယ်။ သန့်ရှင်းတဲ့စေတနာနဲ့ ခြေလှမ်းမှန်မှန်နဲ့ တိုင်းပြည်ရဲ့လွတ်လပ်ရေးကို အကောင်အထည်ပေါ်အောင် ရုပ်လုံးကို ဖော်ဖော်ပြလာပြီ။ နောင်များမကြာခင် ရုပ်လုံးကတစ်ဆင့်တက် ပြီး ရုပ်လုံးဖော်တာကို ခင်ဗျားတို့ မြင်ကြရမယ်။

ဒီလို ထူထောင်ရေးလွတ်လပ်ရေးရအောင် လုပ်တဲ့အခါမှာ ပထမ တော့ အကောင်းဆုံး၊ အလွယ်ဆုံး၊ အအေးဆုံးဆိုတဲ့နည်းကို ရှေးဦးစွာ ရှာပြီး လုပ်ရမှာပါပဲ။ အဲဒီလို လုပ်လို့မှမရဘူးဆိုရင် ရှေးက ပြောလာခဲ့တာ တွေ ရှိပါတယ်။ ခင်ဗျားတို့ စဉ်းစားကြည့်ပါ။ အေးအေးနဲ့မရရင် ရနိုင် တဲ့နည်းနဲ့လုပ်ရမယ်။ တိုင်းပြည်ပြုလွှတ်တော်ကို အချုပ်အချာအာဏာနဲ့ ပြည့်စုံတဲ့ လွှတ်တော်မဟုတ်ဘူးလို့ ကျွန်တော်ပြောတာ အေးအေးချမ်းချမ်း အင်္ဂလိပ်အစိုးရနဲ့ အကြည်အသာ အာဏာလွှဲပြောင်းယူနိုင်အောင် ပထမ ရှေးဦးစွာ အဲဒီသဘောကိုထားခြင်း ဖြစ်တယ်။ သို့သော်လည်း ကျွန်တော် တို့ ပိုင်းခြားကန့်သတ်ထားတဲ့ အချိန်အတွင်းမှာ အကြည်အသာ မရှိဘူး ဆိုရင် ကျွန်တော်တို့က အတင်းအကျပ် လုပ်မယ်ဆိုတာ ပြောထားပြီးသား ပဲ။ ထပ်ပြောစရာ မလိုပါဘူး။

## အနှစ်နှစ်ဆယ် မှန်းဆတယ်

ခင်ဗျားတို့ကသာ အတင်းလုပ်တဲ့အခါမှာ အဆင်သင့်ရှိရမှာပဲ။ ဆယ်ရေးတစ်ရေး ကိုယ်ရေးတစ်ရာ ဆိုသလို ကိစ္စမပြီးသေးတော့ ကျွန်တော် တို့ စိတ်အားမလျှော့ရသေးဘူး။ အရင်တစ်ခါ ကျွန်တော်ပြောခဲ့သလို နိုင်ငံရေးဘက်က အေးနေပြီးတော့ကာ မဟုတ်တဲ့နေရာမှာ ဆူတာပူတာ ေတော့ ပိုလာသလို ဖြစ်နေတယ်။ အဲဒီလိုမဟုတ်တဲ့နေရာမှာ ဆူပူ သောင်းကျန်းမှုတွေကို ဗမာပြည်မှာရှိတဲ့ လူတွေက အားလုံး ကူညီဝိုင်းဝန်း ဖို့လိုတယ်။ ဘယ်သူကိုမှ အားပေးဖို့မလိုဘူး။ သို့သော်လည်း ဗမာပြည် ရဲ့ လွတ်လပ်ရေး၊ တိုင်းပြည်လူထုရဲ့ ညီညွတ်ရေးလုပ်တဲ့နေရာမှာ ယခု ထက် ပိုပြီး ဆတက်ထမ်းပိုးတိုးပြီး အလုပ်လုပ်ကြဖို့ လိုတယ်။ အလုပ် လုပ်တဲ့နေရာမှာ ကျွန်တော်တို့ ဖဆပလအဖွဲ့ချုပ်ကြီးက လုပ်တဲ့နေရာမှာ လိုသေးတယ်။ ကျွန်တော် မကျေနပ်သေးဘူး။ ကျွန်တော်တို့အားလုံး အလုပ်လုပ်ကြဖို့ လိုတယ်။ ဒီလိုလုပ်မှသာလျှင် လွတ်လပ်ရေးဆိုတာ ကျွန် တော်တို့ ရည်ရွယ်မှန်းထားတဲ့ အချိန်ပိုင်းအတွင်းမှာ ရမယ်။ ရပြီးတဲ့ နောက် ရှေ့ကို နင်းကန်ပြီး ဆက်လက်ပြီး အလုပ်လုပ်နိုင်မှ အနှစ်နှစ်

www.burmeseclassic.com

www.burmeseclassic.com

ဆယ်လောက်ကြာတဲ့အတွင်းမှာ တန်ကာကျမယ်။

## ကုဋေကုဋာ ကုန်ဖွယ်ရာ

ထပ်ပြီး ကျွန်တော် ရှင်းပြချင်သေးတယ်။ ဥပမာအားဖြင့် ပညာရေးကို ကြည့်မယ်ဆိုရင် ပညာရေးမှာ ကျွန်တော်တို့ ဗမာပြည်ဟာ အရင်စစ်မဖြစ်ခင်ကထက် အောက်ကျနောက်ကျဖြစ်နေတယ်။ အင်မတန်အောက်ကျ နောက်ကျဖြစ်နေတော့ အခမဲ့ မူလတန်းပညာ မသင်မနေရဥပဒေလုပ်ပေးပါလို့ ပြောတယ်။ ဥပဒေလုပ်ပေမယ့် ဘယ်လောက် ကြိုးစားမှ ဘယ်လောက်ကြာမှ အဲဒီလို အခမဲ့ မူလတန်း မသင်မနေရပညာဆိုတာဟာ ဗမာပြည်တစ်ပြည်လုံး ရွာတိုင်းမြို့တိုင်းမှာ ဖြစ်မလဲဆိုရင် အနှစ်နှစ်ဆယ်လောက်ကြာမှ ဖြစ်မယ်။ အခုရှိတဲ့ ဆရာတွေက အင်မတန်နည်းနေတယ်။ ဒီဆရာတွေကို သင်ရမယ့် ကောလိပ်ကျောင်းသားတွေနော်မံကျောင်းတွေ တိုင်းပြည်တစ်ပြည်လုံးမှာ ဒီကျောင်းတွေ၊ အဆောက်အအုံတွေ ရှိရမယ်။ ကျောင်းတွေမှာသုံးရမယ့် ကိရိယာ တန်ဆာပလာပစ္စည်းတွေ၊ ခဲတံ၊ စာအုပ်၊ ကျောက်သင်ပုံး စုံစုံလင်လင် ရှိရမယ်။ အဲဒီအတွက် အဲဒါတွေအတွက် ဘယ်လောက်ကုန်မလဲဆိုရင် ကုဋေပေါင်းအများကြီး ချီပြီးကုန်မယ်။ အဲ့ဒါ အနှစ်နှစ်ဆယ်လောက် ကျိုးလုပ်ပါမှ ဗမာပြည်တစ်ပြည်လုံး အခမဲ့ မူလတန်းပညာ မသင်မနေရဆိုတာ ရွာတိုင်းမြို့တိုင်းမှာ ဖြစ်နိုင်မယ်။

## ကုန်း၊ ရေ၊ လေတပ် လွှန်ရှိအပ်

နောက်ပြီး ကာကွယ်ရေးဘက်မှာ ကြည့်ပါဦး။ အခု ကျွန်တော်တို့ရှိတဲ့ စစ်တပ် ဗမာပြည်မှာ ဆူတာပူတာကို နှိမ်ဖို့လောက်တော့လုံလောက်တယ်။ အဲဒီ ဆူတာပူတာကို စစ်တပ်ရော ပုလိပ်ပါ နှစ်ဆပို့ထားတယ်။ အဲဒီလို ဆပို့ထားတဲ့အတွက် နှစ်ဆပိုပေးရတဲ့ စရိတ်ကုန်တယ်။ အဲဒါ ဘယ်သူ့ဆီက ငွေနဲ့ပေးရလဲဆိုရင် ခင်ဗျားတို့ပေးတဲ့အခွန်ငွေထဲက ပေးရတယ်။ အဲဒါကြောင့် ဈေးတွေကြီးနေတယ်။ သို့သော်လည်းပဲ တိုင်းပြည်ကာကွယ်ဖို့ဘက်မှာ ကျွန်တော်တို့ စစ်တပ်တွေနဲ့မလုံလောက်သေးဘူး။ ကုန်းတပ်ဆိုတဲ့ စစ်တပ်ဟာ ဘာမှ မဖြစ်လောက်သေးဘူး။ ဒီတပ်မျိုးဟာ အခုလိုဖြစ်တဲ့ စစ်ကြီးမျိုးမှာဆိုရင် တော်တော်တန်တန် ကြီးမားတဲ့ ရန်သူက လက်နက်ကောင်းကောင်းနဲ့ တိုက်လိုက်တယ်ဆိုရင် နာရီပိုင်းအတွင်းမှာ ရင်ဆိုင်တိုက်လိုက်ရင် ပြုတ်မယ်။





ကျွန်တော်တို့မှာရှိတာက ရေတပ်ဆိုတာက ဗန်းပြရေတပ်ပဲ ရှိသေးတယ်။ တကယ့်တကယ် ဘာမှ တိုင်းပြည်ကို မကာကွယ်နိုင်သေးဘူး။

လေတပ်ဆိုတာက အခုမှ စ,တုန်းရှိသေးတယ်။ လေတပ်ဆိုလို့ရှိရင် ဒီတိုင်းပြည်မျိုးမှာရှိတဲ့ လေတပ်မျိုးမှာ အဖျင်းဆုံး လေယာဉ်ပျံငါးရာ (First Lino Plane) ရှိရမယ်။ အနည်းဆုံး စစ်ဖြစ်ဖြစ်ချင်း လေယာဉ်ပျံငါးရာလောက် ရှိမှဖြစ်မယ်။ ဒါတောင်မှ လုံလောက်တယ်လို့ မပြောနိုင်ဘူး။ လေယာဉ်ပျံတစ်စင်းကို ဘယ်လောက်ကျသလဲဆိုရင် တော်တော်ကိုဖဲကျတယ်။ ငါးသိန်းတစ်သန်းလောက်ကျတယ်။ လေယာဉ်ပျံအစင်း ငါးရာဆိုရင် ခင်ဗျားတို့ပဲ တွက်ကြည့်ပေတော့။ တစ်သန်းနဲ့တွက်ကြည့်ကုဋေငါးဆယ်ကုန်မယ်။ ကုဋေငါးဆယ်ကုန်ပြီးတဲ့နေ့ အဲဒီလေယာဉ်ပျံရဲ့နောက်မှာက တစ်စင်းကို သုံး၊ လေးစင်း အရံထားရမယ်။ နောက်မှာက လေယာဉ်ပျံ အဖျင်းဆုံး ငါးရာလောက် ရှိမှဖြစ်မယ်။ အဲဒါက ကုဋေငါးဆယ် အားလုံးပေါင်း ကုဋေတစ်ရာသွားရော။ ပျက်တဲ့လေယာဉ်ပျံတွေကိုပြင်ဖို့ အလုပ်ရုံတွေ၊ စက်ရုံတွေ၊ စက်ဆရာတွေ ရှိရမယ်။ ကိရိယာတွေရှိရမယ်။ အဲဒါတွေအားလုံး တွက်ချက်ကြည့်လိုက်မယ်ဆိုရင် ကုဋေပေါင်းအများကြီး ချီပြီးကုန်မယ်။

ကျွန်တော်တို့တိုင်းပြည်က တစ်နှစ်တစ်နှစ်ကို ရတဲ့ဝင်ငွေက စစ်မဖြစ်ခင်က ကုဋေနှစ်ဆယ်အထိပဲ ရတယ်။ အခုစစ်ပြီးတဲ့အခါမှာ ကုဋေနှစ်ဆယ့်နှစ်ကုဋေပဲရမယ်။ ကျွန်တော်တို့ ဖျစ်ဖျစ်ညှစ်ညှစ်ရအောင် လုပ်မယ်ဆိုရင်၊ ကျွန်တော်တို့ အမျိုးမျိုးစီမံကိန်းတွေနဲ့ လုပ်မယ်ဆိုလို့ရှိရင် ကုဋေသုံးဆယ်ဟာ လွှန်ရောကျွံရောပဲ။ ကျွန်တော်တို့ စီမံကိန်းတွေလုပ်တဲ့အခါမှာ အမြတ်အစွန်းက ချက်ချင်း ရချင်မှရမယ်။ အဲဒီလိုတိုင်းပြည်မှာဝင်ငွေက နည်းနေပြီးတော့ ကျွန်တော်တို့ သုံးရမယ့်ဟာက လေတပ်မှာကြည့်လိုက်မယ်ဆိုရင် ကုဋေအဖျင်းဆုံး တစ်ရာ့ငါးဆယ်နှစ်ရာလောက်ကုန်မယ်။ ကျွန်တော်တို့တိုင်းပြည်ဟာ စစ်တိုက်တဲ့အချိန်အခါမှာ လူတစ်သန်းလောက် စစ်တပ်အင်အားရှိမှ ကောင်းမယ်။ အခုရှိနေတဲ့ စစ်တပ်ဟာနှစ်သောင်းလောက်ပဲ ရှိတယ်။ နှစ်သောင်းလောက်ဆိုတာ (Army) ကိုပြောတာ၊ (Navy) ရေတပ် မပါဘူး၊ (Air force) လေတပ်မပါဘူး။ အဲဒီနှစ်သောင်းလောက်ရှိတဲ့ စစ်တပ်တောင်မှ ငွေရှစ်ကုဋေလောက်ကုန်တယ်။ နှစ်ကုဋေကုန်ရင် ကျွန်တော်တို့ တိုင်းပြည်ကာကွယ်ရေးအတွက် အဖျင်းဆုံး အင်သားတစ်သန်းလောက် စစ်ဖြစ်စမှာလိုတော့ ဘယ်လောက်ကုန်မလဲဆို


www.burmeseclassic.com

www.burmeseclassic.com

တာ ခင်ဗျားတို့ပဲ တွက်ကြည့်ကြ။

## ညီညွတ်မှုအရေး ထိန်းသိမ်းပေး

အဲဒီတော့ ဒီငွေ ကျွန်တော်တို့ အမြန်ဆုံး ရအောင်လုပ်ရမယ်။ နောက်တစ်ခါ စစ်ကြီးမဖြစ်ခင် အမြန်ဆုံးရအောင်လုပ်ရမယ်။ အဲဒီအတောအတွင်းမှာ ဟိုနားက မထိတထိစတာ ဒီနားက မထိတထိစတာ ကျွန်တော်တို့က ပြန်ပြီး ချရလိမ့်ဦးမယ်။ ဒီလိုဆိုရင် ခင်ဗျားတို့ အားသွန်ခွန်စိုက် အလုပ်လုပ်ရမယ်။ လွတ်လပ်ရေးရသည့်တိုင်အောင် ကျပ်ပြည့်တင်းပြည့် မခံစားရဘူး မှတ်ပါ။ ကွန်မြူနစ်အစိုးရတက်တက်၊ ဆိုရှယ်လစ်အစိုးရတက်တက်၊ ဘာအစိုးရတက်တက် ခင်ဗျားတို့ မလုပ်လို့ရှိရင် မဖြစ်ဘူးဆိုတာ ကျွန်တော် ရဲရဲကြီးပြောချင်တယ်။

ခင်ဗျားတို့ဟာ လွတ်လပ်ရေးကိုလိုချင်ရင် ရနိုင်တဲ့ စည်းကမ်းရှိကြပါ။ လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကိုလိုချင်ရင် ရနိုင်လောက်တဲ့ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလိုလုပ်ပြီးတဲ့နောက်လည်းပဲ ရှေ့ကို လွတ်လပ်ရေးအရသာကို ခံစားချင်တယ်။ ခံစားချင်တယ်ဆိုရင် အလုပ်လုပ်ဖို့ စည်းကမ်းရှိကြဖို့ ခင်ဗျားတို့ အခုကတည်းက ခင်ဗျားတို့ရဲ့ အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေကို ပြင်ကြဖို့ တော်ပြီ၊ ဖျောက်သင့်ပြီလို့ဆိုတာ ကျွန်တော် ဒီနေ့ ပြောခဲ့ချင်ပါတယ်။

☆☆☆

## အို…ဗိုလ်ချုပ်

တိုင်းပြည်နှင့် လူမျိုး၏ ကောင်းကျိုးအတွက် ဆောင်ရွက်သွားသော ဗိုလ်ချုပ်အား အထူးလေးစားစွာဖြင့် ဦးညွတ်ပါ၏။ 'ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ' ဤစာအုပ် ထုတ်ဝေခြင်းအားဖြင့် 'ကတညုတ ကတဝေဒီ' မင်္ဂလာတရားတော်နှင့် အညီ ကျေးဇူးဆပ်ပါ၏။

ဦးပုကလေး

☆☆☆

www.burmeseclassic.com

www.burmeseclassic.com

## စွန့်ကာထွက်သွား နိုင်ငံခြား

၁၉၄၇ ခု၊ ဧပြီလအတွင်းက ဗိုလ်ချုပ် မေမြို့၌ ခေတ္တ အနားယူနေစဉ် တစ်ညသသ၌ ညပိုင်း ထမင်းစားခန်းတွင် လက်ဖက်ရည်သောက်ရင်း နိုင်ငံရေးနှင့် ပတ်သက်၍ စကားစပ်မိရာ ပြောနေကြရာတွင် ကျွန်ုပ်က-

"ဗိုလ်ချုပ် တရုတ်ပြည်ကို တိတ်တဆိတ်ထွက်သွားတုန်းက ဘယ်လိုလုပ်သွားပါသလဲ"

ဟု မေးသောအခါ-

"ဒီလို ဦးပုကလေးရဲ့ ဥရောပတိုက်စစ်ပွဲကြီးမှာ ဂျာမနီက မဟာမိတ်များကို ဖိနှိပ်နေတဲ့အခါ ကျုပ်တို့ ရဲဘော်တစ်သိုက်က ဗမာပြည်မှာ အင်္ဂလိပ်ကို လက်နက်ဆွဲကိုင်ပြီး တော်လှန်ကြဖို့ ကြံစည်ဆွေးနွေးကြသေးတယ်။ ဒါပေမယ့် လက်နက်ရဖို့က အတော်ကလေး ခက်တဲ့အတွက် ဒီအကြံပျက်သွားရတယ်။ သည့်နောက် ဝင်ရိုးတန်းသူလျှိုတစ်ယောက်နဲ့ အဆက်အသွယ်ရပြီးတော့ နိုင်ငံခြားကို စွန့်ထွက်သွားတာပဲ။ ကျုပ်မှတ်မိပါသေးတယ်။ ၁၉၄၀ ပြည့်နှစ်၊ ဩဂုတ်လ (၈) ရက်နေ့က ဂျာမနီလေတပ်ကြီးဟာ မကြုံဘူးအောင် လန်ဒန်မြို့ကြီးကို တိုက်တဲ့နေ့ဖြစ်တယ်။ အဲဒီနေ့မှာပေါ့။ ကျုပ်လည်း တရုတ်သင်္ဘောသားများ စီမံခန့်ခွဲတဲ့ နော်ဝေးပိုင်သင်္ဘောမှာ တရုတ်သင်္ဘောသားယောင်ဆောင်ပြီး တိတ်တဆိတ်လိုက်သွားတာ ဩဂုတ်လ (၂၄) ရက်နေ့မှာ တရုတ်ပြည် အမွိုင်မြို့သို့ ရောက်သွားတယ်။ ကျုပ်နဲ့အတူ ရဲဘော်တစ်ယောက်လည်း ပါတယ်။ (ဗိုလ်ချုပ်က တရုတ်လိုမှည့်ထားသောနာမည်ကို ပြောပြသော်လည်း ရေးမထားမိ၍ အဖုံဆိုလား၊ အဟုံဆိုလားမသိ မေ့သွားပြီ။)"

(ဗိုလ်ချုပ်၏ တရုတ်အမည်မှာ 'တန်လွန်ရှောင်' ဖြစ်သည်။ (တည်းဖြတ်သူ)

ကျွန်ုပ်က ဆက်လက်၍-

"အဲဒီ အမွိုင်မြို့မှ ဂျပန်ပြည်ကို ဘယ်လိုရောက်သွားပါသလဲ"

ဟု ဆက်လက်မေးတဲ့အခါ-

"ဒီလို ကျုပ်ထွက်သွားတုန်းကတည်းက လူငယ်တို့ရဲ့ တရှူးထိုး (တုံးတိုက်တိုက် ကျားကိုက်ကိုက်) စိတ်လိုက်မာန်ပါ ထွက်သွားတာဖြစ်တော့ အမွိုင်မြို့မှာ အတော်ပဲ ယောင်လည်လည် ဖြစ်နေရသေးတာပေါ့။ ကျုပ်သွားရမယ့်နေရာနဲ့ ပတ်သက်ပြီးတော့လည်း ဘာတစ်ခုမှ မသိရဘူး။ စိတ်အတော်ပျက်မိပါသေးတယ်။ အင်တာနေရှင်နယ်စုံထောက်တွေ မသိအောင်လည်း အတော်ကလေး ဟန်ဆောင်ပြီး သတိနဲ့နေရသေးတယ်။ ဒီလို နှစ်လလောက်နေပြီးတော့မှ ဂျပန်ဗိုလ်မှူးကလေးတစ်ယောက် လာခေါ်လို့ 'ထိုင်ဝမ်ကျွန်း' ကို လေယာဉ်ပျံနဲ့ လိုက်သွားရတယ်။ ၁၉၄၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁၂) ရက်နေ့ 'ဟနေဒါ လေယာဉ်ပျံကွင်း' မှ (ဗိုလ်မိုးကြိုး)မစ္စတာမီနာမီက လာကြိုတယ်။ သည်နောက် ဗိုလ်မိုးကြိုးခေါ် ကာနယ်ဆူဇူးကီးနဲ့အတူ တိုကျိုမြို့တော်မှာ သုံးလလောက်မျှ အလုပ်အစီအစဉ်များကို လုပ်ရတယ်။ သည့်နောက် ဂျပန်သင်္ဘောတစ်စင်းနဲ့ သင်္ဘောသားဟန်ဆောင်ပြီး ဗမာပြည်ကို ပြန်လာခဲ့သေးတယ်။ ရန်ကုန်ကို ၁၉၄၁ ခု၊ မတ်လ (၃) ရက်နေ့ရောက်ပြီး (၉) ရက်နေ့ထိနေ၍ စစ်ပညာသင်ကြားဖို့ ရဲဘော်များစုပြီးတော့ အဲဒီသင်္ဘောနဲ့ပဲ ဂျပန်ပြည်ကိုပြန်ရာ မတ်လကုန်ခါနီးလောက်မှာပဲ တိုကျိုမြို့ကို ပြန်ရောက်တယ်"

"ဗမာပြည်စုံထောက်များ မလိုက်ဘူးလား"

ဟု ကျွန်ုပ်က မေးလိုက်သောအခါ-

"ဒါလောက်လည်း မတော်ကြပါဘူးဗျာ။ ယုန်တောင်ပြေး ခွေးမြောက်လိုက်ဆိုတာလို ကျုပ်တို့လုပ်တာက တခြား၊ သူတို့လိုက်တာက တခြားပါ"

ဟု ပြန်ဖြေပြီး ဆက်လက်ပြောသည်မှာ-

"တိုကျိုမြို့မှာ (၁၀) ရက်လောက်နေပြီးနောက် စစ်အတတ်သင်ကြားရန် 'ဟိုင်နန်' ကျွန်းကို ကျွန်ုပ်တို့တစ်စု ထွက်ခဲ့ရတယ်။ သည့်နောက် ဇူလိုင်၊ ဩဂုတ်လလောက်မှာ ဗမာနိုင်ငံတွင်းသို့ လက်နက်များ တိတ်တဆိတ် သွင်းပို့ရန်အတွက် ကာနယ်ဆူဇူးကီးနှင့်အတူ ဆောင်ရွက်ဖို့ ကျုပ် ဟိုင်နန်မှ ယိုးဒယားသို့ ထွက်ခဲ့ရတယ်။ ဒီအချိန်မှာ အင်ဒိုချိုင်းနားကို အတူပူးပေါင်း ကာကွယ်ရေးစာချုပ်တစ်ခု ဂျပန်နဲ့ ပြင်သစ်တို့ ချုပ်ဆိုကြတဲ့စာချုပ်ကို အကြောင်းပြုပြီး နိုင်ငံချင်းဆက်သွယ်ရေး အတော်ဆိုးဝါးလာတဲ့အတွက် ယိုးဒယားမှ ဟိုင်နန်၊ ဟိုင်နန်မှ တိုကျိုပြန်ရသေးတယ်။ အောက်တိုဘာလလောက်ကျမှ ဗန်ကောက်မြို့သို့ ပြန်လာရတယ်။ ဒါပေမယ့် အရှေ့အာရှ စစ်မကြေညာမီ (၂) ရက်လောက်မှာ အခြေအနေမကောင်းလို့ အင်ဒိုချိုင်းနားဆိုင်ဂုံမြို့သို့ ပြန်ပြေးရသေးတယ်။ စစ်ကြေညာပြီးနောက်မှ ဗန်ကောက်မြို့သို့ ပြန်လာပြီး ယိုးဒယားမှာရှိတဲ့ ဗမာအမျိုးသားများနဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းပြီး မဲဆောက်ဘက်က စစ်တစ်ကြောင်း၊ မြစ်တာဘက်မှ စစ်တစ်ကြောင်း၊


www.burmeseclassic.com

www.burmeseclassic.com


ဝိတိုရိယ အငှားဘက်က စစ်တစ်ကြောင်း ချီတက်ခဲ့ကြတာပဲဟု မြန်ရေ ရှက်ရှေ့နှင့် ပြောပြ၏။

## လက်မှတ်မထိုး ကြောင်းအကျိုး

ဗိုလ်ချုပ် မေမြို့ခွဲ ခေတ္တ အနားယူနေစဉ်မှာပင်–

"ဗိုလ်ချုပ်တို့ ဘိလပ်အစည်းအဝေးမှာ သဘောတူချက်ရရှိပြီး အောင်ဆန်း–အက်တလီစာချုပ် လက်မှတ်ရေးထိုးတဲ့အခါ ဂဠုန်ဦးစောနဲ့ သခင်ဗစိန်တို့က ဘာကြောင့် လက်မှတ်မထိုးကြသလဲ"

ဟု ကျွန်ုပ်က မေးသောအခါ–

"ဒီလို ဦးပုကလေးရဲ့၊ သူတို့တွက်ကိန်းက ကျုပ်တို့ တောင်းဆိုချက်များဟာ ရမှာမဟုတ်ဘူးလို့ ယုံကြည်နေကြတယ်။ ကျုပ်တို့ နုတ်ထွက်သွားရင် ဦးစောက သူ့အား အစိုးရအဖွဲ့ဖွဲ့ရန် အပ်နှင်းလိမ့်မယ်လို့ တွက်ကိန်းရှိပုံရတယ်။ ဘိလပ်အစိုးရနဲ့ နောက်ဆုံး အစည်းအဝေး မကျင်းပခင် ကျုပ်တို့ အချင်းချင်း အစည်းအဝေးလုပ်ပြီး ယခု ကျုပ်တို့ တောင်းတဲ့အတိုင်းမရရင် ပြန်ချမယ်။ ရှင်းရှင်းပဲလို့ပြောတဲ့အခါ ဦးစောနဲ့ သခင်ဗစိန်တို့ကပါ ဟုတ်တယ်၊ ကျုပ်တို့လည်း သဘောတူတယ်လို့ ပြောကြသေးတယ်။ ဒါဟာ အမှန်တော့ ရမှာမဟုတ်တဲ့အတူတူ တိုင်းပြည်ကို နာမည်ကောင်းယူမယ်ဆိုတဲ့သဘောပဲ။ ဘိလပ်အစိုးရက ကျုပ်တို့ တောင်းတဲ့အတိုင်း လိုက်လျောပြီးပေးလို့ လက်မှတ်ထိုးတဲ့အခါကျတော့မှ သူတို့နှစ်ယောက်က သဘောမတူဘူးလို့ ပြောကြတာပဲ" ဟု ဗိုလ်ချုပ်က ရှင်းပြ၏။

၁၉၄၇ ခု၊ ဇန်နဝါရီလ (၂) ရက်နေ့တွင် ဗိုလ်ချုပ် ဘိလပ်သို့ ထွက်သွားပြီးနောက် ဇန်နဝါရီလ (၄) ရက်နေ့တွင် ဦးစောက ရန်ကုန်မြို့ သူရိယသတင်းစာတိုက်နှင့် မျက်နှာချင်းဆိုင် မျိုးချစ်ပါတီအသင်းတိုက်၌ သတင်းစာဆရာများအား ဖိတ်ကြားပြီးလျှင် မျိုးချစ်ပါတီ၏သဘောထားကို ရှင်းလင်းပြောပြပြီး အောက်ပါအတိုင်း ကြေညာခဲ့၏။ ဇန်နဝါရီလ (၅) ရက်နေ့ထုတ် သူရိယသတင်းစာတွင် ဤအတိုင်း ဖော်ပြထား၏။ အခြားသတင်းစာများတွင်လည်း ပါကြ၏။

☆

အင်္ဂလန်သို့လာကြရန် ဘုရင်ခံ၏ အမှုဆောင်ဝန်ကြီးအဖွဲ့ဝင် ဗမာခေါင်းဆောင်များအား အင်္ဂလိပ်အစိုးရက ဖိတ်ခေါ်၍ထားလေပြီ။ ဗမာပြည်သူနှာများနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်ရန်ဟု ဆိုကြ၏၊ မည်သည့်အခြေခံမျိုးနှင့် မည်သည့်ကိစ္စများကို ဆွေးနွေးရန်ဟု အင်္ဂလိပ်အစိုးရက မပြောပေ။ ဗမာများ ပြောစရာရှိတာတွေကို လာပြောနိုင်ကြပါသည် ဟူ၍သာ ဆိုထားချေသည်။

## ဆင်းရဲသား အခွန်ဝန်ထမ်းများ၏ ငွေသာကုန်မည်

၁။ ဗမာပြည်အား တစ်နှစ်အတွင်း လွတ်လပ်ရေး 'အင်ဒီပင်းဒင့်' ပေးပါမည်ဟူ၍ အင်္ဂလိပ်အစိုးရတို့က ၁၉၄၈ ခု၊ ဇန်နဝါရီလ (၃၁) ရက်နေ့အတွင်း ကြေညာရန်ဟူသော တောင်းဆိုချက်ကိုရရှိနိုင်ရန် ဘိလပ်သို့ သွားကြမည်ဆိုလျှင် ဗမာဆင်းရဲသား အခွန်ထမ်းတို့၏ ငွေသာကုန်ကျမည်။ အင်္ဂလိပ်တို့က ဤသို့ ပေးမည်ဟူ၍ကား ကျွန်ုပ်တို့ မထင်။ ဤတောင်းဆိုချက်ကိုမရလျှင် ရာထူးမှ ထွက်ကြမည် ဟူ၍ ကြုံးဝါးကြသံကြားရ၏။

ထွက်ချင်လျှင်လည်းထွက်၊ မထွက်ချင်လျှင်လည်းနေ၊ ဘိလပ်သို့ သွားလိုလျှင်သွား၊ မသွားလိုလျှင်လည်းနေ အင်္ဂလိပ်အစိုးရက ဤတောင်းဆိုချက်ကို ချောမောစွာ လျှော့ပေးမည် ဟူ၍ကား မယုံကြည်အပ်ပေ။ တိုင်းပြည်က ယုံကြည်လာအောင်လည်း မလုပ်အပ်ပေ။

## မရမည်က သေချာသလောက်ဖြစ်၏

၂။ ရှမ်း၊ ကချင်၊ ချင်း အမျိုးသားတို့ နေထိုင်သော တောင်တန်းနယ်ခြားမြေများကို ဗမာပြည်နှင့် ပူးတွဲပေးရန် တောင်းဆိုကြ၏။ ထိုတောင်းဆိုချက်ကိုမရလျှင် အထက်ပါ နံပါတ်(၁)နည်းအတိုင်း ရာထူးမှ နုတ်ထွက်ကြမည်ဟု ဆိုကြ၏။ ထွက်မည်၊ မထွက်မည်ကား တခြားထား၍ တောင်းဆိုချက်ကို မရမည်ကား သေချာသလောက် ဖြစ်၏။ ဗမာပြည်ပြဿနာများအတွက် အထက်ပါ အချက်ကြီးနှစ်ချက်မှာ အရေးအကြီးဆုံးပင် ဖြစ်၏။ ထိုကိစ္စကြီးနှစ်ခုသည် ဗမာပြည်လွတ်လပ်ရေးပင် ဖြစ်၏။ ထိုနှစ်ချက်ကိုမရလျှင် လွတ်လပ်ရေးရသည်ဟု မဆိုနိုင်။

## ၁၉၃၁ ခုနှစ် ဥပဒေစာအုပ်ကြီးကို ဖတ်ပြခြင်းမျှသာဖြစ်သည်

၃။ ယခင်တစ်နေ့က အင်္ဂလိပ်နန်းရင်းဝန် မစ္စတာ အက်တလီ ပြောဆိုသော စကားများကို လုံးစေ့ပတ်စေ့ ဦးခေါင်းအေးစွာဖြင့် ဖတ်ရှုစစ်ဆေးကြည့်လျှင် ထူးခြားသောအချက်ဟူ၍ ဘာမှမပါချေ။ ဤစကားကို



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်နန်းရင်းဝန် အဆက်ဆက်တို့ အိန္ဒိယပြည်သို့ ထပ်တလဲလဲ ပြော ခဲ့ဖူးလေပြီ။ ဒိုမီနီယံအုပ်ချုပ်ရေးရသော နိုင်ငံဟူသမျှ၌ ဗြိတိသျှ ဓန သဟာယခေါ် ဓနသဟာယနယ်အတွင်းမှာ နေလိုလျှင်နေ၊ မနေ လိုလျှင် ထွက်သွားနိုင်သော အခွင့်အရေးရှိခြင်းသည်ကား ၁၉၃၁ ခု ဝက်စ်မင်စတာ စတက်ကြူခေါ် ဥပဒေအရ ထင်ရှားလေသည်။ နိုင်ငံ အုပ်ချုပ်ရေး အတတ်ပညာ ဗဟုသုတတွေကို လေ့လာလိုက်စားသူတိုင်း ဤကိစ္စကို သိကြ၏။ ယခု အင်္ဂလိပ်နန်းရင်းဝန်ပြောသော စကားသည် ၁၉၃၁ ခုနှစ်က ထုတ်ထားသော ဥပဒေစာအုပ်ကြီးကို ဖတ်ပြခြင်းမျှ သာဖြစ်သည်ဟု ဆိုရပေမည်။ ၎င်း၏စကားကို အထူးတလည် ချီးကျူးကာ ဩဘာပေးနေရန် မလိုပေ။ ကျွန်ုပ်တို့ မျိုးချစ်အဖွဲ့ကြီးကမူကား ထို စကားများကို ကြားရရုံမျှနှင့် အားရနှစ်သိမ့် ကျေနပ်ဝမ်းမြောက်ခြင်း မဖြစ် နိုင်ပေ။

☆

ဤသို့ စသည်ဖြင့် ရှည်လျားစွာ ပြောဆို ရေးသားထား၏။ သို့ပါလျက် သူဟာ ဘာကြောင့် ဘိလပ်သို့ လိုက်သွားရသည့်အကြောင်း နောက်ဆုံးဖော်ပြထားရာ၌ -

"ယခု အင်္ဂလိပ်အစိုးရက ဖိတ်ခေါ်သည်ကို မသွားလို၊ မတွေ့လို ဟူ၍ ငြင်းပယ်ခြင်းမှာ မသင့်လျော်။ မသင့်လျော်၍ အခြားခေါင်းဆောင် များနည်းတူ လိုက်ပါသွားရန် ဖြစ်သည်"

ဟု ဆိုထား၏။ (ဤကား ဗိုလ်ချုပ်၏ မိန့်ကြားချက် မှန်ကန်ပုံ သာဓကပြယုဂ်ပင်တည်း။)

## သာသနာပြုရန် စိတ်အကြံ

ဗိုလ်ချုပ် အထက်ဗမာပြည်သို့ တရားဟောထွက်ရာတွင် ဘုရား ဝတ္တကမြေအတွင်းနှင့် ဘုန်းတော်ကြီးကျောင်းတိုက်များအတွင်း၌ စီစဉ် ထားသော တရားဟောပွဲကြီးများ ကျင်းပသည့်အခါတိုင်းမှာလိုပင် သာ သနာမြတ်ကြီး ကောင်းမွန်အောင် ဆောင်ရွက်ရန် ဗိုလ်ချုပ် သတိရ၏။ အထက်ဗမာပြည်သို့ ခရီးထွက်စဉ် ပျဉ်းမနားမြို့ ဘုန်းတော်ကြီးကျောင်း တိုက်၌ ကျင်းပသော တရားပွဲကြီးမှအပြန်တွင် -

"ဦးပုကလေးရဲ့၊ ကျုပ်တို့ သာသနာတော်ကောင်းမွန်ရေးအတွက် ဆောင်ရွက်စရာတွေ အများကြီး ရှိသေးတယ်။ ဒါပေမယ့် ဗမာပြည် လွတ်လပ်ရေးရပြီးမှ ကျကျနနလုပ်နိုင်မှာပဲ"

ဟု ကျွန်ုပ်အား ပြောပြ၏။ ထိုအခါ ကျွန်ုပ်က -

"ရဟန်းတော်များ နိုင်ငံရေး ဝင်ရောက် ဆောင်ရွက်ကြရာ ဗိုလ် ချုပ် ဘယ်လိုသဘောရပါသလဲ"

ဟု မေးလိုက်သောအခါ -

"ရဟန်းတော်များနဲ့ နိုင်ငံရေး စပ်ယှက်တာ မကောင်းပါဘူးဗျာ။ ရဟန်းဟာ ရဟန်းအလုပ်။ လူဟာ လူအလုပ်လုပ်တာ ကောင်းပါတယ်။ စာသင်ပေမသင်နဲ့ အကျင့်စာရိတ္တ အပျက်ကြီးပျက်ပြီး ထင်သလိုနေ တဲ့မျိုးတွေ သန့်ရှင်းအောင်လုပ်ဖို့ဟာတွေလည်း အများကြီးရှိတယ်"

စသဖြင့် ဗိုလ်ချုပ်က ပြန်ပြော၏။

ထိုသို့ သဘောထားသည့်အတိုင်းလည်း ၁၉၄၇ ခု၊ ဖေဖော်ဝါ ရီလ (၂၃) ရက်နေ့က ရန်ကုန်မြို့ မြို့တော်ခန်းမကြီး၌ ကျင်းပသော သာသနာ့ပြန်စာမေးပွဲအောင်ပုဂ္ဂိုလ်များအား လှူဒါန်းသော ဘွဲ့နှင်းသဘင် ခန်းမအနားကြီး၌ ဗိုလ်ချုပ်သည် ဆရာတော်ဘုရားကြီးများအား ဤသို့ လျှောက်ထားခဲ့၏။

"ဆရာတော်ဘုရားများအား လျှောက်ထားလိုတဲ့ အကြောင်း တစ်ခုကတော့ ခေတ်ကြီးဟာ ပြောင်းလဲလျက် ရှိပါတယ်။ တစ်ခေတ် ပြောင်းလာတဲ့အခါတိုင်း သာသနာတော်တိုးတက်မှုကိုလည်း ခေတ်အ လျောက် ပြုပြင်ဆောင်ရွက်ဖို့ လိုပါတယ်။ ခေတ်ပြောင်းနေတာနဲ့ ပတ် သက်ပြီးတော့ ဗုဒ္ဓဘာသာတရားတော်နဲ့ပဲကြည့်ကြည့် ခေတ်အလိုက် နည်းစနစ်ပြောင်းလုပ်မှ ကြီးပွားနိုင်ပါတယ်။ ခေတ်ကို နားလည်ဖို့လည်း အရေးကြီးပါတယ်။ ခေတ်သဘောနားမလည်ဘဲ အရမ်းမဲ့လုပ်လို့လည်း မဖြစ်နိုင်ပါဘူး။ သမ္ပတ္တိတရားလေးပါးလည်း ရှိပါတယ်။ ဒါကြောင့် သာသ နာတော်ကြီးပွားရေးကိစ္စ၌ ရှေးလွန်လေပြီးသော နည်းဟောင်းများကို ပြု ပြင်ပြောင်းလဲပြီး နည်းသစ်နည်းကောင်းများ ထွင်လုပ်ဖို့ အရေးကြီးပါတယ်။

စာပေကျမ်းဂန် ကျွမ်းကျင်တတ်မြောက်တော်မူကြသော ဆရာ တော်များက အများနားလည်နိုင်အောင် ခေတ်နဲ့လျော်တဲ့နည်းမျိုးနဲ့ စီမံ ဟောကြားတော်မူသင့်ကြပါတယ်။ စာသင်သားတို့အား သင်နည်း၊ ပို့ချနည်း တို့ကိုလည်း ခေတ်အလိုက် ပြုပြင်ပြောင်းလဲသင့်ပါတယ်။ 'သဒ္ဒါကြီး ခါက် စာပျိုးပြောက်' ဆိုတဲ့ စကားရှိသော်လည်း ယခုတော့ ကိုးခေါက် ဆယ် အခေါက်ပေါင်း ဘယ်လောက်များများ စာသင်သားများ အထူး





www.burmeseclassic.com

www.burmeseclassic.com

ဝင်ဝန်းခြင်းနှင့်သာ ရင်ဆိုင်နေကြရပါတယ်။ ယခု စာသင်နည်းမှာ
အတွင်းက စစ်သားတွေကို အတင်းအကျပ် စစ်ပညာသင်ကြားပေးတာ
တူနေပါတယ်။

အင်္ဂလိပ်က ပထမပြန်စာမေးပွဲလုပ်ခဲ့တာဟာ ဗုဒ္ဓဘာသာ သာသနာတော်ကို ကြည်ညိုလို့ မဟုတ်ပါဘူး။ အုပ်ချုပ်တဲ့နေရာမှာ ပရိယာယ်တစ်မျိုး အသုံးပြုထားတာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀)ကျော်လောက်က ဥရောပတိုက်မှာ ဘာသာရေးစစ်ပွဲကြီးများ ဖြစ်ခဲ့ဖူးပါတယ်။ ဒီခေတ်အခါတုန်းက မင်းဖြစ်သူကယူတဲ့ အယူဝါဒကို တိုင်းသူပြည်သားများ လိုက်နာကြရပါတယ်။ မယူဘဲမနေရအောင် အတင်းအကျပ် ယူခိုင်းတာကို အကြောင်းပြုပြီး စတော့ဘာသာရေးစစ်ပွဲကြီးများ ဖြစ်ခဲ့ရပါတယ်။ ဒီလိုဖြစ်ရတာကို မကောင်းဘူးလို့ နားလည်လာကြပြီး နောက်ဆုံးတော့ ဘာသာကို လွတ်လပ်စွာ ကိုးကွယ်နိုင်ဖို့ စီမံလာကြရပါတယ်။ ဝိတိုရိယဘုရင်မကြီးလက်ထက် အိန္ဒိယနိုင်ငံမှာ ဘာသာရေးနှင့် ပတ်သက်ပြီး သျှ ကြီးထခဲ့ဖူးပါတယ်။ ဘာသာဝါဒ အစွဲသန်မှုန်းကို သိရှိကြတဲ့အတွက် အင်္ဂလိပ်လက်အောက်ခံ နိုင်ငံများမှာ ဘာသာကို လွတ်လပ်စွာ ကိုးကွယ်နိုင်ကဲ့ စည်းကမ်းလုပ်ခဲ့ရပါတယ်။ ဗမာပြည်ကို အင်္ဂလိပ်ရောက်လာပြီတော့လည်း ဗုဒ္ဓဘာသာတွေ နှစ်သိမ့်စေရန် ရည်ရွယ်ချက်နဲ့ ရှေး ဘုရင်များလုပ်ခဲ့တဲ့ ပထမပြန်စာမေးပွဲကို ဆက်လက် လုပ်နေတာပါ။ ဒါပေမယ့် လုပ်ရိုးလုပ်စဉ်အနေလောက်နှင့်သာ လုပ်နေကြတာ ဖြစ်ပါတယ်။ တကယ် ထိထိရောက်ရောက်တော့ မဟုတ်ပါဘူး။ ဒါဟာ ဘာကြောင့်လဲဆိုရင် တိုင်းပြည်က လွတ်လပ်တဲ့တိုင်းပြည် မဟုတ်သေးလို့ ဆိုရမှာ ကျွန်လူမျိုး၊ ကျွန်ဘာသာဖြစ်နေသရွေ့ ကာလပတ်လုံး ထိထိရောက်ရောက် ကြီးပွားနိုင်မှာ မဟုတ်ပါဘူး။

နောက်တစ်ခု တပည့်တော် ရှင်းရှင်းလျှောက်ထားချင်တာကတော့ ဘုန်းကြီးလုပ်လျှင် ဘုန်းကြီးနှင့်တူအောင် လုပ်စေချင်ပါတယ်။ လူလုပ်လျှင်လည်း လူနဲ့တူအောင် လုပ်စေချင်ပါတယ်။ ဟိုတစ်ပိုင်းဒီတစ်ပိုင်း အလုပ်မျိုးတော့ မလုပ်စေချင်ဘူး။ ဒီလို တစ်ပိုင်းစီလုပ်တာမျိုးကိုတော့ တပည့်တော် မကြိုက်ဘူး။

နောက်တစ်ခု တပည့်တော် လျှောက်ထားချင်တာကတော့ ဘုန်းတော်ကြီးများနှင့် နိုင်ငံရေး မစပ်ယှက်စေချင်ပါဘူး။ သာသနာတော်မှ မဆန့်ကျင်ဘဲ တိုင်းပြည်အကျိုးရှိတာမျိုးလောက်သာ ဆောင်ရွက်စေ





စေချင်ပါတယ်။ ဥပမာ တောင်တန်းနယ် သာသနာပြုရေးကိစ္စမျိုးမှာ တောင်တန်းနယ်များမှာလည်း သာသနာတော်ပြန့်ပွား၍ ဗမာများနှင့် တောင်တန်းနယ်သားတို့လည်း ချစ်ခင်ရင်းနှီးမှုမျိုးကို တိုးတက်ဖြစ်ထွန်းစေနိုင်ပါတယ်။

## မြင်းပွဲပထမ ဗိုလ်ချုပ်ရ

၁၉၄၆ ခု၊ နိုဝင်ဘာလ (၂၁) ရက်နေ့ညတွင် မိတ္ထီလာမြို့ တိုင်းရင်းသားစစ်တပ်မှ ဗိုလ်ဝင်း စသော စစ်ဗိုလ်များက ဗိုလ်ချုပ်အား ညစာထမင်း တည်ခင်းကျွေးမွေးကြပြီးနောက် မြင်းပွဲဖြင့် ဖျော်ဖြေကြ၏။ တကယ့် မြင်းပွဲကြီးပမာ စိတ်ဝင်စားဖွယ်ကောင်း၏။ လက်မှတ်တစ်စောင် (၁)ကျပ်ဖြတ်၍ အလောင်းအစားပြုကြရ၏။

အရောင်အမျိုးမျိုးဖြင့် မြင်းရုပ်ကလေး ငါးရုပ်ကို နံပါတ်တပ်ပြီး ထွင် စားပွဲရှည်ကြီးပေါ်၌ အကွက်ချရန် လိုင်းများသားကာ တင်၍ထားကြ၏။ တစ်ဖက်က မြင်းနံပါတ်မဲကို နှိုက်ရ၏။ တတိယပွဲ နံပါတ်(၄)မြင်း၏အမည်ကို ဗိုလ်ချုပ်အောင်ဆန်းဟု အမည်ပေးထား၏။ ထိုပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းပင် နိုင်၏။

၄င်းပြင် နောက်တစ်နေ့ မိတ္ထီလာမြို့ရှိ သံချပ်ကာဖျက်စစ်တပ်မှ ချင်းစစ်သားများကို သွားရောက်စစ်ဆေးသောအခါ နှစ်ပေါင်း(၃၀)ကျော်ခန့် စစ်မှုထမ်းသူဖြစ်ပါလျက် ဂျမဒါရာထူးလောက်နှင့်နေရသော အသက်(၅၀)ကျော်ရှိ ချင်းစစ်ဗိုလ်တစ်ဦးကို တွေ့ရသဖြင့် ဗိုလ်ချုပ်သည် စိတ်အာရုံ ခိုက်စွာနှင့် ထိုချင်းစစ်ဗိုလ်နှင့် စကားပြော၏။ လိုအပ်သော မေးခွန်းများကိုလည်း မေးသောအခါ အဖြစ်အပျက်မှန်ကို ပြန်၍ဖြေ၏။ ထိုချင်းစစ်သားများ မကျေမနပ်မှုများကိုလည်း ဗိုလ်ချုပ် သိခဲ့ရ၏။ ချင်းစစ်သားများအား ဗမာစကားကို သင်ကြားမပေးဘဲ အူရဒူဘာသာ ကုလားစကားကိုသာ သင်ပေးထားသဖြင့် ကုလားလိုပြောမှ နားလည်ကြ၏။ (ဤလည်း တိုင်းရင်းသားအချင်းချင်း သွေးကွဲစေမှု ပရိယာယ်တစ်မျိုးပင်တည်း။)

## ဗိုလ်ချုပ်စိတ်မာန် ကြိမ်းမောင်းဟန်

ဗိုလ်ချုပ်သည် ၁၉၄၇ ခု၊ မတ်လ (၂၂) ရက်နေ့နံနက် မုံရွာမှ တစ်ဖက်ကမ်းသို့ ကူးပြီးလျှင် ပခုက္ကူဘက်သို့ ခရီးထွက်ရာ ညနေကြို ရောက်မှ 'လင်းကတော'သို့ ရောက်ကြ၏။ မုံရွာအရေးပိုင်နှင့် ရာဇဝတ်ဝန်ကြီးတို့ကလည်း ဗိုလ်တဲသို့ရောက်လျှင်ရောက်ချင်း အဆတ်လောင်းရွေး



www.burmeseclassic.com

www.burmeseclassic.com

ချယ်သည့်ကိစ္စနှင့် ပတ်သက်၍ ကွဲနေကြသော နှစ်ဖက်လူကြီးများလည်း အသင့်ရောက်လာကြ၏။ အဖြစ်အပျက်အမှန်ကို ဗိုလ်ချုပ် သိပြီးဖြစ်၏ ဖဆပလဌာနချုပ်မှ ရွေးပုံများကို မကြိုက်လို့ ဆန့်ကျင်ဘက်လုပ်သူ လူကြီး တစ်ယောက်က ဗိုလ်ချုပ်လက်ထဲသို့ စာအရင်ဆုံးထိုးအပ်လိုက်ရာ ထို စာတွင် ဖဆပလကို အပြစ်ဆိုပြီးလျှင် မိမိတို့မှာ လူထုသဘောအတိုင်း လုပ်ရကြောင်းများပါရှိ၏။ ဗိုလ်ချုပ်သည် စာကိုဖတ်ရင်း ဒေါသထွက်လာ ပြီးလျှင် စားပွဲကို လက်သီးနှင့်ပြင်းစွာထုကာ-

"သည်ဟာ ဘယ်သူလုပ်တာလဲ"

ဟု မေး၏။ ထိုသူက-

"လူထုကလုပ်တာပါ"

ဟု ဖြေ၏။

ဗိုလ်ချုပ်သည် မတ်တတ်ရပ်ပြီး-

"ဘာလူထုလဲ၊ ခင်ဗျားတို့ တစ်ယောက်၊ နှစ်ယောက်ထင်တာ လုပ်နေကြတာဟာ လူထုလား။ ကျုပ် သိတယ်၊ ဘာလူထုလဲ"

ဆိုလျက် စားပွဲကို လက်သီးနှင့် ပြင်းထန်စွာ ထု၍ ပြောပြန်၏။

"ဒီအဆိုကို ဘယ်သူတင်သလဲ၊ ဘယ်သူထောက်ခံသလဲ"

ဟု ထပ်၍ မေးပြန်ရာ ဆိုသူက မဖြေဆိုနိုင်တော့ပေ။

ဗိုလ်ချုပ်သည် စားပွဲပေါ်ရှိ ဓွမ်းအစ်ကြီးကိုကိုင်၍ဆောင့်ကာ-

"ဘယ်သူ အဆိုတင်သလဲ၊ ပြောစမ်း၊ ပြောစမ်း"

ဟု ဆိုရင်းထိုးရင်း ထိုသူကို စိန်းစိန်းကြီးကြည့်ကာ ရှေ့သို့ အနည်းငယ်တိုးသွား၏။ ထိုသူသည် မိမိ၏နောက်မှ ခုန်ချစရာအပေါက် များရှိမလားသဘောနှင့် နောက်သို့လှည့်ကြည့်သော်လည်း အပေါက်မရှိ သဖြင့် ထရံကိုကပ်၍သာနေ၏။

"လူထုစကားပြောပြီး ကျုပ်ကို မုန်လာဥလုပ်လို့မရဘူး"

ဟု ပြောပြီးလျှင် ဗိုလ်ချုပ် ပြန်ထိုင်လိုက်၏။ ကျွန်ုပ်လည်း ထို စားပွဲမှာပင် ဗိုလ်ချုပ်နှင့် မျက်နှာချင်းဆိုင် ထိုင်လျက်ရှိ၏။ အရေးပိုင်နှင့် ရာဇဝတ်ဝန်ကြီးတို့လည်း အနားတွင်ရှိကြ၏။ အနီးအနားရှိ ရဲဘော်တို့လည်း ကြောက်သဖြင့် အောက်သို့ဆင်းပြေးကြ၏။ ပတ်ဝန်းကျင်ရှိလူထုမှာလည်း တိတ်ဆိတ်စွာ နားထောင်လျက်ရှိကြ၏။ ဗိုလ်ချုပ်က နောက် ထပ်၍-

"ဘယ်သူတွေက ဘယ်လိုရှုပ်နေတယ်ဆိုတာ ကျုပ် အကုန်သိ တယ်။ သူတို့ဟာသူတို့ ခြယ်လှယ်ပြီး လုပ်ချင်တာလုပ်နေကြတယ်



လူထုအကြောင်းကို ကျုပ် ကောင်းကောင်းနားလည်တယ်"

ဟု ပြောပြီးလျှင် ကိုင်း- သွားမယ် ဆိုသဖြင့် ရေစကြိုသို့ ဆက် လက် ထွက်သွားကြ၏။

ရေစကြိုဗိုလ်တဲသို့ ရောက်လျှင်ရောက်ချင်း-

"ခုတင်က လူနှစ်ယောက်ကို ခေါ်လိုက်စမ်း"

ဟု အခေါ်ခိုင်းသဖြင့် ရာဇဝတ်ဝန်ကြီးက အမြန်သွားရောက် ရှာဖွေရ၏။ ထိုသူများ မရောက်သေးမီ ထမင်းစားရန် တောင်းပန်သဖြင့် ထမင်းစားနေစဉ် မူလ လူနှစ်ယောက်ကို ရှာမတွေ့။ သက်ဆိုင်ရာရှိသော လူကြီးနှစ်ယောက် ရောက်လာကြ၏။ ဗိုလ်ချုပ်သည် ထမင်းဆက်မစား တော့ဘဲ ထသွားပြီးလျှင်-

"ခင်ဗျားတို့ ဘယ့်နှယ်လုပ်တာလဲ။ ဖဆပလသြဇာမနာခံတာ ဘာသဘောလဲ"

စသည်ဖြင့် မေးမြန်းပြန်၏။ ထိုလူကြီးများကလည်း-

"ဗိုလ်ချုပ် သဘောအတိုင်း စီမံနိုင်ပါတယ်။ ဗိုလ်ချုပ်သဘော အတိုင်း နာခံပါမယ်"

စသည်ဖြင့်ပြောပြီး တောင်းပန်စာကို ထိုးအပ်လိုက်သောအခါမှ ဆန့်ကျင်ဘက်အမတ်လောင်းများလည်း ပြန်၍ နုတ်သိမ်းသွားကြ၏။

## ထောင်သားဆူညံ သြဘာသံ

ရေစကြိုတွင် တရားဟောပြီးနောက် ပခုက္ကူသို့ ဆက်လက်သွား ကြရာ ညနေ (၅) နာရီလောက် ဆိုက်ရောက်ကြ၏။ ပခုက္ကူထောင်ကြီး အတွင်းမှ ထောင်သားများလည်း ဗိုလ်ချုပ်ရောက်လာကြောင်း ကြားကြ ရသဖြင့် အထူး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပြီးလျှင် ၄င်းညနေမှစ၍ အတော်ညဉ့်နက်သည်တိုင်အောင် 'ဗိုလ်ချုပ်အောင်ဆန်း အောင်ပါစေ၊ ဖဆပလ တည်မြဲပါစေ' ဟူသော အကျဉ်းသမားတို့၏ တစ်ခဲနက် သံပြိုင် ဟစ်အော်သံကြီးသည် ပခုက္ကူထောင်ကြီးအတွင်းမှ ထွက်ပေါ်ကာ ရာဇဝတ်မှု အမျိုးမျိုးတို့ဖြင့် ထောင်ကျခံနေရသော အကျဉ်းသမားတို့သည်ပင် ဗမာပြည် လွတ်လပ်ရေးစိတ်ဓာတ်များ ပြင်းထန်လျက်ရှိကြောင်း၊ ဗိုလ်ချုပ်အပေါ်၌ ယုံကြည်အားထားကြောင်းပြကြမှုပင်တည်း။

လင်းကတောဗိုလ်တဲ၌ ဒေါ်ပွမိသည့်အတွက် လက်နာသဖြင့် အသာပွတ်နေသည်ကို တွေ့ရသောအခါ ကျွန်ုပ်က-

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးရာ-

““လက်နာသွားလို့””

ဟု ဖြေ၏။ ကျွန်ုပ်တွင်ပါလာသော ဇမ်းဘတ်ကို အနည်းငယ် ပွတ်ပေးပြီးလျှင်-

““လင်းကတောဗိုလ်တဲမှာ နည်းနည်းများသွားတယ် ထင်တယ်””

ဟု ပြောသောအခါ-

““ဟုတ်တယ်၊ များသွားတယ်””

ဟု ပြုံးလျက် ပြန်ဖြေ၏။

## တစ်ရံတစ်ခါ စိတ်ကောက်ရှာ

ဗိုလ်ချုပ် ခရီးထွက်စဉ် တစ်ရံတစ်ခါ စိတ်ကောက်လွယ်ပုံ၊ စိတ်ဆိုးလွယ်ပုံ အမူအရာများကို တွေ့မြင်ရသေး၏။ ၁၉၄၇ ခု၊ မတ်လ (၂၀) ရက်နေ့ နံနက်စောစော အထက်ဗမာပြည်သို့ ခရီးထွက်စရာရှိသဖြင့် ဗိုလ်ချုပ်နေအိမ်တွင် ကားများ အသင့်ပြင်ဆင်ပြီး ဗိုလ်ထွန်းလှ၊ ဗိုလ်မင်းလွင်နှင့် ကျွန်ုပ်တို့ အသင့်စောင့်နေကြရာ ဗိုလ်ချုပ်သည် မျက်နှာရှုစ်ခေါက်ချိုး စိတ်ဆိုးဆိုးနှင့် သမီးကလေး စုစုကိုချီပြီး ဆင်းလာသည်ကို တွေ့ရ၏။ ဒေါ်ခင်ကြည်လည်း နောက်မှ တစ်ပါတည်း လိုက်လာပြီးလျှင် ၎င်းတို့က ကားတစ်စီး၊ ကျွန်ုပ်တို့က ကားတစ်စီး မင်္ဂလာဒုံလေယာဉ်ပျံကွင်းသို့ သွားကြ၏။

ကျွန်ုပ်က ဗိုလ်မင်းလွင်အား -

““ကိုယ့်လူ၊ ဗိုလ်ချုပ်မျက်နှာကြီး စူလို့ပါလား။ ဘာများ ဖြစ်လာသလဲ””

ဟု မေးရာ -

““ဗိုလ်ချုပ်ကတော်ကို စိတ်ကောက်တာပါ။ မျက်နှာတောင် မသစ်ခဲ့ဘူးဗျ”” ဟု ပြန်ပြော၏။

လေယာဉ်ပျံကွင်းသို့ရောက်သောအခါ သမီးကလေးစုစုက ဗိုလ်ချုပ် အပေါ်တွင် ရှူရှူပေါက်ချသဖြင့် ဘောင်းဘီစိုကုန်၏။ အချိန်ကျ ရောက်သောအခါ မျက်နှာစူစူ၊ ဘောင်းဘီစိုစိုနှင့်ပင် လေယာဉ်ပျံပေါ်သို့ တက်စီးသွား၏။ စိုနေသောဘောင်းဘီကို လေယာဉ်ပျံပေါ်ရောက်လျှင် လဲလိမ့်မည်ဟု ထင်ရသော်လည်း စိုနေသည်ကိုပင် ဂရုမစိုက်တော့ဘဲ အရေးကြီးသောကိစ္စတစ်ခုခု စိတ်ကူးနေပုံကို တွေ့ရ၏။



နောက်တစ်ခု တွေ့ရပုံကား ၁၉၄၇ ခု၊ ဧပြီလအတွင်း မေမြို့၌ အနားယူပြီးနောက် ရန်ကုန်သို့ ပြန်ဆင်းလာကြရာ ဧပြီလ (၂၉) ရက်နေ့ နံနက် ပျော်ဘွယ်မြို့တွင် ထမင်းစားကြရန် အမတ်ဦးဖေခင် (ယခု ပါကစ္စတန် သံအမတ်)က ရင်းနှီးသော မိတ်ဆွေများထံ ကြိုတင်အကြောင်းကြားကာ စီမံထား၏။ ပျော်ဘွယ်မြို့သို့ ရောက်သောအခါ ထမင်းစားရန် စီမံထားသော တိုက်သည် မင်္ဂလာဆောင်သည့်တိုက်နှင့် စပ်ဆက်လျက်ရှိသဖြင့် ဗိုလ်ချုပ် ရောက်သည်နှင့် တစ်ပြိုင်နက် မင်္ဂလာဆောင်မှ လူထုက အတင်း လာရောက် ဝိုင်းအုံကြည့်ကြ၏။ မင်္ဂလာဆောင်ရှိမှန်းကို ဗိုလ်ချုပ် မသိ။ ထမင်းစားရန် ပြင်ထားသောနေရာများမှာလည်း အတင်းဝင်ရောက်ထိုင်ကာ ကြည့်နေကြသဖြင့် နောက်ပါလူစုတို့ ထိုင်စရာမရှိအောင် ဖြစ်သွား၏။ (ပရိုက်ဗိတ်) လူအများနှင့် မသက်ဆိုင်စေဘဲ စီမံပါလို့ ပြောထားပါလျက် ယခုလို လုပ်ရမည်လားဆိုပြီး ဗိုလ်ချုပ် ဒေါပွလေ၏။ မျက်နှာကြီးစူလျက် ထမင်းမစားဘဲ နေပြီးလျှင် ဦးဖေခင်အား စားပွဲကို လက်သီးနှင့်ခေါက်ကာ ခပ်တိုးတိုး ကြိမ်းမောင်းလေ၏။ ဦးဖေခင်လည်း အတော်နေရခက်ပြီး သည်းခံပြီး ထမင်းစားပါဟု တောင်းပန်သော်လည်း ဖွတ်မစားဘဲနေ၏။ ကျွန်ုပ်လည်း ဗိုလ်ချုပ်နှင့် မျက်နှာချင်းဆိုင်ထိုင်ကာ ဆာလွန်းလို့သာ စားလိုက်ရသည်။ လေးငါးလုတ်သာစားနိုင်၏။ ဗိုလ်ချုပ် ဒေါပွနေသည်ကို မြင်ရသဖြင့် ဆက်စား၍ မရတော့ပေ။ အချိန်ကား နေ့လယ် (၁၂) နာရီရှိလေပြီ။

ပျော်ဘွယ်မှ တောင်ငူအထိ ခရီးဆက်လက် ထွက်ရမည်ဖြစ်ရာ လမ်းခရီးတွင် စားနိုင်ရန်အတွက် ဦးဖေခင်နှင့် ကျွန်ုပ် တိုင်ပင်ပြီးလျှင် ကျွန်ုပ်စီးသောကားမှာ ၎င်းနောက်မှ လိုက်ရ၏။ ရမည်းသင်းသို့ ရောက်သောအခါ ကျွန်ုပ်ကား ခေတ္တရပ်၍ စမူဆာဝယ်ပြီး အမြန်လိုက်၏။ တပ်ကုန်းသို့ရောက်သောအခါ ဦးဖေခင်က ကားအဆက်ပြတ်လွန်း၍ နောက်ကား ခေတ္တစောင့်ရန်ဆိုပြီး စောင့်နေ၏။

ကျွန်ုပ်၏ကား ရောက်သောအခါ-

““ဦးပုကလေး၊ ခေါက်ဆွဲ ဘယ်မြို့မှာကောင်းသလဲ””

ဟု မျက်ရိပ်ပြကာ ဦးဖေခင်က မေးရာ ကျွန်ုပ်က -

““ဟာ...သည်တပ်ကုန်းမှာ ကောင်းမှာပေါ့””

ဟု ပြောလိုက်သဖြင့် ခေါက်ဆွဲ ဆိုင်ရှေ့တွင် ကားထိုးရပ်လိုက်၏။ ဗိုလ်ချုပ်ကားပေါ်မှမဆင်းမီ ခေါက်ဆွဲ အမြန်ကျော်ပေးရန် မှာလိုက်လျှင်-

““ဟောဒီ ရမည်းသင်းကဝယ်ခဲ့တဲ့ စမူဆာဟာ သိပ်ကောင်းတာပဲ””



www.burmeseclassic.com

www.burmeseclassic.com


ဟု ပြောပြီး ဒေါ်ခင်ကြည်လက်သို့ အပ်လိုက်သောအခါ ဗိုလ်ချုပ် နှိုက်၍စားကြည့်ပြီး -

"အကောင်းသားပဲ"

ဟု ဆိုကာ ဆာဆာနှင့် တစ်ခုပြီးတစ်ခု ဆက်စား၏။ ခေါက်ဆွဲ အသင့်ပြင်ပြီးသဖြင့် ကားပေါ်မှဆင်း၍ စားနေစဉ် ဒေါ်ခင်ကြည်၊ ဦးဖေခင်နှင့် ကျွန်ုပ်တို့လည်း သူ၏စားပွဲတွင် အတူဝိုင်းထိုင်ကြလျက် ပျော်ဘွယ်တွင် ထမင်းစားမည့်အိမ်မှာ မင်္ဂလာဆောင်အိမ်နှင့် ကပ်လျက်ရှိသဖြင့် မျှော် လင့်ဘဲ လူထုကြီးဝင်လာကြပုံ၊ စမူဆာကို ဦးပုကလေးဝယ်ခဲ့ပုံ စသည်ဖြင့် ရယ်မောကာ ဝိုင်းဖွဲ့ပြောပြကြသောအခါ ဗိုလ်ချုပ်လည်း ရောနှောရယ်မော ပြီး စကားပြောလျက် ခရီးဆက်လက်ထွက်ကြ၏။

## မေးလားမြန်းလားကိစ္စများ

ဗိုလ်ချုပ် မေမြို့၌ ခေတ္တ အနားယူနေစဉ် ဗမာပြည် ဘုရင်ခံ ကတော်လည်း မေမြို့၌ ရှိနေ၏။ ဗိုလ်ချုပ်နေသော (ဘရမ်းတီးလ်)အိမ်နှင့် ဘုရင်ခံကတော်နေသော(လင်ကလုဒင်)အိမ်မှာ တစ်ဖာလုံကျော်ကျော် လောက် ဝေး၏။ တစ်နေ့သောအခါ ဘုရင်ခံကတော်က ညနေပိုင်း လမ်း လျှောက်ရင်း အိမ်သို့ အလည်အပတ်လာရန် ဖိတ်ကြား၏။ ဗိုလ်ချုပ်သည် ဒေါ်ခင်ကြည်နှင့် ကလေးများကိုပါ ခေါ်၍ လမ်းလျှောက်ရင်း ဘုရင်ခံ ကတော်အိမ်သို့ သွား၏။ ဘုရင်ခံကတော်လည်း မိမိ ခင်မင်ရင်းနှီးရာ ဥရောပတိုက်သူ အရာရှိကြီးကတော်အချို့နှင့် ဆီးကြိုကာ လက်ဖက်ရည် ပွဲဖြင့် ဧည့်ခံကာ စကားစမြည်ပြောကြ၏။

ထိုအခါ ဥရောပတိုက်သူ အရာရှိကြီးကတော်တစ်ဦးက -

"ဦးအောင်ဆန်း၊ ယခု ဗမာပြည်မှာ အရင်ကလို မဟုတ်ဘူး။ တောလက်ကျေးရွာတွေမှာ အလွန် ဓားပြတိုက်နေပါတယ်။ ကျွန်မတို့ သွားရလာရတာ သိပ်ကြောက်တာပဲ"

ဟု ဗိုလ်ချုပ်အား ပြောပြသောအခါ -

"တောလက်ကျေးရွာတွေမှာ ဓားပြတွေတိုက်နေတယ် ဆိုတာ ဟုတ်တယ်။ တော်တော်ကြာရင် မြို့မှာနေကြတဲ့ ခင်ဗျားတို့ အိမ်တွေကပါ တိုက်လိမ့်မယ်"

ဟု ရှုတည်တည် ခပ်တည်တည်နှင့် ပြန်မှတ်လိုက်ရာ အရာရှိကြီး ကတော်မှာ နောက်ထပ်မပြောဝံ့တော့ဘဲ တုဏှိဘာဝေ ဆိတ်ဆိတ်နေလိုက် ရတော့၏။

ငှင်းပြင် ဗိုလ်ချုပ် မေမြို့မှာနေစဉ်ပင် မန္တလေးမှ ပြည်သူ့ဆက်ဆံ ရေး အရာရှိနှစ်ဦးတို့ လာရောက်၍ ဗိုလ်ချုပ်အား တွေ့ဆုံပြီးလျှင် -

"ကျွန်တော်တို့ ဘာလုပ်စေချင်ပါသလဲ၊ လုပ်စေချင်တာများကို အမိန့်ရှိပါ"

ဟု ပြောသောအခါ -

"ခင်ဗျားတို့ ပြည်သူ့ဆက်ဆံရေးဌာနကြီးတစ်ခုလုံးကို အိုဗာဟော လုပ်ပစ်ဖို့ ကောင်းတယ်။ လူညာလူရှော်တွေပြည့်နေတာပဲ။ ပြည်သူ့ ထောက်ပံ့ရေးဌာနမှာလည်း သူခိုးတွေ ပြည့်နေတာပဲ"

ဟု မှတ်လိုက်ရာ ငါတို့ လာပြီး ဖော်လံမိတာ အမှားကြီးမှား လေစွတကား ဟူသော သဘောမျိုးဖြင့် ပြန်သွားကြရရှာ၏။

## ဗိုလ်ချုပ်ကိုရှု ယုံကြည်မှု

၁၉၄၇ ခု၊ ဒီဇင်ဘာလ (၂) ရက်နေ့၌ သထုံမြို့ ဗိုလ်တဲ၌ နားနေကြစဉ် စကားစမြည်ပြောရင်း -

"အခုဘုရင်ခံ ဆာဟူးဘတ်ရန့်စ်နဲ့ ဗိုလ်ချုပ်ဟာ သူ ဘုရင်ခံ ဖြစ်မှ တွေ့တာလား"

ဟု ကျွန်ုပ်က မေးရာ -

"ဂျပန်တော်လှန်ရေးတုန်းကတည်းက သိတာပဲ။ ၁၉၄၅ ခုနှစ် မောင့်ဘက်တန် ရန်ကုန်လာတော့ ကျုပ်နဲ့ မောင့်ဘက်တန် တွေ့ဆုံပြီး စကားပြောဖို့ကို သူပဲစီစဉ်ပေးတယ်။ ကျုပ် မှတ်မိသေးတယ်။ မောင့်ဘက် တန် ဧည့်ခံပွဲကြီးကျင်းပတဲ့အခါ အခမ်းအနားပြီးတော့ နေပါဦး၊ မပြန်ပါနဲ့ဦး၊ ခင်ဗျားနဲ့တွေ့ဖို့ ကျုပ် မောင့်ဘက်တန်ကို ပြောထားတယ်ဟု ပြောနေတုန်း ဦးကျော်ဇံက မပြန်သေးဘဲ မောင့်ဘက်တန်ထံ ဝင်မည်ပြုရာ ခင်ဗျားနဲ့တွေ့ ဖို့ အချိန်မရဘူး။ ကျုပ်တို့ စကားပြောစရာတွေရှိတယ်လို့ ဆာဟူးဘတ် ရန့်စ်က ပြောပြီး လွှတ်လိုက်တယ်။ ပြီးတော့ ကျုပ်ကို ခေါ်သွားတယ်။ မောင့်ဘက်တန်ဟာ သဘောပြည့်ဝပုံရတယ်။ သူကလည်း ခပ်ရှင်းရှင်း၊ ကျုပ်ကလည်း ခပ်ရှင်းရှင်း ပြောတာပဲ"

ဟု ဗိုလ်ချုပ်က ပြောပြ၏။ နောက်ဆက်လက်၍ ဗိုလ်ချုပ်က ပြောပြသည်မှာ -

"ဆာဟူးဘတ်ရန့်စ် ဘုရင်ခံအဖြစ်နဲ့ ရောက်လာတော့ သူဟာ



www.burmeseclassic.com

www.burmeseclassic.com

တချစ်ကို သိပ်တွေ့ချင်ပြီး နှစ်ခါ၊ သုံးခါ အိမ်တော်ကို ဖိတ်ကြားတယ်။ ဒါပေမယ့် ကျုပ်ကတော့ တယ်မတွေ့ချင်လှဘူး။ နေကလည်း မကောင်းတော့ တော်ရုံတန်ရုံပြောပြီး မသွားဘဲနေတယ်။ ကျုပ်က မသွားတော့ အပါးတော်မြဲ ခင်ဖေကြီးကိုခေါ်ပြီး ညပိုင်း ကျုပ်အိမ်ကို ရောက်လာတာပဲ"

စသဖြင့် ပြော၏။

ထိုအချိန်၌ ဗိုလ်ချုပ်သည် လူထုအကြည်ညိုခံရဆုံး ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်နေသော်လည်း သူ၏အိမ်၌ကား ခမ်းခမ်းနားနား မရှိ။ ခနော်ခနဲ့စားပွဲ၊ ကုလားထိုင်များ ရှိ၏။ ဓာတ်မီးလည်းမရှိ။ ညအခါ ရေနံဆီမီးခွက်ကလေးများထွန်းကာ မှိတ်တုတ်မှိတ်တုတ်နှင့်နေ၏။ အိမ်အောက်၌ ရဲဘော် သုံးလေးယောက် စောင့်နေ၏။

ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်သည် ဗိုလ်ချုပ်အိမ်သို့ ညအချိန် ရောက်သွားသောအခါ ဓာတ်မီးရောင်မရှိ၊ ရေနံဆီမီးခွက်မှိတ်တုတ်မှိတ်တုတ်နှင့်နေပုံများကို လည်းကောင်း၊ ထည်ထည်ဝါဝါ ခမ်းခမ်းနားနားမရှိ။ ခနော်ခနဲ့ စားပွဲ၊ ကုလားထိုင်ကလေးများနှင့် ဆင်းရဲသားသဘာဝ ဖြစ်သလို ရှိသမျှ တင်းတိမ်ရောင့်ရဲကာနေပုံကို လည်းကောင်း၊ အကြောင်းကိစ္စတစ်ခုကို ပရိယာယ်မလုပ် တိုတိုတုတ်တုတ် ခပ်ရှင်းရှင်းကြီး ပြောပုံများသို့ လည်းကောင်း၊ တွေ့ရ၊ ကြားရသောအခါ 'ဤသူကား ကိုယ်ကျိုးအတွက်ငဲ့ကွက်ခြင်းရှိသူမဟုတ်။ တကယ့် မျိုးချစ်စိတ်ရှိသူတည်း။ တိုင်းသူပြည်သား၏ကောင်းကျိုးကို တကယ် သယ်ပိုးဆောင်ရွက်သည့်သူတည်း။ နိုင်ငံလွတ်လပ်မှုဆောင်ရွက်ရာတွင် ဖြောင့်ဖြောင့်စင်းစင်းကြီး ရှေ့ဆောင်မည့် ခေါင်းဆောင်ကြီးပင်တည်း' ဟု မှတ်ချက်ချကာ ဗိုလ်ချုပ်အပေါ်၌ ကြည်ညိုယုံကြည်မှုကို ပြဋ္ဌာန်းလိုက်သော ဟူသတတ်။

## နောက်ကြောင်းနိုင်ငံရေး ဗိုလ်ချုပ်မေး

ဗိုလ်ချုပ် ခရီးထွက်စဉ်အချိန် အားလပ်ခွင့် အနည်းအငယ်ရရှိပြီး စိတ်ရှင်းသည့်အခါမျိုး၌ လွန်လေပြီးသော ဗမာပြည်နိုင်ငံရေးအကြောင်းအရာများကို ပြောပြခဲ့ရ၏။ မေမြို့၌ အနားယူနေစဉ်အခါ -

"ဦးပုကလေးရဲ့၊ လွန်ခဲ့တဲ့ခေတ်က နိုင်ငံရေးဆောင်ရွက်ကြပုံကို ပြောပြစမ်းပါဦးလေ"

ဟု ဗိုလ်ချုပ်က ပြောသဖြင့် လွန်လေပြီးသော ဝိုင်အမ်ဘီအေနှင့် အလားတူအသင်းများအခြေအနေကို လည်းကောင်း၊ ဂျီစီဘီအေ ဗမာအသင်းချုပ်ကြီး ပေါ်ပေါက်လာပြီး ဆောင်ရွက်လာပုံ အခြေအနေများနှင့် (၂၁) ဦးနှင့် လှိုင်ပုကျော်တို့ ကွဲပြီးသည့်နောက် အစိတ်စိတ်အမြှာမြှာဖြစ်ကာ သမ္မတတွေ ပေါ်ပေါက်လာပုံအကြောင်းအရာများကို လည်းကောင်း ရှင်းလင်းပြောပြခဲ့ရ၏။

၁၉၁၅ ခု ပျဉ်းမနားမြို့၌ ပဉ္စမမြောက်ဝိုင်အမ်ဘီအေနှင့် အလားတူအသင်းများ၏ ကွန်ဖရင့်အစည်းအဝေး ကျင်းပစဉ်အခါ အစည်းအဝေးဖွင့်သြဘာစာဖတ်ကြားရာတွင် (အရှင်ကျော့ဘုရင် မင်းတရားကြီးဘုရား သက်တော်ရာကျော် ရှည်ပါစေသော်ဝ်) ဆိုသော စကားများကို ထည့်သွင်းဖတ်ကြားသေးတာပေါ့' ဟု ပြောပြသောအခါ ဗိုလ်ချုပ်က ဟက်ဟက်ပက်ပက် ရယ်မောပြီးလျှင် 'ဩော်-ဒါလောက်တောင်ပဲကိုး' ဟု ပြောသေး၏။

"ဟိုအခါတုန်းက ဘာသာရေးဗန်းပြကာ အသင်းထဲမှာ အစိုးရအရာရှိ ကြီး၊ ငယ်တွေရော ပါဝင်နေကြတဲ့အပြင် အင်္ဂလိပ်သံဇာကလည်း ဗမာလူမျိုးတွေအပေါ် အတော်ပဲ လွှမ်းမိုးကြီးစိုးနေတဲ့အခါလည်း ဖြစ်ပါတယ်"

"နေစမ်းပါဦး၊ ဂျီစီဘီအေညီညွတ်ရေးအစည်းအရုံးကြီးရပြီး အစိတ်စိတ်အမြှာမြှာ ကွဲပြားကုန်ရတဲ့ အကြောင်းရင်းက ဘာလဲဗျာ"

ဟု မေးရာ -

"ပထမဦးစွာ (၂၁) ဦးနဲ့ လှိုင်ပုကျော် ကွဲကြတဲ့ အတွင်းရေးအဓိကပထမအချက်ကြီးကတော့ ဒိုင်ယာယီသပိတ်မှောက်သင့်၊ မမှောက်သင့်ပါဘဲ။ ဒီအခါတုန်းက ဂျီစီဘီအေအသင်းချုပ်ကြီး ဥက္ကဋ္ဌက ဦးချစ်လှိုင်၊ ငွေထိန်းက ဦးထွန်းအောင်ကျော်၊ တောလူထုကျအောင် ဟောပြောနိုင်တဲ့ သာယာဝတီဦးပုက ကော်မတီလူကြီး၊ အခြားဝတ်လုံ ဦးပု၊ ဝတ်လုံ ဦးမောင်ကြီး၊ ဝတ်လုံ ဦးဘစိ၊ ဦးဘဖေ စတဲ့ လူကြီးများက ကော်မတီလူကြီးများဖြစ်ကြပါတယ်။ ဂျီစီဘီအေငွေကလည်း အတော်အတန် ရှိလာလေတော့ ငွေထိန်း ဦးထွန်းအောင်ကျော်ရဲ့ အမျိုးသားဘဏ်မှာ ထားတယ်။ ဒီအခါမှာ ဂျီစီဘီအေ ရုံးလုပ်ရန်အတွက် ဂေါ်ဒွင်လမ်းမှာရှိတဲ့ အဆောက်အအုံတစ်ခုကို ဝယ်ယူရန် ဆွေးနွေးကြတဲ့အခါ ဦးထွန်းအောင်ကျော်က သူရဲ့ဘဏ်တိုက်မှ ငွေများ အထုတ်မခံလိုတာကို အကြောင်းပြုပြီးတော့ သဘောမတူနိုင်ကြောင်း အပြင်းအထန် ကန့်ကွက်တယ်။ ဦးချစ်လှိုင်နဲ့ သာယာဝတီဦးပုတို့ကလည်း ဦးထွန်းအောင်ကျော်ဘက်မှ သဘောတူကြတယ်။ ဒါဟာ

www.burmeseclassic.com

ကွဲပြားမှုအရင်းခံအချက်ကြီး တစ်ချက်ပါပဲ။ ဒီနောက် ဒိုင်ယာယီဥပဒေပြု လွှတ်တော် ဝင်သင့်၊ မဝင်သင့် အမှုဆောင်အဖွဲ့မှာ ဆွေးနွေးကြတဲ့အခါ မှာလည်း လိုင်ပုကျော်ကတစ်ဖက်၊ အမှုဆောင်များကတစ်ဖက် ဖြစ်လာ ပြန်တယ်။ အများသဘောအရ သပိတ်မမှောက်သင့်ကြောင်း ဆုံးဖြတ် ကြတယ်။ ဒီနောက် လိုင်ပုကျော်တို့က ဂျူဗလီဟောမှာ လူထုအစည်း အဝေးပွဲကြီးကျင်းပပြီး သပိတ်မှောက်ရန် ဆုံးဖြတ်ကြတယ်။ ဘုန်းတော် ကြီးများနဲ့ လူထုက လိုင်ပုကျော်တို့ဘက်မှ လိုက်ပါကြသည့်အတွက် ဒိုင်ယာယီဥပဒေပြုလွှတ်တော်ကို သပိတ်မှောက်ကြတာပဲ။ ဒီအချိန်မှာ သပိတ်မမှောက်သင့်ဘူးဆိုပြီး ဝတ်လုံဦးပု၊ ဝတ်လုံဦးမောင်ကြီး၊ ဝတ်လုံ ဦးဘာစီ၊ ဦးဘဖေ စသော လူကြီး (၂၁) ဦးက လက်မှတ်ရေးထိုးပြီး ကြေညာစာတမ်း ထုတ်ဝေတဲ့အတွက် (၂၁) ဦးက လူကြီးများဟု တွင်လာ ပါတယ်။ ဂျီစီဘီအေရုံးပစ္စည်းများကိုလည်း ဦးရာဘက်က ဝင်အုပ်ပြီးတော့ စင်ပြိုင်ဖြစ်လာကြတယ်။ သပိတ်မမှောက်သင့်တဲ့ဘက်က အိုင်ယာလန် ဆင်ဖိန်းနည်းကိုလုပ်ရန် အကြောင်းပြကြပါတယ်။ သပိတ်မှောက်သင့်တဲ့ ဘက်က ဒိုင်ယာယီကို လုံးဝ အလိုမရှိ။ ဟုမ်းရူးရမှ ကျေနပ်မယ်ဆိုပြီး အစိုးရနဲ့ မဆက်ဆံတဲ့ နည်းစနစ်ကို ပြကြပါတယ်။

ဒီနောက် လိုင်ပုကျော်ပါတီမှ အဆင့်ဆင့်ကွဲပြီး သမ္မတတွေအမျိုး မျိုး ပေါ်လာကြတာဟာလည်း ငွေမှုကြေးမှုနဲ့ပတ်သက်ပြီး တစ်ဦးကိုတစ်ဦး အယုံအကြည်ကင်းမဲ့မှုတွေကို အကြောင်းပြုပြီး ကွဲကြတာပဲ။ နိုင်ငံရေး သဘောမပါဘူး။ ဒီအချိန်ကစပြီး ဗမာ့နိုင်ငံရေးဇာတ်ကြီးဟာ မျောလာ ခဲ့တာပဲ"

စသည်ဖြင့် ပြောပြပြီးနောက် -

"ကိုင်း...အတော် ညဉ့်နက်ပြီ၊ အိပ်ကြဦးစို့"

ဟု စကားရပ်စဲလိုက်ကြ၏။

## တနင်္သာရီဘက် ခရီးထွက်

ဗိုလ်ချုပ်သည် လွတ်လပ်ရေးစိတ်ဓာတ် ပြင်းထန်လျက်ရှိသည့်ပြင် မကြာမကြာ နေထိုင်မကောင်းဖြစ်သည်ကိုပင် ဂရုမစိုက် အနားမယူ ဇွတ်တရွတ် ပေတေပြီး ခရီးထွက်လေ့ရှိ၏။ ၁၉၄၇ ခု၊ မတ်လ (၁၅) ရက်နေ့ ရန်ကုန်မှ တနင်္သာရီ အရေးကြီးသောမြို့များသို့ လေကြောင်းခရီးဖြင့် ထွက်၍ လှည့်လည် ဟောပြောစဉ်အခါက ဗိုလ်ချုပ် နေမကောင်းလှပေ။ ထိုခရီးတွင် ဖဆပလ အထွေထွေအတွင်းရေးမှူး ဦးဗဆွေ၊ ဗိုလ်ထွန်းလှ၊





ဗိုလ်မင်းလွင်နှင့် ကျွန်ုပ်တို့ လိုက်ပါကြ၏။

မြိတ်မြို့ရှိ ဥရောပတိုက်သားအရေးပိုင် လာရောက်ကြိုဆိုပြီးနောက် ဗိုလ်တဲသို့ရောက်သောအခါ ဗိုလ်ချုပ်က-

"ခင်ဗျား ဘယ်တော့ ဘိလပ်ပြန်မလဲ"

ဟု မေးလိုက်သောအခါ-

"ဒီနှစ်ကုန်လောက်ပြန်ပါမည်"

ဟု ပြန်ဖြေသည်ကို ကြားလိုက်ရသေး၏။ မြိတ်မြို့မှ ဗိုလ်ချုပ်ကို ကြိုဆိုကြရာ၌ အစီအစဉ်နှင့်တကွ ညပိုင်း ကမ်းနား၌ တရားပွဲကြီး ကျင်းပ ပုံမှာလည်း လူထုစိတ်တိုင်းကျ ပန်ရလှ၏။ အထူးအားဖြင့် ရုပ်ရည်လှပ သော ရဲမေများသည် ဖက်ဖူးရောင်ယူနီဖောင်းများဝတ်ဆင်ကာ လေယာဉ်ပျံ ဆိပ်သို့ လာရောက် ကြိုဆိုကြပုံမှာ အထူးကြည့်ကောင်း၏။ ဗမာပြည် တစ်ဝန်းလုံး ရဲမေအလှပြိုင်ပွဲကျင်းပလျှင် မြိတ်မြို့ ပထမရမည်မှာ သေချာ ပေါက် ဖြစ်၏။

မြိတ်၌ ရွေးကောက်ပွဲနှင့် ပတ်သက်၍ အချင်းချင်း သဘောကွဲပြီး ယှဉ်ပြိုင် အရွေးခံမည်ရှိနေကြရာ ဖြေရှင်း၍ မရနိုင်လောက်အောင် နှစ်ဦး နှစ်ဖက် တင်းမာခက်ထန်လျက် ရှိနေကြရာတွင် ဗိုလ်ချုပ် ရောက်သွား သောအခါ ထိုရှုပ်ထွေးသော ပြဿနာလည်း ရှင်းလင်းအေးသွား၏။

မြိတ်မြို့၌ ထူးခြားချက်တစ်ရပ် တွေ့ရသည်ကား 'ဆလုံ'တိုင်းရင်း သားများပင်တည်း။ ကျွန်းပေါင်း (၈၀၀)ကျော်ရှိသော မြိတ်ကျွန်းစုတစ်ဝိုက် ဝင်လယ်ကြီးတွင် နေလေ့ရှိသော ဆလုံတိုင်းရင်းသားမှာ (၄၀၀၀)ကျော်မျှ ရှိသည်ဟု ခန့်မှန်းကြ၏။ ကျွန်ုပ်တို့ရောက်သောအချိန်တွင် မြိတ်မြို့ကမ်းစပ်၌ မြို့သူမြို့သားများနှင့် နီးနီးကပ်ကပ်နေလေ့ရှိသော ဆလုံတိုင်းရင်းသားများမှာ (၁၀၀) ကျော်မျှရှိ၏။ ၎င်းတို့မှာ အနေအထိုင် သန့်သန့်ရှင်းရှင်း မရှိ။ မြို့သူမြို့သားများက ရောနှော ဆက်ဆံခြင်းမပြု လျစ်လျူရှုထားကြ၏။ ၎င်းတို့ ပြောဆိုကြသော စကားသံမှာ 'မွန်'စကားနှင့် အသံတူသည့်အပြင် ခွန်တီးမှုတ်သံများကို ကြားသောအခါ အထူး နှစ်သက် သဘောကျကြ၏။ ၎င်းကို ထောက်ဆသောအားဖြင့် သူတို့သည် မွန်လူမျိုးအဆက်အနွယ်များ ဖြစ်ဟန်ရှိသည်ဟု ယူဆကြ၏။ ရာဇဝင်အကြောင်းအားဖြင့်ကြည့်သော် ဘယင်ရွှေထီးလက်ထက် စစ်မက်ဖြစ်ပွားရာတွင် မြိတ်ကျွန်းစုသို့ ထွက်ပြေး တိမ်းရှောင်နေကြသော မွန်လူမျိုးအဆက်အနွယ်များသည် မူလ ထိုကျွန်းများ တွင်ရှိကြသော ပသျှူးစပ်ရိုင်းများနှင့် ရောစပ်ကြသည့် လူမျိုးများ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ဟန်ရှိသည်ဟု ယူဆကြ၏။

သူတို့၏ စကားအရ ဆလုံတိုင်းရင်းသားကို 'မော်အော်ကင်း'ဟု ခေါ်၏။ (မော်အော်-ပင်လယ်၊ ကင်း-နေသူ) ပင်လယ်၌နေသူဟု အဓိပ္ပာယ်ရှိ၏။ သူတို့သည် ရေအထူးကျင်လည်၏။ ပုလဲငုပ်ကျွမ်းကျင်၏။ ကမာငါးကြီးအန်ဖတ်နှင့် ငှက်သိုက်များကိုလည်း ရအောင်စွမ်းဆောင်နိုင်ကြ၏။ များသောအားဖြင့် တရုတ်လူမျိုးများသည် ၎င်းတို့ကို အမှီပြု၍ စီးပွားဖြစ်ကြ၏။ တရုတ်လူမျိုးများကို အကြောင်းပြု၍ ယောကျ်ားရော မိန်းမပါ ဘိန်းရှူဘိန်းစားများဖြစ်ကြ၏။ သူတို့မှာ ဘာသာမရှိ၊ လူသေလျှင် အလွန်အမင်း ကြောက်လန့်တတ်ကြ၏။ 'ဆလုံပွေး' ခေါ်သည့် ယားနာမျိုးပေါက်ကြ၏။ ဆရာဝန်ကလည်း သူတို့အား ဆေးထိုးပေး၏။ ဆလုံတိုင်းရင်းသားများမှာ ရွေးကောက်ပွဲ မဲဆန္ဒပေးနိုင်ခွင့်စာရင်းတွင်လည်း မပါ။ ရာရှင်လက်မှတ်လည်း မရကြသဖြင့် ပြည်သူ့ရဲဘော်တပ်ဖွဲ့ ခေါင်းဆောင်တို့၏ ကြိုးပမ်းချက်အရ ရာရှင်လက်မှတ်ရကြ၏။ မဲဆန္ဒပေးနိုင်ခွင့်စာရင်းတွင်လည်း ပါဝင်ကြရ၏။

နောက်တစ်နေ့ မတ်လ (၁၆) ရက်နေ့ နံနက်တွင် မြိတ်မြို့မှ ထားဝယ်သို့ လေယာဉ်ပျံနှင့် ဆက်လက် ခရီးထွက်ကြ၏။ နံနက် (၁၀) နာရီအချိန်တွင် အစိုးရကျောင်းဝင်းကြီးအတွင်း၌ ဗိုလ်နေဝင်း ကြီးမှူးသော ပြည်သူ့ရဲဘော်နှင့် ရဲမေတပ်ဖွဲ့တို့က တခမ်းတနားကြီး အရိုအသေပြုကြ ပုံကို ဗိုလ်ချုပ် အထူး အားရနှစ်သိမ့်၏။ ထားဝယ်နယ်က ပြည်သူ့ရဲဘော်တပ်ဖွဲ့အင်အား အထူးတောင့်တင်းသော နယ်တစ်နယ်ဖြစ်ရာ ထိုအချိန်က ရဲဘော်၊ရဲမေပေါင်း (၁၀၀၀၀) ကျော်ရှိသော ဟူ၏။ ဗိုလ်ချုပ် ဘိလပ်သို့ သွားရောက်အရေးဆိုနေစဉ် တော်လှန်ရန် အသင့်ပြင်ဆင်ပြီးဖြစ်သော ထားဝယ်နယ် သတ္တိခဲ ရဲဘော်၊ ရဲမေတို့သည် ဘိလပ်တွင် ဗိုလ်ချုပ် တောင်းဆိုချက် ရ၊ မရ အသံကို နားစွင့်နေကြရင်းပင် အချို့သော အရာရှိများ၏ သေနတ်များကို သိမ်းစပြုနေကြ၏။ ဂါတ်များကို စီးနင်းတော့ မည့်ဆဲဆဲ ရှိနေကြရာ ရန်ကုန်မြို့ ပြည်သူ့ရဲဘော်ဌာနချုပ်နှင့် ဗိုလ်မှူး အောင်ကိုယ်တိုင် လေယာဉ်ပျံနှင့် သွားရောက်၍ လက်မလွန်အောင် တားခဲ့ရသေး၏။

ဖဆပလ အထွေထွေအတွင်းရေးမှူး ဦးဗဆွေလည်း မိမိ၏ဇာတိဌာနဖြစ်သော ထားဝယ်နယ်၏ အင်အားတောင့်တင်းမှုကိုကြည့်ကာ တပြုံးပြုံးနှင့် နှလုံးရွှင်လန်းလျက်ရှိနေပုံကို တွေ့ရ၏။





ကျွန်ုပ်က-

"ဗိုလ်ချုပ်၊ မောင်းမကန်ပင်လယ်ကမ်းခြေရောက်ဖူးပါသလား"

ဟု မေးရာ ခေါင်းခါ၍ပြ၏။ ခရီးကြုံတဲ့အခါ နေ့လယ် ခေတ္တအနားယူရင်း ပင်လယ်လေညင်းခံသွားလျှင် ကောင်းပါလိမ့်မည်ဟု ပြောရာ

"အကောင်းသားပဲ"

ဟု ဆိုသဖြင့် မြို့နှင့် နယ်ခေါင်းဆောင်များ မိတ်ဆက်ပွဲ အခမ်းအနားအပြီး နေ့လယ် (၁၂) နာရီအချိန် ခရီး (၁၀) မိုင်မျှဝေးသော မောင်းမကန်ပင်လယ်ကမ်းခြေသို့ ကားနှင့်ထွက်ကြ၏။ ဗိုလ်ချုပ်ကို အသက်ပေးကာ ချစ်မြတ်နိုးလျက်ရှိကြသော ရဲဘော်တို့က ထိုလမ်းခရီးတစ်လျှောက်လုံး တောကြိုတောကြား၊ တောင်ကြိုတောင်ကြား၌ အဆက်မပြတ်ကင်းစောင့်နေကြပုံကို တွေ့ရ၏။

မောင်းမကန်ပင်လယ်ကမ်းခြေကား နာမည်ကြီးသည့်အတိုင်း ရှုမျှော်ခင်းမှာ အထူး သာယာလှ၏။ ဗိုလ်ချုပ်လည်း ကမ်းခြေဗိုလ်တဲသို့ ရောက်လျှင်ရောက်ချင်း အသင့်ရှိနှင့်သော အုန်းစိမ်းရည်ကို သောက်ပြီးလျှင် ပင်လယ်လေညင်းကိုခံယူကာ ပက်လက်ကုလားထိုင်ပေါ်၌ အိပ်ပျော်သွား၏။ ကျွန်ုပ်နှင့် ဗိုလ်မင်းလွင်ကား ပင်လယ်ရေပြင်သို့ဆင်းကာ ပျော်ပျော်ပါးပါး ရေကစားကြ၏။ ဗိုလ်ချုပ်လည်း တစ်နာရီခန့်ကြာ၍ အိပ်ရာမှနိုးသောအခါ (၃) နာရီ အချိန်ကျင်းပမည့် လူထုအစည်းအဝေးကြီးအမီ ပြန်ကြ၏။ နောက်တစ်နေ့ မတ်လ (၁၇)ရက်နေ့နံနက် ထားဝယ်မှ မော်လမြိုင်သို့ လေယာဉ်ပျံနှင့် ခရီးထွက်ပြီးလျှင် ထိုနေ့ လူထုတရားပွဲကြီး ကျင်းပ၍ မတ်လ (၁၈) ရက်နေ့တွင် ရန်ကုန်သို့ ပြန်ရောက်ကြ၏။

☆☆☆



www.burmeseclassic.com

www.burmeseclassic.com

## လန်ဒန်သွားမှတ်တမ်း

**ဇန်နဝါရီလ (၂) ရက်နေ့**

နံနက်စောစော (၅) နာရီအချိန် အိပ်ရာထရသည်မှာ ရာသီဥတု ကလည်း အေးစပြုလာပြီဖြစ်၍ အတော်ပင် ပျင်းစရာကောင်းလေသည်။ သို့သော် လေယာဉ်ပျံကွင်းသို့ (၆) နာရီခွဲအရောက် လာရမည်ဟူသော နိုတစ်က ရှိနေပြန်သဖြင့် သုတ်သီးသုတ်ပျာနှင့်ပင် ခရီးထွက်ရန် ပြင်ဆင်ရ တော့သည်။ ဗိုလ်ချုပ်အိမ်မှ လေယာဉ်ပျံကွင်းသို့အသွားတွင် ပြည်သူ့ ရဲဘော်များက လိုက်၍ပို့ကြသေးသည်။ မင်္ဂလာဒုံလေယာဉ်ပျံကွင်းတွင် လည်း မိတ်ဆွေသင်္ဂဟ အတော်များများ တွေ့ရသည်။

(၇) နာရီတိတိတွင် ကျွန်ုပ်တို့၏ လေယာဉ်ပျံသည် မြေပြင်မှ ကြွစပြုလေ တော့သည်။ R.A.F လေတပ်မှ 'ဒါကိုတာ' လေယာဉ်ပျံ အမျိုးအစားပင် ဖြစ်လင့်ကစား ယခုတစ်ကြိမ်စီးရသော 'ဒါကိုတာ' မှာ အတော် စတိုင်ကျပေသည်။ လူလေးယောက်အတွက် ထိုင်စရာ၊ အိပ် စရာနေရာများနှင့်တကွ အတော် သပ်သပ်ရပ်ရပ် ရှိလေသည်။ အင်္ဂလိပ် စက်သံများမှာလည်း ခါတိုင်း ဗမာပြည်တွင်း၌ ကျွန်ုပ်တို့စီးနေကျ လေယာဉ် ပျံများထက် ပို၍ ညင်သာညက်ညောလေသည်။

တစ်နာရီအတွင်း ကျွန်ုပ်တို့သည် ရခိုင်ရိုးမတောင်ကြီးကို ဖြတ်သန်း မိပြီးနောက် (၈) နာရီထိုးလုနီးသောအခါ ဘင်္ဂလားအော်ပင်လယ်ပေါ်သို့ ရောက်လာတော့သည်။ ဆီးနှင်းများကွဲ၍ အရှေ့ဘက်ဆီမှ နေကိုလည်း မြင်စပြုလေပြီ။ အောက်တည့်တည့်သို့ ငုံ့ကြည့်လိုက်လျှင် ပြာလဲ့လဲ့အရောင် ရှိသော သမုဒ္ဒရာရေပြင်ကြီးကို လည်းကောင်း၊ အရှေ့ဘက်သို့ ပြန်လှည့် ကြည့်လိုက်လျှင် ညို့ညို့မှိုင်းမှိုင်းနှင့် စိမ်းရောင်စိုနေသော ရခိုင်ရိုးမတောင် ကြီးများနှင့် ဗမာပြည်ကမ်းရိပ်ကို လည်းကောင်း မြင်ရသည့်အခါ အလိုလို တစ်ခုခုကို လွမ်းဆွတ်အောက်မေ့သလို စိတ်ထဲတွင် လှုပ်ရှား၍လာသည်။



သို့သော် လေယာဉ်ပျံကား အငြိမ်မနေ၊ တွင်တွင်ကြီးသာ ခုတ်မောင်း လျက်ရှိသဖြင့် မကြာမီ ဘင်္ဂလားပြည်တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်း ပေါ်သို့ ဖြတ်သန်းသွားပြီးနောက် နံနက် (၁၀) နာရီခွဲသာသာတွင် ကာလ ကတ္တားမြို့ ဒမ်ဒမ်လေယာဉ်ပျံကွင်းသို့ ဆင်းသက်မိကြလေသည်။ လေယာဉ် ပျံကွင်းတွင်ကား ဆရာတ်ချန္ဒရာဘို့(စ်)၏သား (ဗမာပြည်လာဖူးသူ) ကိုယ် တိုင် လာရောက်ကြိုဆိုနေသည်ကို အံ့သြစွာ တွေ့ရသည်။ သူက ဗိုလ်ချုပ် ကို ခရီးဦးကြိုပြုရင်း ပန်းကုံးစွပ်လေသည်။ ဗိုလ်ချုပ်သာမက အတူပါသွား သော ကျွန်ုပ်နှင့် သခင်ဦးအောင်သန်း (ဗိုလ်စကြာ) ကိုပါ ပန်းကုံးစွပ် လိုက်သေးသည်။ အဘိုးကြီး ဆရတ်ဘို့စ်တစ်ယောက်လည်း ကောင်းကောင်း ခမာဟု ကြားသိရလေသည်။ ကလကတ္တားတွင် နံနက်စာစားပြီးနောက် နံနက် (၁၁) နာရီခွဲတွင် ကလကတ္တားမှ ဒေလီသို့ ခရီးထွက်ရပြန်တော့သည်။

ကလကတ္တားမှ ထွက်ကြရပြန်သောအခါ လေယာဉ်ပျံအပေါ်တွင် အတော် အေးစပြုလာသည်။ မြေပြင်သို့ ငုံ့ကြည့်လိုက်လျှင် အလွန် ကွေ့ကောက်သော လမ်းကြောင်းတို့ဖြင့် လှိုင်းလေမရှိ ငြိမ်သက်စွာ စီး ဆင်းလျက်ရှိသော ဂင်္ဂါမြစ်ကြီးနှင့်တကွ မြစ်ဝှမ်းရှိ မြို့ရွာများနှင့် လူနေ အိမ်ခြေအားလုံးကို ကောင်းစွာ မြင်ရသည်။

ညနေ (၄) နာရီ မိနစ် (၄၀) ခန့်မှ နယူးဒေလီမြို့ (ဝယ်လင်တန်) လေယာဉ်ပျံကွင်းသို့ ဆင်းမိကြသည်။ လာရောက်ကြိုဆိုနေကြသူများထဲမှ ရှေ့ဆုံးသို့ထွက်၍လာသူကား အိန္ဒိယပြည်ခေါင်းဆောင်ကြီး ပဏ္ဍစ်ဂျဝါ ဟာလာနေရူးပင် ဖြစ်လေသည်။ နေရူးနှင့်အတူ အိန္ဒိယအစိုး၏ ဗမာပြည် ကိုယ်စားလှယ်တော်ဖြစ်သော ဒေါက်တာ ရော့ဖ်ကိုလည်း တွေ့ရသည်။ အိန္ဒိယပြည်အစိုးရ ပြည်ထောင်စုဆက်ဆံရေးဌာနမှ အရာရှိကြီးများအား လုံးလည်း လာရောက် ကြိုဆိုကြလေသည်။

### ဒေလီမြို့မှာ တို့မြန်မာ

လေယာဉ်ပျံပေါ်မှ ဆင်းခဲ့ပြီးနောက် ရှေ့သို့ထွက်လာကြရာ ဗမာ အဝတ်အစား ကျနစွာဝတ်ဆင်ထားသော ဗမာလူမျိုးတစ်စု (၁၅) ယောက် ခန့်ကို တွေ့ရပြန်လေသည်။ သူတို့ကား ဒေလီမြို့ အသံလွှင့်ရုံ ဗမာဘာ သာဆိုင်ရာဌာနတွင် အမှုထမ်းရွက်နေကြသူများဖြစ်၍ သူတို့၏ ခေါင်း ဆောင်မှာ ယခု ရန်ကုန်အသံလွှင့်ဌာန ညွှန်ကြားရေးဝန် ဦးခင်ဇော်၏ဇနီး (ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်စာနည်းပြ ဆရာမဟောင်း) ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဗမာပြည်နှင့် မိုင်ပေါင်းများစွာ ဝေးကွာ၍ နေလင့်ကစား ဗမာကို ကမ္ဘာက သိစေရန် ရှုပ်ရှုပ်ချွံချွံ ဗမာ့လွတ်လပ်ရေး အရေးတော်ပုံကြီးကို ဦးစီးဦးဆောင်ခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းသည် တကယ့် လူထုခေါင်းဆောင် အစစ်ဖြစ်ကြောင်းကို သူတို့လည်း ကောင်းစွာသိကြလေသည်။ ထို့ကြောင့်ပင် ဗိုလ်ချုပ် လေယာဉ်ပျံပေါ်မှ ဆင်းလာသောအခါ သူတို့သည် 'သခင်မျိုးဟေ့ တို့ဗမာ' ဟူ၍ တစ်ခဲနက် သံပြိုင်ဟစ်အော် ကြွေးကြော်လိုက်ကြလေသတည်း။

## သတင်းစာဆရာတွေ ရှုပ်လို့ပွေ

အိန္ဒိယပြည် သတင်းစာဆရာများကား တကယ် 'လျင်' ကြပေသည်။ ဗိုလ်ချုပ် လေယာဉ်ပျံပေါ်မှ ဆင်းလျှင်ဆင်းချင်း ဓာတ်ပုံ၊ ရုပ်ရှင်တွေ တသီတတန်းကြီး ရိုက်ကြလေသည်။ ဗိုလ်ချုပ်အားလည်း ဖွတ်အတင်း တွယ်ကပ်၍ ရသမျှ သတင်းစကား မေးကြသည်။

ကြိုတင် စီစဉ်ထားသည့်အတိုင်း ဗိုလ်ချုပ်သည် ပဏ္ဍစ်နေရူး၏ အိမ်၌ပင် တည်းခိုကြရလေသည်။ နေရူးအိမ်သို့ ရောက်သောအခါ ဗိုလ်ချုပ်ခမျာမှာ အတော်ပင်ပန်းလာသည်ဖြစ်၍ ၄င်းနေ့အဖို့ ထိုမျှနှင့်ပင် နားကြလေတော့သည်။ အပြင်ဘက်မှနေ၍ ပြတင်းပေါက်ကြားသို့ တိုးဝှေ့တိုက်ခတ်လာသော ဒေလီမြို့၏ မြောက်လေကား ရိုးတွင်းခြင်ဆီသို့တိုင်အောင် စိမ့်၍အေးလေသည်။

☆☆☆





## ဒေလီမြို့တော်ရောက်လတ်သော်

**ဇန်နဝါရီလ (၃) ရက်နေ့**

အိန္ဒိယပြည်အစိုးရ၏ ဗဟိုဌာနဖြစ်သော ဒေလီမြို့တော်ကား ရှုမငြီးအောင် ကြွားဝင့်တင့်တယ်သော တိုက်တာကြီးများ၊ အဆောက်အအုံကြီးများနှင့် နတ်ဘုံနတ်နန်းတမျှ ခမ်းနား ကြီးကျယ်လှပါပေသည်။ လေယာဉ်ပျံပေါ်မှ မြင်ရစဉ်က ညီညာစွာ စီရီထားသော 'အန်စာမုန့်' များသဖွယ် ဖြူဖြူဖွေးဖွေးသဏ္ဌာန်များမှာ မြေပြင်သို့ရောက်လာသောအခါ အလွန်ခမ်းနားလှပသော အဆောက်အအုံကြီးများ ဖြစ်လာလေသည်။

ဒေလီမြို့သစ်နှင့် မြို့ဟောင်းအကြားဝယ် ရဒ်ဖို့ခေါ် နာမည်ကျော်မြို့ရိုးကြီးကို မြင်ရပြန်သောအခါ ကျွန်ုပ်တို့၏ ရတနာပုံရွှေမန်းမြို့တော်ကတိုယ့်မင်းကိုယ့်ချင်း ဗမာနိုင်ငံ၏ နောက်ဆုံး အရိုက်အရာဖြစ်သော နန်းတော်မြို့ရိုးကြီးကို ပြေး၍ သတိရမိတော့သည်။ တစ်ခုကွာခြားပုံက မန္တလေးနန်းတော်မှာ ရစရာမရှိအောင် ပျက်စီးယိုယွင်းနေသလောက် ဒေလီမြို့ရိုးခံတပ်ကြီးကား သပ်သပ်ရပ်ရပ်နှင့် ကောင်းမွန်စွာ ပြုပြင်၍ထားပေသည်။ ဒိုင်အင်အေ စစ်တပ်သားများ၏ ဂျပန်ခေတ်က 'ချလိုး-ဒေလီ' ဟူသော ကြွေးကြော်သံကိုလည်း သတိရစရာပင်။

ယနေ့နံနက်ပိုင်းတွင် နယူးဒေလီရှိ ဈေးဆိုင်ကမ်းနားကြီးများရှိသော 'ကော့နော့ပလေ့စ်'ခေါ် အရပ်သို့ သွားရောက် ကြည့်ရှုကြလေသည်။ ဒေလီမြို့ကြီးဆိုသော်လည်း ပစ္စည်းအသုံးအဆောင်ဟူသမျှကို 'ရာရှင်' လုပ်ထားသဖြင့် ဝယ်ချင်တာ ဝယ်မရ၊ လိုသလောက်မရနှင့် အတော်စိတ်ပျက်စရာကောင်းပေသည်။ အမှန်ပြောရလျှင် ကုန်ဈေးနှုန်းကာအစ ရန်ကုန် တရုတ်တန်း သူခိုးဈေးကပင် ဟန်သလိုလို ထင်ရသည်။ ဗိုလ်ကြီးချော သူ အင်မတန် နှစ်ခြိုက်သော (ငါးသုံးလုံး) စီးကရက်ကို ဒေလီတစ်မြို့လုံး တောနင်း၍ရှာရသော်လည်း မရသဖြင့် အတော် စိတ်ညစ်


www.burmeseclassic.com

www.burmeseclassic.com

သွားရရှာသည်။ စီးကရက်သာမဟုတ်။ မီးခြစ်လည်း ဒေလီမှာ ရှား သေးသည်။

နေ့လယ်စာစားသောက်ပြီးနောက် ပဏ္ဍစ်နေရူးနှင့်အတူ ဗိုလ်ချုပ် အောင်ဆန်းသည် ဒေလီတက္ကသိုလ်တွင် စတင် ဖွင့်လှစ်သော (၃၄) ကြိမ် မြောက် အိန္ဒိယလောကဓာတ်ပညာ ညီလာခံသဘင်ကြီး သွားရောက် လေသည်။ အိန္ဒိယတစ်ပြည်လုံးရှိ လောကဓာတ်ပညာ ပါရဂူများသာမက အင်္ဂလန်၊ အမေရိကန်၊ ပြင်သစ်၊ တရုတ်၊ ရုရှားနိုင်ငံများမှ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ အစ ရှိသော လောကဓာတ်ဝိဇ္ဇာများလည်း တက် ရောက်ကြလေရာ စုစုပေါင်း ကိုယ်စားလှယ် (၁၂၀၀) ခန့် ရှိလေသည်။ ၎င်းအိန္ဒိယ လောကဓာတ်ကွန်ဂရက် Indian Seience Congress ၏ ဥက္ကဋ္ဌ ကား ခေါင်းဆောင်ကြီး ပဏ္ဍစ်နေရူးပင်တည်း။ နေရူးကိုယ်တိုင်ကလည်း လောကဓာတ်ပညာ တိုးတက် ပြန့်ပွားရေးတွင် အထူး စိတ်ဝင်စားသဖြင့် အိန္ဒိယလောကဓာတ်ကွန်ဂရက်ကြီး ဤမျှ အောင်မြင်ထမြောက်ရခြင်း ဖြစ်လေသည်။ ၎င်းလောကဓာတ် ညီလာခံသဘင်ကြီးသို့ တက်ရောက်သော နိုင်ငံခြား ကိုယ်စားလှယ်အား 'ရုရှား' မှတစ်ပါး စရိတ်စက အပြည့်အစုံကို အိန္ဒိယအစိုးရက လုံးဝ တာဝန်ယူ၍ပေးလေသည်။ ဒေါက်တာ ဘာဘာ အမည်ရှိသော အိန္ဒိယအမျိုးသားလူငယ် လောကဓာတ်ဆရာတစ်ဦးကား အဏုမြူအင်အား စုံစမ်းရှာဖွေရေး၌ အတော်ပင် ခရီးရောက်နေပြီဟု သိရ သည်။

ညနေ (၄) နာရီခွဲတွင် အာရှနိုင်ငံများဆိုင်ရာကွန်ဖရင့်စီစဉ်ရေး အဖွဲ့မှ ကျင်းပသော လက်ဖက်ရည်ပွဲ၌ ဗိုလ်ချုပ် သွားရောက်လေသည်။ ၎င်းလက်ဖက်ရည်ပွဲသို့ အိန္ဒိယအမျိုးသားများအပြင် တရုတ်၊ အမေရိကန်၊ ပြင်သစ်လူမျိုးများနှင့် ဗီယက်နမ်နိုင်ငံမှ ကိုယ်စားလှယ်များပါ တွေ့ရလေ သည်။ ထိုည (၈)နာရီခွဲအချိန်တွင် အင်ပီးရီးရယ်ဟိုတယ်၌ အိန္ဒိယအစိုးရ က ညစာ ထမင်းတည်ခင်းကျွေးမွေးလေသည်။ ၎င်းထမင်းစားပွဲ၌ အိန္ဒိယ လက်နက်ကိုင် တပ်ပေါင်းစု၏ သေနာပတိချုပ်ကြီး အော်ချင်လက်(ခ်)နှင့် အိန္ဒိယပြည်ရှိ တရုတ်ကောင်စစ်ဝန် မစ္စတာ ဆီးတို့ကို တွေ့ရပေသည်။ အိန္ဒိယကြားဖြတ်အစိုးရအဖွဲ့ဝင် လူကြီးအားလုံး ထမင်းစားပွဲသို့ တက် ရောက်ကြလေသည်။

အိန္ဒိယပြည်တွင် အစားအသောက် 'ရာရှင်' လုပ်ထားသည်မှာ ကြာလေပြီ။ ညစာစားပွဲ၌ ပေါင်မုန့်အစား အာလူးသာရသည်။ ဟိုတယ်





ကြီးများ၌ တစ်ကြိမ်လျှင် လူ (၂၄) ယောက်ထက် ပို၍ ထမင်းစားပွဲ မလုပ်ရဟူ၍ပင် အစိုးရက စည်းကမ်းသတ်မှတ်ထားလေသည်။ ဗမာပြည် က စားချင်တိုင်းစားရ၍ ပေါချင်တိုင်းပေါနေသော တရုတ်၊ ကုလား၊ ဗမာထမင်းဆိုင်တွေနှင့် ကွာခြားလှချေ၏။

**ဇန်နဝါရီလ (၄) ရက်နေ့**

ဗိုလ်ချုပ် ရောက်လာသည်ဆိုလျှင်ပင် အိန္ဒိယပြည်မှာလည်း ဗမာပြည်မှာကဲ့သို့ပင် လာရောက် တွေ့ဆုံကြလိုသူ၊ စကားပြောလိုသူ၊ ဓာတ်ပုံရိုက်လိုသူတွေ ဥဒဟို လာရောက်ကြသော်လည်း မိုးလင်းကမိုးချုပ် ရသမျှသောအချိန်တွင် ဧည့်သည်များ တွေ့ဆုံစကားပြောရ၍ နားချိန်ဟူ၍ အလျှင်းမရသဖြင့် ဗိုလ်ချုပ်ခမျာ ပင်ပန်းလှလေသည်သတည်း။ ညတိုင်း လည်း တစ်ချက်တီးထက် စော၍မအိပ်ရပေ။

ယနေ့နံနက် (၁၁) နာရီအချိန်တွင် ဗိုလ်ချုပ်သည် (G.H.Q) ခေါ် အိန္ဒိယပြည်လုံးဆိုင်ရာ စစ်ဗဟိုဌာနချုပ်သို့ သွားရောက်ကြည့်ရှုလေသည်။ ကာကွယ်ရေးနှင့် လက်နက်ကိုင်စစ်တပ်အားလုံးကို ကြိုးကိုင်အုပ်ချုပ်သော ဌာနကြီးဖြစ်သည့်အတိုင်း တကယ် ကြီးကျယ် ခမ်းနားလှသောရုံကြီးပင် တည်း။ ဌာနခွဲပေါင်းမြောက်မြားစွာခွဲထားလျက် ထောက်ပံ့ရေး၊ ဆက်သွယ် ရေး၊ အုပ်ချုပ်ရေး၊ စစ်ဆင်ရေးသတင်း၊ ထောက်လှမ်းရေးလုပ်ငန်းများကို ကိတ်ကျကျ ဆက်သွယ်အုပ်ချုပ်ထားပုံမှာ သေသပ်လှပေသည်။ အိန္ဒိယ ပြည်ကာကွယ်ရေးနှင့် စစ်တပ်များအုပ်ချုပ်မှု အစီအစဉ်များကို ဗိုလ်ချုပ် အောင်ဆန်းသည် အထူးပင် စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုလေသည်။

နေ့လယ် (၁) နာရီခွဲသော် အိန္ဒိယပြည်ဘုရင်ခံချုပ် ဗိုင်း ကောက်ဝေဗယ်လ်၏ ဖိတ်ကြားချက်အရ ဘုရင်ခံချုပ်၏အိမ်သို့ ဗိုလ်ချုပ် သွားရောက်၍ အတွင်းဝန် ဟင်ဒါဆင်လည်း ဒေလီမြို့သို့ ရောက်နေခိုက် ကြုံနေသဖြင့် ထိုနေ့ နေ့လယ်စာစားပွဲဆုံ၌ ဆုံကြရလေသည်။ အထက်တန်း ဟုခေါ်ကြသော အင်္ဂလိပ်လူမျိုး ယောကျ်ား၊ မိန်းမတွေအကြားဝယ် သူတို့ဓလေ့ထုံးစံတွေ အမြောက်အမြားနှင့် ဗိုလ်ချုပ်ခမျာ တော်တော် စိတ်ညစ်သွားဟန် တူလေသည်။ ညနေ (၄) နာရီခွဲတွင် အိန္ဒိယအစိုးရ ကာကွယ်ရေးဝန်ကြီး ဆာဒါဘာ(လ်)ဒေး(ဗ်)ဆင်း၏နေအိမ်တွင် စစ်ဗိုလ် ချုပ်ကြီး မာရှယ်အော်ချင်လက်(ခ်)နှင့်အတူ လက်ဖက်ရည်သောက်ရလေ သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ညစာ ထမင်းကိုကား မွတ်စလင်လိဂ်၏ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဘဏ္ဍာရေးဌာနဝန်ကြီး မစ္စတာ လီယာကတ်အလီခံက တည်ခင်းကျွေးမွေးလေသည်။ အိန္ဒိယကွန်ဂရက်သမားတွေမှာ မွတ်စလင်လိဂ်၏ ခြေထိုးမှုကြောင့် အလုပ်လုပ်ရခက်သည်ဟု ကြားသိရသလိုပင်။ မွတ်စလင်တွေအကြားသို့ ရောက်သွားပြန်သောအခါတွင် ကွန်ဂရက်ဝင်ဟိန္ဒူလူမျိုးများ၌ အတိုင်းမသိ ရက်စက်ကြမ်းကြုတ်ပုံကို (အထူးသဖြင့် ဗီဟာနယ် အဓိကရုဏ်းတွင် လူမျိုးအမြောက်အမြား အသတ်ခံရပုံကို ညွှန်ပြရင်း) စီကာပတ်ကုံး ပြောကြပြန်လေသည်။ အိန္ဒိယပြည်နိုင်ငံရေးကား ရှုပ်ထွေးလှလေသည်။

## ဂျိုင်းဟင်းထုံးစံ နှုတ်ဆက်ဟန်

မိုးလင်းသည်နှင့် တစ်ပြိုင်နက် ဗိုလ်ချုပ်ကို တွေ့ဆုံရန် ဧည့်သည်တွေ ပေါ်ပေါက်လာတော့သည်။ ယနေ့နံနက် ဧည့်သည်များကို ဂျပန်ခေတ်က ဗမာပြည်မှာ အတော်နာမည်ကျော်ကြားခဲ့သူ အိုင်အင်အေစစ်တပ်မှ 'ရာနီဂျံဆီ' အမျိုးသမီးတပ်ခေါင်းဆောင် ဒေါက်တာလက်ချမီးနှင့် အိုင်အင်အေ အရာရှိဟောင်းတစ်ဦးဖြစ်သူ ကာနယ်ဆေးဂဲလ်တို့ ပါဝင်လေသည်။ သူတို့နှစ်ယောက်စလုံး ဗိုလ်ချုပ်ကို မြင်လျှင်မြင်ချင်း ဂျိုင်းဟင်းဟု အိုင်အင်အေ ထုံးစံအတိုင်း သံပြိုင်ကြွေးကြော်၍ နှုတ်ဆက်ကြလေသည်။

နံနက် (၁၀) နာရီခွဲအချိန်တွင် ဒေလီရှိ သတင်းစာဆရာအားလုံးကို ဖိတ်ခေါ်၍ သတင်းစာကွန်ဖရင့်တစ်ခုလုပ်သည်။ ဗမာပြည်၏ နောက်ဆုံးနိုင်ငံရေးအခြေအနေအကြောင်း ဘီလပ်ကိုယ်စားလှယ်အဖွဲ့၏ရည်ရွယ်ချက်အကြောင်း၊ အိန္ဒိယပြည်နိုင်ငံရေးအခြေအနေအပေါ် ထင်မြင်ချက်များအကြောင်း စသည်တို့ကို ဗိုလ်ချုပ်က ရှင်းပြရင်း ဒေလီသတင်းစာဆရာများက မေးသော မေးခွန်းများကိုလည်း ဖြေကြားလျက် အချိန်တစ်နာရီခန့်ဆွေးနွေးကြလေသည်။

ငှင်းနေ့ ညနေ (၅) နာရီ (၁၀) မိနစ်အချိန်တွင် ဒေလီရေဒီယိုမှနေ၍ ဗိုလ်ချုပ်အောင်ဆန်းသည် 'ဗမာပြည်သို့' ဟူသော မှာကြားမိန့်ခွန်းတစ်ရပ်ကို အသံလွှင့်၍ ပြောဆိုလေသည်။ ထို့နောက် 'အာရှညီညွတ်ရေးသို့' ဟူသော ဗိုလ်ချုပ်၏ မိန့်ခွန်းတစ်ခုကို အသံဖမ်း ဓာတ်ပြားတစ်ခုသွင်း၍ ည (၈) နာရီခွဲအချိန်တွင် ဒေလီမှ အသံလွှင့်လေသည်။ ထိုနေ့ ညစာစားပွဲကို ဒေလီ





အသံလွှင့်ရုံ၌ အလုပ်လုပ်နေကြသော ဗမာအမျိုးသားတစ်စုက တည်ခင်းကျွေးမွေးလေရာ ဗမာဆန်ဆန်ချက်ထားသော ထမင်းဟင်း ငါးပိကြော်များဖြင့် မြိန်ရှက်စွာစားပြီးသည့်အချိန်တွင်ပင် ဗိုလ်ချုပ်၏ 'အာရှညီညွတ်ရေးသို့ မိန့်ခွန်းသည် ရေဒီယိုမှ ကြည်လင် ပြတ်သားစွာ ထွက်ပေါ်လာတော့သည်။)

ဗိုလ်ချုပ်ကိုယ်တိုင်ကို အလယ်ကထား၍ ဝိုင်းဖွဲ့ကာထိုင်ရင်း ဗိုလ်ချုပ်၏အသံကို ရေဒီယိုမှကြားရသောအခါ ဒေလီမြို့သားများဖြစ်နေသော ဗမာလူငယ်တစ်စုမှာ ဝမ်းမြောက်အားတက်လျက် စိတ်ထဲတွင် ပီတိဖြစ်နေကြဟန်တူသည်။ ဗမာတစ်ပြည်လုံးက ပရိသတ်တွေ ဝိုင်းဝန်းအားပေးပြီး မျှော်လင့်အားထားနေသော ဤလူထုခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကို ယခု သူတို့အကြားသို့ ကံအားလျော်စွာ ရောက်လာပြီး ရင်းနှီးစွာ တွေ့ဆုံရခြင်းမှာ ကုသိုလ်ကောင်းလှသည်ဟု သူတို့ ယူဆကြသည်။

### ဇန်နဝါရီလ (၆) ရက်နေ့

နက်ဖြန် နံနက်စောစောဆိုလျှင် ကရာချိသို့ ခရီးဆက်လက်ထွက်ရမည်ဖြစ်၍ ယနေ့ကပင် ပြင်စရာရှိတာတွေကို ပြင်ဆင်နေကြရလေပြီ။ ယနေ့ ဗိုလ်ချုပ်နှင့် တွေ့ဆုံကြသူများထဲတွင် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးဝန်ကြီး ဒေါက်တာ ရာဂျင်ဒရာ-ပရာဆာဒ်နှင့် စက်မှုလက်မှုနှင့် ရိက္ခာဌာနဝန်ကြီး ဒေါက်တာမထိုင်းတို့ ဖြစ်လေသည်။ ငှင်းပြင် အိန္ဒိယပြည်ကိုင်းပြည်ပြုလွှတ်တော် အကြံပေးအရာရှိ ဆာ-ဘီ-အင်ရာအိုနှင့် အိန္ဒိယမဟာရာဇာစော်ဘွားများ၏ ကောင်စီအဖွဲ့အတွင်းရေးမှူး ရှုလတန်အာမက်နှင့် လည်းကောင်း၊ ဒေလီသို့ ခေတ္တရောက်နေသော အင်ဒိုနီးရှားအမျိုးသားကျောင်းသားခေါင်းဆောင် မစ္စတာ အိုအေဒူရာနီနှင့်လည်းကောင်း ဗိုလ်ချုပ်တွေ့ဆုံရသေးသည်။

ညစာထမင်းကို ဒေလီသို့ ခေတ္တရောက်နေသော ဗမာပြည်မှ ဓေယျာတီ သကြားစက်ပိုင်ရှင် မစ္စတာဆင်းဟားက အင်ပီးရီးယယ်ဟိုတယ်တွင် ဖိတ်ကြားကျွေးမွေးလေရာ ထိုထမင်းစားပွဲသို့ ဝန်ကြီးဒေါက်တာ ရာဂျင်ဒရာ ပရာဆာဒ်နှင့် ဆိုရှယ်လစ်ခေါင်းဆောင် မစ္စတာ ဂျေပီနာရိုင်တို့ပါ တက်ရောက်ကြလေသည်။

ဒေလီသို့ရောက်သည်မှာ (၄) ရက်မျှရှိသေးသော်လည်း ဧည့်ခံရာချင်းဆပ်အောင် များလှသော ဓာတ်ပုံဆရာများ၊ သတင်းထောက်များ၊ အော်တိုဂရပ်ဖ်ခေါ် လက်မှတ်ကို အထိုးခိုင်းသူများနှင့် အခြားဧည့်သည်များကြောင့်



www.burmeseclassic.com

www.burmeseclassic.com

နားချိန်ဟူ၍ အလျှင်းမရသော ဗိုလ်ချုပ်ခမျာမှာ အတော်ပင်ပန်းလှလေပြီ။

## ကရာချိဘက်ခရီးထွက်

### ဇန်နဝါရီလ (၇) ရက်နေ့

နံနက် (၈) နာရီအချိန်တွင် ဒေလီမြို့ 'ဝယ်လင်တန်' လေယာဉ်ပျံကွင်းမှ ကရာချိသို့ လေကြောင်းဖြင့် ခရီးဆက်လက်ထွက်ကြရလေသည်။ လေယာဉ်ပျံကွင်းသို့ ပဏ္ဍစ်နေရူး အိန္ဒိယအစိုးရ၏ ဗမာပြည်ကိုယ်စားလှယ် ဒေါက်တာရော့ဒ်နှင့် အရာရှိများ၊ မိတ်ဆွေများ လိုက်ပို့ကြလေသည်။ ယခု တစ်ကြိမ်တွင်ကား အာရှအေအက်ဖ်လေတပ်မှမဟုတ်ဘဲ အိုင်အင်အေအေ အိန္ဒိယအမျိုးသားလေကြောင်းပို့ဆောင်ရေးကုမ္ပဏီမှ လေယာဉ်ပျံတစ်စင်းနှင့် သွားကြရလေသည်။ လေယာဉ်ပျံသည် ကောင်းကင်သို့ ပျံတက်၍ နာရီဝက်မျှ မကြာသေးမီ ဝိုင်ယာလက် အသံဖမ်းစက်ကိရိယာ ရုတ်တရက် ချို့ယွင်းသွားသဖြင့် ချက်ချင်းပင် ဒေလီလေယာဉ်ပျံကွင်းသို့ ပျံဝဲ၍ တစ်ဖန် ဆင်းကြရပြန်လေသည်။ စထွက်ထွက်ချင်း ဤသို့သိရ၍ တော်ပါသေး၏။ ကျွန်ုပ်တို့သည် အခြား ဒါကိုတာလေယာဉ်ပျံတစ်စင်းသို့ ပြောင်းရွှေ့ပြီး တစ်ဖန် ပြန်၍ထွက်ကြရသည်။ ဤတစ်ကြိမ်ကား ဘာမှမဖြစ်။ လမ်းခုလတ်တွင် 'ဂျော့ဒ်ပူရ်' လေယာဉ်ပျံကွင်း၌ နံနက်စာစားပြီး ဆက်လက်ထွက်ကြပြန်ရာ နေ့လယ် (၂) နာရီခန့်တွင် ကရာချိမြို့သို့ ချောမောစွာ ဆိုက်ရောက်ကြလေသည်။

ကရာချိမြို့ကား မွတ်စလင်လူမျိုး အများဆုံးရှိသော ဆင်း(ဒ်)နယ် မြို့တော်ဖြစ်လျက် ပြည်ထောင်စုအစိုးရအဖွဲ့မှာလည်း မွတ်စလင်တို့ ကြီးစိုး သောအဖွဲ့ ဖြစ်လေသည်။ အိန္ဒိယပြည်လုံးဆိုင်ရာ မွတ်စလင်လိခ်အဖွဲ့တို့၏ ဥက္ကဋ္ဌ မစ္စတာဂျင်းနား၏ ဇာတိချက်မြှုပ်မှာ ကရာချိပင်ဖြစ်၍ ယခု ကျွန်ုပ် တို့ရောက်သွားသောအချိန်တွင်လည်း သူ ကရာချိမြို့မှာ ရှိနေလေသည်။

အမှန်ပြောရလျှင် ဗမာခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ဒေလီ သို့လာစဉ်က ပဏ္ဍစ်နေရူး၏အိမ်တွင် တည်းခိုခြင်း၊ နေရူးနှင့် ဗိုလ်ချုပ်မှာ နဂိုကပင် ခင်မင်ရင်းနှီးသူများဖြစ်ကြသည့်အလျောက် ယခုလည်း ခင်မင် ရင်းနှီးစွာ နေထိုင်ဆက်ဆံနေခြင်း၊ မွတ်စလင်တို့၏ အမြင်အရ ကွန်ဂရက် အဖွဲ့ဝင်များသော ဒေလီမှာ လှုလည်လုပ်နေခြင်းများကို မွတ်စလင်တို့သည် နှစ်ခြိုက်သဘောကျဟန် မတူကြချေ။ ထို့ကြောင့် မွတ်စလင်တို့၏ ဒေသဖြစ် သော ကရာချိသို့ ဗိုလ်ချုပ်လာသောအခါ သူတို့ အသိုက်အဝန်းထဲတွင်





လာရောက် တည်းခိုစေရန် အထူး စိတ်အားထက်သန်နေကြလေသည်။

ငွေသိန်းပေါင်းများစွာ ကြွယ်ဝသော မွတ်စလင်သူဌေး မစ္စတာ ယူစွတ်ဖ်နှင့်တကွ ကရာချိရှိဝန်ကြီးများ၏ အကောင်းဆုံး မော်တော်ကား ကြီးများဖြင့် လေယာဉ်ပျံကွင်းသို့ လာရောက် ကြိုဆိုလေသည်။ သို့သော် ကျွန်ုပ်တို့ လေယာဉ်ပျံဆိုက်ပြီးပြီးချင်း ဗိုလ်ချုပ်သည် အနီးဆုံးတွင်ရှိသော ကွန်ဂရက်ခေါင်းဆောင်တို့၏ မော်တော်ကားပေါ်သို့ ပါသွားသောအခါ မွတ်စလင်တွေ အတော်ပင် မကျေမနပ်ဖြစ်ကြလေသည်။ ထို့ကြောင့်ပင် သူတို့လည်း ကျေနပ်ပါစေတော့ဟု ကျွန်ုပ်နှင့် ဗိုလ်စကြာတို့မှာ ပစ္စည်းများ သယ်ယူရင်း ၄င်းတို့ကားများဖြင့် စီးနင်းလိုက်ခဲ့ကြ၏။ နောက်ဆုံးတွင် ဘယ်အိမ်မှမတည်းဘဲ 'ပဲလေ့စ်' ဟိုတယ်တွင် တည်းခိုကြလေသည်။

## ဗိုလ်ချုပ်ဂျင်းနားတွေ့ဆုံခြင်း

အိန္ဒိယပြည်တစ်ပြည်လုံးရှိ မွတ်စလင်အမျိုးသားအားလုံး၏ ယုံကြည်ကိုးစားခြင်းခံရသော ခေါင်းဆောင်ကြီး မစ္စတာဂျင်းနားနှင့် ဗိုလ်ချုပ်အောင်ဆန်း ယနေ့ညနေ (၆) နာရီအချိန်တွင် ပထမဆုံးအကြိမ် တွေ့ဆုံကြလေသည်။ ဂျင်းနားကား ဘိလပ်မှပြန်လာခဲ့သည့်အချိန်မှစ၍ ကောင်းစွာ မကျန်းမမာသဖြင့် သူ၏အခန်းထဲတွင် သွားတွေ့ရလေသည်။ အသက်အားဖြင့် (၇၁) နှစ် ရှိပြီဖြစ်သော်လည်း သူ့ကို မြင်ရသည်မှာ အရွယ် (၆၀) ခန့် ရှိသေးသည်ဟု မှတ်ထင်ရလေသည်။ ရင့်ကျက်သော ဉာဏ်နှင့် စကားပြောသည့်အခါ ပြတ်ပြတ်သားသား ပြောတတ်လေသည်။ မြင်မြင်ချင်း ဗိုလ်ချုပ်က–

"လူချင်း ခုမှမြင်ဖူးပေမယ့် မစ္စတာဂျင်းနားရဲ့အကြောင်း သတင်းစကားကို အများပဲ ခဏခဏ ကြားရပါတယ်"

ဟု နှုတ်ဆက်လိုက်သောအခါ–

"အို–ဒါကတော့ ကျုပ်လည်း ဒီလိုပါပဲ။ ခင်ဗျားရဲ့အကြောင်းတွေကိုလည်း ကျုပ်တို့ ခဏခဏ ကြားရပါတယ်"

ဟု ပြန်ပြောလေသည်။

ထို့နောက် တစ်နာရီခန့်မျှ စကားဆွေးနွေးပြောဆိုကြလေသည်။

ဂျင်းနားက သူတို့မွတ်စလင်များ၏ အခွင့်အရေးအကြောင်း၊ ဟိန္ဒူများနှင့်ဆိုလျှင် ဘာသာစကား ယဉ်ကျေးမှုအနေအထိုင် အစားအသောက် ဓလေ့စရိုက်များမှစ၍ လုံးဝ မတူသော မိမိတို့ မွတ်စလင်လူမျိုးများသည်



www.burmeseclassic.com

www.burmeseclassic.com

ဟိန္ဒူများနှင့် ပူးပေါင်းရန် မဖြစ်နိုင်ကြောင်း စသည်ဖြင့် သူတို့၏ အခြေအနေကို ပြောပြလေသည်။ ထို့နောက် သူက မေးမြန်း၍ ဗိုလ်ချုပ်က ဗမာပြည်၏ နောက်ဆုံးအခြေအနေကို စိတ်ရှည်လက်ရှည်ရှင်းပြလေသည်။ မစ္စတာ ဂျင်းနားက ရခိုင်ပြည် မောင်တောနှင့် ဘူးသီးတောင်နယ်များကို ဘင်္ဂလားပြည်ထဲသို့ သွတ်သွင်းပေးရန် ချစ်တကောင်း မွတ်စလင်တချို့က တောင်းဆိုချက်နှင့် ပတ်သက်၍ ဤသို့ လုံးဝ မဖြစ်စေရပါဟု ပြောရင်း ဗမာပြည်သာမက မည်သည့် အခြားနယ်ပယ်ကိုမျှ သိမ်းယူရန် သို့မဟုတ် တောင်းယူရန် မွတ်စလင်လိဂ်၌ ရည်ရွယ်ချက်မရှိကြောင်း၊ ထိုကဲ့သို့ ဘင်္ဂလားပြည် အရှေ့ပိုင်းမှ လက်တစ်ဆုပ်မျှလောက်သော မွတ်စလင်လူမျိုးအချို့၏တောင်းဆိုချက်ဆိုသည်မှာလည်း ဘာမှဂရုစိုက်စရာမလိုကြောင်း စသည်ဖြင့် ရှင်းပြလေသည်။ ထိုအကြောင်းနှင့် ပတ်သက်၍လည်း ရှင်းလင်းချက် ကြေညာစာတမ်းတစ်ခု ထုတ်ပြန်မည့် အကြောင်း ကတိပေးလေသည်။

နောက်ဆုံးတွင် ဂျင်းနားက–

"ဗမာပြည်အဖို့မှ မည်သို့ပင် အချင်းချင်း သဘောကွဲလွဲချက်များရှိစေကာမူ ယဉ်ကျေးမှုထုံးစံဓလေ့ ဘာသာတရားမှစ၍ တစည်းတလုံးတည်းဖြစ်နေ၍ အလွန် အခြေအနေကောင်းလျက်ရှိကြောင်း၊ ယခု လန်ဒန်သို့ အရေးဆိုရန်သွားမည့် ဗမာကိုယ်စားလှယ်အဖွဲ့ကိုလည်း အစစအရာရာ ချောမောစွာ အောင်မြင်ထမြောက်စေရန် ဆုမွန်များ တောင်းလိုက်ကြောင်း" ဟု စကားအဆုံးသတ်လိုက်လေသည်။

ညနေ (၇) နာရီအချိန်တွင် ကရာချိမြို့ မြူနီစီပယ်ကော်ပိုရေးရှင်းမှ ဗိုလ်ချုပ်အား လက်ဖက်ရည်ပွဲတစ်ခုဖြင့် ဧည့်ခံလေသည်။ ည (၈) နာရီအချိန်တွင် ဆင်း(ဒ်)နယ်လုံးဆိုင်ရာ မွတ်စလင်လိဂ်ဥက္ကဋ္ဌ မစ္စတာ ယူဆွပ်ဖ၏အိမ်၌ ညစာထမင်းစားကြလေသည်။ ထိုထမင်းစားပွဲသို့ အချိန်မီရောက်လာသူများကား ဗမာပြည်မှ ထိုနေ့နံနက်ကပင် ထွက်လာကြသော ဝန်ကြီးများ၊ သခင်မြ၊ ဦးတင်ထွဋ်၊ သခင်ဗစိန်၊ ဦးကျော်ညိမ်း၊ သခင်ချစ်တို့ဗမာအဖွဲ့ဝင် ဦးရွှေဘော်၊ လက်ထောက်အတွင်းဝန် ဦးတင်အုံး၊ အမှုဆောင်ကောင်စီရုံးမှ ဦးဘသန်းနှင့် ဦးတင်ထွဋ်၏ နိုင်ငံရေးအတွင်းဝန် ဗိုလ်ကျော်ထွန်းတို့ လူစုံပေတည်း။

ထမင်းစားပွဲသို့လာကြသောအခါ ဦးတင်ထွဋ်၊ သခင်မြ၊ ဦးရွှေဘော်တို့က ဘောင်းဘီဝတ်၍ သခင်ဗစိန်၊ ဦးတင်အုန်း၊ သခင်ချစ်တို့က





ခေါင်းပေါင်းပုဆိုး တိုက်ပုံအင်္ကျီတို့ဖြင့် ဗမာလို ကျကျနနဝတ်လာသည်။

ဘကြီးဘဖေတစ်ယောက် လာခါနီးဆဲဆဲမှာ ကြီးကြီးဒေါ်ဖွားမြင့် ရုတ်တရက် နေမကောင်း၍ နေရစ်ခဲ့ကြောင်း သိရလေသည်။

နောက်နေ့နံနက်စောစော ခရီးထွက်ရမည်ဖြစ်၍ ထိုနေ့ညက ခပ်စောစောပင် အားလုံး နားကြလေသည်။ ပဲလေ့စ်ဟိုတယ်အပေါ်မှ လေသာပြတင်းပေါက်ကိုဖွင့်၍ အပြင်ဘက်သို့ မျှော်ကြည့်လိုက်သောအခါ ဖြာသိုလဆုတ် (၂) ရက်နေ့ညဖြစ်၍ ဝိုင်းဝိုင်းစက်စက်ပင် ရှိန်သေးသော လမင်းကြီး၏ ငွေခြည်ရောင်အောက်တွင် ဖြူဖွေးလှပသော ကရာချိမြို့၏ အဆောက်အအုံကြီးများကို စိတ်ကြည်နူးဖွယ် မြင်ရပါသတည်း။

**ဇန်နဝါရီ (၈) ရက်နေ့**

ဒေလီလောက်မဆိုးသော်လည်း နံနက်စောစောတွင် ကရာချိမြို့မှာ အတော်ကလေးပေသည်။ နံနက် (၆) နာရီခွဲသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့လူစုအားလုံး မြို့နှင့် (၈)မိုင်ကွာ လေယာဉ်ပျံကွင်းသို့ ရောက်နေကြလေပြီ။ သို့သော် ဖြစ်ရပုံကား ခရီးထွက်တော့မည့်ဆဲဆဲမှ ကျွန်ုပ်တို့ စီးရမည့် (မနေ့က ရန်ကုန်မှ ပြန်လာခဲ့သော) လေယာဉ်ပျံမှ ဓာတ်ဆီတိုင်ကီတစ်ခုက စိမ့်၍ယိုနေကြောင်း၊ ရုတ်ခြည်း ပြုပြင်၍လည်း မဖြစ်နိုင်၍ နောက်ထပ် လေယာဉ်ပျံတစ်စင်း စင်ကာပူမှ မှာထားကြောင်း သိရလေသည်။ ထို့ကြောင့် အားလုံး စိတ်ပျက်စွာနှင့် ကရာချိမြို့သို့ပြန်၍ တစ်နေ့ နားကြရလေသည်။

## ကရာချိဝယ် လည်ကြတယ်

ထိုနေ့က အချိန်ရ၍ ကရာချိမြို့တွင်းသို့ လှည့်လည်ကြည့်ရှုကြလေသည်။ သဲကန္တာရအစွန်တွင် တည်ရှိသဖြင့် ကရာချိမြို့မှာ အတော်ပင် ခြောက်သွေ့လျက် တစ်နှစ်လုံးနေမှ မိုးရေ (၃) လက်မခန့် ရွာလေသည်။ သို့သော် ပင်လယ်ကမ်းရိုးတွင် တည်ရှိနေပြန်သောကြောင့် ရာသီဥတုမှာ သိပ်လည်းမပူ၊ သိပ်လည်းမအေးဘဲ အတော်မျှတစွာ ရှိလေသည်။ လှပသပ်ရပ်သော တိုက်တာနေအိမ်များနှင့် ကျယ်ဝန်းပြီး သန့်ရှင်းလှသော လမ်းမကြီးများကို မြင်ရသောအခါ ဗဟန်းနှင့် စမ်းချောင်း မြင်းလှည်းစီးသောအခါ အလွန်ချိုင့်ဆောင့်သော ကျွန်ုပ်တို့ ရန်ကုန်မှ ရွှေဂုံတိုင်လမ်းနှင့် ဆောင်ဒရီလမ်းများကို စိတ်ထဲမှာ မြင်ယောင်မိသေးသည်။ ကရာချိတွင် ဒေလီကလကတ္တားမြို့ကဲ့သို့ အင်္ဂလိပ်နှင့် ဥရောပတိုက်သား လူမျိုးများစွာ တွေ့ရခဲ့ပေ။ ညနေ (၅) နာရီအချိန်တွင် ကရာချိမြို့ ကွန်ဂရက်



www.burmeseclassic.com

ခေါင်းဆောင်များက မိတ်ဆက်လက်ဖက်ရည်ပွဲတစ်ခု တည်ခင်း ကျွေးမွေး လေသည်။ ည (၈) နာရီအချိန်တွင် လေယာဉ်ပျံကွင်းသို့ လာရောက် ရန်နှင့် ကျွန်ုပ်တို့၏ လေယာဉ်ပျံကို ပြင်ဆင်၍ပြီးကြောင်း တယ်လီဖုန်းလာ သဖြင့် ထမင်းစားပြီးပြီးချင်း လေယာဉ်ပျံကွင်းသို့ ပြေးကြရတော့၏။ ယိုနေ သော ဓာတ်ဆီတိုင်ကီကို သူတို့ အသစ်လဲလှယ်၍ တပ်ဆင်လိုက်သဖြင့် စင်ကာပူမှ မှာထားသော လေယာဉ်ပျံမရောက်မီပင် (၉) နာရီခွဲအချိန်ခန့် တွင် ကျွန်ုပ်တို့သည် ကရာချိမြေပြင်မှခွာ၍ ဝေဟင်ခရီးဖြင့် လေယာဉ်စီးကာ ထွက်ကြရပြန်လေသည်။

ဖြူဖွေးသော တိမ်တိုက်ကြီးကို ထိုးဖောက်၍ ကောင်းကင်တွင် အမြင့် ပေ (၈၀၀၀) မျှ တက်မိသောအခါ နက်ပြာရောင် ကတ္တီပါနောက် ခံကားတွင် ကြယ်တာရာအပေါင်း ခြံရံလျက် ထိန့်ထိန့်သာနေသော လမင်း ကြီးကို မြင်ရလေသည်။ ပဝင်း၍နေသော လမင်းကိုကြည့်ရင်း ဗမာ ပြည်ဘက်ဆီသို့ လွမ်းဆွတ်အောက်မေ့သလိုလို ဖြစ်မိပါ၏။ ထိုအခါ အလွန် စိတ်ကူးယဉ်တတ် ကျွန်ုပ်က –

"ဘယ်ဝယ်မှန်း တမ်းတကာရယ်၊ ဩော်…ဖော်ဝေးတဲ့မောင့်မှာ ခင့်ကို တကယ် အသည်းထဲစွဲလို့ရယ် ချစ်တယ်…အို…ငွေမင်းစန္ဒီ အသတ် ပေးချစ်ကာ…မှာချင်လှတယ်"

ဟု ညည်းလိုက်ရာ ကျွန်ုပ်၏ ဘေးတွင်ကပ်၍ ထိုင်နေသော လေတပ်ဗိုလ် ကိုကျော်ထွန်းက ပြုံးလေသည်။ လေယာဉ်ပျံကား အနောက် စူးစူးသို့ တွင်တွင်ကြီးသာ ခုတ်မောင်းလျက် ရှိလေသည်။

ဇန်နဝါရီလ (၉) ရက်

နံနက် (၄) နာရီခန့်တွင် အီရတ်ပြည် ဘက်ဂဒက်မြို့အနီး 'ဟီဗားနီးယား' လေယာဉ်ပျံကွင်းသို့ ဆင်းရလေသည်။ လေယာဉ်ပျံကို ဆီထည့်ပြီး စက်ကိရိယာပြင်ဆင်ကြည့်ရှုရင်း လူတွေလည်း လက်ဖက်ရည် ပေါင်မုန့်များ စားသောက်ပြီးနောက် (၅) နာရီခွဲအချိန်တွင် ထွက်ကြပြန် သည်။ နောက်တစ်ကြိမ်ဆိုလျှင် မြေထဲပင်လယ် မော်လတာကျွန်းတွင် ရပ်နားပြီး မော်လတာမှတစ်ဖန် လန်ဒန်သို့ တိုက်ရိုက် ပျံသန်းမည်ဟု သိရသည်။

အရုဏ်ကျင်း၍ နေမင်းကိုမြင်ရသောအခါ ကျွန်ုပ်တို့၏ လေယာဉ် ပျံသည် ကျယ်ပြန့်သော အာရေဗျသဲကန္တာရကြီးပေါ်မှ ဖြတ်သန်း ခုတ် မောင်းလျက် ရှိလေသည်။ ပတ်ဝန်းကျင်ကို ကြည့်၍ မဆုံးနိုင်သော သဲကန္တာရကြီးကို မြင်ရသောအခါ ငယ်ငယ်က ကျောင်းတွင်ဖတ်ရသော စာအုပ်များ၌ သဲကန္တာရ အလည်ခရီးသွားသူများ တွေ့ကြုံရသော ဘေး ဒုက္ခအန္တရာယ်များ၊ စွန့်စားခန်းများကို စိတ်ထဲမှ ပြန်၍ မြင်ယောင် သတိရမိသည်။ (၃) နာရီကျော်ကျော်မျှ သွားမိသော် ရှုမျှော်ခင်းသည် ပြောင်းလဲလျက် အပြာရောင်အဆင်းရှိသော မြေထဲပင်လယ်ကြီးကို မြင် ရလေသည်။ တစ်ခါတစ်ခါ ရေပြင်တွင်သွားလျက်ရှိသော မီးသင်္ဘောများ ၏ သဏ္ဌာန်ကိုလည်း မထင်မရှား မြင်ရလေသည်။

## ကြည်နူးဖွယ်ရာ မော်လတာ

လန်ဒန်စံချိန် (၁၂) နာရီအချိန်တွင် ကျွန်ုပ်တို့၏လေယာဉ်ပျံသည် မြေထဲပင်လယ်တွင် အရေးအကြီးဆုံး ဗဟိုဌာနတစ်ခုဖြစ်သော 'မော်လတာ' ကျွန်းသို့ ချဉ်းကပ်မိလေသည်။ ကောင်းကင်မှနေ၍မြင်ရသော ရှုမျှော်ခင်းမှာ ဖြူပြာရောင် ပင်လယ်ပြင်အလယ်၌ လှပသော သင်္ဘောဆိပ်ကမ်းများ၊ ခင့်တယ်သပ်ရပ်သော အိမ်ခြေတိုက်တာ အဆောက်အအုံများဖြင့် ပြီးသော ကျွန်းတစ်ခုလုံးကို သာယာတင့်တယ် ရှုချင့်စဖွယ် မြင်ရလေသည်။

လေယာဉ်ပျံကွင်းသို့ကား မော်လတာကျွန်း ဘုရင်ခံ မစ္စတာဒေါက် လပ်၊ လေကြောင်းဘက်ဆိုင်ရာဗိုလ်ချုပ်နှင့် အရာရှိများ လာရောက် ကြိုဆိုကြလေသည်။ ထို့နောက် လေတပ်အရာရှိများ လာရောက် ကြို ဆိုကြလေသည်။ ထို့နောက် လေတပ်အရာရှိများထားသော ထမင်းစားခန်း သို့သွား၍ နေ့လယ်စာစားကြရလေသည်။ ကြက်သား၊ ငါးကြော်၊ ဟင်းချို၊ သီမွှော်သီး၊ စပျစ်ရည်တို့ဖြင့် မြိုင်မြိုင်ကြီး ကျွေးမွေးသဖြင့် လမ်းတစ် လျှောက် ဆာလောင်မွတ်သိပ်လာကြသော ကျွန်ုပ်တို့တစ်တွေမှာ အားရပါးရ စားကြလေတော့သည်။ အိန္ဒိယပြည်တုန်းကဆိုလျှင် တစ်ကြိမ်လျှင် ဟင်း နှစ်မည်ထက် ပို၍ မစားရ ဟူသော အစိုးရက ပညတ်ချက်ရှိနေသဖြင့် ထမင်းကို ကောင်းစွာမဝခဲ့ကြသလောက် ယခု မော်လတာတွင် ကျေနပ် အောင် စားကြရသည်။

"ဒီတစ်ချီတော့ ထမင်းလည်း ကောင်း၊ ဝလည်း ဝအောင် စားရသဗျာ"

ဟု ပို့ဆောင်ရေးဝန်ကြီး သခင်ဗစိန်က မှတ်ချက်ချလေသည်။ 'စားရတုန်း ဝအောင်စားထားကြဗျနော်။ ရှေ့လျှောက် အစားအသောက် တော်ဖို့ချည်းပဲဗျ' ဟု စစ်အတွင်းက ဘီလပ်မှာ သောင်တင်နေခဲ့သော လေတပ်ဗိုလ် ကိုကျော်ထွန်းက သတိပေးလေသည်။

www.burmeseclassic.com

ခါတိုင်းဆိုလျှင် ဆောင်းဥတု၌ မော်လတာကျွန်းမှာ မိုးရွာလေ့ရှိသော်လည်း ယနေ့အဖို့ကား ကောင်းကင်တစ်ခုလုံး မြူတိမ်ကင်းစင်၍ ကြည်လင် သာယာနေလေသည်။ တစ်ချက်တစ်ချက်တွင် ပင်လယ်လေ တသုန်သုန် တိုက်ခတ်လာသောအခါ အနည်းငယ် အေးသော်လည်း ပြောပလောက်အောင် မချမ်းဘဲ နေထိုင်၍ကောင်းရုံသာ ရှိလေသည်။ မော်လတာကဲ့သို့ မြေထဲပင်လယ်ပတ်ဝန်းကျင်ရှိ ဒေသများမှာ အပူအအေး မျှတသော ရာသီဥတုရှိလျက် ဂျုံ၊ ဆန်၊ ဟင်းသီးဟင်းရွက်၊ စပျစ်၊ လိမ္မော်သစ်တော် စသော သစ်သီးများ အလွန်ပေါသဖြင့် တကယ် နေချင့်စဖွယ် အရပ်ပင်တည်း။ မော်လတာကျွန်းသူကျွန်းသားများကား ဥရောပတောင်ပိုင်းသားဟု ခေါ်ရမည်ဖြစ်သော်လည်း အာရပ်သွေးလည်း မကင်းဟု သိရလေသည်။ သူတို့အချင်းချင်းပြောသော ဘာသာစကားမှာလည်း အာရပ်ဘာသာတစ်မျိုးပင် ဖြစ်လေသည်။

"အင်း- အလောင်းဘုရားအင်ပါယာထက် လေးဆလောက် ကျယ်တဲ့ ဗမာအင်ပါယာကြီး ဖြစ်လာရင်တော့ ဒီမော်လတာကျွန်းလည်း ဗမာ့လက်အောက်မှာပါပဲကွာ"

ဟု အရွှတ်ပြောတတ်သော ဦးကျော်ငြိမ်းက နောက်လိုက်လေသည်။

(၂) နာရီထိုးသော် ကျွန်ုပ်တို့ လေယာဉ်ပျံသည် မော်လတာမှ တစ်ဖန် ထွက်ပြန်လေသည်။

## သောင်းငါးထောင်ကျော် ပျံတက်သော်

ဥရောပတိုက် အနောက်ဘက်ဆီသို့ နီးကပ်လာပြီဖြစ်၍ ရာသီဥတုမှာလည်း တဖြည်းဖြည်း ဆိုးလာပြီဖြစ်ရာ ကျွန်ုပ်တို့၏လေယာဉ်ပျံသည် အမြင့် ပေ (၉၀၀၀) ရှိအောင် ပျံသန်းနေရပေပြီ။ အောက်သို့ ငုံ့ကြည့်လိုက်လျှင် တိမ်ထုကြီးသာမြင်ရလျက် နေရောင်တွင် ဖြူဖွေးနေသော တိမ်ထုမှာ တစ်ချက်တစ်ချက် လှိုင်းတံပိုးထကြွနေသော သမုဒ္ဒရာရေပြင်နှင့်လည်း သဏ္ဌာန်တူလေသည်။ ညနေ (၄) နာရီခွဲအချိန်တွင်ပင် နေသည် လုံးလုံး ဝင်သွားတော့သည်။ ဆောင်းဥတုအခါ၌ ဥရောပတိုက်သည် နေကိုမြင်ရသည့်အချိန်သည် တစ်နေ့တစ်နေ့တွင် နာရီအနည်းငယ်မျှသာ ရှိလေသည်။

လေယာဉ်ပျံသည် ပြင်သစ်ပြည်တောင်ပိုင်း ကမ်းရိုးကို ကျော်မိသောအခါ ဆီးနှင်းများ ထူထဲစွာကျလျက် မိုးလေဝသ အနည်းငယ် မကောင်းသဖြင့် အမြင့်ပေ (၁၅၀၀၀) အထိ တိုး၍ တက်ရလေရကား





အသက်ရှူရန် လေထုမှာလည်း ပါးသည်ထက်ပါးလာသောကြောင့် ကျွန်ုပ်တို့ အားလုံး အောက်ဆီဂျင်ဓာတ်အားပေးပိုက်များ တပ်ဆင်၍ ထားရလေတော့သည်။ မိုးရိပ်တိမ်ရိပ်နှင့် ဆီးနှင်းထုများ၏ အထက်သို့ကျော်လွန်၍ တက်မိသောအခါ ပြာသိုလဆုတ် (၄) ရက်နေ့ လမင်းသည် ထက်ကောင်းကင်တွင် သာမြဲတိုင်းသာနေသည်ကို တွေ့ရလေသည်။ ကျွန်ုပ်တို့ လူစုအားလုံးသည် တဖြည်းဖြည်း တိုးလာသော အအေးဓာတ်ကြောင့် စောင်များကို တင်းကျပ်စွာ ငြိမ်ချက်သားကောင်းနေကြလေသည်။

ည (၉) နာရီခန့် ဥရောပတိုက် အနောက်စွန်းကို လွန်မြောက်ပြီး အင်္ဂလိပ်ရေလက်ကြားပင်လယ်တွင် ဖြတ်ကျော်လျက်ရှိကြောင်း လရောင်မှုန်မှုန်တွင် မထင်မရှား မြင်ရလေသည်။ မကြာမီ မြောက်မြားလှစွာသော ရောင်စုံဓာတ်မီးများ အိမ်ခြေတိုက်တာ အဆောက်အအုံကြီးများကို မြင်ရခြင်းအားဖြင့် လေယာဉ်ပျံသည် လန်ဒန်မြို့ပေါ်သို့ ရောက်နေပြီဖြစ်ကြောင်း သိရလေသည်။ ဆီးနှင်းများကျရောက်နေသော ညဉ့်အချိန်ပင်ဖြစ်လင့်ကစား သိညာစွာ စီတန်း၍နေသော လမ်းဓာတ်မီးများနှင့် အိမ်ခြေတိုက်တာ ဆိုင်အနားတို့မှ ရောင်စုံ "နီယွန်" ဓာတ်မီးများ၏ အလင်းရောင်သည် ထည်ဝါခံ့ညား လန်ဒန်မြို့၏ အဆောက်အအုံကြီးများကို မြင်နိုင်လေသည်။

"အင်း- လန်ဒန်မြို့ကြီးတော့ ရောက်ပြန်ပေါ့"

ဟု ဗိုလ်ချုပ်အောင်ဆန်းက မှတ်ချက်ချလေသည်။

"ဟောဟိုဘက်ကမီးတွေ ထိန်ထိန်လင်းနေတာ 'ပီကာဒီလီ' ဆိုတဲ့ အရပ်ပေါ့ဗျ"

ဘီလပ်မှာ လေးနှစ်လောက်နေဖူးသူ ဗိုလ်ကျော်ထွန်းကလည်း ပြောလိုက်လေသည်။ (၉) နာရီ၊ မိနစ် (၄၀) တွင် လန်ဒန်မြို့မြောက်ဘက် (၁၂) မိုင်ကွာ နော့သ်ဟို့ လေယာဉ်ပျံကွင်းသို့ ကျွန်ုပ်တို့၏ လေယာဉ်ပျံသည် ဆင်းသက်မိလေသည်။

## လန်ဒန်မြို့တော် ရောက်လတ်သော်

လေယာဉ်ပျံ မှန်ပေါက်မှနေ၍ ကြည့်လိုက်လျှင်ပင် လာရောက်ကြိုဆိုနေကြသော လူစုကို မြင်နိုင်လေသည်။ လာရောက် ကြိုဆိုသော ဓါတ်ပုံသတင်းထောက်မှာ (၅၀) ခန့်ရှိရာ ထိုလူထုတွင် ကျွန်ုပ်တို့၏ ရဲဘော်ကြီး ကိုသန်းနှင့်တကွ ဗမာလူမျိုး (၂၀) ခန့်ကိုပါ တွေ့ရလေသည်။ အင်္ဂလိပ်လူမျိုးများတွင် ဗမာပြည်ဆိုင်ရာ အတွင်းဝန်ချုပ် လော့ပက်သစ်လောရင့်နှင့် မကြာသေးမီက ဗမာပြည်သို့လာသွားသူ လက်ထောက်အတွင်းဝန် ဆာဂီးလ်



www.burmeseclassic.com

www.burmeseclassic.com

ဘတ်လိတ်ဗိတ်တို့က ကြိုးမှူးလေသည်။

လေယာဉ်ပျံပေါ်မှ ဆင်းလျှင်ဆင်းချင်း တသုန်သုန် တိုက်ခိုက်လျက်ရှိသော လန်ဒန်ညလေက အေးရသည့်အထဲ ထုံးစံအတိုင်း ရှောင်၍မလွတ်နိုင်သော ဓာတ်ပုံဆရာများ၊ သတင်းထောက်များ ရှေးဦးစွာ ဗိုလ်ချုပ်ခမျာရင်ဆိုင် တိုးရှရှာလေသည်။ လေယာဉ်ပျံကွင်းမှနေ၍ပင် ဘီဘီစီအသံလွှင့်ဌာနကြီး၏ စီစဉ်ချက်အရ ဗိုလ်ချုပ်သည် ဗမာလိုနှင့် အင်္ဂလိပ်လို လန်ဒန်သို့ချောမောစွာ ဆိုက်ရောက်သည့်အကြောင်း စကားအနည်းငယ် အသံလွှင့်ပြောကြားလေသည်။ ထို့နောက် ကျွန်ုပ်တို့အားလုံး တည်းခိုရန် အစိုးရက စီစဉ်ထားသော 'ဒေါချက်စတာ'အမည်ရှိ ဟိုတယ်ကြီးသို့ သွားရောက်ကြရလေသည်။

ဒေါချက်စတာဟိုတယ်ကား လန်ဒန်မြို့တွင် အကောင်းဆုံးဟိုတယ်ကြီးတစ်ခုဖြစ်၍ အဆောက်အအုံကြီးသလောက် အခင်းအကျင်းအခမ်းအနားများ သပ်ရပ်လှပေသည်။ ရှေ့သို့ ပြတင်းပေါက်များမှ လှမ်း၍ကြည့်လိုက်လျှင် နာမည်ကျော် ဟိုက်ဒ်ပတ်ဥယျာဉ်ကို မြင်ရလေသည်။ လန်ဒန်မြို့ အထက်တန်းစားဟု ခေါ်သောလူများ သွားလာဝင်ထွက်သောနေရာဟုလည်း သိရသည်။ ဘိလပ်သို့ကား ရောက်ကြပြီ။ ရှေ့တွင်အသို့နည်း။

အင်္ဂလိပ်အစိုးရက ဗမာကိုယ်စားလှယ်တော်အဖွဲ့ကို ဆွေမျိုးမေ့လောက်အောင်ကောင်းသော ဧည့်ခံပြုစုခြင်းတို့ဖြင့် သာယာယစ်မူးအောင်ပြုမူနေခြင်းပေလော။

သို့သော် ကျွန်ုပ်တို့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကား မူမပျက်ဘိလပ်ရောက်ရောက်သော်လည်း ရှုတည်တည်နှင့်ပင် ရှိလေသည်။ ထို့ကြောင့် ပင်လျှင် သူ့အား ကျွန်ုပ်တို့ လူငယ်တွေ အကြွင်းမဲ့ ယုံကြည်အားကိုးကြသည် မဟုတ်ပါလော။ သို့နှင့်ပင် ကျွန်ုပ်တို့သည် လန်ဒန်မြို့တွင်ပထမဆုံး ညအိပ်ကြရသတည်း။

**ဇန်နဝါရီလ (၁၀) ရက်**

ယနေ့ တစ်နေ့လုံးပင် ရှေ့လာမည့် တနင်္လာနေ့တွင် စမည့် ဆွေးနွေးပွဲများအတွက် အစီအစဉ်များ ပြုလုပ်ရသည်နှင့်ပင် အချိန်ကုန်သွားလေသည်။ ညနေစောင်းတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်ဗစိန်တို့သည် ဗမာပြည်ဆိုင်ရာ အတွင်းဝန် လော့ပက်သစ်လောရင်းနှင့် လည်းကောင်း၊ နန်းရင်ဝန် မစ္စတာအက်တလီနှင့် လည်းကောင်း သွားရောက် တွေ့ဆုံကြလေသည်။

ဒေါချက်စတာတို့ကဲ့သို့သော ဟိုတယ်ကြီးများအတွင်း၌ နေရသည်မှာ မိုးလုံလေလုံနှင့် အေးမှန်းမသိသလောက် အပြင်ဘက် လမ်းပေါ်သို့ထွက်လိုက်သည်နှင့် တစ်ပြိုင်နက် ခိုက်ခိုက်တုန်အောင် ချမ်းလာလေသည်။ မိုးကလည်း တဖွဲဖွဲရွာနေလျက် ချမ်းအေးသလောက် စွတ်စိုထိုင်းမှိုင်းလှသော လန်ဒန်မြို့ဆောင်းဥတုမှာ စိတ်ပျက်ဖွယ်ရာကြီးပင်တည်း။ အခြားစိတ်ပျက်ဖွယ်ရာတွေလည်း ရှိသေးသည်။ အဝတ်အထည် ဒိုဘီပင်းမင်းပေးလျှင် (၁၀) ရက်မှ (၁၄) ရက်အထိကြာခြင်း၊ အင်္ကျီအဝတ်စား အသစ်ချုပ်လျှင် သုံးလကြာရမည်ဆိုခြင်း အလိပ် (၂၀) ဝင် စီးကရက်တစ်ဘူးကိုအနည်းဆုံး (၂) သျှီလင် (၆) ပဲနီ ပေးရခြင်းတို့ကြောင့် 'ငါတို့ဗမာပြည်ကမှ နိပ်သေးပါတကား' ဟု စိတ်ထဲတွင် ထင်မြင်မိတော့သည်။ ယနေ့ထုတ် လန်ဒန်တိုင်း(မ်)သတင်းစာတွင် 'ဗမာပြည်' ဟူသော ခေါင်းစဉ်နှင့် ခေါင်းကြီးပိုင်းတစ်ခု အတော်ကလေး ကောင်းမွန်စွာ ရေးသားထားလေသည်။

**ဇန်နဝါရီလ (၁၁) ရက်**

ယနေ့ စနေနေ့ဖြစ်၍ အစိုးရရုံးများ နေ့ဝက်သာ အလုပ်လုပ်ကြလေရာ ဗမာကိုယ်စားလှယ်အဖွဲ့နှင့် ဘိလပ်အစိုးရတို့ ဆွေးနွေးခန်းများကို တနင်္လာနေ့မှာပဲ စတင် ဖွင့်လှစ်မည်ဟု သိရ၏။

နံနက် (၁၀) နာရီခွဲအချိန်တွင် ဗမာကိုယ်စားလှယ်အဖွဲ့အား ပါသီရုပ်ရှင်ကုမ္ပဏီကြီးမှ သတင်းကားအဖြစ် ရုပ်ရှင်ရိုက်ကူးလေရာ ဗိုလ်ချုပ်ကိုယ်တိုင် ဗမာပြည်၏ တောင်းဆိုချက်အကြောင်းများနှင့် ပတ်သက်၍စကားအနည်းငယ် ပြောကြားရသေးသည်။ နေ့လယ် (၁၂) နာရီအချိန်တွင်ဗြိတိသျှဝန်ကြီးတစ်ဦးဖြစ်သော ဆာစတက်ဖို့ကရစ် ဗိုလ်ချုပ်ထံသို့ လာရောက် တွေ့ဆုံလေသည်။ ညနေ (၃) နာရီအချိန်တွင် ဗိုလ်ချုပ်၊ သခင်မြနှင့် သခင်ဗစိန်တို့သည် ပါလီမန်အဆောက်အအုံများကို သွားရောက်ကြည့်ရှုကြသည်။ ပါလီမန်တစ်ခုလုံးကို နှံ့စပ်အောင် လှည့်လည်၍ လိုက်ပြသူကား ယမန်နှစ်က ဗမာပြည်သို့ တစ်ရက်မျှ လာရောက် တည်းခိုသွားဖူးသူ လွှတ်တော်အမတ် ကာနယ်ရီးစ်ဗီလျံ (တောတန်းနယ်စုံစမ်းရေးကော်မရှင်ဥက္ကဋ္ဌ) ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com

ဗမာပြည်ကလူများကို ကောင်းကောင်းသိသော လေဘာအမတ် မစ္စတာ ဒရိုင်းဘတ်သည်လည်း ဗိုလ်ချုပ်ထံသို့ ယနေ့ လာရောက်တွေ့ဆုံလေသည်။ လန်ဒန်မြို့ ဆောင်းဥတု ထုံးစံအတိုင်း နံနက်ပိုင်းနေကို (၁၁) နာရီလောက်မှ မြင်ရလျက် လုံးလုံးမမြင်ရသည့်နေ့ကလည်း များသည်။ ညနေစောင်း (၄) နာရီခွဲဆိုလျှင် နေဝင်သွားတော့သဖြင့် ရာသီဥတုမှာ စိတ်ပျက်ဖွယ်ရာ ဖြစ်နေပေသည်။ ဒေါချက်စတာဟိုတယ် အပေါ်ထပ်မှ တောင်ဘက်ဆီသို့ မျှော်ကြည့်လိုက်လျှင် မိုးနှင်းများကြောင့် စွတ်စိုထိုင်းမှိုင်းလျက် အခက်အရွက်ကင်းမဲ့သော အရိုးပြိုင်းပြိုင်းနှင့် သစ်ပင်များဖြင့် ကမ္ဘာကျော် ဟိုက်ဒ်ပတ်ဥယျာဉ်ကြီးကို မြင်ရလေသတည်း။

**ဇန်နဝါရီလ (၁၂) ရက်**

ဘိလပ်အစိုးရနှင့် ဆွေးနွေးပွဲများ နက်ဖြန် စတင်ဖွင့်လှစ်တော့မည်ဖြစ်၍ ယနေ့တွင် ပြင်စရာရှိသမျှကို အပြီးပြင်ဆင်နေကြရ၏။ ဗိုလ်ချုပ်အောင်ဆန်းဆိုလျှင် သူ နက်ဖြန်ပြောရမည့် ပြန်ကြားချက် မိန့်ခွန်းအတွက် ကြိုတင် ပြင်ဆင်နေရလေသည်။ ထုံးစံအတိုင်း ဗမာကိုယ်စားလှယ်အဖွဲ့၏ နေ့စဉ် အစည်းအဝေးကို နံနက်(၁၀)နာရီ ပြုလုပ်လေသည်။

အရေးထဲတွင် ဦးကျော်ညိမ်းတစ်ယောက်မှာ နာစေးအအေးမိနေရှာသည်။ 'တောက်-အရေးထဲကျမှ လာပြီး နေမကောင်းဖြစ်နေရတာ နာသကွာ' ဟု သူ စိတ်ညစ်နေသည်ကို ဖွင့်ဟ၍ညည်းလေသည်။ ကျွန်ုပ်တို့ လူစုအားလုံး အသီးသီး ဆိုင်ရာအလုပ်တို့ဖြင့် အလုပ်များနေရင်း တနင်္ဂနွေနေ့သည်လည်း ကုန်လွန်သွားတော့သည်။ တစ်နေ့နံနက် (၁၀) နာရီခွဲလောက်က၍ နေထွက်သဖြင့် လန်ဒန်မြို့ကြီးမှာ အတော်ကလေး သစ်လွင် တောက်ပြောင်လာလေသည်။

**ဇန်နဝါရီလ (၁၃) ရက်နေ့**

လန်ဒန်မြို့ ရာသီဥတုကို အနည်းငယ် ကျင့်သားရလာ၍ပဲလားမသိ။ ကျွန်ုပ်တို့တစ်တွေမှာ သိပ်ပြီး မချမ်းကြတော့ပေ။ တွေ့သမျှ အင်္ဂလိပ်မိတ်ဆွေတို့က 'လန်ဒန်မှာ မအေးဘူးလား၊ သိပ်ပြီးတော့ မချမ်းဘူးလား' ဟုချည်း မေးကြသဖြင့် 'အံမာ၊ ကျုပ်တို့ မလာခင် ကြားခဲ့ရတာကတော့ အလိုလိုပဲ အသားတွေ ကြွေကျလောက်အောင် အေးမလို၊ ဒီလာလိုက်တော့လည်း တယ်ပြီး မဟုတ်လှပါဘူး၊ သိပ်ပြီး မအေးလို့သာ ကျုပ်တို့ သွားလာနေနိုင်တာပေါ့' ဟု ညနေစောင်း ဟိုက်ဒ်ပတ် ဥယျာဉ်တစ်ပတ် လမ်းလျှောက်ပြီး ပြန်ခဲ့သော လက်ထောက်အတွင်းဝန် ဦးတင်အုန်းက ကြွားလေသည်။

"ဒါဖြင့် ဦးတင်အုန်း နေ့တိုင်း ရေချိုးနိုင်တာပေါ့နော်"

ဟု ကျွန်ုပ်က မေးသည်ကို-

"အို-နေ့တိုင်း ချိုးတာပေါ့ဗျ" ဟု ပြန်ဖြေသဖြင့်-

"ရေနွေးပူပူကြီးနဲ့ချိုးတာ မဟုတ်လား"

ဟု ထပ်တွန့်လိုက်သောအခါ-

"အင်း" ဟု ဝန်ခံသဖြင့် ဝါးခနဲ ပွဲကျသွားသည်။

### ဗိုလ်ချုပ်-အက်တလီ စကြပြီ

ယနေ့ နေ့လယ် (၁၂) နာရီတွင် ဘိလပ်အစိုးရနှင့် ဆွေးနွေးပွဲ စတင်လေသည်။ ဗမာကိုယ်စားလှယ်အဖွဲ့ကို ခရီးဦးကြိုပြုရင်း နန်းရင်းဝန် မစ္စတာအက်တလီက ဗမာပြည်ကို အမြန်ဆုံး လွတ်လပ်ရေးပန်းတိုင်သို့ အရောက်ပို့ရန်မှာ မိမိတို့၏ ရည်ရွယ်ချက်ပင်ဖြစ်၍ ဗြိတိသျှအင်ပါယာအတွင်းမှာ နေလိုသည်ဖြစ်စေ၊ မနေလိုသည်ဖြစ်စေ ဗမာလူမျိုးကိုယ်တိုင် ဆုံးဖြတ်ရန်သာ ဖြစ်ပါသည်ဟူသော ဒီဇင်ဘာလ (၂၀) ရက်နေ့ ပါလီမန်တွင် မိမိပြောဆိုချက်ကို ထပ်မံ၍ သတိပေးလိုကြောင်း၊ ဗြိတိန်နှင့် ဗမာပြည်၏ နောင်အရှည်သဖြင့် ချစ်ကြည်ရေးကိုလည်း အထူး လိုလားပါကြောင်း စသည်ဖြင့် ပြောဆိုပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းက ဗမာကိုယ်စားလှယ်အဖွဲ့ကိုယ်စား မိမိတို့မှာလည်း ဗြိတိသျှအစိုးရနှင့် ကျေနပ်လောက်အောင် စေ့စပ်ဆွေးနွေးရေး အောင်မြင်မည်ဟု မျှော်လင့်ယုံကြည်ချက်ဖြင့် ဘိလင်းသို့ လာရောက်ရခြင်းဖြစ်ကြောင်း၊ ဗမာလူမျိုးတို့၏ လိုလားချက်မှာ လွတ်လပ်ရေးပင်ဖြစ်၍ မိမိတို့အားလုံး၏ စိတ်ထဲတွင် ဗမာပြည်၏ လွတ်လပ်ရေးဆိုရာ၌ ကရင်၊ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်နီ စသော နယ်ခြားဒေသများ အားလုံးပါ တစ်ပြိုင်နက် လွတ်လပ်ရေးကို ဆိုလိုကြောင်း၊ မိမိတို့၏ သဘောအရဆိုလျှင် ယနေ့မှစ၍ တစ်နှစ်အတွင်း ဗမာပြည်သည် တင်းပြည့်လွတ်လပ်ရေးရသင့်ပြီဟု ယူဆကြောင်း၊ ဗမာပြည်နောင်ရေးကို အင်ပါယာအတွင်း သို့မဟုတ် အပြင်၌နေရန် ဗမာလူမျိုးများသာ ဆုံးဖြတ်ပါဟု နန်းရင်းဝန်ကြီးက ထပ်မံ၍ ပြောဆိုသည်ကို အထူး ဝမ်းမြောက်ပါကြောင်း၊ မိမိတို့ ဗမာကိုယ်စားလှယ်အဖွဲ့ လာရောက်ရာ၌ နည့်ဝတ်ကျေပွန်စွာ ခရီးဦးကြို ပြုစုစောင့်ရှောက်ခြင်းတို့ကိုလည်း များစွာ



www.burmeseclassic.com

www.burmeseclassic.com

ကျောနူးတင်ကြောင်း စသည်ဖြင့် ပြန်ကြားပြောဆိုလေသည်။

ထို့နောက် ဝန်ကြီး သခင်ဗစိန်သည်လည်း တို့ဗမာအစည်းအရုံး ကိုယ်စား ဟူ၍ စကားအနည်းငယ် ထပ်၍ ပြောသေးသည်။ ထိုမျှနှင့်ပင် ယနေ့ ဆွေးနွေးပွဲပြီးသွားတော့သည်။

ယနေ့ ညနေ (၅) နာရီအချိန်တွင် ဂျူနီဦးစောနှင့် ဦးဘရင်တို့ ဒေါ်ချက်စတာဟိုတယ်သို့ ချောမောစွာ ဆိုက်ရောက်လာကြလေသည်။

ယနေ့ညနေ (၅) နာရီအချိန်တွင် ဂျူနီဦးစောနှင့် ဦးဘရင်တို့ ဒေါ်ချက်စတာဟိုတယ်သို့ ချောမောစွာ ဆိုက်ရောက်လာကြလေသည်။

## ဇန်နဝါရီလ (၁၄) ရက်

ယနေ့နံနက် (၉) နာရီမှစ၍ ကျွန်ုပ်တို့အားလုံးမှာ ပြင်ဆင်စရာ ရှိသမျှကို ပြင်ဆင်ရင်း အလုပ်များနေကြသည်။ ဗမာကိုယ်စားလှယ်အဖွဲ့မှ ထုတ်ပြန်တင်ပြမည့် အထွေထွေ ကြေညာချက်အကြမ်းကို အသေးစိတ် စဉ်းစားဆွေးနွေးကြလေသည်။

ညနေ (၃) နာရီတွင် အမှတ် (၁၀)၊ ဒေါင်းနင်းလမ်း နန်းရင်းဝန်ချုပ် နေအိမ်၌ ဆွေးနွေးပွဲကို စတင် ဖွင့်လှစ်လေသည်။ ယနေ့တွင် ဦးစောနှင့် ဦးဘရင်တို့ ပထမအကြိမ် တက်ရောက်ကြလေသည်။

ဗြိတိသျှ နန်းရင်းဝန်အဆက်ဆက်တို့ နေထိုင်သွားသော ဒေါင်း နင်းလမ်း အိမ်နံပါတ် (၁၀) ကား အပြင်ဘက်မှ ကြည့်လိုက်လျှင် ဘာမှ မထူးခြား။ သာမန်အိမ်များကဲ့သို့ပင် ရှိနေလျက် အတွင်း၌မူကား အတော် ခမ်းခမ်းနားနား ရှိလေသည်။ ခင်းထားသော ကော်ဇောကြီးများ နံရံတွင် ဆွဲထားသော ဗြိတိသျှနိုင်ငံရေးနှင့် ပါလီမန်ဆိုင်ရာ ပန်းချီကားကြီးများ ဓာတ်ပုံများမှာ ခံ့ညားလှပေသည်။ ဒေါင်းနင်းလမ်းဆိုသည်ကား ပါလီမန် လမ်းခေါ် လမ်းမကြီးနှင့် ကန့်လန့်ဖြတ် ပေ (၃၀) ခန့်မျှရှိသော လမ်း ကျဉ်းကလေးတစ်ခုပင်တည်း။

ယနေ့ထုတ် တိုင်းသတင်းစာတွင် ရန်ကုန်မြို့ အတွင်းဝန်ရုံးကို ကွန်မြူနစ်များ ဝိုင်းကြကြောင်း သတင်းကို ဖတ်ရသည်။ ကျွန်ုပ်တို့ လူစု ထဲတွင် ဦးကျော်ငြိမ်း နေကောင်း၍ ဦးတင်ထွန်းကား အအေးမိပြီး ဖျား နေပြန်သည်။



အံ့ဖွယ်သရဲ ဘောလုံးပွဲ

## ဇန်နဝါရီလ (၁၅) ရက်

ယနေ့နေ့လယ် ဆွေးနွေးပွဲ ညနေ (၄) နာရီမှ ပြုလုပ်လေသည်။ ယနေ့ နေ့လယ် (၂)နာရီတွင် နာမည်ကျော် 'အာဆီနယ်လ်' ဘောလုံးသင်းမှ ပွဲကောင်းတစ်ခုဟူ၍ ဗမာဝန်ကြီးများကို အထူး ဧည့်သည်များအဖြစ် ဖိတ်ကြားထားရာ ဝန်ကြီးများ၊ မအားလပ်ဘဲ သခင်မြတစ်ယောက်သာ သွားနိုင်သဖြင့် ကျွန်ုပ်တို့ လူငယ်စုလည်း အချောင်သွားကြည့်ခွင့်ရလေ သည်။ ဗမာကိုယ်စားလှယ်အဖွဲ့ကို တာဝန်ခံဖိတ်သူကား ဗြိတိသျှကာ ကွယ်ရေးဝန်ကြီးချုပ် အာဆီနယ်လ် ဘောလုံးသင်းကား ကမ္ဘာကျော်ထိပ် စီးအသင်း တစ်ခုဖြစ်လျက် လန်ဒန်မြို့တော်၏ အသည်းဖြစ်သော ချယ်လ်စီး ဘောလုံးသင်းနှင့် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ရာ လွန်ခဲ့သော စနေနေ့ ကလည်း ထိုအသင်းနှစ်သင်း ယှဉ်ပြိုင်ကစားကြရာ၌ သရေပွဲဖြစ်သော ကြောင့် ယခုတစ်ဖန် ပြန်၍ ကစားကြရခြင်း ဖြစ်သည်။

အင်္ဂလိပ်လူမျိုးများ ကစားခုန်စားဘက်၌ အလွန်ဝါသနာပါကြောင်း ကျွန်ုပ်တို့ ကြားဖူးလေရာ ယနေ့ ဘောလုံးပွဲသည် ထိုအချက်ကို ထင်ရှားစွာ ပြလိုက်သော သာဓကတစ်ရပ်ဖြစ်ကြောင်း တွေ့ရသည်။ ဘောလုံးပွဲမှာ (၂)နာရီကျော်မှ စတင်ကစားသွားမည်ဖြစ်သော်လည်း (၁၂) နာရီမထိုးမီပင် ရှိသမျှနေရာတွင် လူတွေပြည့်ကျပ်နေလေပြီ။ ယခင်က ရုပ်ရှင်၊ သတင်း စားများ၊ ဓာတ်ပုံများ၌သာ ကျွန်ုပ်တို့မြင်ဖူးသော အနောက်နိုင်ငံဘောလုံး ပွဲနှင့် ပွဲကြည့်ပရိသတ်ကို ယနေ့မှ ကိုယ်တွေ့မြင်ရတော့သည်။

ပွဲကြည့်ပရိသတ်ဦးရေ စုစုပေါင်း (၁၂၃၅၄၅) ယောက်ရှိသည်ဟု ဘောလုံးအုပ်ချုပ်ရေးဌာနမှ စုံစမ်းသိရှိရပေသည်။ ထိုနေ့က လက်မှတ် ရောင်းရသောငွေမှာ ပေါင်ဒင်္ဂါး (၇၇၁၆) ဖြစ်လျက် ဗမာငွေနှင့်ဆိုလျှင် တစ်သိန်းလေးထောင်ကျော်မျှ ရှိပေလိမ့်မည်။

ဘောလုံးပွဲစသည်နှင့် တစ်ပြိုင်နက် အကြိတ်အနယ် ကစားကြ တော့လေရာ ကစားပုံမှာလည်း ကြည့်၍ မညည်းအောင် လျင်မြန်ဖျတ် လတ်လှပေသည်။ နှိုင်းယှဉ်ပြရသော် ဗမာပြည် ဘောလုံးရာဇဝင်တွင် ထိပ်ဆုံးရောက်ခဲ့သော မီးရထား၊ ပုလိပ်ကြီးနှင့် ကောလိပ်အသင်းတို့၏ အကောင်းဆုံးခေတ်က ကစားကြပုံထက် ပို၍ လျင်မြန် ဖျတ်လတ် သေးသည်ဟု ဝန်ခံထိုက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘောလုံးကို အထက်သို့ သိပ်ပြီး မြှောက်မကန်ဘဲ မြေပြင်နှင့် ရှပ်ကန်လေ့ရှိခြင်း၊ အပေးအယူတွင် အနည်းဆုံးဖြစ်သော မိမိတို့ဘက်သား တစ်ဦးကို ရတ်တရက်ပေးလေ့ရှိခြင်း၊ နှစ်ယောက်တန်းကစားသမားများက မကြာခဏ ဘောလုံးကို အခက်အခဲတွင် မိမိတို့၏ဂိုးသမားထံသို့ ပို့ပေး၍ ဂိုးစောင့်ကမှ အပြင်သို့ ကန်ထုတ်ခြင်းများကို သတိပြုမိပါသည်။

ယနေ့အဖို့ကား ချယ်လ်စီးအသင်းဘက်မှ ပို၍ ဖိကစားလျက် ဘောလုံးမှာ အာစီနယ်လ်အသင်း၏ ဂိုးဘက်ချည်းသို့ ဝဲနေလေသည်။ သို့သော် အာစီနယ်လ်အသင်းဂိုးသမားနှင့် နှစ်ယောက်တန်းတို့သည် အကာ အကွယ်တွင် အလွန်စေ့နေရကား ချယ်လ်စီး ငါးယောက်တန်းသမားတို့မှာ သွင်း၍ မဝင်နိုင်အောင်ရှိလေသည်။ ပထမ နာရီဝက်ပြီးသွားသော်လည်း တစ်ဂိုးမျှ မဝင်ဘဲရှိနေပြီးနောက် အချိန်စေ့သွားသဖြင့် ပရိသတ်များ ပို၍ အားမလိုအားမရဖြစ်စဖွယ် ဒုတိယမို့ သရေပွဲအဖြစ်နှင့်ပင် ပွဲပြီးသွားတော့သည်။

တစ်ခုမှတ်သားရန်သင့်သည်ကား ပွဲကြည့်ပရိသတ်သည် ဘောလုံးကစားသူများအား စိတ်ပါလက်ပါ ဟစ်အော်ကြွေးကြော်၍ အားပေးကြသော်လည်း ဗမာပြည်မှာကဲ့သို့ 'ချပါတော့လား' ဟု 'ဘယ်သူ့ကို ဘယ်လို နှိပ်လိုက်လေ' အစရှိသော မြှောက်ပေးခြင်းများမရှိဘဲ အလွန်စည်ကား သေဝပ်ကြခြင်းပင်တည်း။

(ယနေ့ ရန်ကုန်မှ ဦးဘတူ၊ ဦးဘဖေ၏ အပါးတော်မြဲ လန်ဒန်မြို့သို့ ဆိုက်ရောက်လာသည်။ ကျွန်ုပ်တို့တစ်တွေမှာ ရုံးလုပ်ငန်းအတွက် လူအားနည်းလှသဖြင့် ဦးဘတူတစ်ယောက်ရောက်လာခြင်းကြောင့် တအား တက်စရာပင်ဖြစ်တော့သည်။)

**ဇန်နဝါရီလ (၁၆) ရက်နေ့**

ယနေ့နံနက် ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှစစ်ဌာနချုပ်သို့ သွားရောက်ကြည့်ရှုရင်း ဗြိတိသျှ ဗဟိုစစ်ဦးစီး ဗိုလ်ချုပ်ကြီး လော့မောင် ဂိုမာရီနှင့် တွေ့ဆုံလေသည်။

ညနေ (၃) နာရီအချိန်တွင် အမှတ် (၁၀) ဒေါင်းနင်းလမ်း၌ ဆွေးနွေးပွဲ ဆက်လက် ကျင်းပသည်။





**အံ့ချီးဖွယ်ရာ သတင်းစာ**

ယနေ့ည (၈) နာရီခွဲအချိန်တွင် နာမည်ကျော် တိုင်းမ်သတင်း စာတိုက်သို့ ကျွန်ုပ်တို့အားလုံး သွားရောက်ကြည့်ရှုကြသည်။ လုပ်သား ပေါင်း (၁၂၀၀) ကျော်နှင့် ခေတ်အမီဆုံး စက်ကိရိယာများဖြင့် (၂၄) နာရီလုံးလုံး မရပ်မနား သတင်းစာကို စီစဉ်ရိုက်နှိပ်သွားပုံများမှာ တကယ် ပင် အားကျစရာကောင်းပေသည်။ အထူးသဖြင့် စာလုံးများကို စက်ဖြင့် စီခြင်းမှာ သေသပ် ကောင်းမွန်လှပေသည်။ ကျွန်ုပ်တို့ ရောက်သွားချိန်၌ သတင်းစာ ပထမနှိပ်ခြင်းအတွက် စီစဉ်နေဆဲဖြစ်ရာ ကျွန်ုပ်တို့ရှေ့တွင် စီလိုက်ခြင်းဖြင့် နာရီဝက်မျှ မကြာမီ သတင်းစာ ပထမနှိပ်စောင်များ ထွက်လာလျက် 'ဗမာညွှန့်သည်တော်များ တိုင်းမ်သတင်းစာတိုက်သို့ သာရောက်ကြည့်ရှုခြင်း' သတင်းကို ပူပူနွေးနွေး ဖတ်ရလေသည်။

၁၇၈၈ ခုနှစ်က စတင်ထုတ်ဝေသော သတင်းစာဖြစ်၍ ယခု သက်တမ်း နှစ်ပေါင်း (၁၆၀) ခန့်ရှိပြီဖြစ်၍ အင်္ဂလန်ပြည်တွင် ရှေးအကျ ဆုံး သတင်းစာတစ်စောင်လည်း ဖြစ်လေသည်။

**ဇန်နဝါရီ (၁၇) ရက်**

ဘိလပ်အစိုးရနှင့် ဆွေးနွေးပွဲများကို ယနေ့မလုပ်ဘဲ မနေ့က ဆွေးနွေးခဲ့သော အချက်များကို နှစ်ဖက်စလုံးမှ ပြန်၍ စီစဉ်စဉ်းစားနိုင်ရန် ဘနက်ဖြန်နေ့မှ ဆက်လက်၍ ပြုလုပ်ဖို့ ရွှေ့ဆိုင်းထားလိုက်သည်။

**စာအုပ်ဆိုင်ကြီး ရှုမငြီး**

ယနေ့ ဗိုလ်ချုပ်၊ သခင်မြ၊ ဦးတင်ထွဋ်နှင့် ဦးကျော်ငြိမ်းတို့သည် လန်ဒန်မြို့ စာအုပ်ဆိုင်များရှိရာသို့ သွားရောက် ကြည့်ရှုကြလေသည်။ ကမ္ဘာပေါ်တွင် စာအုပ်ဆိုင်အများဆုံးဟု ကျော်ကြားသော လန်ဒန်မြို့၏ စာအုပ်လောကကို ပထမအကြိမ် တွေ့မြင်ကြရသေည်။ လန်ဒန် စာအုပ် ဆိုင်ကြီးတစ်ဆိုင်ဆိုလျှင် ရန်ကုန်မြို့၌ ရှိသမျှစာအုပ်ဆိုင်များမှ စာအုပ် အားလုံးထက် ပို၍များသော စာအုပ်စင်ကြီးများကို တွေ့ရ၏။ ဗိုလ်ချုပ်၊ သခင်မြနှင့် ဦးကျော်ငြိမ်းတို့သည် ပထမဆုံးဝင်လိုက်သော စာအုပ်ဆိုင်မှာပင် (၁၅) မိနစ်အတွင်း (၆) ပေါင်၊ (၇) ပေါင်ဖိုး စာအုပ်များ ဝယ်ပြီးနေလေ ပြီ မည်သည့်ဘာသာရပ်မျိုးမဆို လိုချင်သည့်စာအုပ်များ ရနိုင်ပါ၏ စာရေး ဆရာပေါင်းစုံရေးသော၊ စာအုပ်ပေါင်းစုံ ရနိုင်သော ကြီးကျယ်စာအုပ်

www.burmeseclassic.com

www.burmeseclassic.com

မြို့ကြီးပင်တည်း။

"များလိုက်တဲ့စာအုပ်တွေ၊ တစ်သက်လုံး ထိုင်ဖတ်တောင်ကုန်မှာ မဟုတ်ဘူးဗျ"

ဟု ဦးကျော်ငြိမ်းက တောင်ပုံရာပုံပုံနေသော စာအုပ်တွေကို ကြည့်ပြီး 'ဖွိုင်၏' ခေါ် စာအုပ်ဆိုင်အတွင်း၌ မှတ်ချက်ချလေသည်။

စာအုပ်ဝယ်ရာမှအပြန် ဝန်ကြီး ဦးတင်ထွဋ်၏ ကောင်းမှုကြောင့် တရုတ်ဆိုင်တစ်ဆိုင်ရောက်သွားပြီး ခေါက်ဆွဲကြော်၊ (၁၂) မျိုးကြော်များ စားရသည်။ ဗမာအစာနှင့် အနီးဆုံးဖြစ်သောကြောင့် တရုတ်အစာကို စားရသည်မှာ အရသာရှိလှသည်။

ယနေ့ညနေ ဗိုလ်ချုပ်ထံ လာရောက် တွေ့ဆုံသော ဧည့်သည်များတွင် နာမည်ကျော် ဗြိတိသျှကွန်မြူနစ်ခေါင်းဆောင် မစ္စတာ ပါမ်ဒတ်ကိုလည်း တွေ့ရသည်။ ဘကြီးဘဖေတစ်ယောက် တနင်္လာနေ့တွင် ဆိုက်ရောက်တော့မည် ဟူသော သတင်းကို ယနေ့ ကြားရသည်။

## ဇန်နဝါရီလ (၁၈) ရက်နေ့

လန်ဒန်မြို့ရာသီဥတုကား ကျွန်ုပ်တို့ အရှေ့တိုင်းသားတွေ ရောက်နေ၍လား မသိ။ အတော်ကလေး ကောင်းနေလေသည်။ ကျွန်ုပ်တို့မရောက်မီ (၃) ရက်လောက်က အကြီးအကျယ်ကျခဲ့သော မိုးပွင့်များကိုလည်း ယနေ့တိုင် မတွေ့ရသေးချေ။ တစ်နေ့လျှင် (၂) နာရီမှ (၃) နာရီခန့် နေကိုလည်း မြင်ရလေသည်။ သဘာဝအလျောက် မိုးဖွဲကလေးကား ရွာတတ်သည်။ အင်္ဂလန်ပြည်ရောက်မှပင် ကျွန်ုပ်တို့ အရှေ့တိုင်းမှ ကြည်လင်တောက်ပသော နေရောင်ခြည်များကို သတိရ တမ်းတမိလေသည်။

ယနေ့ ဗမာဝန်ကြီးများကို နန်းရင်းဝန် မစ္စတာ အက်တလီက သူ၏အိမ်သို့ ဖိတ်ခေါ်၍ နေ့လယ်စာ တည်ခင်းကျွေးမွေးသည်။ ညနေကျပြန်သောအခါ ဆာစတက်ဖို့ကရစ်နှင့် လေဒီကရစ်တို့က ဗိုလ်ချုပ်အောင်ဆန်းကို သူတို့အိမ်၌ ထမင်းကျွေးပြန်သည်။

ယနေ့ ဗမာပြည်မှ သတင်းစာအချို့ရောက်လာ၍ အပြေးအလွှားလုပြီး ဖတ်ကြရသည်။ (၁၁) ရက်နေ့ထုတ် ကွန်မြူနစ် နေ့စဉ်သတင်းစာ ဖဆပလဆန္ဒပြပွဲများအကြောင်း ရေးသားထားသော ခေါင်းကြီးပိုင်းနှင့် ဟစ်တိုင်သတင်းစာမှ ဖဆပလနှင့် ကွန်မြူနစ် နီးပြီလော ဟူသော သတင်းတို့ကို ဦးကျော်ညိမ်းသည် အထူး စိတ်ဝင်စားစွာ ဖတ်လေသည်။



## ဇန်နဝါရီလ (၁၉) ရက်

တစ်နေ့နံနက်တွင် လန်ဒန်တစ်မြို့လုံး မြူတွေဆိုင်းကာ အုံ့မှိုင်း၍ နေလေသည်။ လမ်းလျှောက်သွားလျှင် ရှေ့သို့ (၁၀) ကိုက်မျှပင် ကောင်းစွာ မမြင်နိုင်ပေ။ ဤရာသီဥတုမျိုးတွင် ဥရောပ၌ လေကြောင်းခရီးသွားရန် ဘေးအန္တရာယ်များတတ်ပေသည်။

ယနေ့ နေ့လယ်စာကို ဆာစတက်ဖို့ကရစ်တို့ ဇနီးမောင်နှံက ဗမာ ဝန်ကြီးအားလုံးအား ဖိတ်ခေါ်၍ လန်ဒန်မြို့ရှိ သူ၏အိမ်၌ တည်ခင်းကျွေးမွေး လေသည်။ နေ့လယ်စာဆိုသော်လည်း စကားလက်ဆုံကျပြီး ညနေစာပါ ဆက်သွားလျက် ည (၁၀) နာရီကျော်မှပင် ပြန်ရောက်ကြတော့သည်။ ထူးထူးခြားခြား ဦးကျော်ညိမ်းတစ်ယောက် လန်ဒန်မြို့ လျှောက်ကြည့်ဦး မှပဲဆိုလျက် ထွက်လည်လေသည်။

## ဇန်နဝါရီလ (၂၀) ရက်

ယနေ့ဆိုလျှင် အရက် (၂၀) ရှိသွားပြီ။ လကုန်ရန် (၁၁) ရက်မျှသာ လိုတော့သည်။ လမကုန်မီ ရန်ကုန်ပြန်ရောက်မှ ဖြစ်မည်။ ထို့ကြောင့် ဗမာပြည်အရေး ဖြူသည်၊ မည်းသည် အမြန်ဆုံး သေချာအောင်လုပ်ရန် အရေးကြီးသဖြင့် ဗမာကိုယ်စားလှယ်အဖွဲ့မှာ အပူတပြင်း အလုပ်လုပ်ကြ ရတော့မည်။

ယနေ့ ဘိလပ်အစိုးရနှင့် ဆွေးနွေးပွဲမတိုင်မီနှင့် ပြီးသောအခါ တွင်လည်း ကျွန်ုပ်တို့ အချင်းချင်း ဆွေးနွေး တိုင်ပင်ကြရသည်။ ယနေ့ ဗမာပြည်ကိုယ်စားလှယ်အဖွဲ့အား ဘိလပ်အစိုးရက နေ့လယ်စာ တည် ခင်းကျွေးမွေးရာ နန်းရင်းဝန် မစ္စတာ အက်တလီက သဘာပတိအဖြစ် ဆောင်ရွက်သည်။ ယနေ့ညနေ (၅)နာရီခန့်တွင် ဘကြီးဘဖေ ချောမောစွာ ခေါ်ချက်စတာဟိုတယ်သို့ ဆိုက်ရောက်လာသဖြင့် အားလုံး ဝမ်းမြောက် ကြရသည်။

## ဇန်နဝါရီလ (၂၁) ရက်

ယနေ့ ဘိလပ်အစိုးရနှင့် ဆွေးနွေးပွဲမရှိသဖြင့် ဗမာဝန်ကြီး များလည်း အပြင်ထွက်ကြလေသည်။ ဦးစောက ပညာရေးဌာနများသို့ လည်းကောင်း၊ သခင်ဗစိန်က လန်ဒန်ဗဟိုကြေးနန်းရုံကြီးသို့ လည်းကောင်း၊ သခင်မြ (Malbstone) အကျဉ်းထောင်နှင့် ကလေးထောင်များသို့ လည်း

www.burmeseclassic.com

www.burmeseclassic.com

ကောင်း အသီးသီးထွက်သွားကြလျက် ဗိုလ်ချုပ်အောင်ဆန်းအား 'အင်ပါယာဗဟိုလေကြောင်းအတတ်သင်ကျောင်း' သို့ သွားရောက် ကြည့်ရှုလေသည်။

## လေတပ်သင်မှု ဗိုလ်ချုပ်ရှု

အင်ပါယာလေကြောင်းအတတ်သင်ကျောင်းကား လန်ဒန်မြို့မှ အနောက်ဘက် မိုင် (၉၀) ခန့်ကွာသော 'ပက်ဆင်းဟန်'မြို့ကလေးတွင် တည်ရှိလေရာ ထိုနေ့နံနက် (၉) နာရီအချိန်တွင် အာအေအက်ဒ်လေတပ်မှ အရာရှိနှစ်ဦး လာရောက် ကြိုဆိုလျက် ဗိုလ်ချုပ်တို့ မီးရထားနှင့် သွားရလေသည်။ စီးရသည့်မီးရထားကား အင်္ဂလန်တွင် အကြီးဆုံးတစ်ခုဖြစ်သော (Great Western Railway) ခေါ် အနောက်သွားမီးရထား ဖြစ်လေသည်။ သို့သော် ကျွန်ုပ်တို့စီးရသော ပထမတန်းဆိုသည့် ရထားတွဲမှာ သိပ်ပြီး ထူးထူးခြားခြား မကောင်းလှ။ စစ်အတွင်းက ထင်သလို အသုံးပြုခဲ့ရပြီး ဗမာပြည်က မီးရထားတွဲတွေနှင့် များစွာမထူးအောင် ညစ်ပတ်နေလေသည်။

မီးရထားသည် 'ပက်ဒင်တန်' ဘူတာရုံကြီးမှ ထွက်သွားပြီး နာရီဝက်အတွင်း လန်ဒန်မြို့ ဆင်ခြေဖုံးကို ကျော်လွန်သွားပြီးနောက် အင်္ဂလန်ပြည်၏ ကျေးလက်တောရွာ ရှုမျှော်ခင်းများကို စတင် မြင်ရတော့သည်။ ကျယ်ပြန့်သောကွင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် သပ်ရပ်လှပသော အိမ်ကလေးများနှင့် ရွာငယ်များကို ကျွန်ုပ်တို့ ပထမအကြိမ် မြင်ရလေသည်။ အင်္ဂလန်ပြည်၏ ကျေးလက်တောရွာများကို မြင်ရသောအခါ ဗမာပြည်မှ ပျော်စရာကောင်းလှသော တို့ဗမာကျေးရွာများကိုလည်း ပြေး၍ သတိရမိတော့သည်။ နှင်းတွေကား ကျမြဲကျနေလေသည်။

မီးရထားဘူတာသို့ ဗဟိုလေကြောင်းအတတ်သင်ကျောင်းမှ ကျောင်းအုပ်၊ တပ်မှူးကြီးနှင့် အခြားအရာရှိများ လာရောက်ကြိုနေသည်ကို တွေ့ရလေသည်။ ဘူတာရုံမှ နှစ်မိုင်ခန့်ကွာဝေးသော လေယာဉ်ပျံကွင်းသို့ မော်တော်ကားဖြင့် သွားရသေးသည်။

ဗဟိုလေကြောင်းအတတ်သင်ကျောင်းကား ဗြိတိသျှအင်ပါယာတွင် အဆင့်အတန်းအမြင့်ဆုံးကျောင်း ဖြစ်သည့်အလျောက် လေယာဉ်ပျံအမျိုးမျိုး၊ စက်ကိရိယာအမျိုးမျိုးတို့ဖြင့် ပြည့်စုံမြိုင်ဆိုင်လှပေသည်။ ထိုကျောင်းသို့ လာရောက် သင်ကြားရသူများမှာ အရာရှိဖြစ်ပြီးသူများသာ ဖြစ်လျက် ဗြိတိသျှအင်ပါယာအတွင်း လေတပ်များသာမက အမေရိကန်၊ ပြင်သစ်၊ တရုတ် စသော နိုင်ငံခြားလေတပ်မှ အရာရှိများလည်း လေ





ကြောင်းဆိုင်ရာ ခေတ်မီပညာရပ်များကို လာရောက် ဆည်းပူးကြလေသည်။

အထူးသဖြင့် ထိုနေ့ကပြသသော လေ့ကျင့်ခန်းများအနက် နောက်ဆုံးပေါ် မီတီယော် (Metior) ခေါ် တိုက်လေယာဉ်ပျံ အသေးစားကို တစ်နာရီလျှင် မိုင် (၆၀၀) နှုန်းမျှလောက်မြန်သောအဟုန်နှင့် ပျံသန်းရုန် အရှောင်အတိမ်း အဆင်းအတက် အကွေ့များကို ကျင်လည်စွာပြသပုံမှာ အထူး စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။ စစ်အတွင်းက ဗမာပြည်ဘက်သို့ လာရောက်ကြသော 'မော်စကွီးတိုး' ခေါ် 'ခြင်' အမျိုးအစား လေယာဉ်ပျံများမှာ ယခုအခါ ခေတ်မမီတော့ပြီ။

မိုးလေဝသရာသီဥတု ခန့်မှန်းရေး ရေဒီယိုအသံဖမ်းနှင့် အချက်ပြဆက်သွယ်ရေးဌာနများမှာလည်း ကြီးကျယ်လှပေသည်။ ၄င်းဗဟိုအင်ပါယာလေကြောင်းအတတ်သင်ကျောင်း၌ ကမ္ဘာအရပ်ရပ်မှ လာရောက်ကြကုန်သော လေတပ်အရာရှိပေါင်း (၁၂၀၀) ခန့် ရှိလေသည်။

ညနေ (၃) နာရီခွဲအချိန်မှ ဗိုလ်ချုပ်တို့တစ်တွေ ပက်ဆင်ဟန်မှ မီးရထားနှင့်ပင် လန်ဒန်မြို့သို့ ပြန်ခဲ့ကြသည်။ ထိုနေ့ညက ဗမာပြည်ကိုယ်စားလှယ်အဖွဲ့အား အရှေ့အိန္ဒိယအသင်း (East India Associaton) မှ မိတ်ဆက်ညှိခံပွဲတစ်ခုသို့ ဖိတ်ကြားလေသည်။ ယနေ့ လန်ဒန်မြို့ ရာသီဥတုက အတော်အေးလာသည်။

### ဇန်နဝါရီလ (၂၂) ရက်

ယနေ့ အမှတ် (၁၀) ဒေါင်းနင်းလမ်း၌ ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သည်။ ဦးဘဖေလည်း ယနေ့အစည်းအဝေးသို့ တက်ရောက်သည်။ ရာသီဥတုမှာ မနေ့ကထက်ပင် ယနေ့ ပို၍ အေးလာပြန်သည်။ 'ယခုလို အေးတာဟာ တခြား မဟုတ်ဘူး။ Snow မိုးပွင့်တွေက ကျချင်လို့ပဲဗျို့' ဟု အင်္ဂလိပ်မှ မိတ်ဆွေများက သတိပေးလေသည်။ ပြင်ဘက်သို့ လမ်းလျှောက်ထွက်မှ တကယ်အေးကြောင်း သိရလေသည်။ ဟိုက်ပတ်ဥယျာဉ်ပေါ်မှ ဖြတ်သန်း၍ တိုက်လာသော လန်ဒန်ဆောင်းလေသည် ကျွန်ုပ်တို့၏မျက်နှာဆီသို့ တိုက်ရိုက် ဝင်တိုးလျက် ရိုးတွင်းခြင်ဆီသို့တိုင်အောင် စိမ့်၍ အေးစေလေသတည်း။ ယနေ့ညနေ (၅ )နာရီအချိန် ဗမာပြည်ဝန်ကြီးများအား ဗြိတိသျှပါလီမန် တစ်သီးပုဂ္ဂလအမတ်များက လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံလျက် တစ်ဖန် ည (၆) နာရီအချိန်၌ အင်္ဂလန်ပြည် ကွန်ဆာဗေးတစ်ပါတီကလည်း မိတ်ဆက်ညှိခံပွဲတစ်ခုပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဇန်နဝါရီလ (၂၃) ရက်

ယနေ့နံနက် အစည်းအဝေးမရှိဘဲ နေ့လယ်စာစားပြီးနောက် ဗမာကိုယ်စားလှယ်အဖွဲ့သည် ပါလီမန်အစည်းအဝေးကျင်းပရာသို့ သွားရောက်ကြည့်ရှုကြသည်။ အမေး၊ အဖြေအခန်းများကို တစ်နာရီမျှ ကြားနာရသည်။ ယခု ပါလီမန်ကျင်းပသည့် နေရာသည်ကား မူလက (House of Lords) အထက်လွှတ်တော်နေရာ ဖြစ်၏။ စစ်အတွင်းက အောက်လွှတ်တော် အချို့ အဝက် ပျက်စီးသွားသဖြင့် ထိုနေရာကို အသုံးပြုခြင်းပင် ဖြစ်သည်။

ညနေ (၃) နာရီခွဲတွင် ဒေါင်းနင်းလမ်း၌ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပကြသည်။ ယနေ့ည ဒေါ်ချက်စတာဟိုတယ်၌ ညစာထမင်း စားသောအခါ ဗမာကိုယ်စားလှယ်အဖွဲ့၏အလယ်၌ နာမည်ကျော် ဖရီဖက်ဆာ လက်စ်ကီးကို ဧည့်သည်အဖြစ် တွေ့ရသည်။

## ဇန်နဝါရီလ (၂၄) ရက်

ယနေ့နံနက် မိုးသောက်၍ ကျွန်ုပ်တို့နေသော ဒေါ်ချက်စတာ ပြင်ဘက်သို့ ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သောအခါ ဟိုက်ပတ်ဥယျာဉ် သစ်ပင်များ မြက်ခင်းများအပေါ်၌ ဖြူဖွေးနေသော မိုးပွင့်များကို မြင်ရလေသည်။ တစ်နေ့က မိတ်ဆွေတစ်ဦး၏ မိုးလေဝသခန့်မှန်းချက် မှန်လေပြီ။ ရာသီဥတု မည်မျှပင် အေးစေကာမူ လန်ဒန်မြို့သူမြို့သားများကား ခပ်စောစောထ၍ မိမိတို့၏ လုပ်ငန်းဆောင်တာများကို အသီးသီး လုပ်ကိုင်ဆောင်ရွက်နေကြလေသည်။

ယနေ့နံနက် ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှကာကွယ်ရေးဝန်ကြီးချုပ် မစ္စတာ အလိပ်ဇန်ဒါနှင့် သွားရောက် တွေ့ဆုံပြီး ဗမာပြည်ကာကွယ်ရေးကိစ္စများကို ဆွေးနွေးသည်။

ယနေ့ နေ့လယ် (၁) နာရီအချိန် ကျော့ဘုရင်၏ နေ့လယ်စာစားပွဲသို့ ဗမာဝန်ကြီးများအား ဖိတ်ကြား၍ သွားရောက် စားကြရာ ထိုထမင်းစားပွဲ၌ ဗမာပြည်နှင့် အရှေ့အာရှတစ်ခွင်တွင် ထင်ရှားသော 'မောင့်ဘက်တန်' တို့ ဇနီးမောင်နှံပါ တွေ့ရလေသည်။ မင်းသားကြီး 'မောင်ဘက်တန်' ကား သူ၏မိတ်ဆွေဟောင်း ဗိုလ်ချုပ်တို့လူစု ဘိလပ်သို့လာခြင်းကို အလွန် ဝမ်းမြောက်နေဟန်ရှိလျက် ဘုရင့်ထမင်းစားပွဲရှိရာ 'ဘက်ကင်ဟန်' နန်းတော်သို့သွားရာ၌ သူကိုယ်တိုင် ခေါ်၍သွားလေသည်။

ညနေ (၃)နာရီခွဲတွင် ဒေါင်းနင်းလမ်း၌ ဆွေးနွေးပွဲဆက်ပြန်သည်။





ဗမာပြည်အရေးကိစ္စတွင် ဘိလပ်အစိုးရ၏ သဘောထားကို အမြွက်ရှု ဖော်ပြသော ကြေညာချက်သည်လည်း ထွက်လာလေပြီ။

### အောက်စဖို့ဒ်မှာ ဖိတ်ကြားရာ

## ဇန်နဝါရီလ (၂၅) ရက်

ယနေ့ အစည်းအဝေးမရှိသဖြင့် ဗမာပြည်ကိုယ်စားလှယ်အဖွဲ့အား နာမည်ကျော် အောက်စဖို့ဒ်တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုရန် ဖိတ်ကြားစီစဉ်ထားလေရာ ယနေ့နံနက်ကျမှပင် ဝန်ကြီးအားလုံးမှာ ဆွေးနွေးပွဲအပြီးတွင် ထုတ်ပြန်ရန် ပူးတွဲကြေညာချက်အကြမ်းကို စဉ်းစားရန် ရှိနေသောကြောင့် အောက်စဖို့ဒ်သို့သွားရန် အစီအစဉ်ကို ဖျက်လိုက်ရပြီး ဗမာကိုယ်စားလှယ်အဖွဲ့ကိုယ်စား တက္ကသိုလ်မှ ဆိုင်ရာလူကြီးများကို သွားရောက်တောင်းပန် ရန် အတွင်းဝန် ဦးရွှေဘော်နှင့် ကျွန်ုပ်သာ တာဝန်ကျသဖြင့် မိုးပွင့်တွေ တဖြောက်ဖြောက်ကျနေသည့် အေးလှသော နံနက်ခင်းတွင် ကျွန်ုပ်တို့ ထွက်သွားကြရသည်။

အောက်စဖို့ဒ်မှာ လန်ဒန်မြို့မှ မိုင် (၆၀) ရှိလျက် မော်တော်ကားဖြင့် (၂)နာရီကျော်မျှ သွားရလေသည်။ လန်ဒန်မြို့ပြင်ဘက်သို့ ရောက်သွားသောအခါ တကယ့် အင်္ဂလိပ်တောလမ်းကို သွားရသဖြင့် လမ်း၌တွေ့ရသော သစ်ပင်များ၊ တောအုပ်များ၊ တောင်ပူစာငယ်များမှာ ရှမ်းပြည်တောင်ပိုင်း ကလောမှ တောင်ကြီးသွားကားလမ်းမှ မြင်ရသည့် ရှုမျှော်ခင်းနှင့်လည်း ခပ်ဆင်ဆင်တူလေသည်။ တစ်ခုသော ရှမ်းပြည်နှင့် ကွာခြားသည်ကား ပတ်ဝန်းကျင်တစ်ခုလုံး မျက်စိတစ်ဆုံးတွင် နေရာတကာ၌ ဖြူဖွေးနေသော မိုးပွင့်များ တဖွဲဖွဲကျနေခြင်းကြောင့် ဆွတ်ဆွတ်ဖြူသည့် ဂွမ်းစောင်ကြီးကို ခြုံ၍ အိပ်နေသော ရောမလူကြီးတစ်ယောက်နှင့် တူနေသည့် ရှုမျှော်ခင်းပင် ဖြစ်လေသည်။

ကျွန်ုပ်နှင့်အတူပါသော အတွင်းဝန်ဦးရွှေဘော်ကား အောက်စဖို့ဒ် တက္ကသိုလ်ကျောင်းထွက်တစ်ဦးပင် ဖြစ်ရလေရာ တစ်ခါက သူနေထိုင်၍ ပညာဆည်းပူးခဲ့သော နေရာဌာနသို့ တစ်ဖန် ပြန်လည် ရောက်ရအံ့တော့ဟု သူ၏စိတ်ထဲတွင် အလွန် ပျော်ရွှင် ဝမ်းမြောက်နေဟန် ရှိလေသည်။ (၁၂) နာရီခွဲမှ ကျွန်ုပ်တို့ မော်တော်ကားသည် အောက်စဖို့ဒ်မြို့တွင်းသို့ ဝင်မိလေသည်။

တက္ကသိုလ်မှ ဆိုင်ရာလူကြီးများ၏ စီစဉ်ချက်အရ (Randolph)



www.burmeseclassic.com

www.burmeseclassic.com

ရမ်းဒေါ်လ်ဖ်ဟိုတယ်တွင် နေ့လယ်စာစားရလေသည်။ တက္ကသိုလ်မှ ဒုတိယ အဓိပတိကိုယ်တိုင် ကြီးကြပ်၍ ဗမာကိုယ်စားလှယ်အဖွဲ့အား ခရီးဦးကြိုဆို ပြုရန် စီစဉ်ထားလေရာ ဗမာဆို၍ ကျွန်ုပ်နှင့် ဦးရွှေဘော်နှစ်ယောက်သာ ရောက်သွားသောအခါ သူတို့တစ်တွေ အတော်ပင် စိတ်ပျက်သွားလျက် အကျိုးအကြောင်း တောင်းတောင်းပန်ပန်နှင့် ရှင်းလင်းပြောပြတော့မှ ကျေနပ်သွားကြတော့သည်။

အောက်စဖို့ဒ်တက္ကသိုလ်အကြောင်းကိုကား ဗမာစာနယ်ဇင်းတို့၌ မကြာခဏ ဖတ်ကြရပြီးဖြစ်၍ ဤနေရာတွင် အကျယ်ရေးရန်လိုတော့ မည်မထင်။ ကမ္ဘာပေါ်တွင် ထင်ရှားကျော်စောလှသော ပညာဆည်းပူးရာ ဌာနကြီးဖြစ်သည့်အလျောက် ကျောင်းကြီးများ၊ စာကြည့်ပိဋကတ်တိုက်များ၊ စာအုပ်ဆိုင်များ၊ သုတေသနဆိုင်ရာ အသင်းအဖွဲ့များမှာ ကမ္ဘာ့အရပ်ရပ်မှ လာရောက်ကြကုန်သော လာမည့်ခေတ် ခေါင်းဆောင်လောင်းများအား ပညာဗဟုသုတများကို ပို့ချ တိုက်ကျွေးလျက် ရှိလေသည်။

သာယာသော တောတောင်ရေမြေ ရှုမျှော်ခင်းနှင့် ဆိတ်ငြိမ်သော ဒေသပတ်ဝန်းကျင်တို့ကလည်း ဦးနှောက်ကို အများဆုံး အသုံးပြုရန် အားပေး ကူညီလျက်ရှိကြသည်။ အောက်စဖို့ဒ်မြို့ကလေး၏ သာယာခြင်းကို ထပ်လောင်းဖြည့်စွက်လျက်ရှိသည်ကား ပျော်ရွှင်စွာ ရေကူးလှေလှော်နေကြသော ကျောင်းသူ၊ ကျောင်းသားတို့၏ လှေယာဉ်များအောက်မှ ငြိမ်သက်စွာ စီးဆင်းလျက်ရှိသော သိမ်းမြစ်လက်တက်ကလေးပင်တည်း။

ထိုနေ့ညနေ လက်ဖက်ရည်ပွဲ၌ ဗမာပြည်ရာဇဝင်စာအုပ်ရေးခဲ့သူ မစ္စတာဟာဗေကို တွေ့ရသည်။ ရန်ကုန်တက္ကသိုလ်၌ ဆရာလုပ်ဖူးသူ အချို့ လည်း ရောက်နေကြသည့် ည (၇) နာရီခွဲမှ ကျွန်ုပ်တို့ လန်ဒန်မြို့သို့ ပြန်ရောက်ကြသည်။

အေးမြသော လန်ဒန်မြို့၏ ညဥ့်လေသည်ကား တသုန်သုန် တိုက်ခတ်လျက် မိုးပွင့်တွေလည်း အစဉ်မပြတ် ကျရောက်လျက်ရှိလေ သတည်း။

**ဇန်နဝါရီလ (၂၆) ရက်နေ့**

ယနေ့ တနင်္ဂနွေနေ့ပင်ဖြစ်လင့်ကစား ညနေ (၅) နာရီအချိန်တွင် ခေါင်းနင်းလမ်း၌ အပြီးသတ် ဆွေးနွေးပွဲများ ပြုလုပ်လေသည်။ ည (၈) နာရီတွင် ထမင်းစားရန် ခေတ္တနားပြီးနောက် (၁၀) နာရီခွဲတွင် တစ်ဖန် ဆက်ကြပြန်လျက် အတော်ညဥ့်နက်မှ ပြီးသွားတော့သည်။ ညနေစောင်းအထိ





ဘာမှ မသေချာသေးသော ဘီလပ်အစိုးရနှင့် ဗမာ့ခေါင်းဆောင်တို့၏ သဘောတူချက်များကိုလည်း ယနေ့ညမှ အပြီးသတ်ခဲ့ရလေသည်။

**ဇန်နဝါရီလ (၂၇) ရက်**

ယနေ့ ဗိုလ်ချုပ်အောင်ဆန်းက စစ်ဦးစီးအရာရှိအတတ်သင်ကျောင်း နှင့် ဆင်းဟပ်စ်စစ်တက္ကသိုလ်သို့ လည်းကောင်း၊ သခင်မြက တာရှားရုံး များသို့ လည်းကောင်း၊ သခင်ဗစိန်က လန်ဒန်မြို့ ဆိပ်ကမ်းဆိုင်ရာရေးဝန် များသို့ လည်းကောင်း သွားရောက် ကြည့်ရှုကြလေသည်။

## ကျောင်းတွင်သင်ကြား ဗိုလ်ချုပ်များ

စစ်ဦးစီးအရာရှိအတတ်သင်ကျောင်း (Staff College) ကား ကင် ဘာလီမြို့တွင် တည်ရှိလျက် လန်ဒန်မြို့မှ တစ်နာရီကျော်ကျော်မျှ မော်တော် ကားဖြင့် သွားရလေသည်။ ဗြိတိသျှရာဇဝင်တွင် ထင်ရှားကျော်စောကြကုန် သော စစ်ဦးစီးအရာရှိများ၊ ဗိုလ်ချုပ်များ၏ နောက်ဆုံးသင်တန်းတက် ပညာ ယူရာဌာနပင် ဖြစ်လေသည်။ ထိုကျောင်းကို စတင် တည်ထောင်ခဲ့သည်မှာ ပြင်သစ်သူပုန်စစ်ပွဲအတွင်းကဖြစ်၍ နှစ်ပေါင်း (၁၅၀) ကျော်ရှိခဲ့လေပြီ။ ထိုကျောင်းသို့ သင်တန်းလာရောက် တက်နေသူများတွင် ဂျာနယ်၊ ဘရီဂေ ဒီယာ အစရှိသော ရာထူးကြီးများနှင့် အရာရှိများကိုလည်း တွေ့ရပေသည်။ ကျောင်းကိုအုပ်ချုပ်သော ကျောင်းအုပ်တပ်မှူးကား မေဂျာဂျင်နရယ်ဟားလ် ဆိုသူဖြစ်၍ အသက် (၄၀) ခန့်မျှ ရှိသေးသော်လည်း စစ်ပညာ ညွှန်ကြားရေး ၌ တကယ့် ကျွမ်းကျင်လိမ္မာသော ပုဂ္ဂိုလ်တစ်ဦးပင်တည်း။

ဦးစီးအရာရှိကျောင်းနှင့် မလှမ်းမကမ်းမှာပင် ကမ္ဘာကျော် ဆင်း ဟတ်စ်စစ်တက္ကသိုလ်ကျောင်းကြီးကို မြင်ရလေသည်။ ကမ္ဘာ့အရပ်ရပ်မှ စစ်ဗိုလ်လောင်း (၁၂၀၀) ခန့်ကို တစ်ပြိုင်နက် စစ်ပညာသင်ကြားပေးနိုင်သော ကျောင်းဖြစ်၍ အဆောက်အအုံနှင့် နေရာထိုင်ခင်းတို့မှအစ ကြီးကျယ် ခမ်းနားလှပေသည်။

စစ်ဗိုလ်ဖြစ်အံ့သော လူငယ်လူရွယ်တို့က စစ်ပညာအရပ်ရပ်သာ မက စာပေရာဇဝင်၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ စသော အခြား ဗဟုသုတဖြစ်ဖွယ် ဘာသာများကိုလည်း သင်ကြားပို့ချပေးလေသည်။ ကျွန်ုပ် တို့ ဗမာထဲမှ ဦးထွန်းလှအောင် (ယခု စုံထောက်မင်းကြီး) နှင့် ဗမာ့ တပ်မတော်မှ ဗိုလ်မှူးကြီးကြာဒိုးတို့မှာ ၎င်းစစ်တက္ကသိုလ်ကျောင်းထွက်များ ဖြစ်ကြသည်။ အသေးစိတ် စစ်ပညာများကို မည်သို့မည်ပုံ သင်ကြားသည်


www.burmeseclassic.com

www.burmeseclassic.com

တို ကျောင်းအုပ်ကြီးက လိုက်ပြလျက် ဗိုလ်ချုပ်အောင်ဆန်းသည် အထူးစိတ်ဝင်စားကာ လှည့်လည် ကြည့်ရှုလေသည်။

ညနေ (၃) နာရီခွဲမှ လန်ဒန်သို့ပြန်လာရာ (၃) နာရီ (၄၅) မိနစ်တွင် ဒေါင်းနင်းလမ်းအစည်းအဝေးတစ်ခုသို့ တက်ရပြန်သည်။ ယနေ့မိုးပွင့်တွေ အတော်သည်းသည်းကျလျက် ရာသီဥတုမှာလည်း အထူးအေးလှသည်။ ဗမာကိုယ်စားလှယ်များ (၃၀) ရက်နေ့တွင် လန်ဒန်မှ ထွက်ခွာကြရမည်ဟူ၍လည်း အစီအစဉ်ပြုလုပ်ပြီးလေပြီ။

## အသံလွှင့်စကား ပြောရန်သွား

**ဇန်နဝါရီလ (၂၈) ရက်**

ယနေ့ နေ့လယ် (၁)နာရီအချိန်တွင် လန်ဒန်မြို့ ဘီဘီစီအသံလွှင့်ရုံမှ ဗိုလ်ချုပ်က ဗမာပြည်သို့ အသံလွှင့်စကားပြောရန် စီစဉ်ထားသော်လည်း ဘီဘီစီသတင်းတည်းဖြတ်ရေးဆိုင်ရာက ပါတီနိုင်ငံရေး ပါဝင်သည်ဆိုသော အချက် အချို့ကို ပြင်ဆင်ဖြတ်တောက်မည်ပြုသဖြင့် ဗမာလူထုအား တကယ့်အမှန်ကို ရှင်းလင်းပြောပြရန်သာ ရည်ရွယ်ချက်ရှိသော ဗိုလ်ချုပ်က အလျှင်းစကားမပြောတော့ဘဲ ပြန်လာခဲ့လေသည်။

ညနေ (၃) နာရီခွဲတွင် ဘိလပ်ရှိ ဗမာအသင်းက ဗမာကိုယ်စားလှယ် အဖွဲ့အား မိတ်ဆက်လက်ဖက်ရည်ပွဲတစ်ခု တည်ခင်း၍ ဧည့်ခံရာ လန်ဒန်ရှိ ဗမာလူမျိုး အားလုံးလိုပင် တက်ရောက်ကြလေသည်။ ဗိုလ်ချုပ်က ဧည့်ခံပွဲတွင် စကားပြောရာ၌–

"ဗမာကို ကမ္ဘာကသိအောင် များများလုပ်ပေးဖို့ လိုတယ်။ နိုင်ငံခြားထွက်တဲ့ ဗမာတွေက အလွန် နည်းတယ်။ ထွက်တဲ့ ဗမာတချို့လည်း များသောအားဖြင့် ဗမာကို မေ့တာနဲ့တူတယ်။ လက်ရှိ ကမ္ဘာ့အခြေအနေအရ ဗမာပြည်ဟာ နိုင်ငံခြားနှင့် ပိုပြီး ရင်းနှီးစွာ ဆက်ဆံရလိမ့်မယ်။ ကမ္ဘာလုံးဆိုင်ရာကွန်ဖရင့်အစည်းအဝေးကြီးများကိုလည်း ဗမာတွေက ဝင်တိုးပေးရမယ်။ အထူးသဖြင့် အရှေ့အာရှတိုင်းသား ကိုယ်စားလှယ်များနှင့် ပိုပြီး ခင်မင်ရင်းနှီးအောင် ကြိုးစားဖို့ အကောင်းဆုံးပဲ"

စသည်ဖြင့် ပြောလေသည်။

ဦးဘဖေ၊ ဦးဘရင်နှင့် ဦးဘတူတို့ သုံးယောက်သားကား ဘီအိုအေစီ ကုမ္ပဏီလေယာဉ်ပျံနှင့် သွားကြမည်ဖြစ်၍ ယနေ့ညပင် ဒေါ်ချက်စတာမှ ထွက်ခွာသွားကြလေပြီ။





ယနေ့ည ဒေါ်ချက်စတာဟိုတယ်၌ ညစာထမင်းစားကြသောအခါ နာမည်ကျော် မစ္စတာမောရစ်ကောလစ် အမှုအခင်းစာအုပ်ရေးသူ နှင့် ဗမာ အမျိုးသမီး ဒေါ်ဒိုရာသန်းအေး (ဘိလပ်ပြန်သန်း) တို့ကိုလည်း တွေ့ရလေသည်။

**ဇန်နဝါရီလ (၃၀) ရက်**

နက်ဖြန်ဆိုလျှင် ပြည်တော်ပြန် ခရီးထွက်ရတော့မည်ဖြစ်၍ ကျွန်ုပ်တို့ အားလုံးမှာ ပြင်ဆင်စရာကိစ္စတွေကို ကြိုတင်ပြင်ဆင်ရင်း အလုပ်များနေကြလေသည်။

နံနက် (၁၀) နာရီတွင် လန်ဒန်ရှိ သတင်းစာဆရာများကို ဖိတ်ခေါ်၍ ဗမာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းက ရှင်းလင်းပြောပြလေသည်။ အင်္ဂလန်ပြည်ရှိ အရေးကြီးသော သတင်းစာများနှင့် သတင်းကိုယ်စားလှယ်အဖွဲ့မှ လူအားလုံး စုံလင်စွာ တက်ရောက်ကြသည်။

နေ့လယ်စာကို လန်ဒန်မြို့ရှိ တရုတ်သံအမတ်ကြီးက ဖိတ်ခေါ်ကျွေးမွေးသဖြင့် ဗမာဝန်ကြီးများ တက်ရောက်ကြလေသည်။ ထိုနေ့လယ်စာစားပွဲ၌ အကောင်းဆုံး တရုတ်အစားအစာများကို စားရသဖြင့် ကျွန်ုပ်တို့ ဗမာတစ်စုမှာ အားရပါးရ စားကြရလေသည်။

ဝန်ကြီး သခင်ဗစိန်သည် မနေ့က လက်ဖက်ရည်ပွဲတွင် စကားပြောရာ၌–

"လွတ်လပ်ရေးကိုသာ လိုချင်တယ်။ လွတ်လပ်ရေးကလွဲလျှင် ဘာမှမလိုချင်ဘူး။ ဗမာပြည်မှာ ဗမာတွေသာ လွတ်လပ်စွာ အုပ်ချုပ်ရမယ်။ နိုင်ငံရေးမှာ ဘာမှအရာမရောက်တဲ့လူတစ်စုက ဝင်ရှုပ်နေတာကို ကျုပ်အသည်းမှာ လုံနဲ့ဆွသလိုနာတယ်"

စသဖြင့် သူသာလျှင် လွတ်လပ်ရေးကို အလိုချင်ဆုံး လူတစ်ယောက်ဟု ထင်ရသလောက်အောင် ဒေါမာန်ပါပါနှင့် ဗမာလူမျိုး (၃၀) ခန့်ရှိသော မိတ်ဆက်လက်ဖက်ရည်ပွဲ၌ ထပြောခဲ့သည့်အတိုင်း ယနေ့ တရုတ်သံအမတ်၏ နေ့လယ်စာစားပွဲတွင်လည်း ရှိသည့်ပရိသတ်သာမက လမ်းပေါ်မှ ကြားရလောက်အောင် ကျယ်လောင်သောအသံဖြင့် မနေ့က သူပြောသည့်အတိုင်းပင် လွတ်လပ်ရေးတရားကို အင်္ဂလိပ်ဘာသာဖြင့် ထကြွေးသည်။ ထမင်းစားပြီးနောက် သူလည်း ဘီအိုအေစီ လေယာဉ်ပျံနှင့် ပြန်မည်ဟုဆိုကာ ဒေါ်ချက်စတာဟိုတယ်မှ ထွက်ခွာသွားတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

ယနေ့ညနေ (၃) နာရီတွင်ကား ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှ လေတပ်ဗိုလ်ချုပ်ကြီး လော့ဒ်တက်ဒါနှင့် သွားရောက် တွေ့ဆုံ ဆွေးနွေးလေသည်။

### ဒေါ်ရာသန်းအေး တေးသံပေး

ညနေ (၆) နာရီခွဲတွင် ဗမာကိုယ်စားလှယ်အဖွဲ့အမည်ဖြင့် လန်ဒန်မြို့ရှိ ဗမာကိုယ်စားလှယ်များနှင့် ဆက်ဆံရသော အစိုးရပိုင်းအရာရှိများနှင့် လွှတ်တော်အမတ်များ၊ နိုင်ငံခြားသံအမတ်ကြီးများနှင့် အခြား မိတ်ဆွေပေါင်း (၁၀၀) ကျော်ကို ဒေါ်ချက်စတာသို့ ဖိတ်ကြားလျက် မိတ်ဆက်ညှိခံပွဲတစ်ခု ကျင်းပလေရာ အတော်ပင် သိုက်မြိုက်စည်ကားလှပေသည်။ နိုင်ငံခြားသံအမတ်ကြီးများအပြင် ဗီယက်နမ်နိုင်ငံမှ ကိုယ်စားလှယ်ကိုလည်း တွေ့ရလေသည်။ ထိုမိတ်ဆက်ပွဲကို ပို၍ မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်သွားစေသည့် အရာကား လန်ဒန်သို့ အဆင်သင့်ရောက်လာသော ဗမာအမျိုးသမီး ဒေါ်သန်းအေးက ဗမာသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်းပင်တည်း။ အဆိုတော်ဘိလပ်ပြန် [ယခု အမေရိကန်ပြန်] သန်း၏ ချိုအေးသော တေးသံကို ကြားရသောအခါ ကျွန်ုပ်တို့တစ်တွေက ဗမာပြည်ပြန် လွမ်းမိလိုက်လျက် လူမျိုးခြားမိတ်ဆွေများတွင်လည်း ဗမာ့ယဉ်ကျေးမှု၏ အနုပညာကို တစ်စိတ်တစ်ဒေသ ထင်မြင်ခန့်မှန်းမိလာကြသည်။

ဒေါ်သန်းအေးက လှိုင်ထိပ်ခေါင်တင်ရေး စိန်ခြူးကြာညောင်ဘောလယ်ကို အသံနေအသံထားဖြင့် သီဆိုလျက် ဘီဘီစီအသံလွှင့်ဌာနမှ ဆရာဦးတင်မောင်က အဓိပ္ပာယ် အင်္ဂလိပ်လို ဘာသာပြန်ပြောသည်ကို ပရိသတ်က အထူး သဘောကျကြပေသည်။

ဒေါ်သန်းအေး သူကာလအတော်ကြာအောင် ဝေးနေခဲ့သော ဗမာပြည်ကို အနည်းငယ် လွမ်းဆွတ်ဟန်မတူ။ သူ၏အရာမှာ လောကခံတရား၏ အမျိုးစုံသောဖြစ်အင်ကို တွေ့ကြုံဖူးပြီးလျက် တုန်လှုပ်ခြင်းကင်းမဲ့လှသော အသွင်ကို ဆောင်နေလေသည်။ သူ၏စိတ်တွင်းမှာ ဘယ်လိုနေသည်ကို အသာကလေး ဝင်၍ ချောင်းကြည့်လိုက်ရလျှင် အလွန်ကောင်းပေမည်။

☆☆☆



## ပြန်ကြလေပြီ တို့မြန်ပြည်

**ဇန်နဝါရီလ (၃၀) ရက်**

နံနက်လင်းသည်နှင့်တစ်ပြိုင်နက် လန်ဒန်တစ်မြို့လုံးကို မိုးပွင့်တွေက ဖုံးအုပ်ခြုံလွှမ်း၍ထားလေသည်။ ရာသီဥတုမှာလည်း မနေ့ကထက်ပင် အေးလာသေးသည်။ သိမ်းမြစ်၏ အချို့နေရာ၌ ရေခဲစပြုနေလေပြီ။ ကြိုတင် စီစဉ်ထားသည့်အတိုင်း ကျွန်ုပ်တို့လူစုသည် နံနက် (၈)နာရီအချိန်တွင် ဒေါ်ချက်စတာဟိုတယ်မှ ထွက်ခွာလျက် လန်ဒန်မြို့မှ မြောက်ဘက်မိုင် (၅၀) ကွာ ဘက်ဆင်ဘုန်းလေယာဉ်ပျံကွင်းသို့ သွားကြလေသည်။

"ခင်ဗျားတို့တစ်တွေပြန်သွားရင် ကျုပ်တို့မှာတော့ ဟာတာကြီးဖြစ်ကျန်ရစ်မှာပဲဗျာ။ ဒါကြောင့်မို့ လေယာဉ်ပျံကွင်းတောင် လိုက်မပို့ချင်တော့ဘူး"

ဟု ရက်သတ္တသုံးပတ်လုံးလုံး အားသမျှသောအချိန်တွင် ကျွန်ုပ်တို့နှင့် လာရောက် တွေ့ဆုံ ကူညီရှာသော အသံလွှင့်ဌာနမှ ကိုအောင်မင်းဘိလပ်ရောက်ဦးမင်းက ညည်းလိုက်လေသည်။

လေယာဉ်ပျံကွင်းသို့ လာရောက် ပို့ကြသူများအနက် ဗြိတိသျှမိတ်ဆွေများအပြင် ကိုအုန်းနှင့် ဒေါ်သန်းအေးတို့လည်း လာကြရာ ကျွန်ုပ်တို့၏ မော်တော်ကားသည် ထွက်အံ့ဆဲဆဲ လေယာဉ်ပျံဆီသို့ မောင်းနှင်သွားနေစဉ် 'ရှေး…ဘုရင်များရဲ့ လေဓာရယ်၊ မမေ့နိုင် တွေးမှိုင်ကာ ဆွေးဖွယ်…စိတ်ဘဝင် မရွှင်လန်းတော့နိုင်…တယ်' ဟု ဒေါ်သန်းအေးက တိုးတိုးကလေး သီဆိုလိုက်လေသည်။

"အစ်မကြီး…မြန်မာပြည်ကို ပြန်မလာတော့ဘူးလားဗျ"

ဟု ကျွန်ုပ်က စ,လိုက်သောအခါ-

"အို…မကြာခင် တစ်နည်းနည်းနဲ့ ရောက်အောင်ပြန်ခဲ့မှာပေါ့ကွယ်" ဟု ပြန်ဖြေလေသည်။


www.burmeseclassic.com

www.burmeseclassic.com

(၁၁)နာရီခွဲမှ လေယာဉ်ပျံလည်း ကွင်းမှထွက်စ ပြုလေသည်။ လေယာဉ်ပျံထွက်လျှင်ထွက်ချင်း 'ဂန္ဓမာတောင်… လိုဏ်ချောင်မုခ်နန်းဆီက… မြပန်းခွေကလေး ကျန်ရစ်ပြီ…' ဟု ဦးကျော်ငြိမ်းက နောက်၍ ဆိုလိုက်ရာ ဝါးခနဲ ပွဲကျသွားလေသည်။

ယနေ့ ကောင်းကင်မှနေ၍ မြင်ရသော ရှုမျှော်ခင်းကား အလာတုန်းကနှင့်မတူတော့။ ဆွတ်ဆွတ်ဖြူ မိုးပွင့်တွေအတိ လွှမ်းနေသော အင်္ဂလန်ပြည် ကျေးလက်မြေပြင်ကြီးများမှာ ရန်ကုန်မြို့ ဖရေဇာလမ်းမှ ဘာရဖီခေါ် ကုလားမလိုင်မုန့်နှင့်လည်း တူနေသည်။ လေယာဉ်ပျံပေါ်တွင် အလွန်အေးလှသဖြင့် ကျွန်ုပ်တို့လူစုသည် ထူထဲသော အင်္ကျီများအပေါ်မှ သက္ကလတ်စောင်များပင် ခြုံထားရလေသည်။ အင်္ဂလိပ်ရေလက်ကြားကို ဖြတ်ကူး၍ ပြင်သစ်ပြည်ပေါ်သို့ ရောက်သောအခါလည်း အင်္ဂလန်ကဲ့သို့ပင် ဖြူဖွေးသော မိုးပွင့်ပြင်ကြီးကို လှပစွာ မြင်ရလေသည်။ ပြင်သစ်ပြည်တောင်ပိုင်းကို မာဆေးမြို့ပေါ်မှ ဖြတ်ကျော်ပြီးနောက် မြေထဲပင်လယ်ဘက်သို့ ရောက်သောအခါ ရာသီဥတုမှာ အတော်ပြင်းထန်လာသဖြင့် လေယာဉ်ပျံအမြင့် ပေ (၁၅၀၀၀) သို့ ထိအောင်ထိုး၍ တက်ပြန်လေရာ ကျွန်ုပ်တို့အားလုံးမှာလည်း အောက်ဆီဂျင်ဓာတ်အားပေးပိုက်များကိုပင် တပ်ဆင်၍ ထားကြလေသည်။ အောက်သို့ငုံ့ကြည့်လိုက်လျှင်ကား ဘာမှမမြင်ရတော့ပေ။ သို့နှင့်ပင် ည (၇) နာရီခွဲအချိန်တွင် မော်လတာကျွန်း လေယာဉ်ပျံကွင်းသို့ ဆိုက်ရောက်ကြလျက် မော်လတာမှာပင် တစ်ညအိပ်လိုက်ကြလေသည်။

## ဇန်နဝါရီလ (၃၁) ရက်

ရက်သတ္တသုံးပတ်လုံးလုံး အင်္ဂလန်ပြည် အဆိုးဆုံးရာသီဥတုကြားမှ ထွက်၍လာခဲ့သော ကျွန်ုပ်တို့အဖို့ မော်လတာကျွန်း၏ ဆောင်းရာသီ အအေးဓာတ်မှာ မဖြုံလောက်ပေ။ နေထိုင်၍ ကောင်းရုံသာရှိလေသည်။

## တန်းစီခိုင်းကာ လူတိုင်းရှာ

ယနေ့နံနက် (၈)နာရီအချိန်တွင် မော်လတာမှတစ်ဖန် ခရီးထွက်ခဲ့ကြပြန်ရာ မွန်းလွဲတစ်ချက်တီးကျော်ကျော်တွင် အီဂျစ်ပြည် ကိုင်ရိုမြို့ အာလ်မားဇား လေယာဉ်ပျံကွင်းသို့ ဆိုက်ရောက်ကြလေသည်။ ကိုင်ရိုလေယာဉ်ပျံကွင်းမှ အကောက်နှင့် ယစ်မျိုးဌာနကား နဂိုက နာမည်ကြီးသည့်အတိုင်းပင် ကျွန်ုပ်တို့အား တန်းစီခိုင်းကာ လူတိုင်း၏ သားရေသေတ္တာ၊ လက်ဆွဲအိတ် လွယ်အိတ်ပါမကျန် တရကြမ်းရှာလေတော့သည်။ အဝတ်အစား၊ အသုံးအဆောင်၊ ဖိနပ် ဘာမဆို အသစ်တွေ့လျှင် အကောက်ပေးရမည်ဟု ဆိုသည်။ ကံအားလျော်စွာ ကျွန်ုပ်တို့၏ ပစ္စည်းအများဆုံးမှာ လေယာဉ်ပျံဝေါ်၌ ထားခဲ့ကြခြင်းကြောင့် တော်သေး၏။ အောက်သို့များချခဲ့မိလျှင် ရှိသမျှ သေတ္တာတွေကို ထင်သလို မွှေနှောက်လျက်ပါလာသော တိုလီမိုလီ အသုံးအဆောင်ဟူသမျှကို စစ်ဆေးပြီး အကောက်တောင်းပေဦးမည်။ ယနေ့ထုတ် အီဂျစ်ရှင်းဂေဇက်ခေါ် သတင်းစာတွင် အမေရိကန်လူမျိုး ဆောင်းပါးရှင်တစ်ဦးက 'ကိုင်ရိုလေယာဉ်ပျံကွင်းသည် ကမ္ဘာပေါ်တွင် အရှော်ဆုံးဖြစ်သည်' ဟူသော ခေါင်းစဉ်နှင့် ဆောင်းပါးတစ်စောင် ရေးထားသည်ကို အမှတ်မဲ့တွေ့၍ ဖတ်ကြည့်ရာ ကိုင်ရိုလေယာဉ်ပျံကွင်းမှ အကောက်အရာရှိတစ်စုသည် လခ လုံလောက်စွာ ရကြဟန်မတူဘဲ ကမ္ဘာအရပ်ရပ်မှ ခေတ္တလာရောက်ကြကုန်သော ခရီးသည်များအား အဆင့်အတန်း အခြေအနေ လူမျိုးမရွေး ထင်သလို မွှေနှောက်ရှာဖွေပြီး ပစ္စည်းများ ဖမ်းလားဆီးလားနှင့် ငွေညှစ်နေခြင်းမှာ အီဂျစ်ပြည်အဖို့ အလွန် အရုပ်ဆိုးကြောင်းကို အကျယ်တဝင့် ရေးသားထားလေသည်။





## ကိုင်ရိုမြို့မှာ လွန့်သာယာ

ကျွန်ုပ်တို့လူစုသည် အာရှအေအက်ဖ်လေတပ် အရာရှိများအတွက် သီးသန့်ထားသော ဟီလီယိုပိုလစ်ဟိုတယ်၌ တည်းခိုရလေသည်။ အချိန်ရသေးသဖြင့် ကိုင်ရိုမြို့ကို တစ်ပတ်လျှောက်ကြည့်ကြလေသည်။

ကိုင်ရိုမြို့ကား နာမည်ကျော်ကြားသလောက် ခမ်းနားကြီးကျယ်သော အိမ်ခြေတိုက်တာ အဆောက်အအုံကြီးများ၊ ဥယျာဉ်များ ကြည့်ရှုချင်သဖွယ် ရှုမျှော်ခင်းများဖြင့်ပြီးလျက် မီးရထား၊ မော်တော်ကား၊ ဓာတ်ရထားတွေလည်း ရှုပ်နေအောင် ဥဒဟိုသွားလာနေသည်ကို တွေ့ရလေသည်။ ပျော်ပွဲစားရုံ၊ ရုပ်ရှင်ရုံ၊ ဈေးဆိုင်ကမ်းနား၊ ဟိုတယ်ကြီးများကိုလည်း အမြောက်အမြား မြင်ရသည်။ စစ်မက်ဖြစ်ပွားခြင်း၏ဒဏ်ကို အလျှင်းမခံရသဖြင့် နဂိုအတိုင်း သာယာတင့်တယ်နေသော ကိုင်ရိုမြို့ကြီး မြင်ရသောအခါ နှစ်ကြိမ်တိုင် စစ်တလင်းဖြစ်ပြီး ဖွတ်ဖွတ်ကြေနေသော တို့ဗမာပြည်က မြို့များနှင့် ဝမ်းနည်းစွာ နှိုင်းယှဉ်၍ ကြည့်မိသေးသည်။ လန်ဒန်မြို့မှာပင် စစ်မဖြစ်မီကလို မများသော နီယွန်ဓာတ်မီးကြော်ငြာများကို ကိုင်ရိုမြို့၏ ညဦးယံကောင်းကင်တွင် ထိန်ထိန်လင်းနေအောင် ကြွားဝင့်တင့်တယ်စွာ အမြောက်အမြား တွေ့ရလေသည်။

☆☆☆



www.burmeseclassic.com

www.burmeseclassic.com

## ကရာချီတစ်ခေါက် ပြန်ဆိုက်ရောက်

### ဖေဖော်ဝါရီလ (၁) ရက်

ညက လုံးဝ အိပ်ဖို့အချိန်မရဘဲ လင်းအားကြီး (၂) နာရီတိတိအချိန်တွင် ကျွန်ုပ်တို့၏ လေယာဉ်ပျံသည် ကိုင်ရိုမှထွက်လာပြန်ရာ နံနက်မိုးသောက်သော် သဲကန္တာရအလယ် ရှိုင်ဘာခေါ် လေယာဉ်ပျံကွင်း၌ ခေတ္တနားရင်း လေယာဉ်ပျံကို ဓာတ်ဆီထည့်ရလေသည်။ ထို့နောက် ခရီးဆက်၍ ထွက်ကြပြန်သည်။

ဘီလပ်သို့အသွားတွင် ကျွန်ုပ်တို့စီးရသော လေယာဉ်ပျံမှာ တစ်နာရီလျှင် မိုင် (၁၈၀) ထက်ပို၍ မသွားသော်လည်း ယခုအပြန်တွင်ကား တစ်နာရီလျှင် မိုင် (၃၂၀) ခန့် အပြင်းသွားလျက် ရှိသည်။

လန်ဒန်မှာရှိစဉ်ကလည်း အစည်းအဝေးပွဲများ၊ ညှိုခံပွဲများ၊ သတင်းစာဆရာနှင့် ညှိသည်များ လက်ခံတွေ့ဆုံရခြင်းကြောင့် အနားယူချိန်ဟူ၍ ကောင်းစွာ မရခဲ့ကြသည့်ပြင် ယခု အပြန်တွင်လည်း အအိပ်ပျက်၊ အစားပျက်နှင့် တရကြမ်း ခရီးပြင်းသွားရခြင်းကြောင့် လူတွေအားလုံးမှာ အတော်ပင်ပန်းနွမ်းနယ်လျက် ရှိကြလေပြီ။ ညနေ (၄) နာရီခန့်တွင် လေယာဉ်ပျံသည် ကရာချီမြို့ မော်ရီပူရ်လေယာဉ်ပျံကွင်းသို့ ချောမောစွာ ဆင်းမိလေသည်။ လေယာဉ် ပျံကွင်းသို့ ကရာချီမြို့မှ အစိုးရအတွင်းဝန်ချုပ်နှင့် မွတ်စလင် အမျိုးသားမိတ်ဆွေအချို့ လာရောက်ကြိုဆိုကြသည်။ ရန်ကုန်မှ လာစဉ်က တည်းခဲ့ရသော ပဲလေ့စ်ဟိုတယ်မှာပင် ကျွန်ုပ်တို့ တစ်ညနားကြရပြန်လေသည်။

ညနေစာထမင်းကို ဟိုတယ်၌မစားဘဲ မိတ်ဆွေများ၏ ဖိတ်ကြားချက်အရ မွတ်စလင်လမင်းဆိုင်တစ်ဆိုင်၌ သွားကြလေရာ ထမင်းနှင့် ဖေးနေသည်မှာ အတော်ကြာပြီဖြစ်သောကြောင့် စားရသော ဒံပေါက်ထမင်း၊ ကြက်သားဟင်း၊ ခါးပတ်၊ ငါးကြော်၊ ခရမ်းချဉ်သီး၊ ချတနီး စသည်တို့မှာ



အလွန် အရသာရှိလှပေသည်။ လန်ဒန်မှ ကရာချီတိုင်အောင် ခရီးပြင်းလာခဲ့ရသဖြင့် ကျွန်ုပ်တို့လူစုအားလုံးမှာ နားတွေအူလျက် ရှိကြလေသည်။ ထိန်ထိန်သာသော လရောင်အောက်တွင် လှပတင့်တယ်သော ကရာချီမြို့သည် ငြိမ်းချမ်းသာယာစွာ အိမ်မောကျလျက်. ရှိလေသတည်း။

## မင်္ဂလာဒုံ ရောက်လတ်တုန်

### ဖေဖော်ဝါရီလ (၂) ရက်

နံနက် (၆) နာရီ ပဲလေ့စ်ဟိုတယ်မှထွက်၍ (၇) နာရီတိတိတွင် လေယာဉ်ပျံသည် အဆုံးခရီးကို ပျံသန်းရန် ထွက်ပြန်လေသည်။ သခင်အောင်သန်း (ဗိုလ်စကြာ) တစ်ယောက်ကား ဒေလီမြို့တွင် ကိစ္စအနည်းငယ်ရှိသေးသဖြင့် ယနေ့မလိုက်လာဘဲ ကရာချီမှာ ခေတ္တနေရစ်လေသည်။ လေယာဉ်ပျံ၏ ဦးစီးကပ္ပတိန်က ကာလတ္တားသို့ပင် မဝင်ဘဲ ရန်ကုန်သို့ အရောက် တိုက်ရိုက် ကြိုးစား၍ ပျံမည်ဟုဆိုသဖြင့် နေပြည်တော်သို့ အလွန် ပြန်ရောက်ချင်နေသော ကျွန်ုပ်တို့မှာ ပို၍ အားတက်ဝမ်းမြောက်ကြရလေသည်။

မိုးလေဝသမှာလည်း လုံးဝ အဆင်ပြေလျက် လေကြောင်းခရီးတွင် အနှောင့်အယှက် လုံးဝ ကင်းရှင်းနေလေသည်။ အပူပိုင်းဇုန်ဒေသတွင်းသို့ ရောက်လာပြီဖြစ်ရကား ဘီလပ်မှထွက်စဉ်က အေးသလောက် ယခုအခါတွင် လူအားလုံးသည် လောင်းကွတ်အင်္ကျီနှင့်အပေါ်အင်္ကျီများကို ချွတ်ထားကြရလေပြီ။

လေယာဉ်ပျံဆရာတို့၏ တွက်ချက်အရ ညနေ (၅) နာရီခွဲအချိန်လောက် မင်္ဂလာဒုံသို့ရောက်လိမ့်မည်ဟု ကြားရသောအခါ ကျွန်ုပ်တို့လူစုအားလုံးသည် 'တစ်လမျှသောအချိန်ကာလအတွင်း စိတ်ရောလူပါပင်ပန်းလှသော ခရီးရှည်ကြီး၏ ဆုံးခန်းသို့ရောက်တော့အံ့' ဟု တွေးတောဝမ်းမြောက်ရင်း ဗမာပြည်သို့ ပြန်ရောက်ရတော့မည်။ မိတ်ဆွေသင်္ဂဟချစ်ကျွမ်းဝင်သူတွေနှင့်လည်း ချောမောစွာ ပြန်တွေ့ရတော့မည်။ ဗမာပြည်ကြီး ဘယ်လိုများနေပါလိမ့်။ ဗမာနိုင်ငံရေးဟာ ရှေ့တွင် ဘယ်လိုများဖြစ်ဦးမှာလဲ စသဖြင့် စိတ်ထဲတွင် အတွေးနယ်ချဲ့ကြလေသည်။

မွန်းလွဲတစ်ချက်တီးအချိန်၌ နေ့လယ်စာစားကြသောအခါ ကျွန်ုပ်တို့လူသိုက်တွင် အလွန်နောက်တတ်သော ဘိုးကျော်ညိမ်းက ကျွန်ုပ်၏ လက်ပတ်နာရီကို လှမ်းကြည့်ရင်း ခပ်တည်တည် မတ်ဓာတ်ထရပ်၍



www.burmeseclassic.com

www.burmeseclassic.com



'ယခုအချိန်မှ နောက် (၄) နာရီတိတိ ကြာလတ်သော် မင်္ဂလာဒုံလေယာဉ် ပျံကွင်း၌ ကျွန်ုပ် အား လာရောက် ကြိုဆိုမည်ဖြစ်သော ကျွန်ုပ်၏ချစ်ဇနီးကို တွေ့မြင်ရတော့ မှာပါတကား' ဟု ကြေညာလိုက်ရာ အားလုံး ဝါးခနဲ ပွဲကျသွားပြန်လေသည်။

အချိန်ကား လျင်မြန်စွာကုန်သွားလျက် ညနေ (၃) နာရီထိုးလျှင် ပင် ဘင်္ဂလားအော်ပင်လယ်ကြီးကို ဖြတ်သန်းမိပြီးနောက် ညိုညို့မှိုင်းမှိုင်း ရခိုင်ရိုးမတောင်တန်းကြီးများကို ကြည်နူးဖွယ် မြင်ရလေသည်။ လေယာဉ်ပျံ ပေါ်၌လည်း အလွန် ပူအိုက်၍လာလေပြီ။

တစ်လနီးပါးဝေးကွာ၍နေခဲ့သော ဗမာပြည်၏ စိမ်းစိုသာယာသော ရှုမျှော်ခင်းများကို ကောင်းကင်မှနေ၍ တစ်ဖန် ပြန်မြင်ရသော ကျွန်ုပ်တို့ လူထုအားလုံး၏စိတ်တွင် အတိုင်းမသိ ကြည်လင်ရွှင်လန်း၍ လာလေသည်။ (၅)နာရီထိုးလုနီးသောအခါ ကျွန်ုပ်တို့၏ လေယာဉ်ပျံသည် မင်္ဂလာဒုံကွင်း ကြီးပေါ်၌ ပျံဝဲလျက်ရှိလေပြီ။ တဖြည်းဖြည်း နိမ့်သည်ထက်နိမ့်၍လာသည့် အတိုင်း လေယာဉ်ပျံကွင်းသို့ လာရောက် ကြိုဆိုနေကြသော လူထုကြီးကိုဝင် မြင်ရသဖြင့်-

"ဟော...လူတွေ အများကြီးပဲဗျို့"

ကျွန်ုပ်က ဆိုလိုက်ရာ-

"ဟာ... ဒါလောက်များရင်တော့ ကေန္တ- အလံနီတွေနဲ့ တူတယ် ဟ...ဟဲ"

ဟု ဘိုးကျော်ညိမ်းက (ယခု ပြည်ထဲရေးဝန်ကြီး) က ဖောက် လိုက်သေးသည်။

(၁၅) မိနစ်အတွင်း လေယာဉ်ပျံသည် မြေပြင်သို့ သက်ဆင်း မိလေတော့သည်။

ဝင်လုဆဲဆဲနေမင်းသည် အနောက်ဘက်ဆီမှ မင်္ဂလာဒုံလေယာဉ် ပျံကွင်းကြီးအား ပုစွန်ဆီသွေးရောင်ခြည်များဖြင့် တောက်မီးဆလိုက် ထိုးထား ဘိသကဲ့သို့ရှိစေလျက် ညနေခင်း လေပြည်လေနုကလေးက (၁၂) ရက်နေ့ ညနေစောင်းတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးခေါင်းဆောင်သော ဘိလပ်သွား ဗမာကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန် နေပြည်တော်သို့ ချောမောစွာ ပြန်လည် ဆိုက်ရောက်ခဲ့လေသတည်း။

[ပြီးပါပြီ]

သတင်းစာဆရာ-ဦးပုကလေး



www.burmeseclassic.com